www.burmeseclassic.com

# ကြယ်စင်မှူးဝေ

မာယာအသချော်



(အချစ်လုံးချင်းဝတ္ထုသစ်)

www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

ပုံနှိပ်ထုတ်ဝေခြင်း – ပထမအကြိမ်၊
၂၀၁၅၊ နိုဝင်ဘာလ။
ထုတ်ဝေသူ – ဦးအေးလွင် (ဝဝ၄ဝ၅)
ရွှေပဒေသာစာပေတိုက်
အမှတ် (၃၃)၊ ကျိုက်တော်လမ်း။
မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်မြို့။
မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ – ဦးအေးလွင် (ဝဝ၂၄ဝ)
ရွှေပဒေသာအော့ဖ်ဆက်
အမှတ် ၃၃၊ ကျိုက်တော်လမ်း။
မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်မြို့။
ဖြန့်ဈေး – ၁၆၀၀ ကျပ်
အုပ်ရေ – ၅၀၀ အုပ်

၈၉၅ ● ၈၃
ကြယ်စင်မှူးဝေ
မာယာအသင်္ချေ/ ကြယ်စင်မှူးဝေ – ရန်ကုန်၊
ရွှေပဒေသာစာပေ ၊ ၂၀၁၅ ။
၂၈၈ – စာ ၊ ၁၂ ● ၃ × ၁၈ စင်တီ။
(၁) မာယာအသင်္ချေ


ကြယ်စင်မှူးဝေ

# မာယာအသင်္ချေ

www.burmeseclassic.com

www.burmeseclassic.com

ကိုယ့်ချစ်သူဟာ သာတုန်းမှာပြီး နာသည့်အခါ ထွက်ပြေးသွားမည့် ငှက်ကလေး မဖြစ်စေချင်၊ အနစ်နာမခံတတ်သည့် ယုတ်မာရက်စက်သူ မဖြစ်စေချင်၊ မြင့်မြတ်သည့် မိန်းမမြတ်ကလေး ဖြစ်စေချင်တာ သူ့ရဲ့ အကြီးမားဆုံးဆန္ဒ။

ဘုန်းဝေထွံ့စစ်

www.burmeseclassic.com

www.burmeseclassic.com

လူ့ဘဝဆိုတာ ခုက္ခဘုံကြီးပဲ။ ခန္ဓာရယ်လို့ရလာရင် ဒုက္ခသစ္စာဆိုတာ လာမှာပဲ။ အချစ်ဆိုတာလည်း အလကားပါရှင်။ ဒုက္ခဘုံကြီးထဲက ဒုက္ခသစ္စာတစ်ခုပဲ။

**ငွေလသာ**

## အခန်း (၁)

ငွေလသာ။

တကယ့်ကို ငွေလသာနေသလိုပါပဲ။ ဖြူဝင်းသည့် အသား အရေမှာ ကြည်စင်နူးညံ့သည့် စိတ်ကလေးနှင့် ချစ်စရာလှသွေး ကြွယ်သည့်အရွယ်။

ခေတ်ပေါ်ဒီဇိုင်းလေးပါပဲ။ မော်ဒယ်တစ်ယောက်လို အရပ် မြင့်ပေမယ့် ဖေဖောင်ရိုးမလေးမဟုတ်။ ကောင်းခြင်း (၅) ဖြာထဲက အရိုး၏ကောင်းခြင်း၊ အရေ၏ကောင်းခြင်းတို့ကြောင့် ပါးပေမယ့် ပြည့်ပြည့်လေး။

ဒေါ်နန်းငွေရည် သမီးဖြစ်သူကို ငေးကြည့်ပြီး ပြူတင်း ပေါက်မှ မြင်နေရသည့် ခေါင်းရင်းဘက်မှ နှစ်ထပ်တိုက်ကြီးကို



www.burmeseclassic.com

www.burmeseclassic.com



ကြည့်မိပြန်သည်။

တကယ်ဆို သမီးလေးပါ အဲဒီတိုက်ပေါ်မှာ နေရမှာ။ ယခုကျ သူမ ညှံ့ဖျင်းလို့လား။ ဒေါ်ယုယသော်တို့ အတ္တတွေ၊ လောဘတွေကြီးလို့လား။ ဘာအမွေမှမရတာကို ဝမ်းမနည်းမိပေမယ့် ကိုယ့်သမီးလေး လူတန်းစေ့ မနေနိုင်တာကိုတော့ စိတ်မကောင်းဖြစ်မိသည်။

ဦးဘလွင်နှင့်ဒေါ်မိုးဆွေတို့မှာ ကိုကိုလွင်နှင့်ညီညီလွင်ဟူသည့် သားနှစ်ယောက်ရှိတာ လူတိုင်းအသိ။

သို့သော် သားအကြီးကိုကိုလွင်က လိမ္မာပြီး ညီညီလွင်က ဆိုးတာလည်း လူတိုင်းသိကြတာပါပဲ။ နောက်တော့ ညီညီလွင်က ခေါင်းစွဲပြီး မူးယစ်ဆေး လက်ဝယ်တွေ့ရှိမှုနှင့် ထောင် (၆) လကျ။ ထောင်ထဲမှာပဲ ဖခင်ကို ထောင်ဝင်စာလာလာတွေ့သည့် နန်းငွေရည်နှင့် ချစ်ကြိုက်ပြီး ထောင်ကထွက်လာတော့ လက်ထပ်ဖြစ်ကြသည်။

ဆိုကြပါစို့ ညီညီလွင်ဟာ လေလွင့်ရှက်ဝါ။

နန်းငွေရည်ကတော့ ထိုရှက်ဝါလေးကို ကောက်ယူပြီး မြတ်နိုးယုယစွာ အဖတ်ဆည်ခဲ့သူ။ လင်မယားနှစ်ယောက် တောင်တန်းတွေပေါ်မှာ ဒီလိုပဲ ရှာဖွေစားသောက်ခဲ့ကြရင်းမှ–

ညီညီလွင် အသက်ကလေးရလာတော့ ကျန်းမာရေး





ယိုယွင်းလာခဲ့သည်။ သမီးလေးကလည်း အပျိုလေးဖြစ်လာပြီမို့ ညီညီလွင်ကပင် သူ့မိဘများထံပြန်ရန် နှိုးဆော်လာခဲ့သည်။

"နန်း ကိုယ်တော့ ကြာကြာမနေရတော့ဘူးထင်တယ်။ ဟိုတုန်းက တောခဲ့ ပွေခဲ့တဲ့ ဒဏ်တွေပေါ့။ သမီးလေးနဲ့ နန်းကို ကိုယ် စိတ်မချဘူး။ တို့မိဘများရဲ့ရင်ခွင်ဆီ ပြန်ပို့ထားခဲ့ချင်တယ်"

"ကိုယ်ရယ် နန်းတို့ ဒီမှာလည်း အဆင်ပြေနေသားပဲ။ ကိုယ့်မိဘတွေက ကိုယ့်ကို အမွေပြတ်စွန့်လွှတ်ထားကြတာ မဟုတ်လား"

"မိဘဝဲကွာ အမွေပြတ်စွန့်လွှတ်တယ်လည်း မဟုတ်ပါဘူး။ ကိုယ်ကသာ ကိုယ့်စိတ်တိုင်းကျ လျှောက်ပြီး လေလွင့်နေခဲ့တာပါ။ ကိုယ်ပြန်ချင်တယ်ကွာ။ နန်းနဲ့သမီးကို သူ့အဘိုးအဘွားရဲ့ ရင်ခွင်ထဲမှာ ထားခဲ့ချင်တယ်"

နောက်ဆုံး ကိုယ် အစန်တန်ပြောသဖြင့်သာ နန်းငွေရည် ရန်ကုန်သို့ လိုက်ခဲ့တာဖြစ်သည်။ သူမစိတ်ထဲ အဆိုးဆုံးကို တွက်ဆပြီးသား။ ရိုက်ထုတ်မည်ဆိုလျှင်လည်း ခံဖို့အသင့်။ ပြေးဖို့အသင့်။

သားက လူဆိုး၊ လူပေ၊ ချွေးမက ထောင်ထွက်သမီး ဆင်းရဲသူ။

ဂုဏ်ချင်းထပ်မှမြတ်မည့် အသိုင်းအဝိုင်းထဲမှာ သူမတို့



www.burmeseclassic.com

www.burmeseclassic.com



ဇနီးမောင်နှံဟာ သိုးမည်းနှစ်ကောင်။ ကိုယ့်ဆန္ဒရှိလွန်းလို့သာ နန်းငွေရည် လိုက်လာခဲ့ခြင်းပါ။

ရန်ကုန်ရောက်တော့ ကိုယ့်မိဘများ၏ခြံနှင့်တိုက်ကို ကြည့်ပြီး နန်းငွေရည်မှာ လောဘတက်ဖို့နေနေသာသာ ကိုယ်နှင့် အဆင့်အတန်းကွာလွန်းသဖြင့် ခြေတောင်မချရဲ။

တက္ကစီကားပေါ်မှ အထုပ်အပိုးလေးတွေကို ခြံရှေ့မှာချ ပြီး သူတို့မိသားစုသုံးယောက် ဖြစ်နေခဲ့ပုံက တကယ့် ဒုက္ခသည် တွေနှယ်။

တစ်လျှောက်လုံး လောကဓံကြမ်းကြမ်းနှင့် ရင်ဆိုင်ခဲ့ရ တာမို့ လူတွေက နွမ်းနွမ်းဖတ်ဖတ်။

"ကိုယ်ရယ် ဖြစ်ပါ့မလား။ မောင်းများ ထုတ်လိုက်ရင် နန်းက ခံနိုင်ရည်ရှိပါတယ်။ သမီးလေး အရမ်းရှက်သွားမှာတော့ စိုးရိမ်မိတယ်"

"နန်းကလည်းကွာ မိဘပဲ။ သတ်တော့မလွှတ်ပါဘူး။ ကိုယ့်မိဘတွေက စိတ်ကောင်းပါတယ်။ နူးလည်း နူးညံ့ကြတယ်"

"ကို အရင်သွားပါ။ နန်းတို့သားအမိ ခြံရှေ့မှာ ကျန်ခဲ့ ပါရစေ"

"ဪ ... တော်တော်ဟုတ်တဲ့ သားအမိ။ ကိုတော့ ဘာဖြစ်ဖြစ်ပေါ့ ဟုတ်လား"





"ကဲ ... ဒါဆိုလည်း အတူတူပဲဝင်ပါ့မယ်။ သမီးလေး တကယ်လို့များ သမီးရဲ့အဘိုးအဘွားတွေက စိတ်ဆိုးမယ်၊ အော်ဟစ်မယ်ဆိုရင် စိတ်လည်း မညစ်ရဘူး။ ဝမ်းလည်း မနည်းရ ဘူးနော်။ သမီးရဲ့ဖေဖေက တော်တော်လေးဆိုးခဲ့တဲ့အတွက် အဘိုး နဲ့အဘွားကို ပွေ့မယူရဘူး"

"ဟုတ်ကဲ့ပါ ... သမီးနားလည်ပါတယ်"

သူတို့မိသားစုသုံးယောက် ခြံထဲသို့ဝင်သွားကြတော့ နန်း ငွေရည် သူ့ယောက်ျားကိုတွဲသွားရသည်။ ဖိန့်ခြောက်နေသည့် ကိုယ်ခန္ဓာက လေလာလျှင်လဲတော့မည့်နှယ်။

ညီညီလွင်မှာ စိတ်ဆောင်နေသဖြင့်သာ ကျောက်မဲမှ ရန်ကုန်အထိ ရောက်လာခဲ့တာ။

အိမ်ထဲသို့ ညီညီလွင် ဦးဆောင်ပြီးဝင်လိုက်ကြလျှင် ဧည့်ခန်းထဲမှာ သူ့အစ်ကို ကိုကိုလွင်တို့ မိသားစုကိုတွေ့ရသည်။ အဖေနှင့်အမေကိုမူ မတွေ့ရ။ သူ ဝမ်းနည်းကြေကွဲသံနှင့် အစ်ကို ကို ပြေးဖက်မိ၏။ မတွေ့ကြရတာ သမီးတစ်သက် နှစ်ပေါင်း (၁၆) နှစ်ပေါ့။

"ကိုကို ... ညီလေး ... ညီညီလွင်"

"ဟင် ... မင်း"

ညီအစ်ကိုနှစ်ယောက်၏တွေ့ဆုံခန်းက ရုပ်ရှင်ထဲကလို

www.burmeseclassic.com

www.burmeseclassic.com



ရသမခြောက်ပါ။ ကိုကိုလွင့်ပုံစံကြီးက သရဲတစ္ဆေကို အကောင်လိုက်မြင်လိုက်ရသလို ချောက်ချောက်ချားချား။

သူ့မိန်းမကတော့ ဇာမ္ဘူကမ္ဘေက ပြုံးသွဲ့ရန်ဖက်တွေလို အော်ဟစ်ပြီး ရန်တွေ့လျက်။

"ဟင် ... နင် နင် မိသားစုကို ဘာတွေ ဒုက္ခပေးရအောင် လာတာလဲ။ အမေကိုသတ်ပြီးတော့ အမေကိုလာသတ်တာလား။ သွား ... ခု ထွက်သွား။ နင့်မျက်နှာ မကြည့်ချင်ဘူး"

(၁၆) နှစ်လောက်ကြာအောင် ပျောက်ကွယ်နေသည့် ညီညီလွင်အား ကြိုဆိုပုံက အဲဒီလို။ နှမ်းငွေရည်နှင့် ငွေလသာတို့မှာ ကြောက်လွန်း၊ ရှက်လွန်းလို့ တုန်တုန်ယင်ယင်။

"အဖေ့ကို ကျွန်တော် ဘယ်မှာသတ်လို့လဲ။ အဖေ မရှိတော့ဘူးလား။ အမေရော ပြောကြပါဦးဗျာ။ ကျွန်တော် အဖေနဲ့ အမေ"

"တော်စမ်း ငလွင်။ နင် ဆေးစွဲပြီး မိဘပစ္စည်းတွေ သုံးဖြုန်း၊ ခိုးဝှက်ပြီး ထောင်ထဲရောက်သွားတော့ ထောင်ထဲမှာ သေလိုက်ဖို့ကောင်းတာ။ ခုတော့ မိသားစုတို့ အရှက်ခွဲရအောင် ပေတေလေလွင့်နေပြီ။ မိန်းမယူတော့လည်း တကယ့်ထောင်ထွက် သမီးမှ ယူတယ်။ နင့်စိတ်နဲ့ ဖေဖေ သေရတာ။ နင့်ကြောင့် ဖေဖေ သေရတာ။ သွား ... နင် ခုထွက်သွား"





ကြက်တူရွေးက တော်တော်၊ မယ်တော်က ကဲဆိုသလို ကိုကိုလွင်က ဒီလောက်မဟုတ်ဘဲ သူ့ဇနီးက ခွေ့ခွေ့ခုန်၊ ဆတ်ဆတ်တုန်နေတာ။ အမွေတွေခွဲယူမည့် ရန်သူတော်လို့ သတ်မှတ်ထားတာ အသိသာကြီးပါ။

အိုဗာအက်ရှင်တွေ။

ညီညီလွင် ပျော့ညံ့နေလို့မဖြစ်တော့။ သူ့မရီး လောဘကြီးတာ သူအသိဆုံး။ သည်အတိုင်း လှည့်ပြန်လို့ကတော့ ဒီတစ်သက် ဒီအိမ်ရိပ်ကို နင်းရမည်မဟုတ်တော့။

"မေမေ ဘယ်မှာလဲ၊ မေမေနဲ့ဖေဖေ"

ကိုယ့်အိမ်မို့ မေမေနှင့် ဖေဖေ၏ အခန်းကို သူသိသည်။ ဒါကြောင့် သူ လှေကားဆီသို့ လှစ်ခနဲပြေးတက်လိုက်သည်။

သည်အခါ နောက်မှ အိမ်ထဲကျားဝင်သလို ခွေ့ခွေ့ခုန်ရင်း ဟန့်တားပြီးပြေးလိုက်လာသူမှာ သူ့မရီး ဒေါ်ယုယသော်ပါ။

"ဟဲ့ ဟဲ့ အကောင် ... နင် ဘာအကြံအစည်နဲ့ အိမ်ပေါ် တက်တာလဲ။ နင် ဒီအိမ်သား မဟုတ်တော့ဘူးနော်။ ငါ ရဲတိုင်လိုက်ရမလား"

ညီညီလွင် ဒေါ်ယုယသော်၏စကားကို ဂရုမစိုက်သဲ အပေါ်ထပ်ရှိ သူ့မိဘများ၏ အခန်းဆီပြေး၏။ အခန်းထဲမှာ မည်သူ့မျှ မတွေ့ရ။ သို့သော် အခမ်းအနားက ခေတ်ပေါ်အဆင် ပန်းပြင်တွေနှင့်



www.burmeseclassic.com

www.burmeseclassic.com



လှလှပပ။

ဘယ်သူနေတာလဲ။ သူ အခန်းဝမှကြည့်လိုက်ရုံနှင့် အထာပေါက်သွားပြီ။

"တောက်"

ဖေဖေနှင့်မေမေ၏ဓာတ်ပုံကို မတွေ့ရဘဲ သူတွေ့ရသည့် ဓာတ်ပုံမှာ ကိုကိုလွင်နှင့် ယုယသော်၏ဓာတ်ပုံ။ 'ဟင် . . . ဒါဖြင့် မေမေ ဘယ်မှာလဲ' ဖေဖေကတော့ ဒေါ်ယုယသော်၏စကားအရ သေဆုံးပြီဖြစ်မည်။

ညီညီလွင် အောက်ထပ်သို့ ပြန်ပြေးဆင်းလာပြန်၏။ ကိုယ့်အိမ်မို့ သူ ထင်တိုင်းကြဲနေတာပါပဲ။ တစ်ခန်းဝင် တစ်ခန်းထွက်။

"ဟင်"

နောက်ဆုံး အောက်ထပ်ရှိ အခန်းတစ်ခုထဲမှာ ဆေးနံ့သေးနံ့တွေ တထောင်းထောင်း ထနေသည့် အခန်းထဲမှာ မေမေ့ကို အိပ်ရာပေါ် ပက်လက်တွေ့လိုက်ရသဖြင့် ညီညီလွင် ယူကျုံးမရ ပြေးဝင်မိသည်။

"မေမေ မေမေ . . . ဘယ်လိုဖြစ်ရတာလဲ မေမေရယ်။ သား ညီညီလွင်လေ"

အိပ်ရာပေါ်မှာ မျက်လုံးအပြူးသားနှင့်မေမေ။ ကြောင်အ





ကြည့်နေဆဲ။ နောက်ဘက်မှ ယုယသော်၏ ငှက်ဆိုးထိုးသံက ထစ်ချုပ်ကပ်ပါလာ၏။

"ဟော့ . . . ခုမှ အလွမ်းလာသယ်မနေနဲ့။ မိဘကို လုံးဝ လှည့်မကြည့်တဲ့သား။ သေခါနီးပြီဆိုတော့မှ အမွေယူရအောင် လာတာလား။ သွား . . . နင်ပြန်။ အကုသိုလ်တုံး။ နင့်ကိုမြင်နေရ ရင် မေမေ ရောဂါတိုးတယ်။ မေမေ သေခါနီး အသေမဖြောင့်၊ အယူမဖြောင့်အောင် မလုပ်နဲ့။ သွား သွား . . . နင် မသွားဘူးလား။ သွားမလား။ ငါ ရဲခေါ်လိုက်ရမလား"

ယုယသော်တစ်ယောက် ဘီလူးလို အစွယ်ထွက်နေဆဲ မေမေ ဒေါ်မိုးစွေထံမှ –

"သား . . . အငယ်လေး"

မျက်ရည်တွေနှင့် လက်နှစ်ဖက်ဆန့်တန်းလာခဲ့လျှင် ညီညီလွင် သူ့မိခင်၏ရင်ခွင်ထဲသို့ ပြေးကပ်သွားမိပြီ။

အညစ်အကြေးနံ့တွေ တထောင်းထောင်းမို့ မည်သူမျှ မကြည့်ချင်၊ မထိချင်ကြသည့် သူ့ဒွေးမကြီး ဒေါ်မိုးစွေ။

သားဖြစ်သူကတော့ သူ့အမေရဲ့ခုတင်နားမှာ ဒူးထောက်ထိုင်ပြီး ငိုပွဲဆင်နေပြီ။ ဒါကို မဲ့ကာရွဲ့ကာနှင့် မနာလို၊ မရှုစိမ့်သူ ကတော့ ယုယသော်။

သူတို့မိသားစုချည်းပဲ အမွေအားလုံး ရနေခါနီးမှ ရန်သူ



www.burmeseclassic.com

www.burmeseclassic.com



တော် ပေါ်လာတာကို။ ဘယ်ရှုစိမ့်နိုင်ပါ့မလဲ။ အသားတွေ တဆတ်ဆတ်တုန်အောင် ဒေါသတွေဖြစ်နေပြီ။ အနားသို့ ယောင်လည်လည်နှင့် ရောက်လာသည့် ခင်ပွန်းသည်ကိုကိုလွင်အား–

"မောင် ပြောဦးလေ။ ဒါ မေမေတို့အမွေဖြတ်ထားတဲ့ သားလေ။ တရားမဝင်တော့တဲ့သား"

"နေပါစေကွာ။ မေမေ့ကို မင်းလည်း မကြည့်ချင်ဘူး မဟုတ်လား။ သူတို့ကြည့်လိမ့်မယ်"

"အမယ်လေး . . . အမယ်လေး . . . အိမ်ပေါ်တင်ထား ကြည့်ပါလား။ ဘယ်အရှုက ပြန်ဆင်းတော့မှာလဲ။ မောင်ဟာလေ အမြော်အမြင်ကိုမရှိဘူး"

သူတို့နှစ်ဦး တီးတိုးတိုင်ပင်နေကြဆဲ ညီညီလွင်တို့ သားအမိကတော့ မျက်ရည်တွေနှင့် အလွမ်းတွေမကုန်နိုင်။

"ဒါဆိုလည်း ခြံထောင့်က တန်းလျားမှာ နေနိုင်ပြီး မေမေ့ကိုပြုစုနိုင်းလိုက်မယ်။ မေမေသေတော့မှ ခြံထဲက နှင်ထုတ်ကြတာပေါ့ကွာ။ လောလောဆယ် မေမေ စိတ်ချမ်းသာအောင် နေပါစေ"

နှစ်ယောက်သား သဘောတူညီမှုတွေ ယူကြပြီး မသိကျိုးနွံပြုလိုက်ကြတာကြောင့် ညီညီလွင်နှင့် သူမတို့မိသားစု နေခွင့်ရခဲ့ကြသည့်အဖြစ်။





နောက်တော့ မေမေ ဒေါ်မိုးစွေကို သူမတို့ သားအမိ၊ သားအဖတွေ သန့်ရှင်းရေးလုပ်ပေးကြ စိတ်ချမ်းသာအောင် ပြုစုခဲ့ကြသည်။

လေဖြတ်လို့ လမ်းမလျှောက်နိုင်တော့ပေမယ့် သားအငယ်လေး ပြန်ရောက်လာသည်ကြောင့် ထူထူထောင်ထောင်ပြန်ဖြစ်လာ၊ စကားတွေလည်း ပြောလာနိုင်ခဲ့သည်။

နောက် ဘိုးမသေဘဲ ဘွားသေဆိုသလို ရောဂါသည်မိခင်က မသေသေးဘဲ နန်းငွေရည်တို့သားအမိ၏ရွှေတောင်ကြီး ဖြစ်သူ ခင်ပွန်းသည်သေဆုံးသွားခဲ့သည့်အခါ။

သူမတို့သားအမိ အလုပ်သမားတန်းလျားမှာနေရပြီး မေမေ့ကိုတော့ ယခုထိ ပြုစုယုယခွင့်တွေ ရနေဆဲ။

သမီးလေးလည်း ဘွားအေ၏ဆန္ဒအရ ကျောင်းဆက်တက်ခွင့်ရခဲ့ပါသည်။ ယခုဆို သချာအဓိကနှင့် နောက်ဆုံးနှစ်ပင် ပြီးသွားခဲ့ပါပြီ။

လောလောဆယ် ရပ်ကွက်ထဲက ကလေးတွေကို ဝိုင်းနှစ်ဝိုင်းမှာ ကျူရှင်သင်ပေးနေသည်။

နန်းငွေရည်ဟာ ဆင်းရဲသူမဖြေမယ့် ယုယသော် ဗိနိုဝ်တိုင်း မြားပြားဝပ်မနေ။ ယုယသော်ရဲ့ သဘောထားက သူမတို့သားအမိနှစ်ယောက်လုံးကို မီးဖိုထဲချက်နိုင်းပြီး အညွန့်ချိုးထားချင်



www.burmeseclassic.com

www.burmeseclassic.com



ပေမယ့် နန်းငွေရည် လက်မခံ။

ကိုယ့်တန်းလျားမှာပဲ ကိုယ့်ထမင်းချက်စားကြပြီး မေမေ ဒေါ်မိုးစွေကို သွားရောက်ပြုစုပေးသည်။ သူဌေးမကြီးဒေါ်မိုးစွေမို့ ယုယသော်တို့ နည်းနည်းတော့ ရှိန်ရသေးသည်။ အမေ့တွေကို သူတို့ ထင်သလို အားလုံးမရသေးဘူးလေ။

ဒေါ်ယုယသော် နန်းငွေရည်ကို အမှုန်ကြိတ်ပစ်ချင်နေသည်။ ဘာကိစ္စ ဘွားခနဲပေါ်လာကြရသလဲ။ တစ်နေရာရာမှာ သွားပြီးသေကြပါလား။

ဒေါ်မိုးစွေကလည်း သူ့ရဲ့သားနဲ့သမီးဖြစ်သူ ဖွဲ့မာန်ဝင့်နှင့် ခင်နှဒီဝင့်ထက် နန်းငွေရည်သမီး ငွေလသာကို ပိုချစ်သည်။

လူဆိုတာ ကိုယ့်အပြစ် ကိုယ်မြင်ကြတာ မဟုတ်။ ယုယသော်၏ သားနှင့်သမီးက ဒေါ်မိုးစွေကို မုန့်ဖိုးတောင်းဖို့လောက်သာ သတိရကြသူတွေ။ ငွေလသာလေးကတော့ ဘွားအေကို သေသေချာချာပြုစုသူ။ မရှုံ့မရှာ ပြုစုသည်။

ယုယသော် မကျေနပ်တာ ဒါတွေပါပဲ။

"တောက် … နောက်ပေါ်တဲ့ ရွေကြာပင်တွေက တွင်ကျယ်လို့။ မေမေ သူတို့ကို ဘာတွေများ ကြိတ်ပေးမလဲ မသိဘူး။ ဘဏ်အပ်ငွေတွေလည်း ဘယ်လောက်ရှိတယ်မသိဘူး။ 'ရွှေနေတွေကတစ်ဆင့် စီစဉ်ပေးနေတာဆိုတော့ ငါတို့ လုပ်ချင်တိုင်း လုပ်လို့မရတာ ခက်တယ်။ မေမေ့ကို တစ်လ (၅) သိန်းလာပေးတာ။ အတိုးလား အရင်းလား။ ဘာတွေလဲ။ ရှေ့နေဝေ လည်း မေဖေနဲ့မေမေရဲ့ တစ်မျက်နှာကိုပဲကြည့်တယ်။ တောက်"

တစ်နေ့ တစ်နေ့ အကုသိုလ်တွေသာ ပွားများနေသူ။ ဒေါ်ယုယသော်တို့လင်မယားရဲ့ အလုပ်က ရွှေဆိုင်ဖွင့်ထားတာပါ။ သိပ်ပြီး ကြီးကြီးကျယ်ကျယ် ဆိုင်ကြီးတော့ မဟုတ်။ ဒီလိုပဲ အသင့်အတင့် ရောင်းဝယ်နေရတာ။

တစ်နေ့တစ်နေ့ လုံးလည်ချပ်ပြာ။ သားနှင့်သမီးကလည်း အလိုလိုက်ထားလို့ ဖြုန်းအားကောင်းသည်။

သားက ယခုထိ ဘွဲ့မရသေး။ တစ်တန်းကို (၂) နှစ်နှုန်း တက်နေသလို သမီးကလည်း သင်တန်းပေါင်းစုံတက်သည့်အပြင် ယခု မော်ဒယ်ပိုးပါ ဝင်နေ၏။

တစ်နေ့ တစ်နေ့ အလှပြစ်ဆိုင်သွားပြီး ခေါင်းအစ ခြေအဆုံး အလှပြင်ရတာနှင့်။ ရှိုးပွဲတွေလျှောက်သည့်နေ့ဆို ပိုဆိုးသည်။ ဘာမှသာ ဆုမရရှိမည် ကုန်သည့်ငွေတွေဆိုတာ သွန်ပစ်နေသည့်နှယ်။ သည်ကြားထဲ သူမ ဆွဲလျှင် မြိမ်းခြောက် သိုက်သေး၏။

"မာမီနော် … ငွေကုန်တယ် ငွေကုန်တယ် မညည်းနဲ့။ ဆောတ်နိုင်ရင်ပြော၊ စပွန်ဆာနဲ့ ချိတ်ဆက်လိုက်မယ်"







www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် ယုယသော် မညည်းရဲ။ ခင်ပွန်းသည်မှသိအောင် ဒီလိုပဲ ရှာဖွေ လှည့်ပတ်ပြီး ပေး၏။ ရွှေဆိုင်က ရောင်းအားအမြတ်နှင့် သားနဲ့သမီးရဲ့ ဖြုန်းအားက မမျှ။

သည်တော့ ဗိုင်းကောင်းကျောက်ဖိနှင့် လိမ္မာနေသည့်ငွေလသာကိုပဲ ဒေါ်ယုယသော် မျက်စိစပါးမွေးစူးတော့တာ မဆန်း။ မစ္စရီယတွေ ပွားများတာမဆန်း။

"ဘာမှ လူတောမတိုးတဲ့ဟာမ။ ငါ့သမီးလို အပေါင်းအသင်းလည်းမရှိ၊ လူဝင်ဆံ့လည်းမဖြစ်။ အလကား တောသူမအရိုင်းအစိုင်းတွေ။ မအေကလည်း ဆန်မရှိသောက်စားကြီး။ ငါ့အိမ်မှာ ဗိုင်းလုပ် ဗိုင်းစားလုပ်ပါဆိုတာ လက်မခံဘူး။ ဟင်း ... သင်းတို့ ဘယ်ကရတဲ့ပိုက်ခံနဲ့ ရပ်တည်နေကြတာလဲ။ မမေက သူတို့အတွက် ဘယ်လိုစီစဉ်ပေးထားသလဲ။ တောက် ... လူပါးဝတဲ့ သားအမိတွေ။ ငါ့အကြောင်း ပြရသေးတာပေါ့"

ဒေါ်ယုယသော်ဟာ ရှုံတတ်တာမို့ ယောက္ခမကိုမပြုစု ချင်။ သည်တော့ နန်းငွေရည် ပြုစုလုပ်ကိုင် လျှော်ဖွပ်ပေးနေတာ ကိုကြည့်နေရသည်။ ပါးစပ်ကတော့ လောကွတ်နှင့် ကျော့ပွတ်တာပေါ့။ အညွှန့်ချူးတာပေါ့။

နန်းငွေရည် မနက် (၆) နာရီဆိုရောက်လာပြီး မေမေ့ကိုပြုစုပေးလျှင် သူမက ဆရာလုပ်သည်။ နှမ်းဖြူးသည်။





"နန်းငွေရည် ... မေမေ့ကို သေသေချာချာ ဂရုစိုက်နော်။ ငါ စိတ်ချနေမယ်နော်"

"အမယ်လေး ... အလုပ်လုပ်တာ စေတနာပါပါလေး လုပ်စမ်းပါဟဲ့။ ငါ့မှာ ဆိုင်တစ်ဖက်နဲ့မို့သာ မေမေ့ကို ပြုစုချင်ရဲ့နဲ့ မပြုစုရတာ။ နင်တို့ ကုသိုလ်ကောင်းလို့ ပြုစုခွင့်ရကြတာ။ ရှေးကုသိုလ်ကြောင့် မပူမပင်၊ မကြောင့်မကြနဲ့ စားနေရတာ"

သည်လို အညွှန့်တင်လျှင် နန်းငွေရည် ပက်ခနဲ ပြန်ပြောတာပါပဲ။

"မမသော်ရယ် ... ဈေးပိတ်ရက်တွေမှာ ပြုစုပါလား။ ဒါလေများ"

"ဟဲ့ ... အဲဒီရက်ကျတော့လည်း ငါ့မှာ လူမှုရေးတွေ ရှိသေးတယ်လေ။ ငါတို့အလုပ်က လူမှုရေးနဲ့ ဆက်စပ်နေတာ။ သာရေး နာရေးတွေ သွားရသေးတယ်။ နင်တို့ပဲ အေးတယ်၊ သူလို့သာ ဆိုရတယ်။ ဘာမှလူမှုရေးမသိ၊ စီးပွားရေးမရှိ"

သူမ ဘယ်လိုပဲ နှမ်းဖြူးဖြူး ဒေါ်မိုးစွေသိသည်။ သားသယ်လေးရဲ့ဇနီးနှင့်သမီးဟာ သူမအတွက် နေဝင်ချိန် ဆည်းဆာလေးတွေပါ။

❊ ❊ ❊



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

ငွေလသာတို့ခြံရဲ့ခြေရင်းဘက်မှာ ငွေတောင်ကြီးပေါက်သလို နှစ်ထပ်တိုက်လှလှ၊ ဒီဇိုင်းဆန်းဆန်းကြီး ဘွားခနဲပေါ်လာခဲ့တာ အံ့ဩဖွယ်။

ငွေရှိသူများ ဆင်းရဲသားတွေ အားကျဖွယ်။ (၂) လအတွင်း ဘွားခနဲပေါ်လာခဲ့ပြီ။ နဂိုက ခြံမြေကွက်လပ်။ ယခုကျ တိုက်ကြီးပေါ်လာပြီ။ တိုက်ဘေးမှာလည်း ကွန်ကရစ်လမ်းတွေ၊ အလှမြက်ခင်းတွေ၊ ပင်လယ်ကဗွီးတွေ၊ ထင်းရှူးတွေနှင့် အကျအန။

ဩော် . . . ချမ်းသာတဲ့လူတွေတော့လည်း ပဒေသာပင်ပေါက်သလို ချက်ချင်းပဲ ပေါ်လာခဲ့တာပဲ။

ခင်နှဒီဝင့်ဟာ ငွေလသာထက် (၁) နှစ်လောက်ကြီးပေမယ့်





အဆင်အပြင် ဒီဇိုင်းကမတူ။ ငွေလသာက မြန်မာဝတ်စုံလေးတွေ ကိုယ်တိုင်ချုပ်ဝတ်ပြီး ခင်နှဒီကတော့ နိုင်ငံခြားမိတ်တွေပဲ ဝတ်သည်။ ဂါဝန်၊ ဘောင်းဘီ၊ စကပ်တွေပဲ ဝတ်သည်။

ဆံပင်ကျတော့လည်း ငွေလသာက ခါးထိရှည်ပြီး ခင်နှဒီကတော့ ပခုံးထိသာ။ ဆံပင်ကို ပြုပြင်ထားသောကြောင့် အိအိဖတ်ဖတ်နှင့် လက်လက်တုန်တုန်။ မော်ဒယ်ပဲလေ အရုပ်ကလေးတစ်ရုပ်လို လှပါသည်။

ငွေလသာကို သိပ်ကြည်ဖြူတယ်မဟုတ်ပေမယ့် လူငယ်တွေဝီဝီ တစ်ဖက်မှ တိုက်ကြီးကို စိတ်ဝင်စားတာချင်းကျ တူသွားသည်။

နှစ်ယောက်အတူ ခြံတံတိုင်းနားကပ်ပြီး တစ်ဖက်ခြံ၏ မြစ်ပေါ်တိုးတက်လာမှုကို ညနေတိုင်းငေးဖြစ်ကြသည်။

“တော်တော်ချမ်းသာမှာပဲနော်။ သူတို့တိုက်က တကယ့်ရှယ်။ ငါတို့တိုက်ထက် ဒီဇိုင်းရော၊ ပစ္စည်းရော သာတယ်။ တကယ်လန်းတယ်ဟာ”

“နင်တို့လည်း ချမ်းသာတာပဲလေ။ ဘာလို့ သူများကိုမှ အထင်ကြီးနေရတာလဲ။ နင်တို့တိုက်ကြီးလည်း ကောင်းတာပဲ။ မိဘကလည်း ရွှေဆိုင်။ နင်ဆိုလည်း အောင်မြင်လာတော့မယ့် မော်ဒယ်တစ်ယောက်။ လှလိုက်တာလည်း ခြေဆုံး ခေါင်းဆုံးပဲ”



www.burmeseclassic.com

www.burmeseclassic.com



"အေး ငွေလသာ . . . နင်ပြောလိုက်ရင် စိတ်ချမ်းသာစရာ ချည်းပဲ။ တကယ့်ဘဝက ဒီလောက်မလှဘူးဟ။ တိုက်ကလည်း *နင်တို့ကို ခွဲပေးချင်ပေးရဦးမှာ။ ရွှေဆိုင်ကလည်း ဒီလောက်* ရောင်းကောင်းတာ မဟုတ်ဘူး။ ကိုကိုကလည်း သုံးလိုက်၊ ဖြုန်း လိုက်၊ ပွေလိုက်၊ ရှုပ်လိုက်တာ"

"ဘာပဲဖြစ်ဖြစ် နင်တို့လည်း သူဌေးပဲ။ အမွေကလည်း မပေးရပါဘူး။ အခုတောင် ငါတို့တန်းလျားမှာ နေရတာပဲ။ ဘွားဘွားမရှိတော့ရင် ပိုတောင်လွယ်သေး။ ငါတို့ကို ကန်ထုတ် ပစ်ရုံပဲလေ"

"အေး . . . အဲလိုဆို ကောင်းသား။ ဒီခြံနဲ့တိုက်ကိုရောင်း။ မြို့သစ်ဘက်မှာ တော်ရုံသင့်ရုံ တစ်အိမ်လောက်ပြန်ဝယ်။ ကျန်တဲ့ ငွေတွေသုံး။ အဟား . . . ဘယ်လောက်ကောင်းလိုက်မလဲ"

ညီအစ်မနှစ်ယောက် စကားတွေပြောရင်း တစ်ဖက် တိုက်ကို ငေးနေကြတုန်း သူ့မိဘတွေ ကားနှင့်ပြန်ရောက်လာ ကြသည်။

တိုက်ကြီးနှင့်နေ ကားစီးပြီး ရွှေဆိုင်ထွက်နေသူတွေ ဖြစ်သော်လည်း မရောင့်ရဲနိုင်ကြသူတွေ။ ဝင်ငွေနှင့် ထွက်ငွေကို မျှတအောင် မသုံးစွဲကြ။

ခင်နုဒီဝင့် သူ့မိဘများရှိရာသို့ ပြေးသွားသဖြင့် ငွေလသာ



တစ်ယောက်တည်း တစ်ဖက်ခြံကို ဆက်ငေးနေလိုက်သည်။

ငွေလသာတို့သားအမိကတော့ ရောင့်ရဲသည်။ ယခုဆို *ဘွားမရဲ့ ဝိုင်း (၂) ဝိုင်းက တစ်လကို နှစ်သိန်းလောက်ရသည်။*

သားအမိနှစ်ယောက် မနီးမဝေးရှိ ဈေးထဲမှာ ဝယ်ခြမ်း ချက်ပြုတ်စားသောက်ကြသည်။ ဘွားဘွားနှင့် သင့်တော်သည့် ဟင်းလေးများချက်ပြုတ်ပြီး တယုတယ ကျွေးကြသည်။

ဖေဖေမရှိသည်ကလွဲလို့ ဘဝမှာ ရောင့်ရဲတင်းတိမ်ကြပါ သည်။ ခင်နုဒီဝင့်တို့သားအမိလို အမွေတွေအကုန်လက်ဝါးကြီး အုပ်ဖို့ လျှမ်းလျှမ်းတောက်သည့် မော်ဒယ်တစ်ယောက်ဖြစ်ဖို့ ဆိုသည့် လောဘတွေမရှိပါ။

မေမေ ဘွားဘွားကို ထမင်းသွားကျွေးနေတုန်း ကိုယ့် စာသင်ဝိုင်းတွေလည်း ပြီးနေချိန် အားနေချိန်မို့ ငွေလသာ ငေး နေမိဖြစ်တာ။

သည်စဉ် တိုက်ထဲသို့ ကားကြီးတွေနှင့် ပရိဘောဂတွေ လာချတာတွေ မြင်ရသဖြင့် ငွေလသာ အားကျနေမိပြန်သည်။

"နည်းတဲ့တိုက်ကြီး မဟုတ်ဘူး။ ရေခဲသေတ္တာကလည်း ကောင်းလိုက်တာ။ အဝတ်လျှော်စက်တွေရော ဘာတွေရော စုံနေ တာပဲ။ အေးလေ . . . ရှင်ဘုရင့်ပုဆိုး ပိုးချည်းဆိုသလိုနေမှာပေါ့။ ဘယ်လိုလူတွေ ပြောင်းလာကြမှာပါလိမ့်"

www.burmeseclassic.com

www.burmeseclassic.com



ကားကြီး (၂) စီးနောက်မှာ ကားလေး (၁) စီးပါ ပါလာပြီး ကားထဲမှာ အသက် (၅၀) လောက်ရှိမည့် ခန့်ချောလှကြီး တစ်ယောက်နှင့် အသက်အစိတ်လောက်ရှိမည့် လူငယ် တစ်ယောက်။ (၃) နှစ်လောက်ရှိမည့် ကလေးတစ်ယောက်တို့ ဆင်းလာတာ တွေ့ရ၏။

"မိန်းမတွေ နောက်မှလိုက်လာမှာထင်တယ်။ ယောကျ်ားတွေချည်းတော့ ဟုတ်မှာမဟုတ်ဘူး"

ခင်နဒီဝင့် အိမ်ထဲရောက်နေသဖြင့် ငွေလသာ တစ်ယောက်တည်း အားပါးတရကြည့်နေရ၏။ ထင်မြင်ချက်တွေပြောဖို့ ဝေဖန်ဖို့အဖော်မရှိ။

အုတ်တံတိုင်းက ရင်ဆို့လောက်မို့ ငွေလသာရဲ့အပေါ် ပိုင်းပေါ်နေရပါသည်။ တိုက်ထဲဝင်လာကြရင်း လူငယ်က သူမ ကိုမြင်သွားလျှင် မျက်မှောင်ကျုံ့လိုက်သဖြင့် ငွေလသာ နောက်ကြောင်းသို့ ပြန်ပြေးခဲ့ပါသည်။

❄ ❄ ❄



## အခန်း (၃)

နောက် (၂) ရက်ကြာတော့ အိမ်တက်ပွဲကျင်းပသဖြင့် လူသစ်တွေကို အကဲခတ်ချင်သဖြင့် အဖိတ်ခံရသည့် အိမ်နီးနားချင်းအားလုံး သွားကြသည်။

ဒေါ်ယုယသော်တို့သားအမိသွားသလို ဒေါ်နန်းငွေရည် နှင့် ငွေလသာတို့သားအမိလည်း သွားဖြစ်ကြသည်။ အိမ်ရှင်ဦးနေဘုန်းကိုယ်တိုင် လေးလေးစားစားနှင့် အိမ်ပေါက်စေ့ဖိတ်သားလို့ပါပင်။

ဒေါ်ယုယသော်နှင့် ခင်နဒီဝင့်တို့သားအမိမှာ မင်္ဂလာဆောင်မည့် သတို့သမီးနီးပါး လိမ်းခြယ်၊ ဝတ်စားသွားကြတော့ ငွေလသာ သူ့အမေကိုကြည့်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



"သမီးရယ် ... ကိုယ်တွေက အိမ်နီးချင်းတွေမို့ အားနာလို့ သွားရမှာ။ ဦးနေဘုန်းက တန်းလျားထိ လာဖိတ်တာလေ။ ကိုယ်က တန်းလျားကလူပဲ။ ဝတ်နေကျအဆင်၊ ဝတ်နေကျဒီဇိုင်းပဲပေါ့"

"ဟုတ်ပါတယ်၊ သမီးက သူတို့ဘာဖြစ်လို့ အဲဒီလောက် ပြိုးပြိုးပြောင်ပြောင်တွေ ဝတ်တာလဲဆိုတာ နားမလည်လို့ မေမေ့ကို ကြည့်မိတာပါ"

"သူတို့ချမ်းသာတာ ကြွားချင်လို့ဖြစ်ရင်ဖြစ်၊ မဖြစ်ရင် အဲဒီအိမ်မှာ လူငယ်တစ်ယောက်ရှိသေးတော့ အများကြီး မျှော်မှန်းထားတာ ဖြစ်မှာပေါ့"

"အံမယ် ... မေမေကလည်း နဒီက မော်ဒယ်ပဲ။ သူ့ကိုလိုချင်တဲ့လူတွေ ဝိုင်းဝိုင်းလည်နေပါတယ်"

"ဝိုင်းသာ ဝိုင်းတာ၊ ခြေခြေမြစ်မြစ် မပါပါဘူး သမီးရယ်။ အညီရှိလို့ ယှင်အုံတဲ့သဘောပါ။ ကဲ ... တို့သားအမိလည်း ခဏလောက်ဖြစ်ဖြစ် သွားကြရအောင်။ တော်ကြာ ... ဘွားဘွားကို ရေပတ်တိုက်ပေးဖို့ နေ့လယ်စာကျွေးဖို့တွေ ရှိသေးတယ်"

"ဟုတ်ကဲ့ပါ မေမေ"

နန်းငွေရည်ဝတ်ထားတာ ချိတ်လုံချည်ပန်းခရမ်းရောင်လေးနှင့် အပေါ်မှ ပိုးသားပန်းခရမ်းပြောင်။ သားအမိနှစ်ယောက်လုံး စက်ချုပ်တတ်သည်မို့ ကိုယ့်ဘာသာ ချုပ်ဝတ်ကြပါသည်။





ကိုယ်လုံးပြည့်ပြည့်လေးမှာ အထူးလှပပြီး သနပ်ခါးဖုံဖုံလေး လိမ်းထားရုံနှင့်ပင် ကျက်သရေက အပြည့်။ ရှမ်းမလေးမို့ မျက်နှာလေးက တစ်မျိုးချစ်စရာကောင်းနေတာ။ အသက်က လည်း လေးဆယ်ပဲရှိသေးပြီး အစိတ်လောက်ထင်ရအောင် အရွယ်တင်သူ။

ငွေလသာကတော့ ချည်ထည်ခရမ်းရောင် ဝမ်းဆက်လေးနှင့်။ အဆင်လှလှလေးမှာ ဖက်ရှင်ကျအောင် ချုပ်တတ် သဖြင့် အကယ့်မော်ဒယ်လေးပမာ။

ရှမ်းဗမာကပြားမလေးမို့ ငွေလသာမှာ မိခင်၏အလှအပနှင့် ဖခင်၏အရုပ်အမောင်း၊ အကောင်းတွေစုကာ အလှကြီးလှသလို စိတ်သဘောထားဖြူစင်သူလေးမို့ ချစ်စရာလည်း ကောင်းပါ။

သားအမိနှစ်ယောက် ရိုးရိုးလေးပင် ဦးနေဘုန်းတို့တိုက်ထဲသို့ဝင်သွားတော့ ဦးနေဘုန်းက လေးလေးစားစားပင် ဝမ်းသာအားရ ကြိုဆို၏။

"ကြွပါ ခင်ဗျာ ... ကျွန်တော်က မလာတော့ဘူးတောင် အောက်မေ့နေတာ။ အုန်းနို့ခေါက်ဆွဲမစားရင် ရိုးရိုးဟင်းချည်လည်း ရှိပါတယ်"

ရပ်ကွက်ထဲမှ လူကြီးသူကြီးများနှင့် မိတ်ဆက်သည့်ပွဲလေးပါ။ ဒေါ်ယုယသော်တို့ သားအမိကတော့ ယခုမှသိပေမယ့်



www.burmeseclassic.com

www.burmeseclassic.com



ရှေးဘဝ ဘဝက သိကျွမ်းလာသည့်ပမာ ကူပြီး ညှော်ခံလို့။

နန်းငွေရည်နှင့်ငွေလသာ စားပွဲတစ်ခုမှာ ဝင်ထိုင်ပြီး မုန့်စားမယ်ပြင်စဉ် ဦးနေဘုန်းက သူ့သားနှင့်မြေးကို မိတ်ဆက်ပေးလေ၏။

“သားနာမည်က ဘုန်းဝေလျှံစစ်။ မြေးနာမည်က သည်းဝေလျှံချစ်ပါ။ မလေးတို့ရပ်ကွက်မှာ ရင်ခွင်ပိုက်ကလေးထိန်းတဲ့ အိမ်လေးတွေ မရှိဘူးလားဟင်”

“ကလေးထိန်း အိမ်ခေါ်ပါလား။ ဒီအရွယ်ဆို မူကြိုပို့လည်း ရပြီမဟုတ်လား ဦးနေဘုန်း”

“မြေးက အများနဲ့မနေတတ်ဘူး။ ကလေးထိန်းခေါ်ဖို့ကျတော့လည်း ကျွန်တော်တို့သားအဖက အပြင်မှာ အလုပ်လုပ်နေကြတာများတော့ အဆင်မပြေဘူး ခင်ဗျ”

“ဒီရပ်ကွက်မှာ ကလေးထိန်းတဲ့အိမ်တော့ မရှိဘူး။ ဒါပေမဲ့”

နန်းငွေရည် ပြောသင့် မပြောသင့် ချင့်ချိန်နေတာပါ။ သူမတို့သားအမိက အိမ်မှာပဲနေသူတွေမို့ သူတို့ သိပ်ပြီး အခက်အခဲရှိမယ်ဆိုလျှင် ကြည့်ပေးလို့ရတာပါပဲ။

နန်းငွေရည်ရဲ့တာဝန်က မေမေ ခေါ်မိုးစွေကို သွားရောက်ပြုစု၊ လုပ်ကိုင်ပေး၊ ကျွေးမွေးတာပါ။ တစ်နေ့ကုန်တော့ တာဝန်ယူမနေရပါ။





မနက်ဘက်တစ်ခါသွား။ နေ့လယ်နှင့် ညနေမှာ တစ်ခါသွား။

ကျန်အချိန်များမှာ အိမ်မှာ အေးအေးလူလူရှိပါသည်။ သမီးကလည်း ကျောင်းပြီးနေပြီမို့ နေ့လယ်ဘက်မှာ ဝိုင်း (၂) ဝိုင်းသွားသင်သည်။ မနက်ပိုင်းနှင့် ညနေပိုင်းတွေအိမ်မှာရှိ၏။

နန်းငွေရည် စကားစဖြတ်ထားပေမယ့် ဦးနေဘုန်းသဘောပေါက်လိုက်သည်။

“ဒါဆိုလည်း မလေးတို့ကြည့်ပေးပါလားဗျာ။ ကျွန်တော်တို့ အရင်ရပ်ကွက်မှာတော့ ကလေးထိန်းပေးတဲ့အိမ် ရှိပါတယ်။ ကျွန်တော်က အိမ်တိုင်းကိုလည်း မထိန်းခိုင်းချင်ပါဘူး”

“လောလောဆယ်တော့ ထိန်းပေးပါ့မယ်။ နောက်အဆင်ပြေမယ့်အိမ်တွေ့ရင်လည်း ပြောင်းပေါ့ရှင်။ ကျွန်မက ဦးနေဘုန်းတို့ ကလေးထိန်းအိမ် ရှာမတွေ့ခင် စပ်ကူးမတ်ကူးကာလမှာ ကြည့်ပေးပါ့မယ်”

“ကျေးဇူးတင်လိုက်တာ မလေးရယ်။ ကျွန်တော့်မှာ ဒီမြေးအတွက်ပဲ စိတ်မအေးရတာ။ မနက်လာပို့ပြီး ညနေ ကျွန်တော်တို့သားအဖ ပြန်ရောက်တော့ လာခေါ်ပါ့မယ်”

“ဟုတ်ပါပြီ … ကလေးအတွက် အဝတ်ပိုထည့်ပေးထားခဲ့။ သူ့ကို ရေမိုးချိုးပေးပါ့မယ်”



www.burmeseclassic.com

www.burmeseclassic.com



"အဝတ်ပိုရော ထမင်းချိုင့်၊ မုန့်အကုန် ထည့်ပေးလိုက်မှာပါ။ ကျေးဇူးအရမ်းတင်တယ်ဗျာ။ ရွှေနန်းတော့်မြေးအတွက် ရတက်အေးရပါပြီ"

ဦးရဲဘုန်း အခြားဝိုင်းများသို့ လှည့်သွားပေမယ့် ကလေးက သူမတို့အနားမှာပဲ ကျန်ခဲ့၏။ ငွေလသာ မေမေ့ကို နား မလည်နိုင်ပြန်။

"မေမေ ဘာဖြစ်လို့ ကလေးထိန်းပေးမှာလဲ၊ တော်ကြာ"

"သူတစ်ပါးရဲ့အခက်အခဲကို ကူညီကောင်းပါတယ် သမီး ရယ်။ သမီးငယ်ငယ်တုန်းကလည်း မေမေက အလုပ်လုပ်နေရတော့ ဘေးအိမ်က ဘွားမေက ထိန်းပေးရှာတယ်။ အဲဒါလေး သွားတွေး မိလို့ပါ"

"ထားပါတော့။ မေမေ့ကို မလေးလို့ခေါ်တာကရော။ ဟင်း ... သူက မုဆိုးဖိုကြီးလား၊ တစ်ခုလပ်လား။ မေမေက ငယ်ငယ် ချောချောလေးနော် ... ဟင်း"

"အဲဒါတွေ မတွေးပါနဲ့ သမီးရယ်။ တို့တွေ ရိုးရိုးသား သား ကူညီကြရအောင်။ ဟိုနေ့က အိမ်တက်ဖိတ်တော့ မေမေ တန်းလျားမှာလေ။ ကိုယ့်အိမ်လေးမှာ စပါးလုံးရွေးနေတာ။ သူက မလေးလို့ခေါ်တယ်။ မလေးဆိုတာ မိန်းကလေးတွေကို တလေး တစားခေါ်ကြတဲ့ နာမ်စားပါကွယ်"





"ဒီတစ်ခါလည်း ထားလိုက်ပါတော့။ သတိတော့ထားပါ မေမေရယ်။ ဒေါ်ယုယသော်ကြီးက ကဲ့ရဲ့တတ်ပါဘိနဲ့"

"ကိုယ်ကောင်းရင် ခေါင်း ဘယ်မရွှေ့ပါဘူးကွယ်"

သူတို့နားမှာ ကလေးက မခွာ။ ဒေါ်နန်းငွေရည် မုန့်လေး တွေ ခွံ့ပေးတော့ ကလေးက သူမ၏ပေါင်ပေါ်သို့ တက်လာပြီး ထိုင်သည်။ ကလေးက ယုယမှုကို လိုအပ်နေတာ အသေအချာ။

တစ်ဖက်မှာလည်း ဒေါ်ယုယသော်တို့သားအမိနှင့် ဦးနေ ဘုန်းတို့သားအဖ စကားတွေ ရေပက်မဝင်။ ဒေါ်ယုယသော်တို့က ရေပက်မဝင်တာပါ။ ဦးနေဘုန်းတို့က အိမ်ရှင်ပီပီ မရှိင်းရအောင် အင်း အဲနှင့် ထောက်ခံနေကြရတာ။

"သမီးက မော်ဒယ်လေ။ ရှိုးပွဲတွေ မပြတ်တက်နေရ တယ်။ အမယ်လေး ... မော်ဒယ်တစ်ယောက်ဖြစ်ဖို့ဆိုတာ မိဘက ဒိုးနိုင်လို့သာ။ ငွေအရမ်းကုန်တာ။ သင်တန်းကြေး၊ အဝတ်အစား နဲ့ မိတ်ကပ်ဖိုး။ အလှပြင်ဆိုင်သွားရတာတွေ မလွယ်ဘူး"

ဒေါ်ယုယသော်ဟာ သူ့သမီးလှကြောင်း ကြွားနေတာ သား သူ ကုန်နိုင်ကြောင်း ကြွားနေတာလားမသိ။

"ကလေးလေးက ချစ်စရာကောင်းလိုက်တာ။ ဘယ်သူ က မွေးတာလဲ၊ ဦးနေဘုန်းနဲ့ ရုပ်ချင်းတော်တော်ဆင်တယ်နော်။ သားနဲ့လည်း ဆင်တာပဲ"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ယုယသော်တို့ကတော့ လုပ်ချလိုက်တာပါပဲ။ စပ်စုတာက ဒဲ့။ ဦးနေဘုန်းရော ဘုန်းဝေလျှံစစ်ပါ မျက်စိမျက်နှာတွေပျက်သွားကြသည်။ ပြီးမှ –

"သမီးက မွေးတာပါ"

"သူ့မိဘတွေကရော"

"နိုင်ငံခြားမှာ အလုပ်သွားလုပ်နေပါတယ်"

ဦးနေဘုန်း ဒေါ်ယုယသော်ကို မနှစ်သက်နိုင်တော့ပါ။ သူ့တစ်ပါးရဲ့ အတွင်းရေးကို တော်တော်စပ်စုတတ်တဲ့ မိန်းမပဲ။

တစ်နာရီလောက်ကြာတော့ အားလုံးပင် အိမ်ပြန်ကုန်ကြပေပြီ။ နန်းငွေရည်နှင့် ငွေလသာမှာ စောစောကတည်းက ပြန်ချင်ပေမယ့် ကလေးက ကပ်မိကပ်ရာ ကပ်နေသောကြောင့် ပြန်လို့မရသေးပါ။

ယခု လူရှင်းပြီဆိုတော့မှ ဦးနေဘုန်း သူတို့အနား ရောက်လာသဖြင့် –

"ကျွန်မတို့ကို ပြန်ခွင့်ပြုပါဦးရှင်။ သားလေးက ကပ်နေတော့ သနားတာနဲ့ မပြန်ဖြစ်သေးတာပါ"

"မြေး ... လာလာ ဘဘဆီလာ"

"လာဘူး၊ ဘွားဘွားနဲ့လိုက်သွားမယ်"

"အင်"





သူ့အမေ ငယ်ငယ်လေးကို ဘွားဘွားဆိုလို့ ငွေလသာ မခံနိုင်။ သို့သော် ကလေးကတော့ ကျားပိန်တွယ် တွယ်နေပေပြီ။ သူ့အမေပေါင်ပေါ်မှ မဆင်း။

"လာ မြေးရဲ့၊ ဘဘနဲ့မုန့်သွားစားမယ်"

"မစားဘူး၊ တားတား ဝပြီ"

ဘုန်းဝေလျှံစစ်ကလည်း သူ့တူကို ချော့ခေါ်သည်။

"သားသား လာ၊ ဦးဖေဆီလာ"

"လာဘူး အန်တီနဲ့လိုက်သွားမလို့"

သားအမိနှစ်ယောက်လုံးကိုကပ်နေလျှင် သားအဖ နှစ်ယောက်မှာ ဖောချွေးပြန်လာရသည်။

"ရေစက်ပါတာထင်တယ်"

ဘုန်းဝေလျှံ၏စကားကို ငွေလသာ ပြန်ချေပ၏။

"ဘာရေစက်မှမဟုတ်ဘူး ကလေးက လက်သာတဲ့ဆီ ကပ်နေတာ"

နောက်ဆုံး နန်းငွေရည်ကပင်။

"ကဲ ... ကျွန်မတို့ ခဏခေါ်သွားပါ့မယ်။ ဟိုတက်ခြိတင်သော့။ ကလေးမနေရင် ပြန်ပို့ပါ့မယ်"

"အားနာလိုက်တာများ၊ အုန်းနို့ခေါက်ဆွဲလေး စားပွဲ တွေ့ပြီး ဒုက္ခပေးသလို ဖြစ်နေပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုမထင်ပါဘူးရှင်။ နောက်နေ့တွေလည်း ထိန်းရမယ့် အတူတူ ခေါ်သွားပြီ"

"ဟို ... ဒီနေ့တော့ ကလေးအတွက် ထမင်း၊ ဟင်း အဆင်သင့် မဖြစ်သေးဘူး။ ကျက်တော့မှ လှမ်းပို့မယ်နော်။ အုတ်တံတိုင်းကတစ်ဆင့် အပေးအယူလုပ်ပါ့မယ်။ တံခါးကတစ်ဆင့်ဆိုတော့ တကူးတက ဖြစ်နေမှာစိုးလို့ပါ"

"ရတယ်၊ ဒီနေ့ ကျွန်မတို့ တာဝန်ယူလိုက်မယ်၊ ခေါ်သွားပြီ"

ကလေးကိုချီပြီး သူတို့သားအမိပြန်လာခဲ့တော့ ရွှေဆိုင်းဝိတ်ထားသည့် ဒေါ်ယုယသော်က မဲ့ကာရွဲ့ကာနှင့်။

"ကြောင်ခံတွင်းပျက်တွေနဲ့ ဆက်ရက်မတွေ့တော့တွေ့ပြီဟော့။ ငါတို့ဂုဏ်သိက္ခာပျက်အောင်တော့ မလုပ်ကြနဲ့၊ ဒါပဲပြောချင်တယ်"

တိုက်ထဲဝင်သွားတော့ နန်းငွေရည် တည်တည်ငြိမ်ငြိမ်ပင် ကလေးကို တန်းလျားသို့ခေါ်လာခဲ့သည်။ တန်းလျားဆိုတာလည်း ကျွန်းနှင့်ဆောက်ထားသည့် သစ်သားအိမ် (၂) ခန်းတွဲပါ။ မီးရထားလိုင်းခန်းရဲ့ လိုင်းခန်းတွေထက်သာပါသည်။

အိမ်အကူနှစ်ယောက်က သူတို့တိုက်ထဲမှာပဲ နေသည်မို့ တန်းလျား (၂)ခန်းလုံး ငွေလသာတို့ပဲ ချောင်ချောင်ချိချိနေရသည်။





တန်းလျားဆိုပေမယ့် သွပ်မိုး ပျဉ်ကာ ပျဉ်ခင်းသည့် သစ်သားအိမ်လုံလုံခြုံခြုံပါ။

"ကဲ သမီး ... ကလေးနဲ့နေခဲ့ဦး။ မေမေ ဘွားဘွားဆီ သွားဦးမယ်။ တို့သားအမိ ကလေးနားမှာ တစ်ယောက်မရှိ တစ်ယောက်ရှိနေရမယ်"

ငွေလသာက မိတ်စိမ်သည့်အတိုင်း နာခံတတ်သည့် အပြင်ကိုယ်ငယ်စဉ်က ဖွားမေထိန်းပေးခဲ့တာကို သတိရသွားပြီမို့ လူတွေကို ကူညီသည့်အနေနှင့် ကလေးထိန်းပေးဖို့ ကြည်ဖြူလိုက်ပါသည်။

သည်းဝေလျှံချစ်တဲ့။ ကလေးချောလေး။ (၃) နှစ်သားလောက်ရှိပြီ။

အရုပ်လေးတစ်ရုပ်လို ချစ်စရာကောင်းလေးဟာ မြင်သူတိုင်းချစ်တဲ့ မနေနိုင်လောက်ပါ။ ထွားထွားကျိုင်းကျိုင်းလေး။

"ကဲ လာပါ လူကြီးမင်း ... အိမ်ထဲကိုကြွပါ"

ငွေလသာ ကလေးကိုလက်ဆွဲပြီး အိမ်ထဲသို့ ဖိတ်ခေါ်တော့ သည်းဝေလျှံက ညှော်ခန်းထဲမှာ ဟိုကြည့် ဒီကြည့်။

"တီဗီ မရှိဘူးလား။ သားသား တီဗီကြည့်မယ်"

ခေတ်ကြီးက အလွန်တိုးတက်နေပေမယ့် သူမတို့မှာ တီဗီမရှိသေးပါ။ တိုက်ထဲမှာလည်း သွားမကြည့်ဖြစ်။ ခေတ်နှင့်အဆက်အသွယ်ပြတ်နေရသလို။



www.burmeseclassic.com

www.burmeseclassic.com



"ငါတို့အိမ်မှာ တီဗီမရှိဘူး သားသားရဲ့"

"ဟာ . . . ဒါလေးများ လွယ်ပါတယ်"

ကလေးက အပြင်သို့ပြန်ထွက်ပြီး အုတ်တံတိုင်းဘေးသို့ ပြေးကပ်သွားသဖြင့် ငွေလသာ နောက်မှပြေးလိုက်ရသည်။ ကလေးက တစ်ဖက်ခြံသို့ လှမ်းခေါ်၏။

"ဘဘရေ . . . ဘဘ၊ ဦးဦးရေ . . . ဦးဦး"

သားအဖနှစ်ယောက်လုံး နားစွင့်နေကြသည်ထင့်။ အုတ်တံတိုင်းနားသို့ ရောက်လာကြသည်။ သည်နေ့ သူတို့ အလုပ်မသွားကြတော့ဘူးလားမသိ။

"ဘာဖြစ်လို့လဲ သားသား"

"အန်တီတို့အိမ်မှာ တီဗီမရှိဘူး။ ဦးဦးနဲ့ဘဘ လာဆင်ပေးပါ"

"အို . . . သားသား"

မြင်မြင်ချင်း ဆောက်နဲ့ထွင်း။ ကိုယ်သင်ပေးတယ်ဖြစ်မှာစိုးလို့ ငွေလသာ ဟန့်တားလိုက်သော်လည်း တစ်ဖက်မှ သားအဖကတော့ ရယ်ရယ်မောမော။

"ဟုတ်ပြီ၊ ခုပဲ ဦးဦး ဆိုင်ကို ဖုန်းဆက်လိုက်မယ်နော်။ ခဏစောင့် သားသား"

"အိုကေ"





လိုက်လည်း လိုက်ဖက်သည့်တူဝရီး၊ မြေးအဘိုးတွေ။ ငွေလသာ ခေါင်းကုတ်နေရသည်။ ကလေးက တံတိုင်းခြားပြီး စကားတွေပြောလို့"

"ဘဘနဲ့ဦးဦးပါ လာနေပါလား။ အန်တီတို့အိမ်လေးက အရမ်းချစ်စရာကောင်းတာပဲ"

"အေးပါကွာ . . . မင်းပျော်ရင် ပြီးပါတယ်"

နာရီဝက်လောက်ကြာတော့ တီဗီမှန်ထောင်ကြီးတစ်လုံး။ ပုံနှင့်ရောက်လာပြီး ဗန်းပါ ပါလာခဲ့သည်။ ငွေလသာတို့ သားအမိမှာ တိုက်ရှေ့ခြံတံခါးမှ ဝင်လာသည့်ကားနှင့်ပစ္စည်းများကို အလန့်တကြား ကြည့်မိသည်။

"ဒုက္ခပဲ၊ ဘာမှတောင် ကိုယ်က မကျေညီရသေးဘူး သူတို့က အရင်ကျေညီနေပြီ"

"တော်တော် ငွေပေါနေကြတာဖြစ်မယ်"

ဒေါ်ယုယသော်တစ်ယောက် ဆိုင်မထွက်တာမို့ အားလုံးမြင်နေရလျှင် မနာလို မရှုစိမ့်ဖြစ်ရတာ ဆတ်ဆတ်တုန်မတတ်။

"ကြည့်စမ်း . . . ပိုင်းလုံးမတွေ့။ ချမြင် ခုပဲ တောင်းလိုက်ကြတာ ဖြစ်မယ်။ လူတွေကြည့်တော့ဖြင့် မခုတ်တတ်တဲ့ကြောင်၊ ခေတောင်တတ်တဲ့ခွေးပုံစံနဲ့ အလကား။ ဆက်ရက်တောင်ပံကျိုးမသေ့။ ခွေမျိုးသိက္ခာကျတယ်။ ဗန်းနားဆားစုတ်မတွေ့"



www.burmeseclassic.com

www.burmeseclassic.com



"တောက် . . . အိမ်မှာ လူရှုပ်တယ်။ မြို့ထဲမှာ လူဝင်လူထွက်တွေ ရှုပ်တယ်။ ပက်ပက်စက်စက်ကို ပြောပစ်လိုက်မယ်။ နေနှင့်ဦးပေါ့"

တီဗီဆိုင်မှ လာပြီးတပ်ဆင်ပေးသည်မို့ နာရီဝက်ပင် မကြာ။ တီဗီရော ဗန်းပါဆင်ပြီးသွားလေပြီ။ ငွေလသာနှင့် နန်း ငွေရည်တို့မှာ ကြောင်အန်းအန်း။ ဘာပြောရမှန်းမသိ။

ကလေးကတော့ သူ့အကြိုက်ကာတွန်းလိုင်းကို ဖွင့်ကြည့်ပြီး သဘောတွေကျနေလေတော့သည်။

❋ ❋ ❋



## အခန်း (၄)

မနက် (၆) နာရီမှာ နန်းငွေရည်နှင့် ငွေလသာတို့ ဘွားဘွားဒေါ်မိုးစွေဆီ ရောက်လာခဲ့သည်။ ဘွားဘွား ဒီအချိန်ဆို နိုးနေကျ။

မေမေက ဘွားဘွားကို မျက်နှာသစ်ပေး ကိုယ်လက်သန့်စင်ပေးနေချိန်မှာ ငွေလသာက ဘွားဘွား၏အိပ်ရာနှင့် အခန်းကို သန့်ရှင်းပေးသည်။ သနပ်ခါးသွေးပေးသည်။ နောက် သန့်စင်ခန်းမှ ထွက်လာသည့် ဘွားဘွားကို ငွေလသာနှင့် မေမေ ခေါင်းဖြီးပေး အဝတ်လဲပေး သနပ်ခါးလိမ်းပေးကြသည်။

"ဘွားဘွား . . . ခုမနက် ဘာစားမလဲ။ သမီး ဘာလုပ်



www.burmeseclassic.com

www.burmeseclassic.com



ပေးရမလဲ''

''မုန့်ဟင်းခါး''

''အိုကေ ... လမ်းထိပ်မှာသွားဝယ်လိုက်မယ်နော်''

ငွေလသာ လမ်းထိပ်မုန့်ဟင်းခါးဆိုင်မှ ပါဆယ်သွားဝယ်ပြီး ဘွားဘွားကိုကျွေးသည်။

''ငါ ဒီနေ့ သမီးတို့အိမ်လိုက်မယ်''

''လိုက်လေ ဘွား။ ဝိုးချဲလ်နဲ့တင်တွန်းသွားမယ်''

''နေဦး ငွေလသာ။ မမယုကိုပြောဦးမှ ... တော်ကြာ ပြဿနာ ရှာနေဦးမယ်''

သည်စဉ် ယုယသော် အခန်းပေါက်ဝသို့ ရောက်လာပြီး-

''ယိုသူမရှက် မြင်သူရှက်၊ မနေ့ကမှ မြင်တဲ့လူတွေကို အနှစ်တစ်ရာလောက်ပေါင်းလာတဲ့လူလို တပြုံးပြုံးနဲ့။ လင်သေတာဖြင့် (၂) နှစ်ရှိသေးတယ်၊ နောက်လင်က လိုချင်နေပြီ။ မေမွေ့ ချွေးမ မနေ့ကမှ အိမ်တက်ဖိတ်တဲ့အိမ်နဲ့ တရင်းတနှီး ဆက်ဆံနေလိုက်တာ၊ ဟိုကလည်း လူလွတ်၊ မုဆိုးဖိုလား။ တစ်ခုလပ်လား မသိဘူး။ ခုတွေ့ ခုပဲ ကလေးထိန်းပေးနေပြီလေ။ ဟော ... ဘယ်လိုပညာသုံးလိုက်တယ်မသိဘူး ... ဟိုက ချက်ချင်းပဲ တီဗီနဲ့ပန်းဆင်ပေးလိုက်ပြီ''

''မေမေ စိတ်ရှုပ်ထွေးအောင် ပေါက်ကရတွေမပြောပါနဲ့ရှင်





မယု မကျေနပ်ရင် ကျွန်မတို့ပဲ ပြောပါ''

''ပြောနေတာပဲလေ။ နဒန်မှမနာကြတာ။ မေမေသိမှ ဖြစ်မှာပေါ့။ မေမေက သူ့ချွေးမကို မဒ္ဒီ၊ သမ္ဗူလလောက်ထင်ထားတာ''

''တော်ပါတော့ မယုရယ်။ သူတို့က ကလေးထိန်းဖို့ အခက်အခဲရှိနေလို့ ကျွန်မ ကိုယ်ချင်းစာပြီး ကူညီတာပါ။ ကျွန်မတို့လင်မယားတုန်းကလည်း (၂) ယောက်လုံး အလုပ်ထွက်လုပ်ကြတော့ ဘေးအိမ်က ဘွားမေက ကြည့်ပေးတယ်။ အဲဒါကို သတိရပြီး ကူညီလိုက်တာ''

ယုယသော် ပြဿနာရှာနေတာ သိသိသာသာ။ ကိုယ့်ဘဝကိုယ် မကျေနပ်တိုင်း အဆင်မပြေတိုင်း နိုင်ရာလူကို ဖိဆောင်းချင်တာ သူ့အကျင့်။

''အေး ... ပြောထားပါပေရဲ့နော်။ ရှုပ်ရှုပ်ယှက်ယှက်တွေ ဖြစ်လာလို့ကတော့ အိမ်ပေါ်က ခေါင်းနဲ့ဆင်းရမယ်မှတ်''

''အခုလည်း ကျွန်မတို့သားအမိ တန်းလျားမှာနေရတာပဲ''

''အေးပေါ့ ... တန်းလျားမှာတောင် မထားဘဲ နှင်ထုတ်ပစ်လိုက်မှာကိုပြောတာ၊ သဘောပေါက်''

''ဒါကတော့ သဘောပေါက်ပြီးသားပါ။ မေမေ့သာ မရှိ



www.burmeseclassic.com

www.burmeseclassic.com



တော့ရင် ကျွန်မတို့သားအမိကို ခွေးမောင်း၊ ဝက်မှောင်း မောင်းထုတ်မယ်ဆိုတာ သိပြီးသားပါ''

''အေး ... သိရင်လည်းပြီးရော''

ဒေါ်ယုယသော် ခြေဆောင့်ကာ အခန်းဝမှ ထွက်ခွာသွားလျှင် ငွေလသာ လှမ်းပြီးခွင့်တောင်းလိုက်၏။

''အန်တီ ... ဘွားဘွားက သမီးတို့တန်းလျားကို လိုက်ချင်လို့ ခေါ်သွားမလို့''

''အောင်မာ ... မေမေက သွားချင်တာလား။ နင်တို့က ခေါ်ချင်တာလား။ ရှမ်းမ အလည်မတွေ။ မေမေ့ကို ကပ်ပေါင်းပြီး အမွေလိုချင်လို့ မဟုတ်လား။ မေမေရေ မေမေ့ကို စေတနာရှိလို့ လုပ်ပေးနေတာ မဟုတ်ဘူး။ ဝှက်ထားတဲ့အတွင်းပစ္စည်းတွေ၊ ငွေတွေကို လိုချင်တာ၊ သတိသာ ထားပေတော့၊ ဘာလဲ ... မေမေ ဝတ်ထားတဲ့ စိန်နားကပ်ကို ချွတ်ယူချင်လို့လား။ တစ်ရံတည်းပေမယ့် သိန်း (၅၀) လောက်တန်တယ်''

''အန်တီ ဘာတွေလျှောက်ပြောနေတာလဲ။ ဘွားဘွား နားကပ်ချွတ်ယူရလောက်အောင် ကျွန်မတို့စိတ်ဓာတ် အောက်တန်းမကျဘူး။ ဘွားဘွားက ဒီအခန်းထဲမှာပဲ နေ့နေ့ညည နေနေရလို့ အပြောင်းအလဲဖြစ်အောင် တန်းလျားလိုက်ချင်တာ လိုက်ပါစေ''





''ခေါ်သွားပေ့ ... ခေါ်သွား။ နင်တို့ ကျွေးနိုင်ရင် တစ်သက်လုံးပဲ ခေါ်ထားထား''

စကားပြောတာတွေက ဟိုယမ်း၊ သည်ယမ်း၊ ဘာပဲပြောပြော ပါမစ်ရပြီမို့ ဘွားကို သူတို့ တန်းလျားသို့ ခေါ်လာခဲ့ကြသည်။

''ခုမနက် ငါးလေးအိုးကပ်နဲ့ ချဉ်ရေဟင်း ဘွား''

''အေး ... ကောင်းတယ်၊ စားမယ်''

မြေးအဘွားတွေ အဆင်ပြေနေဆဲ အုတ်တံတိုင်းပေါ်သို့ ကလေးကိုချီတင်လာတာကြောင့် ငွေလသာပဲ ပြေးခေါ်လိုက်ရသည်။

သည်တစ်ခါတော့ ကလေးက အဝတ်အိတ်နှင့် အစားအသောက်ခြင်းနှင့်။ အစားအသောက်ခြင်းကလည်း သစ်သီးတွေ၊ မုန့်တွေဆိုတာ အလျှံပယ်။ ကလေးကို လာပို့သူကတော့ ဦးနေဘုန်း။

''သမီးတို့ဖို့ပါ ထည့်ပေးလိုက်တယ်နော်။ ဟင်းတွေလည်း ထည့်ပေးလိုက်တယ်။ ဦးကိုယ်တိုင်ချက်တာ''

''ဟုတ်ကဲ့ ... ဟုတ်ကဲ့''

အရေးထဲ ကြော်ငြာဝင်နေရသေး။ သူတို့အိမ်မှာ ဧည့်ပို့မှ ဆိုတာ။ အိမ်အကူမရှိတာကြောင့် ကိုယ့်ဘာသာပဲ ချက်ရမှာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



ငွေလသာတို့တော့ ရွှေကြော တွေ့ပြီထင်သည်။

ကိုယ်က စေတနာနှင့် ကူညီပေမယ့် တစ်ဖက်မှလည်း စေတနာထားသည်ထင့်။

တစ်ဦးက စေတနာ၊ တစ်ဦးကမေတ္တာ။ ဟာ ဒါတော့ မဖြစ်ဘူး မဖြစ်ဘူး။ ငွေလသာ မေမေ့ကို သဝန်တိုသွားသည်။ သူမရဲ့ မေမေက ငယ်ငယ်ချောချောလေးပါ။ သဘောလည်း ကောင်းသည်။ ဦးနေဘုန်းက ထွားထွားမြင့်မြင့်နှင့် ခန့်ခန့်ချော ချော။ သို့သော် အစွယ်အပွားတွေကများ။ ပစ္စည်းကချမ်းသာ တော်ကြာ ဆင်းရဲသားဆိုပြီး အထင်သေး၊ အမြင်သေးနှင့် မေမေ့ကို ပရော်ပရီလုပ်မှာ စိုးပါသည်။

ငွေလသာ ကလေးနှင့်ပစ္စည်းပစ္စယများကို သယ်လာ ပြီး အိမ်သို့ခေါ်လာခဲ့ပါသည်။

အိမ်မှာ ဘွားဘွားရယ်၊ ကလေးရယ်၊ သူတို့သားအမိ ရယ်။ (၄) ယောက်၊ စိုပြည်နေကြသည်။

"သားသား ... ဟင်းတွေအများကြီး ထည့်လာတယ်၊ ဘွားဘွားတို့ အန်တီတို့ဖို့"

"အေး အေး ... ကျေးဇူးတင်တယ်နော် သား။ ဒါပေမဲ့ နောက်နေ့တွေကျ နည်းနည်းပဲထည့်ခဲ့ပါ။ အိမ်သားတွေဖို့ မကျန် ဘဲ နေမှာပေါ့"





"ကျန်တယ်၊ သားသားတို့က သူဌေး ... အန်တီရဲ့ ဟင်းတွေအများကြီး ရှိတယ်"

တကယ့်ကြွားလေးပဲ။ ငွေလသာ ရယ်နေရ၏။ မေမေ ကတော့ မီးဖိုထဲမှာ ဟင်းချက်နေပေပြီ။ ငွေလသာ ထမင်းတစ် အိုး ပေါင်းအိုးနှင့် တည်ထား၏။

သူတို့ညေ့ခန်းလေးထဲမှာ ဘွားနှင့်ကလေးက တီဗီထိုင် ကြည့်နေပြီး ငွေလသာက ဘွားနှင့်သူတို့သားအမိ အဝတ်များကို လျှော်ဖို့ ပြင်နေလျှင် ကိုတတ်ပလေးက -

"ဟာ ... အန်တီတို့မှာ အဝတ်လျှော်စက်မရှိဘူးလား။ သားသား ဘဘကို မှာလိုက်ဦးမယ်။ ဘဘ အပြင်မထွက်သေးဘူး"

"အမယ်လေး ... အမယ်လေး၊ တော်ပါတော့ လူကြီး ခင်ရယ်။ ကျုပ်တို့ကို သူဌေးအကြီးစားတွေလို့ ထင်နေပါ ဦးမယ်။ လက်နဲ့လျှော်လည်း ရပါတယ်"

"ဘယ်ဖြစ်မလဲ အန်တီလေးရဲ့။ တော်ကြာ သားက ဆော့မှာ၊ သားအဝတ်တွေပါ လျှော်ရမှာ။ သားက အားနာတတ် တယ်"

ကလေး၏ကြီးကြီးကျယ်ကျယ်စကားကြောင့် သူတို့ ရယ် မောနေကြစဉ် ကလေးက အပြင်သို့ လှစ်ခနဲပြေးထွက်သွားပြီး ဆင်ဝင်ကြီးသို့ အော်ခေါ်နေလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဘဘရေ . . . ဘဘ . . . ဒီအိမ်အတွက် အဝတ်လျှော်စက် ဝယ်ပေးပါ။ ဒီမှာ သားအဝတ်တွေ လျှော်ရမှာ"

ငွေလသာ နောက်မှပြေးလိုက်ပြီး ပါးစပ်ပိတ်ထားပေမယ့် မရတော့။ တော်တော်ဆိုးတဲ့ကောင်လေးပဲ။

သို့သော် သူဆိုးတာက ငွေလသာတို့ ကောင်းစားဖို့ချည်း ဖြစ်နေ၏။

ကားဘေးမှာရောက်နေပြီဖြစ်သည့် ဦးနေဘုန်းနှင့် ဘုန်းဝေလျှံစိုတို့ သဘောတကျ ရယ်မောကြပြီး –

"အေးပါ သားရယ်။ ညနေကျ ဝယ်ခဲ့ပါ့မယ် . . . ဟုတ်ပြီလား။ လိမ်လိမ်မာမာနေနော်သား တာ့တာ"

သူတို့က နောက်မှပါလာသည့် ငွေလသာတို့သားအမိကို ပါ လက်ပြနှုတ်ဆက်ပြီး သားအဖနှစ်ယောက် ကားတစ်စီးစီဖြင့် ထွက်ခွာသွားကြသည်။ ခြံတံခါးပိတ်တော့ ရိုမှန်နှင့်။

သည်စဉ် သူတို့တန်းလျားသို့ ခင်နှဒီဝင့် ရောက်လာပြီး ကလေးကို စပ်စုလေတော့သည်။

"လာ . . . သားသားကို မုန့်ကျွေးမယ်၊ အနီတီမေးတာ ဖြေ"

"သားမှာ မုန့်တွေပါသားပဲ။ အန်တီ့ကိုတောင် ဖိုသည် လိုရတယ်"





"အင်း . . . ဂျိုးလေးပါလား။ မလွယ်ဘူးဟေ့"

အစက တန်းလျားကို ဘယ်သူမှမလာချင်ပေ ... ဒ့် ယခုတော့ ဘွားဘွားနှင့်ကလေး ရောက်လာသဖြင့် ခင်နှဒီပါ လိုက်လာလေပြီ။

ညည့်ခန်းထဲမှာ စုထိုင်ရင်း ကလေးကြိုက် ကာတွန်းလိုင်းကိုလည်း ဖွင့်ပြထားရသေး၏။

ခင်နှဒီဝင့်ကတော့ မလွယ်။ သူသိချင်တာ မေးနေတာပါပဲ။

"သားသားက ဦးနေဘုန်းသားလား၊ ဘုန်းဝေလျှံစိုရဲ့ သားလား။ ညကျတော့ ဘယ်သူနဲ့အိပ်လဲ။ ငယ်ငယ်တုန်းက ဘယ်သူက နို့ဘူးတိုက်တာလဲ။ သားသားမေမေရော"

မေးခွန်းတွေက များလွန်းသဖြင့် ကလေးက ပြုံးကြည့်နေတော့မှ တစ်ခုချင်း မေးတော့သည်။

"သားသား ဘယ်သူ့သားလဲဆိုတာပဲ အရင်ဖြေ"

"မသိဘူးလေ၊ သားသားမှာ ဘဘနဲ့ဦးဦးပဲရှိတာ"

"ညအိပ်တော့ ဘယ်သူနဲ့အိပ်ရသလဲ။ ဘဘနဲ့လား ဦးဦးနဲ့လား"

"ဦးဦးအခန်းထဲမှာ သားသားက ဦးဦးနဲ့အိပ်ရတာ"

"ဪ . . . ငယ်ငယ်တုန်းကရော ဘယ်သူ နို့တိုက်လဲ။



www.burmeseclassic.com

www.burmeseclassic.com



မေမေလား"

"သားသား မမှတ်မိဘူး"

ကလေးငယ်ငယ်လေးကို သူ့ကိုယ်ကျိုးအတွက် သိချင်တာတွေ လျှောက်မေးနေသဖြင့် ကလေး စိတ်ရှုပ်ထွေးနေလျှင်ငွေလသာ ဟန့်တားလိုက်၏။

"နဒီ ... ကလေးငယ်ငယ်လေးကို ဘာတွေလျှောက်မေးနေတာလဲ။ ကိုယ့်အကြောင်းကြနေတာပဲ"

"ငါက သူ့ကို ဘုန်းဝေလျှံရဲ့သား ထင်လို့ပါ။ ဦးနေဘုန်းရဲ့သားလည်း ဖြစ်နိုင်တာပဲ။ လျှော့တွက်လို့မရဘူး"

"သူ့ဘာသာ ဘယ်သူ့သားပဲဖြစ်ဖြစ် ငါတို့နဲ့မဆိုင်ဘူးလေ။ ငါတို့က သူ့တို့အဆင်ပြေအောင် ကလေးကြည့်ပေးတာပဲ။ ကလေးစိတ်ရှုပ်ထွေးအောင် မလုပ်ပါနဲ့"

"နင်တို့ကို တစ်လ ဘယ်လောက်ပေးမယ်ပြောသလဲ"

"မမေးပါဘူး။ နေရင်းထိုင်ရင်း ကလေးတစ်ယောက် ထိန်းပေးလို့ ထူးပြီး မပင်ပန်းပါဘူးဟာ"

"အံမယ် ... တယ်ပြီး သဘောကောင်းနေပါလား။ ဒါဆိုနင် ကျူရှင်ပြတာရော အလကားသင်ပါလား။ ဘာလို့ ပိုက်ဆံယူနေသေးလဲ"

"ဒါကတော့ တစ်မျိုးပေါ့။ ငါ့ရဲ့အသက်မွေးဝမ်းကျောင်း





...။ နေပါဦး ... ဒီနေ့ နင် ဘယ်မှမသွားဘူးလား"

"မသွားဘူး။ ညကျမှ ရှိုးပွဲရှိတယ်။ အဲဒါ နင့်ကို အဖော်...ခေါ်မလို့"

ဒေါ်နန်းငွေရည်ဝင်ပြောမှ ဖြစ်မည်မို့ ပြောရ၏။ ကိုယ့်...သမီးကို မော်ဒယ်မ၏အဝတ်အိတ်ကိုင်အဖြစ် မခံနိုင်။ ပြီး...လောကက ရှုပ်ထွေးပါ၏။

"အဖော်ခေါ်တာ ခန့်ခန့်ညားညား နဒီ့အမေကို ခေါ်သွား...။ ဒါမှမဟုတ် အစ်ကို့ကို ခေါ်သွားပါလား။ ကလေးအချင်းချင်း...ယ်လိုလုပ် အဖော်ရမှာလဲ"

"ဟာ ... အန်တီကလည်း တိုစရာမရှိ တိုနေတာပဲ။ မာမီ...တို့ကို မခေါ်ချင်ပါဘူး။ သူတို့က သိပ်ဇီဇာကြောင်တာ။ အဖော်...ပေမယ့် သက်တော်စောင့်လို ခေါ်ထမ်းပြီး မလျှောက်ရပါဘူး...န်တီရဲ့။ ထည့်လိုက်ပါ"

သည်တစ်ခါတော့ ငွေလသာကိုယ်တိုင်ငြင်း၏။ အစဖြစ်...ချင် အမြဲလိုက်နေရတော့မှာ။

"ရှုပ်ရှပ်ယှက်ယှက်တွေ မလိုက်ချင်ပါဘူး"

"အောင်မာ ... ငါ့နောက်ကို လိုက်ချင်လူတွေ အများကြီး။ ...တာ နင့်ကို စေတနာရှိလို့ခေါ်တာ"

"ကျေးဇူးတင်ပါသတဲ့။ အဲဒီလိုက်မယ့်လူတွေ...ခေါ်



www.burmeseclassic.com

www.burmeseclassic.com



သွားပေတော့။ ငါ ဝါသနာမပါဘူး”

“ပြီးရော . . . အိမ်ခေါင်းထဲ ကုတ်နေရင်းလည်း ကလေး

အဖေနဲ့ ငြိနေဦးမယ်”

ခင်နုဒီဝင့် ခြေဆောင့်ထွက်သွားတော့မှ ငွေလသာ ပန်း

တွန့်ကျန်ခဲ့ရင်း အိမ်ရှေ့ရေတိုင်မှာ အဝတ်တွေ လျှော်နေလေ

❄ ❄ ❄



## အခန်း (၅)

“ဟယ် . . . ဟင်းတွေအများကြီးပဲနော်။ ကလေးကို

ဘယ်လိုတွေ ကျွေးနေပါလိမ့်”

နေ့လယ်စာ စားချိန်မှာ ကလေးကို ထမင်းခွံ့ဖို့ ချိုင့်ဖွင့်

ကြည့်တော့ ကြက်သားဟင်းတွေ (၅၀) သားချက်လောက်ရှိမည်။

နောက် ထမင်းဖြူ။ ဒါပဲ။ ကလေးအတွက် ဖွယ်ဖွယ်ရာရာမလုပ်။

ဟင်းကတော့ အဖြူချက်၊ အချိုချက်။

ကလေးက သူ့ထမင်းချိုင့်ဖွင့်လိုက်သည်နှင့် ခေါင်းခါ

တော့သည်။

“မစားဘူး . . . မစားဘူး။ ဘွားဘွားတို့ဟင်းနဲ့စားမယ်။

ဘွားဘွားတို့ဟင်းပဲ စားမယ်”



www.burmeseclassic.com

www.burmeseclassic.com



"ငါတို့က ဟင်းမကောင်းဘူး သားသားရဲ့။ ငါးသလဲငါး
အိုးကပ်နဲ့ ချဉ်ရည်ဟင်း"

"အဲဒါ စားမယ်။ သားသားက ကြက်သားဆို ကြော်
ကြိုက်တာ"

"ကလေးကို ဘာဖြစ်လို့ ကြော်မပေးပါလိမ့်တော်
သားသားက ငရုပ်သီးမစားတာလား"

"စားချင်သားပဲ၊ ဘဘက မကျွေးတာ"

ဒေါ်နန်းငွေရည် ကလေးရဲ့ကြက်သားတွေကို အသား
တွေထွင်ပြီး ရှနေအောင် ပြန်ကြော်ပေး၏။ နောက် ငါးအိုးကပ်
နှင့် ချဉ်ရေဟင်းပါရောကျွေးတော့ ကလေးက ထမင်းစားနိုင်
ရသည်။

"သူတို့က ကလေးကို ဟင်းချိုရဲရဲချည်းကျွေးသေး
ကလေး ဘယ်စားချင်မလဲ။ အသီးအရွက်တွေပါ စုံအောင်ကျွေး
ပေါ့"

ဒေါ်နန်းငွေရည် ငွေလသာကိုပြောနေတော့ ကလေးက
ဝင်ပြီးပြောသည်။

"သားသားက ကန်စွန်းရွက်ကြော် ကြိုက်တယ်။ သူတို့
ကြော်မပေးကြဘူး"

"ဩော် ... မအားလို့ဖြစ်မှာပေါ့ သားရယ်။ နောက်





ဘွားဘွား ကြော်ပေးမယ်နော်"

"ဟုတ်ကဲ့"

နေ့လယ်ဘက်မှာလည်း ကလေးကို တစ်ရေးသိပ်သည်။
နန်းငွေရည် ကလေးအတွက် အစီအစဉ်ဇယားလေး သမီးနှင့်
အတူဆွဲထား၏။

ကစားချိန်၊ စားချိန်၊ ရေချိုးချိန်၊ အိပ်ချိန်၊ တီဗီကြည့်
ချိန်၊ နောက် ကဗျာလေး ဘာလေးသင်ဖို့လည်း စိတ်ကူးထား၏။

ဘွားဘွား ဒေါ်မိုးစွေနှင့်လည်း သားသားက အဖော်ရပါ
သည်။ စကားစမြည်တွေပြောလို့။

သည်းဝေလျှံလေးဟာ သူတို့အိမ်အတွက် အိမ့်ဆည်း
လည်းလေးပါ။

နေ့လယ် (၁) နာရီမှ (၄) နာရီထိ ငွေလသာ ရပ်ကွက်
ထဲက ဝိုင်းနှစ်ဝိုင်းမှာ စာသွားသင်ရသည်။ သူမပြန်လာတော့
ကလေးကစားချိန်။ ခြံထဲမှာ ဘောကန်နေသည့် သားသားရဲ့
ဘောလုံးများကို ပြန်ပြီး ထိန်းကန်ပေးရသည်။

နှစ်ယောက်လုံး ချွေးဒီးဒီးကျတော့မှ ရေချိုးကြသည်။
နောက် သနပ်ခါးလိမ်း၊ အဝတ်လဲပေးပြီး ညစာထမင်းစားကြ သည်။
ဘွားဘွားကတော့ နေ့လယ်စာစားပြီးကတည်းက သူ့အခန်းပြန်ပြီး
အိပ်နေပေပြီ။



www.burmeseclassic.com

www.burmeseclassic.com



မေမေပဲ ညနေစာသွားကျွေး။ သေးတိုက်၊ ည (၇) နာရီထိ ဦးနေဘုန်းတို့သားအဖ ပြန်မလာကြသေးပေမယ့် ကလေးက ဂျီမကျပါ။ ကေ့ဌ္ဌ အိမ်ပြန်နောက်ကျတာ ထုံးစံ ဖြစ်မည်။

အစားအသောက်တွေ၊ မုန့်တွေကလည်း အလျှံပယ် ပေးထားသည်မို့ ကလေးကို အချိန်နှင့် ကျွေးမွေးပြုစုရတာ ပြဿနာ မရှိပါ။

(၈) နာရီလောက်ကျမှ ကားတွေဝင်လာကြပြီး ကားရပ်သည်နှင့် တစ်ပြိုင်နက် ခြံတံတိုင်းသို့ အပြေးရောက်လာကြသည် ပါပဲ။ ဦးနေဘုန်းအသံ။

"မလေး ... မြေးလေးအိပ်နေပြီလား"

"မအိပ်သေးဘူး။ နေ့လယ်ကတော့ တစ်ရေးအိပ်တယ်။ ဦးနေဘုန်းတို့ နောက်ကျတယ်နော်"

"ဒီလိုပါပဲ ကန်ထရိုက်ရတဲ့တိုက်က ဝေးတော့ အပြန်မှာ ကားလမ်းကျပ်တာနဲ့ ဘာနဲ့။ သားသားကတော့ ဂျီမကျပါဘူးနော်။ မလေးတို့ကို အားနာတယ်ဗျာ။ ဆိုက်ထဲခေါ်သွားဖို့ကျတော့လည်း ကလေးဝင်ပန်းမှာစိုးလို့ပါ"

"ဩော် ... ကျွန်မတို့က ကိစ္စမရှိပါဘူး။ ဦးနေဘုန်းတို့ အဆင်ပြေရင် ပြီးတာပါပဲ။ ရေမိုးချိုးကြဦးလေ။ ပြီးမှ ကလေးကို ခေါ်ပါလား"





"ရတယ် ... ရတယ်။ တစ်နေကုန် သားသားနဲ့ခွဲနေရတာ၊ ဒီကိုပေးပါ"

နန်းငွေရည် သားသားကိုချီပြီး တံတိုင်းပေါ်တင်ပေးသလို ငွေရည်သာက ကလေး၏ကျောပိုးအိတ်နှင့် အစားအသောက်ခွဲ ခြင်းကို ပြန်ပေးသည်။

"ဟင် ... မုန့်တွေ၊ သစ်သီးတွေက မလေးတို့သားအမိဖို့ ပါ ထည့်ပေးတာပါ။ ယူထားလိုက်ပါဗျာ။ အဝတ်အစားကလည်း အဲဒီမှာယူထားပါ။ သားသားက အဲဒီဘက်မှာပဲ နေမှာဆိုတော့"

"အဝတ်အိတ်က ရပါတယ်။ မုန့်တွေတော့ ပြန်ယူပါ။ ကျွန်မတို့ လုပ်ပေးရတာက နည်းနည်း အခွင့်အရေးယူသလို ဖြစ် နေတော့ စိတ်မသန့်ဘူး။ တီဗီဖိုးလည်း ကျွန်မတို့ (၃) လလောက် ပြီး ပြန်ပေးပါရစေ"

"ဟာ ... မဟုတ်တာ။ သားသား တီဗီကြည့်ချင်လို့ ဝယ် တာပဲ။ အဝတ်လျှော်စက်လည်း သတိရပါတယ်။ အိမ်မှာ (၂) လုံးရှိလို့ တစ်လုံး မနက်စောစောမှ လာပို့မလို့ပါ"

"မဟုတ်တာ၊ အဲလို အခွင့်အရေးတွေ မတန်တဆပေး နေရင်တော့ ကျွန်မတို့ သားသားကို ကြည့်မပေးရဲတော့ဘူး"

ခြံနှစ်ခြံ တံတိုင်းခြားနေတော့ အနောက်ဘာလင်နှင့် အရှေ့ဘာလင်ကိုသွားပြီးသတိရစဖွယ်။



www.burmeseclassic.com

www.burmeseclassic.com



"မလေးရယ် ... ကျွန်တော်တို့မှာ ဒီမြေးလေးက သမီးရဲ့ ကိုယ်ပွားလေးပါ။ ကလေးထိန်းတွေခေါ်တော့လည်း အဆင်မပြေ ရင်ခွင်ပိုက်ကျောင်းတွေပို့ဖို့လည်း စိတ်မချ။ ခုမှ ဘုရားမလို့ ဒီလောက်အဆင်ပြေနေတာ။ သားသားအတွက် စိတ်အေးရတာ တင် အရမ်းကျေးဇူးတင်နေပါပြီ။ ဘာမှပြဿနာမရှိပါဘူး။ ... မုန့်ခြင်းလေးတော့ ယူထားလိုက်ပါနော်"

ကလေးကိုပဲ ပြန်ချီခေါ်သွားတော့ သားသားလေး အတတ်အိုးပီပီ ဖလိုင်းကစ်တွေ အထပ်ထပ်ပေးရင်း –

"ဘွားဘွားလေး တာတာ့၊ အန်တီလေး တာ့တာ"

ဆိုပြီး နှုတ်ဆက်ရင်း ပါသွားတော့ ငွေလသာတို့ သား အမိ ရပ်ကြည့်ပြီး ကျန်ခဲ့ရသည်။

သံယောဇဉ်ကြီးတစ်စကတော့ တင်းတင်းချည်နှောင် လာပါပကော။ ရှေ့ဆက်ပြီး ဘယ်လိုတွေ ကြုံရဦးမလဲ။

သားအမိနှစ်ယောက် တစ်ယောက်နှင့်တစ်ယောက် ကြည့်မိကြရင်း မထင်မှတ်ဘဲ ပြုံးမိလိုက်ကြတာ။

❄ ❄ ❄



ဓ

## အခန်း (၆)

ပြုံးလို့မှမဆုံးသေး နောက်မှ ခါးထောက်ပြီး ဘယ်အချိန် ရပ်ကြည့်နေမှန်းမသိသည့် ဒေါ်ယုယသော်။ ဘီလူးကြီးမ်း ကြီးမ်း လေပြီ။

"တယ်ဟုတ်နေကြပါလားဟေ့။ တံတိုင်း ဟိုဘက် ဒီဘက် ထယ်အဆင်ပြေနေကြပါလား။ ခြံတံတိုင်းကိုများ ဖြိုချချင်နေကြပုံပဲ"

နန်းငွေရည်နှင့်ငွေလသာ ဘာမှမပြောဘဲ ကိုယ့်တန်း လျှားဆီ ခြေလှမ်းတော့ ယုယသော် ယမ်းပုံမီးကျ။

"ဒါ ဘာအချိုးလဲ။ နင်တို့ကိုယ်နင်တို့ သူဌေးနဲ့ချိတ်မိပြီ ဆိုပြီး ဘယ်သူ့မှ လူမထင်တာလား။ ငါ့ခြံထဲက ဆွဲထုတ်လိုက်လို့ ထမ်းဘေးရောက်သွားမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မတို့ကို ပြဿနာမရှာပါနဲ့ မယုရယ်။ မယုအတွက်ဘာအကျိုးစီးပွားတွေ ထိခိုက်သွားလို့လဲ"

"အို . . . ရှုပ်တာပေါ့။ တံတိုင်းရဲ့ဟိုဘက် ဒီဘက် ကလေးအပေးအယူ လုပ်လိုက်၊ တော်ကြာ ဟိုက ပစ္စည်းတွေ လာပို့လိုက်နဲ့။ ပိုင်းလုံးမတွေ ငါတို့တိုက် သိကျွာကျတယ်"

"မယု မတရားမပြောနဲ့။ ကျွန်မတို့ ဘယ်သူ့ကိုမှ မပိုင်ဘူး။ အလကားနေရင်း မျက်စိစပါးမွေးစူးနေတာ။ အမြင်မကြည်တာတော့ ဘယ်လိုရှင်းလို့မှ ရမှာမဟုတ်ဘူး"

"ဒါဆိုလည်း သိက္ခာရှိရှိ နေကြပေါ့အေ၊ အပြောမခံရအောင်"

ဒေါ်ယုယသော် သူ့အိမ်ဘက် ပြန်လှည့်သွားတော့ နန်းငွေရည်နှင့် ငွေလသာတို့ စိတ်ရှုတ်ထွေးကျန်ခဲ့ရသည်။ တော် . . . တော် အူပုပ်တဲ့မိန်းမကြီး။ ကိုယ့်သမီးနောက်တော့ မလိုက်ဘဲပေါက်လွှတ်ပဲစားထားကာ ငွေလသာတို့သားအမိကိုပဲ မျက်စိဒေါက်ထောက်ကြည့်ပြီး ပြဿနာအမျိုးမျိုး ရှာနေ၏။

သားကလည်း ဂျလေဘီ။ သုံးဖို့ ဖြုန်းဖို့၊ ပျော်ဖို့ ပါးဗွဲ့သိသည်။ ညီမအတွက် စိုးရိမ်ပူပန်ခြင်းမရှိ။ လိုက်လည်း လိုက်သည့်သားမိတွေ။

❄ ❄ ❄



# အခန်း (၇)

ခင်နှဒီဝင့်။

ရှိုးလျှောက်ရမှပြန်လာတော့ ည (၁၀) နာရီကျော်ပေပြီ။ အိမ်မှာ ကားတစ်စီးပဲရှိပြီး ကိုကို ယူသွားသဖြင့် သူမ သူများကားနှင့် ကပ်ပြန်ခဲ့ရသည်။

သူတို့အောဂျင်စီမှ မော်ဒယ် (၃) ယောက် ဒီပွဲမှာပါသည်။ ခေါ်ဒယ် သက်လုံးပုံရယ်၊ အေးချမ်းမိုးရယ်၊ သူမရယ်။

သက်လုံးပုံက နယ်မှလာပြီး သူမှာ စပွန်ဆာကောင်းကောင်း ရှိသည်။ ဦးနေအောင်ပြည့်တဲ့၊ ကုမ္ပဏီသူဌေးတစ်ဦးဖြစ်ပြီး သရုတ်လူမျိုး။

ကားပေးထားသည်၊ တိုက်ခန်းပေးထားသည်။ ခင်နှဒီ



www.burmeseclassic.com

www.burmeseclassic.com



သူ့ကို အားမကျပါ။ ကိုယ့်အသွေးအသားကို ပူဇော်၊ စတေးပြီးမှ လန်းရသည့်ကိစ္စတွေ။ မြင်နေရတာနှင့်ပင် ရှုံလှပြီ။

အဲ ... အေးချမ်းမိုးကတော့ သက်လုံးပုံထက် သာသည်။ သူက သူဌေးသားတစ်ယောက်နှင့် ချိတ်မိနေ၏။ သူတို့လောကမှာ အဓည်ယူတာ မယူတာထား။ ဟိုက ရှပ်ရှိပြီး ရေလျှံသည်။ အဲ ... လိုက်လျောရတာတော့ ရှိတာပေါ့။

သူချစ်သူနှင့် အပျော်ခရီးထွက်တာ ၃–၄ ခါ။ ဘယ်လိုတွေ ပတ်သက်သွားသည်တော့မသိ။ အေးချမ်းမိုးလိုသမျှ ထွက်သည့်ငွေတွင်း။

ခင်နုဒီမှာတော့ လောလောဆယ် အတွဲမရှိ။ ဘောကင်ဗီ ဖြစ်နေ၏။ သို့သော် သိတယ်မို့လား။ သူမတို့ဆို ကြိုချင်၊ ပို့ချင်သူတွေဆိုတာ ရိုက်သတ်လို့တောင် မကုန်။

အဲ ... သို့သော် ကိုယ်က ရှောင်တတ်ဖို့တော့ လိုသည်။ ကျားရဲပေါသည့် တောမှာ အဆင်ပြေရင် ဝါးစားကြမည့်သူတွေချည်း။

ခင်နုဒီ။ ကိုယ့်အစ်ကိုကို ဖုန်းဆက်ပေမယ့်မကိုင်။ သည်တော့ သက်လုံးပုံ၏ကားကို ကပ်စီးလာခဲ့ရသည်။ ကားပေါ်မှာ မခံချင်စရာ။

"ယူမှာ ကိုယ်ပိုင်ကားတစ်စီးလောက်ရှိရင် အဆင်ပြေမှာ





ကားတွေကလည်း ပေါပါတယ်ကွာ။ တစ်ရာ့ကိုးဆယ်ဆို ကားရနေသာပဲ"

"အင် ... မာမီ မအားသေးလို့ ကားမကြည့်နိုင်သေးလို့"

"အံမယ် ... ကားဝယ်ချင်ရင် တို့ကိုပြောပါ။ ကိုကိုက ကားတင်သွင်းနေတဲ့ ကုမ္ပဏီလေ။ အဆက်အသွယ်တွေလည်း အများကြီး။ လုံးဝ မော်ဒယ်အသစ်ကို ရရစေမယ်။ ကားဝယ်တာ ဈေးကွာ ယောက်ျားယူသလို စဉ်းစားနေရဦးမှာလား"

"ဒါပေမဲ့ ... မာမီက ဇီဇာကြောင်တယ်လေ။ သိတယ်ဟောဟ။ သူကိုယ်တိုင် ကြည့်ပြီးမှ ဝယ်ချင်တာ။ တစ်ရာ့ ကိုးဆယ်တန်ကားလောက်လည်း သူက ဝယ်ချင်တာ မဟုတ်ဘူး"

ခင်နုဒီစကားက သက်လုံးပုံကို ထိသွားသဖြင့် သူမ ဆတ်ဆတ်ခါသွား၏။ သို့သော် –

"အဟင်း ဟင်း ... မစားရတဲ့စပျစ်သီး ချဉ်မနေပါနဲ့ကွာ။ ရှင်တို့အခြေအနေမကောင်းတာ တို့သိပါတယ်။ ယူ့အစ်ကိုကလည်း ကိုယ့်အကြောင်းမှကိုယ်မသိ သုံးလိုက် ဖြုန်းလိုက်တာ။ ယူ့မာမီ တစ်နေ့က ကိုယ့်အဒေါ်အိမ်လာပြီး ငွေချေးနေတာ မြင်ခဲ့ရပြီးသား။ မူလည်း ကြိုကြိုတင်တင် စပွန်ဆာရှာချင်ရှာ၊ ဒါမှမဟုတ် သူဌေးသားတစ်ယောက်လောက် ရှာချိတ်ထားပေါ့"

နလန်မထူနိုင်အောင် ဖိပြောနေလျှင် ခင်နုဒီ ဒေါသတွေ



www.burmeseclassic.com

www.burmeseclassic.com



ကျိတ်ထွက်နေရပါ၏။ သူ့ကားစီးလာရတာနှင့်တောင်မတန်း တက္ကစီငှားစီးဖို့ကျတော့လည်း ညကြီးအချိန်မတော် တစ်ယောက် တည်းမို့ တက္ကစီသမားကို စိတ်မချ။

မာမီနှင့်အစ်ကိုကိုသာ လှမ်းပြီး မေတ္တာပို့မိသည်။ ကိုယ့် သမီး၊ ကိုယ့်ညီမလေးကို ပေါက်လွှတ်ပဲစား ထားရက်ကြသည်။

"စိတ်ကူးမလွဲနဲ့ နဒီ၊ ကိုကို့ဖရန့်ထဲက ယူ့ကို သဘောကျ နေတဲ့သူရှိတယ်။ သူက ကိုကို့ထက်တောင် ထောသေးတယ်။ တို့ ကိုကိုနဲ့ချိတ်ပြီးသားမို့ နောင်တ,ရနေတာ။ ယူ တွဲကြည့်ပါလား တို့ချိတ်ပေးမယ်လေ။ လောလောဆယ် ယူ့မှာ ဘောကင်စီ ဖြစ်နေ တယ် မဟုတ်လား"

"ယောကျ်ားတွေကို စိတ်ကုန်ပါတယ်ကွာ။ သူတို့ ပေးတာနဲ့မကာမိအောင် ပြန်လိုချင်ကြတာ"

"ဒါ ဘာဆန်းသလဲကွာ။ ဒီခေတ်ရဲ့ ပြယုဂ်တစ်ခု ဒီခေတ်ထဲမှာ သမီးရည်းစားဆိုတာနဲ့ နှစ်ဦးသဘောတူ တည် ခန်းသွားကြတော့တာပဲလေ"

"ခေတ်ကို လွှဲချမနေပါနဲ့ကွာ။ လူတွေကိုက လော်မာ တာပါ။ ယောကျ်ားတွေကတော့ ထားပါတော့။ မိန်းကလေးတွေ ဆင်ခြင်ရမယ်"

"ဟာဟ ...ယူ့က ခုချိန်ထိ စင်းလုံးချောကြီး





သွားစမ်းပါ။ ခေတ်နောက်ပြန်သွားမနေပါနဲ့။ ဒီခေတ်ထဲမှာ အပျိုစစ်စစ် ဆိုတာ စိန်ထက်ရှားတယ်"

"တို့ကတော့ ဒီတစ်ချက်ကို အသေထိန်းတယ်။ ကိုယ့် အလှအပပျက်စီးသွားမှာစိုးရိမ်တာလည်း ပါတာပေါ့။ အပျို မဟုတ်တော့ရင် တချို့က ကိုယ်လုံးကိုယ်ပေါက် ပျက်သွားတယ်"

"ဒါဆို မာရီလင်မွန်ရိုးတို့၊ ဂျူလီတို့၊ ဂျနီဖာလိုးပက်တို့ ဘယ်လိုလုပ်မလဲ။ သူတို့ နိုင်ငံခြားမင်းသမီးတွေ ဘယ်သူမှ အပျို မဟုတ်ဘူး။ အိမ်ထောင်သည်တွေ၊ အတူနေချစ်သူတွေ ရှိကြတာ ချည်းပဲ။ လှလိုက်တဲ့ကိုယ်လုံးတွေ။ ကမ္ဘာတောင် ကျော်တယ်။ အရေးကြီးတာ လေ့ကျင့်ခန်းလုပ်၊ အာဟာရပြည့်အောင်စား ဒါပဲ"

သက်လုံးမုံရဲ့အယူအဆတွေ၊ ဆရာတင်ပုံတွေကို နား ထောင်ပြီး ခင်နဒီ စိတ်ပျက်ရသည်။ မော်ဒယ်လောကလည်း ဒုတို့လိုလူတွေကြောင့် နလန်မထူနိုင်ကြတာပဲ။ သူမကတော့ ဆက်ပြောတုန်း –

"နာမည်ကျော်ဘောလုံးသမား ရော်နယ်ဒိုရဲ့ရည်းစား ဘရာဇီးမော်ဒယ် အိုင်ရီနာရှိတ်လည်း ဒီလိုပဲ သူ့ဘဝ တိုးတက်အောင် ဆုံးခဲ့ရပြီး တိုးတွက်ခဲ့ရတာပဲ။ အခုကျ အောင်မြင်နေလိုက်တာ မှုန်းလွှမ်းတောက်"

"သက်လုံးမုံရယ် ...ကမ္ဘာနဲ့ မြန်မာကို လာပြီးယှဉ်



www.burmeseclassic.com

www.burmeseclassic.com



နဲ့လေ။ ဖွဲ့စည်းပုံခြင်းလည်း မတူဘူး၊ ဂုဏ်သိက္ခာကို ဖက်တွယ်ကြပုံလည်း မတူဘူး။ သူတို့နိုင်ငံမှာ မင်းသမီး မင်းသား အိမ်ထောင် ၄-၅ ဆက်ယူလည်း ပြဿနာမရှိဘူး။ မြန်မာပြည်မှာ မင်းသား မင်းသမီး အိမ်ထောင် ၄-၅ ဆက်ယူကြည့်ပါလား။ မြောင်းထဲမရောက်တော့ပြော"

"ကဲ . . . နင်နဲ့ငါ စကားနိုင်လုနေရတာနဲ့ပဲ လိုရင်းမရောက်တော့ဘူး။ ငါက စေတနာနဲ့ ကိုကို့ဖရန့်နဲ့ တွေ့ပေးမလို့ကို။ နင်တစ်ခါလောက် တွေ့ကြည့်လိုက်ပါလား။ အဆင်ပြေမယ်ထင်မှ တွဲပေါ့။ တွဲမယ်ဆိုရင် တိုက်ခန်းတွေ၊ ကားတွေတောင်းသာ တောင်း . . . အားမနာနဲ့"

"တော်ပါဟယ် . . . အဲဒါတွေ ဘာလုပ်ဖို့လဲ။ ကိုယ်လည်း ဆင်းရဲနေတာမှ မဟုတ်ဘဲ၊ တွေ့မပေးနဲ့"

"ယူ့ အဲဒါတွေ ခက်တာ၊ ခုထိ မိဘနဲ့သက်ခံပြီး မိဘပေး လက်ဝါးဖြန့်ချင်တုန်း။ ကဲပါ . . . တွဲချင်တွဲ၊ မတွဲချင်နေ တစ်ခါလောက်တော့ တွေ့ကြည့်လိုက် . . . ဟုတ်ပြီလား။ သူက ကိုယ့်ကို ပူဆာလွန်းလို့ပါ။ ယူ့မှာ အတွဲမရှိတာ သူသိတယ်လေ"

ယခုပင် ကားမောင်းရင်း ဖုန်းဆက်တော့မလို လုပ်နေသဖြင့် ခင်နဒီ ကမန်းကတန်း တားရသည်။

"တော်ပြီ တော်ပြီ . . . အချိန်လည်း မရှိတော့ဘူး။ ကိုယ့်ကို





သမ်းထိပ်မှာပဲ ချပေး။ ကျန်တာ လမ်းလျှောက်သွားလိုက်တော့မယ်။ ရပြီ . . . ရပြီ . . . ကျေးဇူးပဲ"

ကိုယ့်အိမ်ရောက်ဖို့ ဝေးသေးပေမယ့် ခင်နဒီ မတတ်နိုင်တော့။ လမ်းမကြီးမှာပဲ ဆင်းလိုက်သည်။ သက်လုံးပုံဟာ သူ့လိုပဲ အမြဲပြတ်ဖော် လိုက်ရှာနေတာ။ ဒါကို ကိုယ်နားလည်ရမည်။

ကိုယ့်လမ်းနှင့်နီးနေပြီမို့ အိမ်ကို ဖုန်းလှမ်းဆက်ရင်း သူမ သမ်းခပ်သွက်သွက်လျှောက်လိုက်သည်။ သူမတို့အဖြစ်ဟာ အထည်ကြီးပျက်လား။ ကျိုကျိုတက်သူဌေးကြီးလည်းမဟုတ်။ ငွေသာတို့လို ကုန်းကောက်စရာမရှိအောင် ဆင်းရဲတာလည်း မဟုတ်။

ရှိုးပွဲလျှောက်သည့်လေဒီရှူးနှင့်မို့ ခင်နဒီ ထင်သလောက် မမြန်။ အရေးထဲ လမ်းဘေးအုတ်ခုံမှာ ဂစ်တာထိုင်တီးနေသည့် အဖွဲ့ကတစ်မျိုး။

"မာမီတို့ကလည်း အစောကြီးရှိသေး အိပ်ပြီလားမသိဘူး။ သောက် . . . ငွေလသာလိုက်ခဲ့ရင် ငါ ခုလို တစ်ယောက်တည်း ဖြစ်မှာမဟုတ်ဘူး"

မဆီမဆိုင် ငွေလသာကို လှမ်းပြီး ဒေါသထွက်နေဆဲ သူမအားသို့ ကားတစ်စီးထိုးရပ်လာသဖြင့် ခင်နဒီ လန့်သွားရ၏။ အားမှန်ချလိုက်တော့ -

"ဘုန်းဝေလျှံစစ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ... ရှိုးပွဲက ပြန်လာတာလား။ အဖော်မပါဘူးလား။ ဒီအချိန်ကြီး"

"မာမီ နေမကောင်းလို့။ ကားကလည်း ကိုကိုယူသွားတာဆိုတော့လေ။ ကိုစစ်ကရော ဒီအချိန်ကြီး ဘယ်ကပြန်တာလဲ"

"နဒီတောင် လမ်းပေါ်မှာရှိသေးတာ။ ကိုယ်က ယောကျ်ားလေးပဲ၊ ကဲ ... တက်"

ရှိုးလျှောက်ပြီး ပြန်လာသူမို့ ခင်နဒီဝင့် တစ်ကိုယ်လုံး ရွှေဥလေးလို မှုန်စက်နေပါသည်။ မျက်နှာ၊ ဆံပင်၊ ကိုယ်လုံးခြေ၊ လက် အဆုံး တစ်ကိုယ်လုံး မှုန်ခြယ်ထားတာ။

သည်ကြားထဲ ဝတ်ထားသည့်ဝတ်စုံကလည်း အလန်းစား။ ရင်ပြွတ်အပေါ်မှာ ကုတ်တိုလေး ထပ်ဝတ်ထားလို့သာ၊ စကပ်ကလည်း ပေါင်လည်သာသာ။

"နဒီ့ဝတ်စုံက လမ်းပေါ်လျှောက်သွားနေလို့မရဘူးလေ။ မသမာသူကို ဖိတ်ခေါ်သလို ဖြစ်သွားမှာပေါ့။ ခုတောင် ကိုယ်နဲ့တိုးလို့"

"နဒီ သိပါတယ် ကိုစစ်ရယ်။ အဲဒါကြောင့် ငွေလသာကိုအဖော်ခေါ်တယ်၊ လုံးဝမလိုက်ဘူး။ အူအရမ်းပုပ်တဲ့မိန်းမ"

"သူက နဒီ့အိမ်သားမှ မဟုတ်တာ။ ကိုယ့်အိမ်သားမှာပဲ တာဝန်ရှိတာပေါ့ နဒီ"





"အမယ်လေး ... ကိုစစ် ဘာမှမသိဘဲနဲ့။ သူက နဒီ့ရဲ့ မတော်ချင်လည်းမရတဲ့ ညီအစ်မလေ"

"ဟင် ... ဘယ်လို ဘယ်လို ဟုတ်မှလည်းလုပ်ပါ နဒီရယ်။ ဒီအဆင်နဲ့ဒီအဆင် ဘယ်လိုလုပ် ညီမဖြစ်နိုင်မလဲ"

"ဘာလဲ ကိုစစ်က နဒီ ညာနေတယ် ထင်လို့လား။ နဒီ့အဖေနဲ့ သေသွားတဲ့ သူ့အဖေက ညီအစ်ကို။ ဘိုးဘိုးနဲ့ဘွားဘွားတို့မှာ အဲဒီသားနှစ်ယောက်ပဲရှိတာ။ ကိုကိုလွင်နဲ့ ညီညီလွင်။ အိမ်ထောင်စုဇယားပါ ယူပြရဦးမလား"

"ယုံပါပြီ ... ယုံပါပြီ။ ဒါဆို သူတို့ကျ ဘာဖြစ်လို့ တန်းသွားမှာ ထားတာလဲ"

"ကိုစစ် မသိပါဘူး။ သူ့အဖေ ဦးညီညီလွင်က ဆေးသမားလေ။ ဆေးမှုနဲ့ထောင်ကျ။ အိမ်ကပစ္စည်းတွေ ဘာတွေလည်းခံတယ်ထင်ပါတယ်။ နောက် ထောင်ကထွက်တော့ သူနဲ့ ထောင်ထဲမှာသိလာတဲ့ ထောင်ကျရဲ့သမီး ဒေါ်နန်းငွေရည်နဲ့ မိဘကိုမပြောဘဲ ဆိုင်ပင်ဘဲ လက်ထပ်တယ်။ လိုက်သွားတယ်။ ဦးညီ ဘယ်ရောက်ဆိုးတယ်မှတ်လဲ"

"ဗြောင်"

ဘုန်းမြဝလျှံ မမျှော်လင့်ဘဲနှင့် ငွေလသာတို့သားအမိအကြောင်းတွေ သိလာရသည်။ ကားကိုရပ်ထားပြီး စကားတွေ

www.burmeseclassic.com

www.burmeseclassic.com



ပြောနေကြတာမို့ ...

"မောင်းတော့လေ ကိုစစ်။ အင်း ... သူတို့အကြောင်း ပြောရရင် ကောင်းတာတစ်ကွက်မှ မရှိပါဘူး။ ဦးညီက သေခါနီးမှ အိမ်ပြန်ရောက်လာပြီး (၂) နှစ်လောက်ကြာတော့ သေသွားတယ်။ သူ့မယားနဲ့သမီးက အိမ်မှာသောင်တင်ကျန်ခဲ့တယ်။ ချေးထုပ်တွေ"

"သူတို့ကို အမွေပေးနေရဦးမှာလား"

"အမယ်လေး ... မပေးပါဘူး။ ဦးညီက အမွေပြတ် စွန့်လွှတ်ထားတဲ့သားပဲ"

"သတင်းစာကနေ ကြော်ငြာထားတာလား"

"သတင်းစာကတော့ မကြော်ငြာဘူးပေါ့။ ဒါပေမဲ့ ... သူ ဆိုးပေလေလွှင့်နေပြီး သေခါနီးမှ အိမ်မှာပြန်သေတာ။ မိဘက ပြန်ပြီးဒုက္ခပေးတာ"

"သူ့ဇနီးနဲ့သမီးကရော မလိမ္မာဘူးလား"

"အမယ်လေး မလိမ္မာပါဘူး။ ဆန်မရှိ အစားကြီးတွေ မာမီက သနားလို့ အိမ်မှာ ဝိုင်းလုပ်ဝိုင်းစားနေပါဆိုတာ မနေဘူး လေ။ သူတို့ဘာသာ တန်းလျားမှာ ငါးပိနဲ့စား ဆားနဲ့စားနေတယ်"

"ဘွားဘွားကိုတော့ လုပ်ကိုင်ပေးနေတယ်ဆင်တယ်"

"ဒါလည်း ဒီယုန်မြင်လို့ ဒီချုံထွင်တာပေါ့။ ဘွားဘွားက သူ့ဌေးမကြီး မဟုတ်လား။ အမွေလေး ဘာလေးရမလားလို့ မျှော်



သင့်ချက်နဲ့ ကပ်နေတာပဲ။ ဒါတွေ ထားလိုက်စမ်းပါ၊ ကိုစစ် ညဘက် တွေတော့ အားတယ်မဟုတ်လား"

"ဘာဖြစ်လို့လဲ"

"ဩော် ... နဒီ ရှိုးပွဲတွေရှိရင် လာကြိုပေးစေချင်၊ ပို့ပေး စေချင်လို့ပါ။ ကိုစစ်ရဲ့အလုပ်က နေ့ဘက်ပဲ မဟုတ်လား"

"ကိုယ်က အိမ်ပြန်ချိန် နောက်ကျတယ်။ (၈) နာရီကျော်မှ ပြန်ရောက်တာ"

"ရတယ်လေ၊ အသွားက ကိစ္စမရှိဘူး။ အပြန် လာကြိုပေးရင် ရပါပြီ၊ နဒီ့မှာ လိုက်ပို့ချင်းရယ့်လူတွေ အများကြီးရှိပါတယ်။ သူတို့ကို မယုံကြည်လို့ ကိုစစ်ကို အကူအညီတောင်းရတာပါ"

"အိုကေလေ ... ကိုယ်အားရင် လိုက်ပို့ပါ့မယ်"

"ကိုစစ်နော် ... အားကိုးလို့မရဘူးလား"

မှုန့်နှဲ့နှဲ့လေးနှင့် သူ့ပခုံးကို ရှုရှုလေး ထုလိုက်ဆဲ ကား သူတို့တိုက်ရှေ့ရောက်သည်။ ခြံတံခါးဖွင့်ထားပေမယ့် သူ ခြံထဲသို့ ဆင်တော့ပါ။ နဒီ့ကိုကျော်ပြီး ကားတံခါး ဖွင့်ပေးလိုက်သည်။ ခြံဝ မှာရပ်စောင့်နေတာ ဒေါ်ယုယသော်။ သကာလောင်းထားသည့် ချက်နှာက ပြုံးရွှင်ချိုမြလို့။

"မာမီရေ ... ကိုစစ်နဲ့တွေ့ပေလို့ပဲ။ မာမီတို့များ ကိုယ့် သမီးလေးကို ပေါက်လွှတ်ပဲစား ထားရက်တယ်။ ကားလေးတစ်စီး



www.burmeseclassic.com

www.burmeseclassic.com



လောက်တော့ ဝယ်ပေး"

"အေးပါ သမီးရယ် . . . အေးပါ။ ကျေးဇူးတင်လိုက်တာ သားရယ်။ မင်းညီမကို စောင့်ရှောက်ပါနော်။ အိမ်ထဲဝင်ပါဦးလား ကွယ်။ ကော်ဖီလေးတစ်ခွက်လောက်တော့ သောက်ပါဦး"

"ညဥ့်နက်နေလို့ပါ အန်တီ၊ ပြန်လိုက်ပါဦးမယ်"

"အေးကွယ် . . . နောက်လည်း အိမ်ကို ဝင်ပါ၊ ထွက်ပါ ကွယ်။ သားကျေးဇူးကို မမေ့ပါဘူး"

"သမီးကဖြင့် ကိုစစ်ကို နောက်ရှိုးပွဲတွေ လိုက်ကြို့ပူဆာပြီးပြီ"

"ဟုတ်လား သား . . . အိုကေ အိုကေ"

သူတို့သားအမိတွေ ရွှန်းရွှန်းဝေနေဆဲ ဘုန်းဝေလျှံစစ် လက်ပြပြီး ထွက်ခွာခဲ့ပါသည်။

ခင်နဒီဝင့်ဟာ ဘုံကြိုးပြတ်တဲ့ နတ်မိမယ်လို လှတာပေါ့ အသေအချာ။

အပြင်အဆင် အခြယ်အသတွေက ပညာပါသည့်မို့ ကြော့ ရှပ်လေးနှယ်။

❀ ❀ ❀



## အခန်း (၈)

သည်နေ့မနက် (၆) နာရီလောက်ကတည်းက ကလေး ကို လှမ်းပို့သည်။ ဦးရဲဘုန်း။

"မလေးရေ . . . မြေးက ညတော်ကောင်းကောင်းမအိပ် ဘူး။ ဘွားလေးဆီ သွားမယ်၊ အန်တီလေးဆီ သွားမယ်နဲ့။ တစ်ရက် တည်းနဲ့ ဒီလောက်တောင်ခင်သတဲ့ဗျာ။ အိမ်မှာ သားဟင်းချက် ဘုန်းဖို့ ထမင်းချိုင့် ပြီးမှပို့မယ်နော်။ လူကို အရင်ပို့ထားတာ"

မုန့်ခြင်းနှင့် ကလေးကို တံတိုင်းပေါ်မှ လှမ်းပေးနေသည် ကြောင့် နန်းငွေရည် ကလေးကိုပဲယူလိုက်သည်။ ငွေလသာလည်း သူ့အမေနောက်မှာ ထပ်ချပ်။ ကိုယ်က အမေရှင်လေ။ ဒီနှုတ်ဆိတ်ရမည်။



www.burmeseclassic.com

www.burmeseclassic.com



"မုန့်တွေ ရှိသေးတယ်၊ နေ့တိုင်းမပေးပါနဲ့ရှင်။ ယူရတာ အားနာလာပြီ"

"ကလေးအတွက် ပေးတာပဲဗျာ။ မလေးတို့လည်း စားပေါ့"

"တော်ပါပြီ ... ရပါပြီ။ မနေ့က ဟင်းတွေလည်း ကျော်ထားလို့ ကျန်သေးတယ်။ ထမင်းချိုင့် မပေးပါနဲ့တော့။ ကလေးက ကျွန်မတို့ချက်တဲ့ ငါးနဲ့ဟင်းသီးဟင်းရွက်ကြော်လည်း ကြိုက်ပါတယ်"

"ဟုတ်တယ် ... ကလေးက အသီးအရွက်ကြိုက်တယ်။ ကျွန်တော်တို့က မအားတာ။ ဒီလိုလုပ်ပါလား၊ ကျွန်တော်တို့ သားအဖက အိမ်မှာ သိပ်မစားဖြစ်တော့ ကလေးအတွက်ပဲ ချက်နေရတာမို့ မလေးတို့ကို အသား၊ ငါးနဲ့ ဟင်းသီးဟင်းရွက် ပေးမယ်လေ။ ချက်စားကြပါလား"

"ရှင်တို့ အဆင်ပြေသလိုလုပ်ပါ။ ကလေးတစ်ယောက်စာ နည်းနည်းစီပဲ ပေးပါ။ ကလေးကြိုက်အောင် ချက်ပြုတ်ပေးတတ်ပါတယ်"

"အိုကေဗျာ ... ကျေးဇူးအရမ်းတင်တယ်။ ကျွန်တော်တို့ သားအဖ အလုပ်အားတဲ့နေ့ဆိုရင်တော့ ဖွယ်ဖွယ်ရာရာလေး ချက်ပြီး မလေးတို့သားအမိကိုပါ ထမင်းစားဖိတ်ပါ့မယ်"





"ရပါတယ်ရှင် ကိစ္စမရှိပါဘူး"

"ကဲ ... ကျွန်တော် သွားယူပြီနော်။ စောစောက စကားကို လုအောင်ပြောနေတာ၊ သားက ခုထိ မီးဖိုထဲ မဝင်သေးဘူး"

ဦးနေဘုန်း လှစ်ခနဲ တိုက်ထဲပြန်ဝင်သွားတုန်း ငွေလသာနှင့် နန်းငွေရည် ကလေးကို အိမ်ဘက်သို့ ခေါ်လာခဲ့သည်။

သို့သော် ကလေးက ဒေါ်ယုယသော်တို့ တိုက်ရှေ့ရှိ မြက်ခင်းပြင်မှာ၊ ကွန်ကရစ်လမ်းမှာ လျှောက်ပြေးနေသဖြင့် ငွေလသာ နောက်မှလိုက်ဖမ်းနေရသည်။

"အန်တီလေး စိန် ... စိန်ပြီ"

(၃) နှစ်သားပေမယ့် အားဆေးတွေရဲ့အစွမ်းလား၊ အာဟာရပြည့်မီအောင် စားရလို့ပဲလားမသိ သည်းဝေလျှံလေးဟာ သန်စွမ်းလွန်းပါသည်။ ရှေ့မှပြေးနေလိုက်တာ လွင့်လို့။

"ပြဿနာပဲ၊ ဒေါ်ယုယသော်နဲ့ ခင်နဒီ နိုးနေလို့ကတော့ သေပြီဆရာပဲ"

ငွေလသာ နောက်မှလိုက်ဖမ်းနေဆဲ တိုက်ထဲမှ ဒေါ်ယုယသော်နှင့် ခင်နဒီတို့ ရှေ့ဆင့်နောက်ဆင့်ထွက်လာကြ၏။

"သွားပြီ ... စောစောစီးစီး အကုသိုလ်ပဲ"

သို့သော် သားအမိနှစ်ယောက်လုံး ပြုံးရွှင်နေပြီး ကလေးကို ချစ်စနိုး ခင်စနိုးနှင့် –



www.burmeseclassic.com

www.burmeseclassic.com



"ဟိုင်းသား သား၊ တယ်ပြေးနိုင်ပါလားကွဟင်။ သားသား ဒီမြက်ခင်းပေါ်မှာ ဆော့ချင်လို့ ဟုတ်လား"

"ဟုတ်တယ် ဘွားဘွား"

ဒေါ်ယုယသော်တစ်ယောက် ဘွားဘွားအခေါ်ခံလိုက်ရသဖြင့် တွန့်ခနဲ။ သို့သော် ကလေးက သူ့အရွယ်ကြီးကို အန်တီခေါ်နိုင်းလို့တော့ ရမည်မထင်။

"အေး အေး ... ကြိုက်သလိုဆော့နော်၊ ဟုတ်ပြီလား ဆော့ဆော့ ကလေးဆိုတာ အိမ့်ဆည်းလဲပဲ၊ ကျက်သရေရှိတယ်"

ဘုရား ကယ်တော်မူပါ။ မနေ့ကတင် ပြုံးစစောင်းမြောင်းနေသည့် ဒေါ်ယုယသော်တစ်ယောက် ဒီနေ့ ဘယ်လိုဖြစ်သွားတာလဲ။ အနောက်နေထွက် တောင်ထိပ်ကြာပေါက်ပြီလား။

အကြောင်းတော့ ရှိရမည်။ ဘာပဲဖြစ်ဖြစ် သားသားအတွက် ကစားကွင်းကျယ်သွားတာ အမြတ်။ ခင်နုဒီကလည်း ကလေးကိုဖက်နမ်းရင်း –

"သွားသားက အရမ်းချစ်ဖို့ကောင်းတာပဲ။ မမနာမည်လည်း မှတ်ထားနော် ... ခင်နုဒီတဲ့၊ ဒီဒီလို့ခေါ်ပေါ့"

"ဟုတ်ကဲ့ ... သားသား ဆော့လိုက်ပါဦးမယ်"

ကလေးက သူတို့ကိုနှုတ်ဆက်ပြီး ကွန်ကရစ်လမ်းတစ်လျှောက် ပြေးနေလျှင် ငွေလသာ နောက်မှပြေးလိုက်နေရသည်။





ချော်လဲရင် ဖမ်းထိန်းဖို့ပါပဲ။

သည်စဉ် အိမ်ရှေ့တံခါးမှ အဝတ်လျှော်စက်နှင့် ရေခဲသေတ္တာကို အမိုးဖွင့်ကားပေါ်တင်ပြီး အလုပ်သမားနှစ်ယောက်နှင့် ဦးနေဘုန်း၊ ဘုန်းဝေလျှံတို့ပါလာ၏။

ဘုန်းဝေလျှံ ခင်နုဒီအနားသို့လျှောက်သွားပြီး စကားတွေပြောနေတာ ရင်းရင်းနှီးနှီး။ ခင်နုဒီရော ဒေါ်ယုယသော်ပါ ရွှန်းရွှန်းတွေဝေလို့။

"ဩော် ... ဒါကြောင့်ကိုး"

မနေ့က ပြုံးစူနေရာမှ ဒီကနေ့ ကြည်ဖြူသွားရသည့်အကြောင်းကို ငွေလသာ သိသွား၏။ ဘာပဲဖြစ်ဖြစ် ကလေးအနေမကျုံ့တော့ဘူးပေါ့။

ဦးနေဘုန်းလည်း အိမ်ရှင် ဒေါ်ယုယသော်ကို လာပြီးနှုတ်ဆက်ရ၏။ နှုတ်ဆက်လိုက်မိသည်နှင့် စကားစတွေ မပြတ်တော့၊ ဦးနေဘုန်းမှာ မချိသွားပြီ။

အလုပ်သမားနှစ်ယောက်က အဝတ်လျှော်စက်နှင့် ရေခဲသေတ္တာကို တန်းလျားပေါ်တင်ပေးပြီး ဒေါ်နန်းငွေရည် ညွှန်ကြားသည့်နေရာမှာထား၏။ ဒေါ်ယုယသော်ရင်ထဲ ကျလိ ကျလိနှင့် ရယားနေသဖြင့် –

"အဟင်း ... ဦးနေဘုန်းတို့လည်း ကလေးချီနိုင်း



www.burmeseclassic.com

www.burmeseclassic.com



ရတာနဲ့ မကာမိဘူး။ တီဗီပို့ရ၊ အဝတ်လျှော်စက်ပေးရနဲ့။ သူတို့က သိပ်လည်တာ။ သူများ စေတနာရှိအောင်လည်း ပြောတတ် ပြုမူတတ်တယ်"

"သူတို့က မတောင်းပါဘူး။ ကျွန်တော်က ကိုယ့်မြေး အဆင်ပြေအောင် ပို့ထားတာပါ"

"ဩော် ... ငှားထားတာပေါ့ ဟုတ်လား။ တော်ကြာ တန်ဖိုးကြီးပစ္စည်းတွေ ပျက်စီးကုန်ပါဦးမယ်"

"မပျက်ပါဘူးဗျာ။ ပစ္စည်းတွေက အကောင်းစား အနိုင်စား ဂျပန်မိတ်တွေပါ။ တရုတ်မိတ်တွေ မဟုတ်ပါဘူး"

"ကျွန်မက ရွှေဆိုင်ထွက်နေရ၊ သမီးကလည်း မော်ဒယ်ဆိုတော့ အလုပ်တွေရှုပ်နေလို့သာ မဟုတ်ရင် ထိန်းပေးပါတယ်၊ အဟင်းဟင်း ... သားလေးက အရမ်းချစ်စရာကောင်းတာပဲနော် ကျွန်မသား ငယ်ငယ်ကအတိုင်းပဲ"

ဒေါ်ယုယသော် လောကွတ်တွေပြောနေဆဲ ဦးနေဘုန်း ဘုန်းဝေလျှံနှင့် အလုပ်သမားနှစ်ယောက်တို့ နှုတ်ဆက်ကာ ကားနှင့် ပြန်ထွက်သွားကြသည်။

ဒေါ်ယုယသော်ရော ခင်နဒီပါ မနာလိုတတ်၊ စပ်စုတတ် ကြသူတွေမို့ နန်းငွေရည်ရှိရာ တန်းလျားသို့ချီတက်သွားကြသည်။ အပေါ်သို့တက်လိုက်ကြပြီး ရေခဲသေတ္တာ၊ အဝတ်လျှော်စက်နဲ့





တီဗီကြီးကို ကြည့်ကာ မနာလိုစိတ်တွေ တဖွားဖွား။

"အမယ်လေး အမယ်လေး ... ပိုင်းလုံးမှ ပိုင်းလုံး အကြီးစားမတွေ။ နှစ်ရက်တည်းနဲ့ ရှိုက်ချလိုက်ကြတာ။ မနည်းမနော ပါလား"

"ခဏပို့ထားတာပါ။ သူတို့ကလေး အဆင်ပြေအောင် လေ။ ငှားထားတဲ့သဘောပေါ့"

"ဟဲ့ ... ဘယ်သူက ပေးပြီးသားပစ္စည်း ပြန်ယူမလဲ။ သူတို့က တကယ့်အကြီးစား ဟိုက်ဘော့တွေ"

"မသိဘူးလေ ... ကျွန်မတို့ကတော့ ခဏပို့ထားတယ်ဆို လို့ လက်ခံထားတာ"

"ဒီဈေးခြင်းကရော ဘာလဲ။ ဒီစားစရာခြင်းတွေကရော။ အမယ်ရေး အမယ်လေး ... ကောင်းစားနေလိုက်ကြတာ။ ကဝေမတွေ ကြီးပွားနေလိုက်ကြတာ"

အသား၊ ငါးနှင့် ဟင်းသီးဟင်းရွက်ကတစ်ခြမ်း၊ သစ်သီး တွေ၊ နို့အေးဘူးတွေ၊ အချိုရည်ဘူးတွေကတစ်ခြမ်း။ ဒေါ်ယုယ သော်တစ်ယောက် ရင်ဘတ်စည်တီး။ သူတောင် ဒီလောက်မစား နိုင်ဘူးလေ။

"ကလေးအတွက်ပဲလေ။ သူတို့က အိမ်မှာ မစားဖြစ်ကြ ဘူးတဲ့။ ကလေးအတွက် တစ်ယောက်စာ ချက်နေရတာ။ ဒါကြောင့်



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မတို့ကို ချက်ပေးပါဆိုပြီး အသား၊ ငါးတွေ၊ ဟင်းသီးဟင်းရွက်တွေ ပေးထားတာ။ အဲဒီတော့ ရေခဲသေတ္တာပါ လိုရော”

“ကောင်းတယ် . . . သိပ်ကောင်း။ ဘုန်းကြီးရှူးနဲ့ လေ့လူးသိပ်လိုက်ဖက်နေကြပါလား။ ဟိုက ပိုးကြေးပန်းကြေးပဲ ပေးသလား။ ဒီဖက်ကပဲ ညီမြမြတွေလုပ်နေကြသလား။ ငါတော့ ရှုးချင်ပြီပေါ့။ သတိသာ ထားနေကြပေတော့”

အသလွှတ်ကြိမ်းမောင်းပြီး ဒေါ်ယုယသော် အိမ်ပေါ်မှ ဆင်းသွားသည်။ ဆိုင်သို့သွားဖို့ ပြင်ရဦးမည်။

ခင်နဒီကတော့ ငွေလသာ ကလေးထိန်းနေသည့်အနားသို့တိုင်သွားပြီး ညက ဘုန်းဝေလျှံနှင့် တွေ့ခဲ့ရသည့်အဖြစ်ကို ဗိုဗိုသာသာတွေ ဖောက်သည်ချနေလေသည်။

“ညက (၁၁) နာရီထိုးခါနီးမှာ ငါ့ကို သက်လုံးပုံကကားပေါ်က ချပစ်ခဲ့တယ်။ ငါတို့ လမ်းသွယ်နဲ့လှမ်းသေးတယ်လေ။ အဲဒီလမ်းထိပ်မှာလည်း ဂစ်တာတီးတဲ့ကောင်တွေနဲ့။ အိမ်ကို ဖုန်းဆက်တော့လည်း မကိုင်၊ ကိုကိုခီဖုန်းဆက်တော့လည်း မရ။ ငါ့ဖိနပ်ကလည်း အမြင့်ကြီး။ ရှိုးပွဲကပြန်လာတဲ့ဆိုတော့ လူကလည်းသိတဲ့အတိုင်း အရမ်းလှနေချိန် ဘယ်က ကယ်တင်ရှင်နဲ့ တွေ့တယ်မှတ်လဲ”

“မသိဘူးလေ၊ ဘယ်သူနဲ့တွေ့လဲ”





“ကိုစစ်နဲ့လေ”

“ဘယ်သူ”

“ကိုစစ်၊ ဘုန်းဝေလျှံစစ်”

“ဟေ . . . သူက ဒီအချိန်ကြီး ဘာထွက်လုပ်တာလဲ”

“မသိဘူးလေ၊ သူလည်း ကာလသားပဲ။ နိုက်ကလစ်တွေ ဘာတွေ သွားချင်သွားမှာပေါ့”

“သူ မူးနေလို့လား”

“မမူးပါဘူး ဒါပေမဲ့ သူနဲ့တွေ့လို့ ငါ ကံကောင်းသွားတာ။ သူကလေ အရမ်းသဘောကောင်းတာပဲဟာ။ ငါ့ကို အိမ်အထိလိုက်ပို့တယ်”

“လမ်းကြုံနေတာပဲဟာ”

“အမယ် . . . နင် ဂျေဝင်နေပြီလား။ ငွေလသာနော် သူ့ကို ငါ ဦးထားလိုက်ပြီ”

“ဂျေဝင်ရအောင် သူ့ကို အပြင်မှာတွေ့ရင်တောင် ငါ မှတ်မိမှာ မဟုတ်သေးဘူး။ နင်က မချိမဆန့် အမွှမ်းတင်နေလို့ ငါက ပြောပြတာပါ”

“ငါထင်တာတော့ ငါ့ရှိုးပွဲအပြန်ကို တမင်လာစောင့်တာလို့ ထင်တယ်။ သူ ဒီကို ပြောင်းလာတာကိုက ငါ့ကို သဘောကျလို့ ဖြစ်ရမယ်”



www.burmeseclassic.com

www.burmeseclassic.com



"အေးလေ ...စိတ်ကူးယဉ်တာပဲ။ ဘယ်လိုယဉ်ယဉ် ရတာပဲ။ ကဲ ...ငါ ဘွားဘွားဆီ သွားဦးမယ်။ နင်အားရင်လည်း ကလေး ခဏကြည့်ထား"

"အမယ် ...အခွင့်အရေးယူစရာရှိတော့ နင်တို့သားအမိ ငါ့ကို လာမခိုင်းနဲ့"

"ဒါဆိုလည်း ငါ ကလေးကို အိမ်ထဲခေါ်ခဲ့မယ်"

ခင်နဒီဝင့် ဘုန်းဝေလျှံစစ်ကို မြင်ယောင်လိုက်သည် အီလည်လည်နှင့်ပင် ခွင့်ပြုရသည်။

ကလေးကို လက်ဆွဲပြီး ဘွားအခန်းထဲထိ ခေါ်လာခဲ့လိုက်၏။ ငွေလသာ ဘွားကို ကိုယ်လက်သန့်စင်ပေးနေစဉ် ကလေးက ဘွားနှင့် စကားတွေ ပြောနေလိုက်သေးသည်။

"ဘွား ...နေကောင်းလား"

"ဘွား ...ဖိုးနွေ သားသားတို့နဲ့ ထမင်းလာစားပါ။ ဟင်း ကောင်းချက်မယ်"

"ခုမနက်ရော အိမ်လိုက်စားပါလား"

ဒေါ်မိုးစွေ ကလေးကို ချစ်ခင်နှစ်လိုရပါသည်။

❋❋❋



## အခန်း (၉)

ဘုန်းဝေလျှံစစ်။

အရပ်မြင့်မြင့်၊ ဗလကျစ်ကျစ်နှင့် ကိုယ်ဟန်လှသလို ရုပ်ကလည်း လူချောတစ်ယောက်။ ယောကျ်ားပီသသည့်ပုံစံ။ အင်ဂျင်နီယာဘွဲ့ရပြီးကတည်းက ဖေဖေ့ ဆောက်လုပ်ရေး လုပ်ငန်းတွေမှာ ပါဝင်ဦးစီးနေရသူ။

အပေါ်ယံကြည့်လျှင် သူတို့ဘဝဟာ ပြီးပြည့်စုံနေသည့် ဘဝတွေလို့ ထင်စရာတွေရှိပေမယ့် သူတို့မိသားစုမှာ အတိတ်ဆိုး အရိပ်မည်း ရှိခဲ့သည်။

သားလေးဖိုးသည်းဟာ အတိတ်ဆိုးရဲ့ သင်္ကေတတစ်ခု။ လွန်ခဲ့သည့် ၄-၅ နှစ်ကပေါ့။



www.burmeseclassic.com

www.burmeseclassic.com



ဦးနေဘုန်းမှာ မိတဆိုး သားနှင့်သမီး ရှိခဲ့သည်။ ဘုန်းဝေလျှံစစ်နှင့် ချစ်သည်းနေနေ။ သူကလည်း ကျောင်းမပြီးသေး။ ညီမလေးကလည်း ဆယ်ကျော်သက်အရွယ်။ ဆယ်တန်းဖြေပြီးသည့်နှစ်မို့ အားလပ်နေသည့်အချိန်။

သူတို့သားအဖကလည်း အလုပ်တွေနှင့် ခေါင်းပင်မထူအား။ ဖေဖေ့မှာ ဆောက်လုပ်ရေးလုပ်ငန်းတွေနှင့် မအားမလပ်။ သူကလည်း ကျောင်းတက်ရင်း ဖေဖေ့ကိုကူရ၊ တစ်ဦးတည်းသော ညီမလေးကို ယုံကြည်စိတ်ချနေမိသည်။

ညီမလေးနေနေဟာ သူတို့မျက်စိထဲမှာ ဝီတီကလေးလေး။ အသက် (၁၆) နှစ်အရွယ်ပေမယ့် အရပ်ကလေး ကလန်ကလား။ အသားဖြူဖွေးသည့် ညီမလေးဟာ ကြွေရုပ်လေးလိုလည်း ချစ်စရာကောင်းပါသည်။

ယခုထိ ဖအေကို၊ အစ်ကိုကို ကလေးလေးလို ချွဲနွဲ့တုန်း။ ဂါဝန်လေးတလွင့်လွင့်နှင့် ဂျိကျတတ်တုန်း။ ဖေဖေရောသူပါ နေနေ့ကို အသည်းပေါက်မတတ် ချစ်ကြတာမဆန်း။

ညီမလေးဟာ ဘယ်သင်တန်းမှ မတက်သေးဘဲ သူငယ်ချင်းတွေနှင့် သွားလိုက်၊ လာလိုက်၊ ရှော့ပင်ထွက်လိုက်၊ ကစားလိုက်၊ နားလိုက်။

သူတို့သားအဖကလည်း ကားတစ်ယောက်တစ်စီးစီနှင့်





အလုပ်လောဘတွေ ကြီးနေလိုက်တာ။ သကြံန်ရက်တွေကိုတောင် မနားနိုင် မအားနိုင်သည်အထိ။ မိုးလင်းရင်ထွက်၊ မိုးချုပ်မှပြန်ရောက်။

အဲ ... သကြံန်ရက်တွေ တော်တော်ကျော်လို့ (၂) လ လောက်ကြာသည့်အခါမှာတော့ –

တစ်နေ့မှာ သူတို့သားအဖတွေ အိမ်မှာရှိနေတုန်း ညီမလေးနေနေ မူးလဲသွားခဲ့သည်။ နဂိုကမှ ဖြူဖြူပါးပါးလေး။ ယခုတလော ညီမလေးကိုကြည့်ရတာ မရွှင်မလန်း မချမ်းမြေ့သလိုလို။ အမှတ်တမဲ့ နေမိခဲ့ကြသည့်အဖြစ်။

စိုးရိမ်တကြီးနှင့် ဖမ်မလီဒေါက်တာကိုပင့်ပြီး ဆေးကုတော့မှ အဖြေထွက်လာပြီး သူတို့သားအဖနှစ်ယောက်လုံး မူးခနဲ မိုက်ခနဲ ဖြစ်ရသည်။

"ကလေးမှာ ကိုယ်ဝန်ရှိနေပြီ။ ခင်ဗျားတို့ မဆူကြ မပူကြပါနဲ့ဦး။ တစ်ခါတလေမှာ (Rape) တွေ၊ ဘာတွေ ကြုံရရင်လည်း အလိုမတူဘဲနဲ့ ကိုယ်ဝန်ရှိသွားတတ်ပါတယ်။ ကလေးသတိရရင် ဒေါသကို ထိန်းပြီးမှ မေးကြ မြန်းကြပါဗျာ"

"ဟုတ်ကဲ့ပါ ဒေါက်တာရယ်။ ကျွန်တော်တို့ အရမ်းမလုပ်ပါဘူး။ ညီမလေးဟာ ကလေးလိုနေတာပါ။ ရည်းစားတွေဘာတွေထားတယ်လည်း မကြားဖူးပါဘူး။ ပြဿနာရဲ့ဇာစ်မြစ်ကို



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ သေသေချာချာ ဆွေးနွေးမှာပါ”

“ကလေးကိုလည်း မျက်ခြည်မပြတ် စောင့်ကြည့်ဦး။ တော်ကြာ စိတ်ညစ်ပြီး အဆိပ်သောက်တာတွေ၊ ကိုယ့်ကိုယ်ကိုယ် သေကြောင်းကြံတာတွေဖြစ်ကုန်လို့ ခင်ဗျားတို့ပဲ ရင်ကွဲရဦးမယ်”

“စိတ်ချပါ ဒေါက်တာ။ သမီးကို သေသေချာချာ ဂရုစိုက်ပါ့မယ်။ ကျွန်တော်တို့သားအဖတွေ အလုပ်နောက်၊ ငွေနောက်ပဲ လိုက်မိနေလို့ ကိုယ့်သမီးတောင် ကိုယ်ပစ်ထားသလို ဖြစ်ခဲ့ရပါတယ်။ ကျွန်တော်တို့ အသိထရား ရပါပြီ”

အိပ်ပျော်နေဆဲဖြစ်သည့် ညီမလေးကို ရင်ထုမနာကြည့်ရင်း သူတို့သားအဖ မျက်ရည်ကျခဲ့ရပါသည်။ တစ်နာရီလောက်ကြာမှ ညီမလေး သတိရလာခဲ့သည်။ ကလေးလေးသဖွယ် နုနုဖတ်ဖတ် ညီမလေးကို ဘယ်သူဖျက်ဆီးခဲ့တာလဲ။ သူတို့မှာ မေးလည်း မမေးရက်၊ ပြောလို့လည်း မထွက်ကြ။

နောက်ဆုံး ဖေဖေက ပိုပြီးအနေခက်၊ အပြောခက်ရှာမည်လို့ ယူဆပြီး ထိုတာဝန်ကို ဘုန်းဝေလျှံ ယူခဲ့ရသည့်အဖြစ်။

ဆရာဝန်ပြန်သွားပြီ။ ဖေဖေ့ကိုလည်း အပြင်ထွက်စေပြီးမှ သူ နေနေ့ကို ဆံပင်လေးတွေ ပွတ်သပ်တင်ပေးရင်း မျက်ရည်ကျလာမိခဲ့တော့ ညီမလေးအသွင်က အလန့်တကြား။

“ဟင် ... ကိုကို ... ဘာဖြစ်လို့ငိုတာလဲ။ ညီမလေး





ဘာဖြစ်လို့လဲဟင်။ ဘာဖြစ်လို့ မူးလဲသွားတာလဲ”

“ညီမလေး”

ရှေ့ဆက် စကားပြောလို့မရဘဲ သူ ဆို့နင့်နေမိတာ။ ...ယ်မှာဖြစ်ရလေ ညီမလေးရယ်။

“ကိုကို”

သူမမှာလည်း မျက်ရည်တွေနှင့်။ ကေန္တ မှားယွင်းမှု တစ်ခုခုတော့ ရှိခဲ့ပြီ။

“ညီမလေးကို ကိုကိုမဆူဘူးနော်။ ခုတလော ညီမလေး ဘာတွေဖြစ်ခဲ့သလဲ။ ကိုကို့ပြော၊ ညီမလေးမှာ ရည်းစားရှိသလား။ Boy friend ရှိသလား။ ပြော ... အမှန်အတိုင်းပြော”

သည်လောက်ပြောရင်ဖြင့် သူမဟာ ခေတ်ရဲ့သမီးပျိုမို့ သဘောပေါက်လိုက်ပြီ။ သူမမှာ –

“ဟင် ... ညီမလေးမှာ”

“ဟုတ်တယ်၊ ညီမလေးမှာ ကိုယ်ဝန်ရှိနေပြီ”

“အား”

ကြောက်လန့်တကြားအော်ရင်း သူမ တဒင်္ဂမူးသွပ်သွားတော့။ ဘုန်းဝေလျှံ ခုတင်ပေါ်မှ ခုန်ဆင်းပြီး ထွက်ပြေးသွားသော့မည့် ညီမကို အမြန်ဖမ်းဆွဲလိုက်ရသည်။

“ညီမလေး သတိထား ... သတိထား။ ကိုကိုတို့ ညီမလေး



www.burmeseclassic.com

www.burmeseclassic.com



ကို မရိုက်ဘူး။ အဖြစ်မှန်ကိုသာ ပြောပြ။ ကိုကိုတို့ အကောင်းဆုံး ပြင်းစားပေးမယ်။ စီစဉ်ပေးမယ်နော်”

ညီမလေးကို ဖက်ချုပ်ထားရင်း ဘုန်းဝေလျှံမှာလည်း မျက်ရည်လည်ရွှဲ။ ညီမလေး ရှိုက်ကြီးတငင် ငိုကြွေးရင်း သူ့ကိုယ်သူ ထုရိုက်နေသဖြင့် ဘုန်းဝေလျှံ သူ့လက်တွေကို တအား ဆုပ်ဖမ်းထားရသည်။

“ညီမလေး သေချင်တယ်၊ ညီမလေး သေမှအေးမှာ ကိုကိုနဲ့ဖေဖေ့ကို အရှက်ခွဲတဲ့သမီး။ ညီမလေးကို သတ်လိုက်ပါ ကိုကိုရယ်။ ညီမလေး သေပါရစေ”

“မဟုတ်တာ ညီမလေးရယ်။ ကိုကိုတို့မှာ ပြေးကြည့်ရ ဒီမိသားစုလေး သုံးယောက်ပဲရှိတာ။ ညီမလေး ဘယ်လောက်ပဲ မိုက်မိုက် အပြစ်မယူရက်ပါဘူး”

မောင်နှမနှစ်ယောက် ဖက်ပြီး မျက်ရည်တွေကျနေမိတာ အတန်ကြာ။ ဒီနေ့ဟာ ကြမ္မာဆိုးဝင်သည့် နေ့ပါပဲ။ ပျော်ရွှင် ချမ်းမြေ့နေသည့် သူတို့၏မိသားစုဘဝကို နှောင့်ယှက်ဖျက်ဆီးသူ ဟာ ဘယ်သူလဲ။

ဒေါသထွက်ရမည်ထက် သေချင်နေသည့် ကိုယ့်ညီမကို စိုးရိမ်နေရသည်က မတန်မဆ။

ညီမလေး ယခုလိုဖြစ်ရတာ သူတို့မှာလည်း တာဝန်ရှိ





တာပဲ။ ကိုယ့်ညီမတစ်ယောက်လုံးကို ကြောင်မွေးသလို၊ ခွေးမွေး သလို အစာကျွေး၊ လိုတာပေးရုံနှင့် သူတို့တာဝန်ကျေပြီတဲ့လား။

ကလေးကို သွန်သင်ဆုံးမခြင်းလည်း မရှိ။ ဂရုလည်း မစိုက်မိ။ တစ်နေ့ တစ်နေ့ ငွေနောက်၊ အလုပ်နောက်ပဲ ကောက် ကောက်ပါနေပြီ။ မိုးလင်းထွက်၊ ညဉ့်နက်မှပြန်ရောက်။

သူမှာ ဘာအခက်အခဲတွေရှိသလဲ။ ဘာတွေရင်ဆိုင်နေ ရသလဲဆိုတာကအစ မမေးမိ။ ယခု ဒီအခြေအနေကျမှ သူ ကလေးကို အပြစ်တင် မာန်မဲ ရိုက်ပုတ်နေလျှင်ရော သူတို့ လူ ဟုတ်ပါဦးမည်လား။

“ညီမလေး သေပါရစေတော့ ကိုကိုရယ်။ လူတွေကို လည်း ရင်မဆိုင်ရဲတော့ပါဘူး။ ဖေဖေနဲ့ကိုကို့မျက်နှာကိုလည်း ညီမ လေး မကြည့်ရဲတော့ပါဘူး”

သူ့ရင်ခွင်ထဲမှာ မျက်နှာဝှက်ပြီး ချုံးချုံးကျ ငိုကြွေးနေ ပုံလေးကို သနားလွန်းလို့ သူ့မှာ မချိတင်ကဲ။

“ဒါ ညီမလေးအပြစ်မှမဟုတ်တာ။ ပြော ဘယ်ကောင် စော်ကားလဲ။ ကိုကို့ကိုပြော”

ချစ်သည်းနေနေ သည်းခင်ပြတ်ကြွေလုမျှ ငိုရှိုက်နေ လိုက်တာ။ ဘုန်းဝေလျှံ မကြည့်ရက်တော့ပါ။ ဒါဟာ (Rape) (မုဒိမ်း) မှုလား။



www.burmeseclassic.com

www.burmeseclassic.com



အချိန်အကြာကြီးကြာမှ ညီမလေး သူ့ကို တဖြေးဖြေးနှင့် တိုးတိုးလေးပြောပြခဲ့သည်။

"အဲဒီနေ့က သင်္ကြန်အကျနေ့။ သူငယ်ချင်းတွေနဲ့ နေနေ ရေပက်ခံထွက်ခဲ့တယ်"

ညီမလေးရှက်မှာစိုးလို့ ဘုန်းဝေလျှံ ဘာမှထောက်ခံချက် မပေး။ ငြိမ်ငြိမ် နားထောင်နေ၏။

"သူငယ်ချင်းတွေ (၈) ယောက်ပါတယ်။ မိန်းကလေး (၅) ယောက်၊ ယောက်ျားလေး (၃) ယောက်"

နေနေ့စကားသံက ပြတ်တောင်း ပြတ်တောင်း။ ဂစ်တာကြိုးကို တစ်ချက်ချင်း ထိနေသည့်နှယ်။ အသံတွေက ကွဲအက်လို့။ ခံစားနာကျင်မှုတွေ။

"တစ်မနက်လုံး ရေပက်ခံထွက်ကြပြီး နေ့လယ်စာကို မိမန်းတို့အိမ်မှာ စားကြတယ်။ နောက် ရေပက်ခံဆက်ထွက်ကြ ရင်း တေဇာတို့အိမ်မှာ အအေးဆင်းသောက်ကြတယ်။ ဘီယာ သောက်တဲ့လူသောက်ပေမယ့် နေနေကတော့ အအေးပဲသောက် တာပါ"

"အင်း"

ရှေ့ဆက်ဘာဖြစ်တော့မည်ဆိုတာ ကြိုသိနေသဖြင့် ဘုန်းဝေလျှံ လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်မိသည်။





"အအေးထဲမှာ မူးယစ်ဆေးထည့်ထားသလား ဘာဆေး ည့်ထားလဲတော့ မသိဘူး။ နေနေ မဟာန်နိုင်တော့ဘဲ ခေါင်းငိုက် က်ကျသွားတာပဲ မှတ်မိတော့တယ်"

နေနေ တစ်ချက်ရှိုက်ငင်ပြီး အားယူသည့်အသံနှင့်။

"သူတို့အုပ်စုကို နေနေ လုံးဝအဆက်အဆံမလုပ်တော့ အခု ကိုယ်ဝန်ရှိနေပြီဆိုတော့ နေနေ သေတာပဲကောင်းပါ ယ် ကိုကိုရယ်။ ကိုယ့်ပြဿနာမှ ကိုယ်မရှင်းနိုင်တဲ့ကိစ္စ။ တော် ကြီးကို ရှက်ဖို့ကောင်းတဲ့အဖြစ်ကြီးပါ ကိုကိုရယ်"

"တောက် ... အဲဒီနေ့ကပါလာတဲ့ကောင် (၃) ကောင် ဘာ တစ်ကောင်ကောင်ဖြစ်မှာပေ့ါ။ ကိုကို သူတို့ကို ရအောင်သွား ယ်။ မိန်းကလေးတွေကပါ အလိုတူ အလိုပါ ... တောက်"

"ကိုကိုရယ် ဘယ်သူက တာဝန်ယူမှာလဲ။ ကာယကံရှင် ယ်တိုင်က ဘယ်သူမှန်းမသိတဲ့ဥစ္စာ။ နေနေ့ဘဝနဲ့နေနေ့သာ တော့။ နေနေ ဒီဘဝကြီးကို ရွံမုန်းလှပါပြီ။ စက်ဆုပ်လှပါပြီ"

နောက်ဆုံး ခြေရာလည်း ပျောက်၊ ရေလည်း နောက်။ ကြွန်လည်ရင်းမှ ယုတ်မာကောက်ကျစ်သည့် သူငယ်ချင်းတွေ။ ငယ်တွေ။ ဘီယာထဲမှာ၊ အချိုရည်ထဲမှာ ဆေးခပ်ကြ၊ အမြတ် ကြ။

နေနေ သားကောင်ဖြစ်ခဲ့ပြီ။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီ တေဇာဆိုတဲ့ကောင်ကို ကိုတို့ သွားရှင်းမယ်"

"သူက အခု ဂျပန်မှာ။ ကျောင်းသွားတက်နေပြီ။ သူ့ ဦးလေးတွေက ဂျပန်မှာ"

ဇာတ်လမ်းက ဆုံးနေပြီ။ သူငယ်ချင်းတွေကပါ ဝိုင်းပြီး ဖုံးဖိလိမ်ညာထားသည့်အဖြစ်။

နောက်ဆုံး သူတို့သားအဖနှစ်ယောက် တိုင်ပင်ပြီး နေနေ ဖေဖေ့ညီမရှိရာ နယ်ဘက်သို့ ပို့ပြီး ကလေးမီးဖွားစေခဲ့သည်။

နောက် ကလေးကို ဒေါ်လေးတို့ထံမှာပဲထားပြီး ညီမ လေးကို အမေရိကားသို့ ကျောင်းသွားတက်ခိုင်းလိုက်သည်။

သည်းဝေလျှံလေး တစ်နှစ်ခွဲမှာ ဒေါ်လေး လေဖြတ်သွား သဖြင့် ကိုယ့်ကလေး ကိုယ်ပြန်ခေါ်ခါ အိမ်မှာ ကလေးထိန်းငှား ထားရသည်။

နောက် ဒီဘက်ကို ပြောင်းလာကြပြီး သည်းဝေလျှံ ငွေလသာတို့အိမ်မှာ အဆင်ပြေနေသဖြင့် ဘုန်းဝေလျှံ စိတ်ချ သာနေရပါသည်။ သူ့တို့မိသားစုဟာ –

ဘဝမှာ ခဲမှန်ဖူးကြသည့် စာသူငယ်တွေ။ တစ်ခါသော လို့ ပျဉ်ဖိုးနားလည်နေကြသူတွေပါ။ အရေးထဲ လူတွေက သည် လေးကို သူ့သားလား။ ဖေဖေ့တိတ်တိတ်ပုန်း သားလေးလား လို့ သံသယမျက်လုံးတွေနှင့် ကြည့်ကြသေးသည်။





ဘုန်းဝေလျှံ ဘာကိုမှ ရှင်းချက်တွေသိပ်မထုတ်ချင်တော့။ ကလေးရှိတယ်ဆိုပြီး မကြည်လည်း နေကြပေါ့။

သူတို့သားအဖကတော့ နေနေ့ကိုယ်ပွား သည်းလေးကို အသည်းပေါက်မတတ် ချစ်ခင်ကြပါသည်။ ဖခင်က တာဝန်မယူ သည့်ဖြစ်စေ။

ကျောင်းအပ်ရင်ရော မွေးစာရင်းမှာပါ ဖေဖေနှင့်မေမေရဲ့ နာမည်ကို မိဘနေရာမှာယူပြီးသား။

လောလောဆယ်တော့ သူတို့သားအဖ အလုပ်တွေနှင့် အားလပ်ရပါ။ ငွေလသာတို့ထံမှာ သားလေးကို စိတ်ချရသဖြင့် နောက်ဆံမတင်းရတာလည်း ပါမည်။

ငွေလသာနှင့်သူတို့ဟာ ရေစက်လား။

ဘာရေစက်လဲ၊ အဲ . . . ခင်နှဒီဝင့်ကလည်း တော်တော် သား ချော့ပါသည်။

ခက်တာက သူမှာ နှလုံးသားမပါသလားပင်။ ညီမလေး အတွက် ရင်ထုမနာတွေ ဖြစ်ရလွန်းလို့ သူ့နှလုံးသားတွေ အကောင်း အတိုင်းမရှိတော့ဘူး ထင်ပါသည်။

❄ ❄ ❄



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

သူများအကျိုးဆောင်လို့ ကိုယ့်အကျိုးပဲအောင်သလေ

ဒါမှမဟုတ် သည်းလေးကပဲ အကျိုးပေးတာလားမသိ။

နန်းငွေရည်တို့သားအမိမှာ ဘာမှပူပင်စရာမလိုတေ

အားလုံး ရေကန်အသင့် ကြာအသင့်။ နေစရာတန်းလျား

စားစရာက မနက်ဆို ခြင်းနှင့်ရောက်ပြီးသား။

သားလေးရဲ့ရာရှင်က များလွန်းသဖြင့် သူမတို့သား

အတွက်ပါ ပိုပိုလျှံလျှံ။ တစ်နေ့တစ်နေ့ အားနာလွန်းလို့ ငြင်းရ

လည်း အားနာစရာ။

မိုးလင်းသည်နှင့် လာဘ်ကောင်လေးက တံတိုင်းပေါ်

အော်နေပြီ။ ယံခုဆို ဒေါ်နန်းငွေရည်ကို ဘွားဘွားလို့တေ





မဟုတ်တော့။ မေမေတဲ့။ ကြည့် . . . မနေ့က ကိုတတ်ပလေးရဲ့ဆင်ခြေ။

"ဘွားလေး . . . သားသားမှာ မေမေမရှိဘူးလား။ သားမေမေ လိုချင်တယ်"

"လိုချင်ရင် သားဘိုးဘိုးကို ပူဆာပေါ့၊ သူ ခေါ်လာလိမ့်မှာပေါ့"

"ဟာ . . . ဘွားလေးကလည်း ဘိုးဘိုးယူလာရင် ဘွားဘွားပဲ ရမှာပေါ့။ သားသားက မေမေလိုချင်တာ။ ဘွားလေးက သားမေမေ လုပ်ပါ"

"ဟဲ့ . . . သည်းလေးနော်။ နင် လူလည်မလုပ်နဲ့။ နင့်အဘိုးနဲ့ဦးလေး ကြားသွားရင်"

"မကြားပါဘူး။ ဒါက ဒီဘက်က ဖယားပဲ။ ဟိုဘက်က ဖယားက သပ်သပ်"

"ဟဲ့ . . . နင် လည်လှချည်လား။ ရှေ့နှစ်လောက်ဆိုရင် ငါတို့ကိုများ ရောင်းစားနေဦးမလားဘဲ"

"မရောင်းပါဘူး ဘွားလေးရဲ့။ ဒါက သားသားရဲ့ ဗီအိုင်ပီတွေပဲ။ သားသားအတွက် လိုအပ်တယ်"

သည်လိုနှင့် ဒေါ်နန်းရွှေရည်ကို မေမေလို့ခေါ်ခဲ့တာပေါ့ပည်း

သူ။ ဟော . . . ဒီမနက်တော့ ကိုတတ်ပက တံတိုင်းမှ လှမ်းခေါ်



www.burmeseclassic.com

www.burmeseclassic.com



နေချေပြီလေ။

"မေမေရေ မေမေ . . . သားသားကို လာခေါ်ပါ"

ခေါ်သံကြောင့် နန်းငွေရည် ခေါင်းနပန်းကြီးသွားပြီး ထမ်မခေါ် မအောင်ခင် အပြေးထွက်လာရသည်။

"လာပြီ . . . လာပြီ၊ မအောင်နဲ့တော့"

အုတ်တံတိုင်းပေါ်မှာ တင်ပါးလွှဲထိုင်နေပြီ နောက်မှ သူ့ကို ဖေးကိုင်ထားသူဟာ ဦးနေဘုန်းပါ။ သူ့ဘေးမှာ ဘုန်းဝေလျှံက ရှေးခြင်းနှင့်။

သူမ သည်းလေးကိုလှမ်းဆိုလိုက်ပြီး ဒီဘက်မှာ အောက် ချပေးလိုက်စဉ် ဘုန်းဝေလျှံက ဆွဲခြင်းလှမ်းပေး၏။ နန်းငွေရည် မျက်နှာရှက်သွားရပါသည်။

"နေ့တိုင်း မပေးပါနဲ့ရှင်။ အသားငါးတွေ၊ အသီးအရွက် တွေ၊ မုန့်တွေ အလျှံပယ်ဖြစ်နေပြီ။ သားသားကလည်း ဘယ် လောက်မှ စားတာမဟုတ်ဘူး"

"မလေးတို့အတွက်ပါ ပေးတာ။ စားကြပါ။ များများစား ဒါမှ အားရှိမှာ"

"ဘယ်လိုစားစား မကုန်ပါဘူးရှင်။ တစ်နေ့ပေးရင် တစ် ပတ်လောက် စားလို့ရနေတာပဲလေ"

"ဟာဗျာ . . . မလေးတို့က တစ်နေ့ကို ဟင်းတစ်မျိုး





ချက်စားတာ ထင်တယ်။ ဟင်းတွေ စုံအောင်စားပေါ့။ များများစား ပေါ့"

"မရတော့ဘူး။ တစ်နေ့ကို အသားဟင်းနည်းနည်းနဲ့ အသီးအရွက်။ အဲဒီလောက်ပဲ စားတယ်"

"မြန်မာတွေ အဲဒါခက်တာ"

"ကျွန်မက ရှမ်း"

"အဲ . . . ကျွန်တော်ပြောချင်တာက ကျွန်တော်တို့ မြန်မာ နိုင်ငံသားတွေဟာ ဟင်းကို တစ်ဖတ်ထက် ပိုမစားကြဘူး။ အဲဒါ ကြောင့် သေးညှက်နေတာ"

"ကျွန်မအရပ် ၅ ပေ ၆ လက်မပါနော်"

"ကမ္ဘာနဲ့ယှဉ်ရင် ပုသေးတာပဲဗျ။ ကဲပါဗျာ စားစမ်းပါ။ ကျွန်တော်တို့ ရှာသာရှာနေကြတာ စားမယ့်သူက ရှိတာမဟုတ် ဘူး"

"ရှင်"

"ဩော် . . . သဘောပေါက်တွေ လွဲကုန်ပါပြီဗျာ။ သည်း လေး အဆင်ပြေနေ ပျော်နေတာနဲ့တင် ကျွန်တော်တို့ ဝမ်းသာ လှပါပြီဗျာ။ စိတ်သန့်သန့်နဲ့သာ စားကြပါ"

ဆွဲခြင်းကို အတင်းထိုးပေးပြီး သူတို့သားအဖ နောက် ကြောင်းပြန်လှည့်သွားချိန်မှာ နန်းငွေရည် မလုံမလဲနှင့် ပုယသော်



www.burmeseclassic.com

www.burmeseclassic.com



တို့တိုက်ဖက် လှမ်းကြည့်လိုက်လျှင် ခေါ်ယုယသော်ကို ခါးထော
ပြီး ရပ်ကြည့်နေတာ တွေ့လိုက်ရသည်။

ဩော် ... ခက်တော့တာပဲ။ ကလေးကို သူပါ လူပြီး
ချင်နေတဲ့ပုံပဲ။

နန်းငွေရည် ကလေးကိုခေါ်ပြီး ကိုယ့်အိမ်ထဲသို့ ဝင်ခဲ့သည်
ငွေလသာ မီးဖိုထဲမှာ နံနက်စာ စီစဉ်နေပါပြီ။

ကိတ်မုန့်တွေ၊ ပေါင်မုန့်တွေ၊ ဟောလစ်၊ အိုဗာတင်း
တီးမစ်၊ ကော်ဖီမစ်တွေဆိုတာလည်း ပေါပေါများများ။ ဆိုင်
သေးလေးတောင် ဖွင့်လို့ရလောက်သည်။

စားချင်တာစားပါဆိုပေမယ့် ကလေးကလည်း တို့
ဆိတ်ခနန်းလောက်စားပြီး သူမတို့သားအမိကလည်း ကိုယ့်
မစ်နှင့်ကိုယ်သာ စားတတ်လေရှား။

တော်တော် ခေါင်းခဲရသည်ပါပဲ။

ယခုလည်း သူတို့ပေးလိုက်သည့် ယိုးဒယားခြင်းထဲ
ဆီဘူးနှင့် ဟင်းချက်စရာတွေ။

"ပေးလိုက်ပြန်ပြီလား မေမေ"

"အေးဟယ် ... သားသားတို့ဘက်ကပေးလွန်းလို့
ကွက်ဈေးပဲ သွားရောင်းရမလား။ အိမ်ရှေ့မှာပဲ ဈေးဆိုင်ဖွင့်
လား။ ဘာလုပ်ရမှန်းကို မသိတော့ဘူး"





"ဈေးဆိုင်ဖွင့် မေမေ၊ သားက လာပြီးဝယ်စားမယ်"

သူတို့တွေ ကလေးအပြောကိုသဘောကျပြီး ရယ်မောနေ
ကြသဲ။ အိမ်ပေါ်သို့ ပြုံးရွှင်သည့်မျက်နှာနှင့်တက်လာတာ ခင်နဒီ
ဝင့်ပါ။

"ဘာတွေ သဘောကျနေကြတာလဲ"

"ဒီမှာလေ ... စားစရာတွေ ပေးလွန်းလို့ စိတ်ညစ်နေကြ
တာ"

"များလည်း နဒီတို့အိမ်ကို ခွဲပေးလိုက်ပေါ့။ ဟိုက နဒီတို့
အတွက်ပါ ပေးတာထင်တယ်"

"အဲလိုလုပ်လို့တော့ မတော်ဘူးထင်တယ်။ သူ့သား
အစ်ယောက်ထိန်းပေးတာနဲ့ နှစ်အိမ်ထောင်လုံးကို ကျွေးရမယ်ဆို
ခင် ဖြစ်ပါ့မလား"

"ဘာလို့မဖြစ်ရမှာလဲ။ အန်တီတို့ပဲ ပေးတာတွေများလွန်း
လို့ဆို၊ နဒီတို့က ကူစားပေးမှာ။ ကျေးဇူးတောင် တင်ရဦးမယ်"

နမြောတွန့်တိုလို့မဟုတ်ပေမယ့် နဒီပြောတာ နည်းလမ်း
ကျဟု ငွေလသာ ထင်မိသည်။ နဒီ့ကိုလည်း အံ့သြမိသည်။
ရွှေ့တွေဖြစ်ပြီး လိုချင်မျက်စိရှိလိုက်တာ။

သူမတို့ပြဿနာကို ကိုတတ်ပလေးက ဝင်ရှင်းလိုက်
သည်ပါပဲ။ ကလေးဆိုတော့ အားမနာ၊ ဒိုးဒိုးဒေါက်ဒေါက်နှင့်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာဘနဲ့ဦးဦးက မေမေနဲ့အန်တီဇလေးအတွက်ပဲ ဆေ… လိုက်တာ။ ဟိုဘက်တိုက်ကလူတွေ မပါဘူးတဲ့"

ခင်နဒီဝင့် အရှက်ကိုကွဲရော။ ကလေးကို မျက်စောင်… ကြီးထိုးပြီး ပြန်ဆင်းသွားရင်း ငွေလသာ မခံချင်အောင် ပြောသွ… လိုက်သေး၏။

"ဒီနေ့ည ဧည့်သူငယ်ချင်းမွေးနေ့ပွဲ ရှိတယ်။ လိုက်ဖို့… ကိုစစ်ကို ခေါ်ထားတယ်"

"ခေါ်ပေါ့။ ငါနဲ့ ဘာဆိုင်တာမှတ်လို့"

"ဩော် … နင်များ လိုက်ချင်မလားလို့ပါ"

"မလိုက်ချင်ပါဘူး။ ငါ မအားဘူး"

"အေးပါ … ငါ့မင်္ဂလာပွဲကျရင်တော့ နင် အားကိုအား… မယ်။ သတို့သမီးအရန် လုပ်ကိုလုပ်ပေးရမယ်"

အနိုင်နှင့်ပိုင်းကာ ခင်နဒီဝင့် ထွက်ခွာသွားတော့ နန်း… ရည် မေမေဒေါ်မိုးစွေကိုပြုစုဖို့ တိုက်ကြီးဆီသို့ သွား၏။ ငွေ… သာ ကလေးနှင့်ကျန်ခဲ့ပြီ။ ထမင်းဟင်းများ ဆက်ချက်သည်။

သည်းလေးက တော်တော်လူလည်ကျနေပေပြီ။ စားပွဲ… အကျအနထိုင်ပြီး ငွေလသာထံ စားပွဲထိုးကိုမှာနည်း လှမ်းမှာ…

"ရှတ် ရှတ် … လက်ဖက်ရည်နဲ့ထမင်းကြော်တစ်ပွဲ"

"ရပါပြီရှင် … အစ်ကိုလေး ခဏစောင့်ပါ"





ငွေလသာကလည်း ခါးလေးညွတ်ပြီး ပြောရင်း ထမင်း… ကြော် ဟင်းစုံစုံနှင့် လက်ဖက်ရည်တစ်ခွက်ကို ဗန်းလေးပေါ်မှာ …င်ယူသွားပြီး တလေးတစားချပေး၏။ ရောင်းတမ်း ဝယ်တမ်း …စားနေကြတာ။

ကလေး မစားချင် စားချင်အောင် ကစားသလိုမျိုးနှင့် …ကျွေးနေရတာပါ။

"ဟောဒီမှာပါ အစ်ကိုလေး။ ခွံ့ပေးရဦးမလား"

အထာကြီးနှင့် ထိုင်နေပေမယ့် ငွေလသာက ခွံ့ပေးမယ် …တော့ ခေါင်းတလေးတဆတ်ဆတ်ညိတ်လိုက်တာ ချစ်စဖွယ်။

"အင်း အင်း … ခွံ့ပေး"

"ခွံ့ပေးခ ပိုပြီးရှင်းရမှာနော်"

"အင်းပါ … အပျိုလေးရဲ့။ ခွံ့မှာ ခွံ့စမ်းပါ"

"ဘာ ဘာ … လူကိုများ အပျိုလေးတဲ့"

သည်းလေးဟာ လူကြီးတွေနှင့် နေရတာမို့ လူကြီးတွေ …ပြောတာ ဆိုတာတွေ နားထောင်ပြီး တတ်နေတာလား မသိပေ။

ငွေလသာ ထမင်းပူပူကို ကြက်ဥတွေ၊ ဝက်အူချောင်း …နှင့် လိမ့်ရုံလေးကြော်ပေးထားတာ။ သေချာကြော်လျှင် ရင်ခံ… …သို့ပါ။

ဖွန်းလေးနှင့်ခွံ့ရင်း မြှောက်လည်း ကျွေးရ၏။



www.burmeseclassic.com

www.burmeseclassic.com



"သားသားကြီးရင် သားသား ဘဘနဲ့ဦးဦးလို လူထွား ကြီးတွေ မဖြစ်ချင်ဘူးလား"

"ဖြစ်ချင်တာပေါ့"

"ဖြစ်ချင်ရင် ထမင်းများများ၊ မုန့်များများ စားရတယ် သည်းလေးရဲ့။ အာဟာရရှိတာတွေ စားပေးရတယ်။ ဒါမှ ထွား မှာ။ လူသန်ကြီးဖြစ်မှာ"

"ဟုတ်လို့လား အန်တီလေးရဲ့"

"ဟုတ်တာပေါ့ သားရဲ့"

"ဘဘတို့ ဦးဦးတို့က တကယ်အစားကြီးလား"

"သူတို့က အမြင်မှာစားလို့ သားသား မမြင်တာ။ အစား ကြီးတယ်"

"သားသား ပြန်ပြောမှာနော်။ ဘဘနဲ့ဦးဦးကို ဒီအိမ်က အပျိုလေးက အစားကြီးတယ် ပြောတာလို့"

"ဟာ . . . ဒီကောင်လေး"

ငွေလသာ လက်မြှောက်အရှုံးပေးရပါချေပြီ။ တကယ် မလွယ်တဲ့ကလေး။ ဘာပဲဖြစ်ဖြစ် ထမင်းကြော်၊ အသားနှင့် နို့ တစ်ခွက်တော့ ကလေးဗိုက်ထဲဝင်သွားတာပါပဲ။

"လက်ဖက်ရည်က မကောင်းဘူး၊ နို့ပဲ သောက်ရတယ် သည်းလေးရဲ့။ နိုင်ငံတော်သမ္မတကြီးကတောင် ကလေးတွေ သောက်ရမယ်လို့ ပြောတာ"

"ဟုတ်လား . . . သားသားတော့ မကြားမိပေါင်"

"အေြာ် . . . ဒုက္ခပါပဲ၊ နင့်တော့ တိုက်ရိုက်ပြောမလား။ အဘိုးအေမှ မဟုတ်တာ"

"ဟော့ ဟော . . . အပျိုလေး ဒေါသတွေထွက်နေပြီ။ သည်းလေးကို နင်တွေ ငါတွေနဲ့"

ကိုယ့်ကိုပင် အရွဲ့လုပ်နေသည့်ကလေးအား ငွေလသာ ဒေါ်ရွှေမြက်ခင်းပြင်မှာ ကစားဖို့ချပေးလိုက်ပြီး ဟင်းတွေဆက် ချက်သည်။

ခြံထဲမှာမို့ အန္တရာယ်မရှိပါ။ သူမတို့ခြံက နည်းနည်း ကျယ်ပါသည်။

မေမေပြန်လာတော့မှ မေမေနှင့်သူ လူချင်းချိန်းပြီး ငွေ လသာ ကလေးနှင့်အတူ ပြေးတမ်းလိုက်တမ်း ကစားပေးနေရ သည်။

ကလေးဆိုတာ စားလိုက်၊ ကစားလိုက်၊ နားလိုက်မှ ကြီးမှာတာ။

နာရီဝက်လောက်ကြာတော့ ကစားတာ ရပ်နားပြီး သူ ကျန်ရစ်ထားသည့် အရုပ်စာအုပ်တွေကို သစ်ပင်ရိပ်က ခုံတန်းမှာ ထိုင်ကာ သောက်အတူကြည့်ဖြစ်ကြ ရှင်းပြရသည်။







www.burmeseclassic.com

www.burmeseclassic.com



ဗုဒ္ဓဝင်ရုပ်စုံစာအုပ်တွေမှာ ကလေးကို ပုံပြောသလိုပြော ရင်း အရုပ်တွေပြရသည်။

ကလေးဘဝထဲက ဘုရား တရား သံဃာ ရတနာသုံးပါး ကို ကြိုတင်မိတ်ဆက်ပေးထားတာပါ။

ဒေါ်ယုယသော်တို့ဟာ ကလေးကို အပေါ်ယံ သည်းသည်း လှုပ်ပြတတ်ကြပါသည်။ နံနက် (၈) နာရီလောက်မှာ ဦးနေဘုန်းတို့ သားအဖ ကားတစ်စီးစီနှင့် အလုပ်သွားခါနီး သားလေးကို လာ နှုတ်ဆက်ချိန်မှာ ...

ဒေါ်ယုယသော်ရော ခင်နဒီပါ ကလေးနားသို့ ရောက်နှင့် နေကြပြီ။ ချီကြ၊ ပိုးကြ၊ နမ်းကြနှင့်။ ငွေလသာသောမှ ထိုင် ကြည့်နေရရုံ။

ကလေးက မျက်မှောင်လေးကြုတ်ပြီး ကြည့်နေပေမယ့် ကြာလာတော့ သူတို့ကိုလည်း နည်းနည်းခင်လာပါသည်။

ဒေါ်ယုယသော်က သူ့သားနှင့်သမီး ငယ်စဉ်က ဆော့ ကစားသည့် အရုပ်ဗီရိုကို သည်းလေးအတွက် ဖွင့်ထားပေးလေ ရာ –

ကလေးက သူတို့ကို တော်တော်ခင်သွား၏။ သူတို့ သားအမိက ကလေးအကြိုက်ကိုလည်း သိပေသည်။

ငွေလသာတို့ သားအမိက ကလေးအတွက် အနှံ့အတာ





ပြီး စည်းကမ်းလုပ်ပေးပေမယ့် သူတို့က ကလေးကို စည်းမျက် ကမ်းမျက် အလိုလိုက်တော့ ကလေးက သူတို့ကို တဖြည်းဖြည်း ခင်လာ၏။

ဒေါ်ယုယသော်တို့ သားအမိဟာ ကလေးရဲ့ ကရိကထ ကို မခံချင်ပါ။ သည်တော့ အခြေကျနေသည့်ကလေးရဲ့စရိုက်ကို ဖျက်ဆီးပြီး အလွန်အမင်း အလိုလိုက်၊ အကြိုက်ဆောင်သည့် နည်းနှင့်သာ သည်းဝေလျှံလေး၏အသည်းနှလုံးကို သိမ်းကျုံး ဆွဲ ဆောင်ကြလေတာ။

❋ ❋ ❋



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)

ယခုအခါ အခြေအနေက ပြောင်းပြန်ဖြစ်သွားပြီ။ နိုး လင်းသည်နှင့် ဒေါ်ယုယသော်တစ်လှည့်၊ ခင်နဒီတစ်လှည့် ကလေးကိုသွားခေါ်ကြသည်။ ကလေးနှင့်အတူ အစားအသောက် ခြင်း၊ အဝတ်အိတ်ပါ ကျွဲကူးရေပါ။ ကလေးကို လုထိန်းနေသည့် အဖြစ်။

ဦးနေဘုန်းနှင့် ဘုန်းဝေလျှံတို့သားအဖ မျက်လုံးပြူးလာ ရပေပြီ။ အစက သေသေချာချာ သတိမထားမိပေမယ့် ယခုက ကလေးက သူတို့ကို ပိုခင်နေပြီ။ ရိုင်းလည်းရိုင်းလာသလို။

ကျေးညီနောင်ပုံပြင်ထဲကလို ကလေးဆိုတာလည်း တိရစ္ဆာန်ကျေးသားလေးလိုပါပဲ။ ယဉ်ကျေးသူနှင့်နေမှ ယဉ်ကျေး





[illegible]ရိုင်းကြမ်းတမ်းသူနှင့် နေလျှင် ရိုင်းစိုင်းမှုတွေကူးစက်လိမ့်မည် [illegible]။

သူတို့သားအဖ သားလေးအတွက် ခေါင်းထဲထည့်ရပြီ။ [illegible]င်းခဲရပြီ။ အလုပ်ထဲမှာလည်း ဒီခေါင်းစဉ်။

"ဖေဖေ သည်းလေးက ဟိုသားအမိကို ပိုခင်နေပါလား။ [illegible]အိပ်လို့ယောင်တာတောင် မေမေယု၊ ဒီဒီနဲ့၊ ကောင့ ဟိုက [illegible]လေးအကြိုက်ကိုလိုက်ပြီး အလိုလိုက် အကြိုက်ဆောင်နေပြီ [illegible]တယ်"

"ကလေးဆိုတာ ဘယ်သိမှာလဲကွာ။ အပေါ်ယံ ရွှေမှုန် [illegible]တာတွေ၊ ဘာတွေ ဘယ်သိမလဲ"

"ဒေါ်ယုယသော်တို့သားအမိက လောဘကလည်း လျှမ်း [illegible]တောက်နေတာပဲ။ သူတို့စားချင်တာ မှန်သမျှ ကလေးက [illegible]ချင်လို့ဆိုပြီး မှာသေးတယ်။ ဟိုနေ့ကပဲ ကလေးက ဒူးရင်းသီး [illegible]ချင်လို့တဲ့"

"အေးလေကွာ ... ဒီလောက်ပေးကမ်းနေတဲ့ကြားထဲက [illegible]တောင်းသေးတယ်။ မလေးတို့သားအမိဆို ပေးတိုင်းမယူဘူး"

"လူ့သဘောကလည်း မလိုချင်တဲ့လူမှပေးချင်တယ်။ [illegible]လောဘကြီးတဲ့လူဆို မပေးချင်ဘူး"

"ဟုတ်တယ် သားရေ ဘာရည်ရွယ်ချက်နဲ့ ကလေးကို



www.burmeseclassic.com

www.burmeseclassic.com



လုနေတယ်တော့ မသိဘူး။ ခက်တာပဲ၊ သားသားကလည်း ငယ်သေးတော့ စည်းကမ်းသတ်မှတ်လို့ ဘယ်ရဦးမလဲ"

"တော်ကြာ . . . ပုံပြင်ထဲက ဘီလူးမနဲ့ လူသားလုသလို ကျွန်တော်တို့သည်းလေး ကြားထဲက ဒုက္ခရောက်နေပါဦးမယ်"

"အေးပါ သားရယ် . . . ဖေဖေတို့ တစ်မျိုးကြံစည်ကြသေးတာပေါ့"

"သား နားမလည်တာက သူတို့သားအမိက အားတာလည်းမဟုတ်ပါဘူး ဖေဖေရယ်။ မအေက ဆိုင်ထွက်၊ သမီးကလည်း လတ်လျားလတ်လျားနဲ့ မော်ဒယ်အလုပ်ဖန်းပြပြီး တစ်နေ့တစ်နေ့ အလှပြင်ဆိုင်သွား၊ ရှော့ပင်ထွက်။ သားသားလေးကို ဘာလို့လာလုနေကြတာလဲ"

"သူတို့က အပေါ်ယံနှမ်းဖြူးတာပေါ့ကွာ။ တကယ်ထိန်းတော့ မလေးတို့သားအမိပဲ ဖိန်းရရှာပေါ့"

"ပုံစံကြည့်ရတာ ကလေးနဲ့ အဲဒီသားအမိကိုလည်း သပ်ကြီးကြီးလျှိုထားပုံရတယ် ဖေဖေ။ ကလေးက သူတို့ကို မခင်တော့ဘူး"

"ကလေးဆိုတော့ သူကို တကယ်စေတနာရှိသလား မရှိသလားလည်း ဘယ်ဝေခွဲတတ်မလဲကွာ။ ကဲ ကဲ . . . သား စိတ်အေးအေးထား။ ဖေဖေ တစ်မျိုးစီစဉ်ပါဦးမယ်"





ဦးနေဘုန်း သားကို နှစ်သိမ့်လျှင် ဘုန်းဝေလျှံရုပ်က ပြုံးစိစိဖြစ်လာပြီး –

"ရှုပ်ပါတယ် ဖေဖေရာ ဖေဖေ့ရဲ့ အဲဒီမလေးကိုသာ ယူလိုက်။ အိမ်မှာလည်း အဆင်ပြေ၊ သည်းလေးအတွက်လည်း အဆင်ပြေသွားတာပေါ့"

"ခွေးကောင် . . . မင်းယူပါလား။ ငါ့ကိုလာပြီး ပေးစားနေတယ်"

"ဗျာ . . . ဖေဖေ ဖေဖေ့မလေးကို သားယူရမယ် ဟုတ်လား။ ကြည့်လည်းပြောပါ ဖေဖေရယ်၊ အဲဒါ ဖေဖေ့ဆိုက်ကြီးပါ"

"ဟ . . . ခွေးကောင်လေးရ၊ မလေးတော့ ယူနိုင်းမလားဘူး။ သူ့သမီးကို ယူနိုင်းတာ"

"ဟား ဟား ဟား . . . ဟိုကသာကြားရင် ကလေးတောင် ထိန်းပေးတော့မှာမဟုတ်ဘူး"

သားအဖနှစ်ယောက် တဟားဟားရယ်မောနေကြချိန်မှာ အိမ်မှာတော့ နန်းငွေရည်နှင့် ငွေလသာ သားလေးကို ရင်တမမနှင့် ကြည့်နေရပါသည်။

ဒေါ်ယုယသော်နှင့်ခင်နုဒီတို့ အပြင်မထွက်ခင် သားလေးကို အစွမ်းကုန်အလိုလိုက်ပြီး ဖျက်ဆီးနေကြတာလေ။

ကလေးကို ကြမ်းတမ်းသည့်ဂိမ်းတွေ ဆော့နိုင်း၊ ကြည့်



www.burmeseclassic.com

www.burmeseclassic.com



နိုင်။ ကစားစရာဆိုလည်း သေနတ်တွေ ခါးတွေပေး။ နောက်
ကလေးလုပ်ချင်တာလုပ်၊ စားချင်တာစား။ ဘာမှ ငြိုငြင်အော
မလုပ်သည့်အပြင် မြှောက်ပင့်ပေးလိုက်သေး။

တကယ့်ကို အလိုလိုက် အကြိုက်ဆောင်။

"သားသားက အရမ်းသတ္တိရှိတာ"

"သားသားက အရမ်းတော်တာ"

ပြီးတော့ မနက် (၉) နာရီလောက်ကျ သားအမိနှ
ယောက်လုံး အပြင်ထွက်သွားကြသည်ပဲ။ သို့သော် အပြင်မထွ
မီ ကလေးနှင့် ငွေလသာတို့ကြား သံကြိုးကြီးလျှိုသွားလိုက်သေ
ရဲ့။

ကားနားမှနေပြီး ကလေးကို မခွဲနိုင် မခွာရက်ပုံစံမျိုးနှ
ချိုပို။ နမ်းရှုံ့ရင်းမှ ငွေလသာတို့သားအမိကို မျက်နှာထားတင်
တင်းနှင့်လှမ်းပြီး အမိန့်ပေးနေပုံမှာ –

"နန်းငွေရည် ... နင်တို့ ကလေးကို လုံးဝမရိုက်ရဘူး
နော်။ မမာန်ရဘူးနော်။ လုံးဝ အငြိုငြင်မခံနဲ့။ သားလေး သူ
တစ်ခုခုလုပ်ရင် မေမေယုကို ပြန်တိုင်။ ဟုတ်ပြီလား။ သူတို့
ဘာမှကြောက်နေစရာမလိုဘူး။ ဒီအိမ်ကလည်း သားသားရဲ့အိ
မေမေယုကလည်း သားသားရဲ့မေမေယု။ ဟုတ်ပြီနော်"

ခင်နဒီကလည်း ခါးထောက်ရင်း ငွေလသာကို အမိန့်ပေ





ပေးတယ်။

"ငွေလသာ သည်းလေးကို သေသေချာချာ ဂရုစိုက်။ ငါတို့က မဖြစ်လာလို့သာ အပြင်သွားရတာ။ နင်တို့လို ဘာမှ အစွမ်းအစမရှိတဲ့ ငနုံအေသာ ဖြစ်ချင်တော့တယ်။ ငနုံအေဆိုတာ နာမည်သာဆိုးတာ၊ လူသက်သာတယ်"

"သည်းလေး ... သူတို့ တစ်ခုခုလုပ်ရင်း ဒီဒီ့ကို ပြန်တိုင် သိလား။ ဒီဒီ သူတို့ကို ကန်ချမယ်။ အိမ်ထဲက နှင်ထုတ်မယ်"

"သူတို့က ဒီဒီ့အိမ်မှာ ကပ်နေတာနော်။ အိမ်လည်း မရှိဘူး။ အလကား ဖွတ်ကြားတွေ"

"ဟား ဟား ဟား ... သည်းလေးက သိပ်တတ်တာပဲ။ ဒါကြောင့် မေမေယုက ချစ်ရတာ။ မေမေယု ပြန်လာရင် သည်းလေးကြိုက်တဲ့မုန့်တွေ အများကြီး ဝယ်လာမယ်နော်။ သူတို့ကို ခိုင်းချင်သလိုခိုင်း ဟုတ်ပြီလား"

သားအမိနှစ်ယောက် ကလေးကြိုက်၊ ချော့လုံး မြှူလုံးတွေနှင့် ပီယဝါစာ တီတီတာပြီး လက်တပြပြနှင့် ကားပေါ်မှ မျက်စိတဆုံးပြသွားတော့ ကလေးက ငိုမဲ့မဲ့နှင့် ကျန်ခဲ့သည်။

ဩော် ... ဒုက္ခ ဒုက္ခ –

အဇာတသတ်မင်းသား ဒေဝဒတ်ကို ဆရာတင်မှသလို သားလေးခမျာ (၃) နှစ်သားအရွယ်လေးမှ မာယာကဝေမတွေရဲ့



www.burmeseclassic.com

www.burmeseclassic.com



ဆယ့်နှစ်ကြိုးပညာကို မခုခံနိုင်ရှာ။

ယခုအခါကလေးမှာ တိုက်ကြီးတစ်ခုလုံး၊ ခြံတစ်ခုလုံးမှာ တံခါးမရှိ မားမရှိ။ ဆော့ကစားခွင့်ရနေခဲ့ပါပြီ။ သားလေးအတွက် ဝမ်းသာရပေမယ့် အခြေအနေတွေက အဆိုးဖက်သို့ ဦးတည် လျက်။

သားလေးဟာ ကလေးပီပီ စည်းလွတ် ဝါးလွတ်နေချင် နေချင်သလိုနေ၊ စားချင်သလိုစား၊ ကစားချင်သလိုကစားနေရ သည့် အဖြစ်ကို ခုံမင်စွဲလမ်းသွားပေပြီ။

ကားထွက်သွားပြီး ငွေလသာတို့ဘက်ကို လှည့်ကြည့် က ရှုစ်ကန်ကန်။

ကိုယ်တွေက ကလေးကို စေတနာရှိလို့ မေတ္တာနှင့်ထိန်း ပေးနေတာ။ ယခုကျ ခင်နုဒီတို့သားအမိ မြှောက်ပေးနေတာ ကြော ငွေလသာတို့သားအမိကို ကလေးက ကျွန်တွေလို နိုင်း ဗိုလ်ကျနေတော့သည်။

ယခုမှ ဆုပ်လည်းရှူး၊ စားလည်းရှူးဘ၀။

ကလေးကို မထိန်းပေးတော့ ဖြန့်လျှင်လည်း ခုတ် တခြား၊ ရှုရာတလွဲ။ ကလေးခမျာ ကြားထဲက ဓားစာခံဖြစ်နေ ရှာတာ။

သဘောတရားတွေ သိနားလည်နေတာမို့ နန်းငွေ





တို့သားအမိ ကလေးကို သည်းခံရပါသည်။

"ဟော့ ... ငွေလသာ ... ဘောလုံးကောက်ပေး ခမ်း"

ဒီစကားတွေဟာ ခင်နုဒီ သင်ပေးခဲ့တာ။

"သူတို့က သားသားရဲ့အခိုင်းအစေတွေ။ ဘာမှ အောက် ကျို့နေစရာမလိုဘူး။ ခိုင်းချင်သလိုခိုင်း၊ လုပ်ချင်သလိုလုပ်၊ ဆော့ ချင်လည်း ရတယ်၊ ခဲနဲ့ထုလည်း ရတယ်။ သည်းလေးနောက်မှာ မေမေနဲ့ မေမေယုရှိတယ်။ သည်းလေး စိတ်လွတ်ကိုယ်လွတ်သာနေ။ ကလေးဆိုတာ လွတ်လွတ်လပ်လပ်နေရမှာ၊ စားရမှာ၊ ဆော့ ကစားရမှ ဦးနှောက်ဖွံ့ဖြိုးတာ"

မဟာပညာကျော်ကဝိ၏ ပြောဆို မြှောက်ပင့်ပေးမှုတွေ။

ရှေးတုန်းက ဘုရင့်ဆင်တော်တင်းကုတ်အနီးမှာ လူဆိုး တွေ နေ့တိုင်း တိုင်ပင်နီးနှောကြတော့ ဘုရင့်ဆင်တော်ဟာ ရိုင်း စိုင်းကြမ်းတမ်းလာပြီး တွေ့သမျှလူကို သတ်၊ ရိုက် လုပ်ခဲ့သတဲ့။

နောက်ဆုံး ပညာရှိအမတ်က ဆင်တော်တင်းကုတ်ရဲ့ အနီးမှာ ရဟန်းသံဃာတွေကို တရားတော်ဟောစေ၊ ပရိတ်ရွတ် စေတော့မှ ဆင်တော်ဟာ ပြန်ငြိမ်းလိမ္မာလာသတဲ့။

ယခုလည်း အတတ်ကျွှုံးသည့် သားလေးခမျာ ငွေ လသာတို့သားအမိက ဘယ်လောက်ပင်ချော့မော့ သွန်သင်သည် ဖြစ်သော်လည်း နေ့တိုင်း ဖျက်ဆီးနေသည့် ခင်နုဒီတို့ သား



www.burmeseclassic.com

www.burmeseclassic.com



အမိကြောင့် ရေများ ရေနိုင်၊ မီးများ မီးနိုင်။

နောက်ဆုံးကျတော့ လူ့သဘာဝ၊ ကလေးသဘာဝအ
လိမ္မာရမည်ထက် လွတ်လပ်ကြမ်းရိုင်းရမည်ကို ပိုပြီး သဘောကျ
လေတော့ရာ –

ငွေလသာ ကလေးကို ဘော်လုံးကောက်ပေးပြီး အနား
စောင့်ကြည့်ပေးနေမိသည်။ မေမေကတော့ ဘွားဘွားအခန်းသို့
သွားပြီး ဆေးတိုက်နေ၏။

ကလေးက မြက်ခင်းပေါ်မှာ ကျွမ်းတွေထိုးလိုက်၊ ကွန်
ကရစ်လမ်းတွေမှာ ပြေးလွှားကစားလိုက်နှင့် ပြောင်းဆန်နေတော
သည်။ ဟိုသားအမိတွေ မြှောက်ပေးခဲ့တာတွေ –

"ဟုတ်ပြီကွ . . . သားလေးက တော်လိုက်တာ"

"ဝူခုန်းကွ၊ မျောက်မင်း စွန်းဝူခုန်းကွ"

"စူပါမင်းကွ"

"စပိုက်တာမင်း၊ စပိုက်တာမင်း၊ ဒီဒီ့ သူရဲကောင်းလေး"

နည်းမျိုးစုံနှင့် မြှောက်ပင့်၊ လက်ခုပ်တီးပေးခဲ့တာတွေ
ကလေးက အစွန်းရောက်နေတော့သည်။

"သားလေးရေ . . . မောက်လဲမယ်နော်။ ဒဏ်ရာတွေ
ရင် နာလိမ့်မယ်"

ဟိုတစ်နေ့ကလည်း ငွေလသာ လိုက်ကြည့်၊ လိုက်ဆွဲ





နေသည့်ကြားမှ ဒဏ်ရာရတော့ အော်ငို၊ ဟိုသားအမိတွေ ပြန်လာ
တော့ ကလေးကတိုင်။ သူတို့ကဆူ၊ ထို့အပြင် ဦးနေ့ဘုန်းနှင့်
ဘုန်းဝေလျှံကိုလည်း ကလိမ်စွေငြမ်းဆင်ပြီး တိုင်လိုက်သေး၏။

"ကလေးက ယုတို့ ဒီဒီတို့ကို ပိုခင်သွားတော့ သူတို့
သားအမိက မနာလိုဘူးလေ။ ရုပ်တွေကိုက ကြည့်ပါလား။ မျက်နှာ
ကြောကို တင်းနေတာပဲ။ သူများတန်းလျားမှာ နေရပေလို့ပဲ။ တိုက်
ကြီးပေါ်မှာများ နေရရင် ဘယ်သူ့မှ ဆေးဖော်ကြောဖက် လုပ်ချင်မှာ
မဟုတ်ဘူး။ ခုလည်း ကလေးကို ယုတို့မရှိတုန်း ဘယ်လိုနှိပ်စက်
ထားတယ်မသိဘူး။ သည်းလေးမှာ ဒူးပြဲသွားတယ်။ ယုလေး
သူတို့သားအမိကို စိတ်ဆိုးလွန်းလို့ အသားတွေတောင် တုန်တယ်။
ဒါ့စမ်ကလည်း ဘာတွေပြောမိမှန်းတောင် မသိဘူး။ ပြောပစ်လိုက်
မိတယ်"

"ကလေးက ဆော့လွန်းတော့ ပြေးရင်းမှောက်လဲတာ
ဖြစ်ပါလိမ့်မယ်ဗျာ"

"အို . . . ဒါ ဖြစ်စရာလား။ သားအမိနှစ်ယောက် မျက်လုံး
လေးလုံးနဲ့ သေချာကြည့်ပေါ့။ တကယ် တကယ် စိတ်တိုတယ်"

"မယု မှားနေပြီ။ မလေးတို့သားအမိက သားလေးကို
မေတ္တာနဲ့ ထိန်းပေးနေတာပါ။ အခကြေးငွေနဲ့ ထိန်းပေးနေတာ
မဟုတ်ဘူး။ တော်ကြာ သားသားကို စေတနာပျက်သွားပါမယ်"



www.burmeseclassic.com

www.burmeseclassic.com



"အို ... သူတို့ စေတနာပျက်တော့ရော အရေးလား။ မယုနဲ့ ဒီဒီရှိသားပဲ။ ယုတို့ ထိန်းပေးမှာပေါ့"

"မယုတို့က အားမှမအားတာ။ ဆိုင်ထွက်တဲ့သူက ထွက်၊ အပြင်ထွက်တဲ့သူက ထွက်ပါ"

"အမယ်လေး ... သူတို့ကို မယုပိုင်ပါတယ်နော်။ မယုနိုင်းရင် လုပ်ကိုလုပ်ရမှာ။ မယု အိမ်တန်းလျားမှာကပ်နေတဲ့ ပေါက်ပန်းဈေးမတွေ့ပါ"

"အဲ အဲ ... ကလေးကို အဲဒီလိုစကားကြမ်းတွေ 'သင်' မပေးပါနဲ့ဗျာ။ သည်းလေးပါးစပ်က အဲလိုစကားကြမ်းတွေ အိမ်မှာ ပြောပြောနေတယ်။ လူကလည်း အရမ်းကြမ်းတယ်၊ ရဲတင်းလာတယ်။ အရင်လို မနူးညံ့တော့ဘူး"

"ဦးနေဘုန်းရယ် ... အဲဒါ ယု လေ့ကျင့်ပေးထားတာ။ ယောကျ်ားလေးဆိုတာ ရဲရင့်မှပေါ့။ သူတို့နဲ့သာနေရင် ရှင့်မြေး အခြောက်ဖြစ်သွားမှာပဲ"

"မဟုတ်သေးပါဘူးဗျာ"

ဒေါ်ယုယသော် မကောင်းကြံပေမယ့် ဦးနေဘုန်းနှင့် ဘုန်းဝေလျှံတို့သားအဖ သည်းဝေလျှံလေးအတွက် ခေါင်းစားခဲ့ရသည်အဖြစ်။

❊ ❊ ❊



## အခန်း (၁၂)

ခြံထဲသို့ ကားတစ်စီးဝင်လာပုံမှာ ကမူးရှူးထိုး။ ငွေလသာ ကွန်ကရစ်လမ်းတွေမှာ ဘောလုံးကန်နေသည့်သားလေးကို ပြေးဆွဲမလို့ပြင်တုန်း သားသားရဲ့ဘောလုံးက ကားထဲမှထွက်လာသည့် ဖွံမာန်ဝင့်ကို သွားပြီး ဒိုင်းခနဲမှန်သည်။

ကလေးကန်တဲ့ဘောလုံးမို့ အကြီးအကျယ် မနာကျင်လောက်သော်လည်း ဖွံမာန်ဝင့်ဒေါသက အတိုင်းအဆမရှိ။

"ဟေ့ ... ဒီပေါက်လွတ်ပဲစားကလေးက ဘယ်သူလဲ ငွေလသာ၊ ဒီကလေး ဘယ်ကလဲ။ မေမေရော ရွှေဆိုင်သွားပြီလား။ ဟို မော်ဒယ်ရှူးရော ဘယ်သွားလဲ။ ဖေဖေနဲ့ဘွားဘွားရော နေကောင်းရဲ့လား"



www.burmeseclassic.com

www.burmeseclassic.com



လေ့လာရေးခရီးဆိုပြီး (၂) ပတ်လောက်သွားရာမှ ပြန်လာသည့် ဖွဲ့မာန်ဝင့်။ ကားနားမှာ ဒေါ်သူ့ပုန်ထနေလိုက်တာ ကြမ်းတမ်းလွန်းပါ၏။ ဒေါ်ယုယသော်ရဲ့စတိုင်။ ကုလေးတိုင်းကို အလိုလိုက်၊ အကြိုက်ဆောင်။ အားလုံးဟာ စည်းမျက် ကမ်းမျက်။

ငွေလသာ သူ့အစ်ကိုနားသို့ အပြေးကပ်လာပြီး တောင်းပန်ရသည်။

"အစ်ကိုဖွဲ့ . . . အဲဒါ ဟိုဘက်တိုက်က ကလေးပါ။ အန်တီယုနဲ့ နဒီ့ရဲ့အသည်းကြော်"

"အသည်းကြော်တွေ၊ အဆုပ်ကြော်တွေ လာလုပ်မနေနဲ့။ ငါ့မျက်စိရှေ့မှာ မမြင်ချင်ဘူး။ ကြည့်စမ်း . . . ခြံထဲမှာ နွားဝင်ထားတာကျနေတာပဲ။ ဒီလောက်လွန်တဲ့ လူလွန်မသားလေးကိုများ မေမေက ဘာချစ်နေတာလဲ။ မလိုချင်ဘူး။ သူများသားသမီးကို ချစ်စရာ လုံးဝအကြောင်း မရှိဘူး"

ဖွဲ့မာန်ဝင့် ကလေးကို မညှာမတာ ပြောနေသလို ကလေးကလည်း ခါးထောက်ပြီး ပြန်ကြည့်နေပုံမှာ ဂျစ်ကန်ကန်။ အောက်သိုးသိုးနှင့် ကိုက်တော့မည့်ခွေးပေါက်လေးနှယ်။

ဖွဲ့မာန်ဝင့် တိုက်ထဲသို့ဝင်သွားလျှင် တက္ကစီသမားက အိတ်ကို ကားပေါ်မှချပေးခဲ့ပြီး ပြန်ထွက်သွားပါ၏။ ဒေါ်ယုယသော်တို့သားအမိ အပြင်သွားပေပြီ။ လေးလေးလွင်တစ်ယောက်သာ





ခေါင်းမူးနေလို့ အိမ်မှာကျန်ခဲ့တာ။ ဘွားဘွားအခန်းထဲမှာတော့ ဆမေ ရှိနေ၊ ပြုစုပေးနေ၏။

ငွေလသာ အမြင်မတော်သဖြင့် သူ့အိတ်ကို တိုက်ထဲသို့ ဆွဲယူသွားပေးရသည်။ ဖွဲ့မာန်ဝင့်တစ်ယောက် ဘာတွေ အစာ ကျေ ဖြစ်လာသည်မသိ။ လူမြင်တိုင်း ဆူပူငေါက်ငမ်းနေတော့ ၏။

"နေစမ်းပါဦး . . . ဒီကလေးရဲ့မိဘတွေက ဘယ်သွားလို့ သူများအိမ်မှာ ဒီလိုပေါက်လွှတ်ပဲစား လာထားရတာလဲ"

ဖွဲ့မာန်ဝင့်ဟာ ခရီးထွက်နေတာမို့ လောလောဆယ် အခြေအနေတွေကို သူမသိ။ ဟိုဘက်တိုက်မှာ လူတွေ ရောက်လာတာလည်း မသိပေ။

"ကလေးက သနားစရာပါ အစ်ကိုဖွဲ့ရယ်။ မိဘမဲ့လေးပါ။ အဘိုးနဲ့ဦးလေးနဲ့ နေရရှာတာ"

"ဘာ . . . နင်တို့က သူများပြောတိုင်း ယုံတာပဲလား။ ဘယ်အဘိုး၊ ဘယ်ဦးလေးမှ ကလေးတစ်ယောက်ကို စိတ်မရှည်ဘူး။ ဒါ . . . သူတို့တစ်ယောက်ယောက်ရဲ့ တိတ်တိတ်ပုန်းကလေးပဲ ဖြစ်ရမယ်။ တောက် ရှုပ်ရှုပ်ယှက်ယှက်။ မေမေဟာလေ ကိုယ့်မှာ သမီးအပျို၊ တူမအပျိုရှိနေတာကို မေ့နေလား"

ကလေးက ခြံထဲမှာ ဘောလုံးနှင့် ဆော့နေလိုက်သော ငွေ



www.burmeseclassic.com

www.burmeseclassic.com



လသာ ကလေးအကြောင်းကို အယူခံဝင်၊ အသနားခံစာတင်နေခွင့်ရနေတာ။

"မဟုတ်ပါဘူး အစ်ကိုဖွဲ့ရယ်။ လူကြီးနှစ်ယောက်က မိုးလင်းမိုးချုပ် သူ့အလုပ်သူ သွားနေကြတာပါ။ ရှုပ်ရှုပ်ယှက်ယှက်လည်း မဖြစ်ရပါဘူး။ ကလေးက အိမ်မှာ တစ်ယောက်တည်း ဒီဘက်က ထိန်းပေးနေကြတာပါ"

"တောက် … တော်တော် အလုပ်မရှိ အလုပ်ရှာနေကြတဲ့ လူတွေ။ ဒီအရှုယ်ရောက်နေမှပဲ မူကြိုကို့လိုက်ပါလား။ ကျွန် နင်တို့သားအမိ အခကြေးငွေယူပြီး ထိန်းနေတာဖြစ်ရမယ်။ စကားကို ရှင်းရှင်းပြော"

"အလကားထိန်းပေးတာပါ အစ်ကိုဖွဲ့ရယ်။ အခကြေးငွေ မယူပါဘူး။ အဲ … ဟိုဘက်က ကလေးစားဖို့ဆိုပြီး မုန့်တွေ၊ ဟင်းချက်စရာတွေတော့ ပေးပါတယ်"

ဖွဲ့မာန်ဝင့် လက်ဖျစ်တစ်ချက်တီးလိုက်ပြီး –

"နင်တို့ အဲဒါမက်နေတာ မဟုတ်လား။ အခကြေးငွေယူတာနဲ့ ဘာထူးလဲ။ မေမေတို့ကရော ဘယ်အခန်းကဲ့လှ ဝင်ပါနေတာလဲ"

"အန်တီယုတို့လည်း ကလေးကို ကူကြည့်ကြပါတယ်"

"တော် တော် … ငါ ပြန်ရောက်ပြီ။ ရှုပ်ရှုပ်ယှက်ယှက်





အလုပ်တွေ ဖြတ်လိုက်ကြ။ ဒါပဲ"

သူ ဘွားဘွားအခန်း၊ သူ့အဖေအခန်းများသို့ ဝင်သွားတော့မှ ငွေလသာ ကလေးကြည့်ဖို့ အပြင်ထွက်လာခဲ့ရသည်။ သူမ ကလေးနားသို့ခပ်သုတ်သုတ်ပြေးသွားပြီး –

"သားလေးရေ … အခြေအနေမကောင်းဘူး။ ဒီနေ့ အိမ်ထဲမှာပဲ ဆော့ရအောင်နော်။ အဲဒီဦးဦးက ဒါ မကောင်းဘူး"

ခေါင်းကိုထောက်ပြရင်း ကလေးကိုချော့လိုက်တော့ သည်တစ်ခါ သည်းဝေလျှံလေး ရှောရှောရှူရှူမင် ငွေလသာ နောက်သို့ လိုက်လာခဲ့သည်။

❋

ငွေလသာ ချည်ထည်ပန်းရောင်ဝမ်းဆက်လေးက သူမ၏ လှမသည့်ကိုယ်ဟန်မြင့်မြင့်လေးမှာ ချပ်ချပ်ရပ်ရပ်။

နေ့လယ် (၁၂) နာရီမှ (၂) နာရီထိ တစ်ပိုင်း၊ (၂) နာရီမှ (၄) နာရီထိ တစ်ပိုင်း၊ စာသင်သည့်အိမ်နှစ်အိမ်က အိမ်ချင်းနီးသည့်မို့ ချက်ချင်းကူးလို့ရသည်။

ယခု သူမ စာသင်ပြီးလို့ ကိုယ့်အိမ်ကို လမ်းလျှောက်ပြန်



www.burmeseclassic.com

www.burmeseclassic.com



လာနေတာပါ။ ငွေလသာ၏ပင်ကိုစတိုင်က ကျော့ကျော့လေး။ ဖြူစင်နုနယ်သည့်မျက်နှာလေးက အပြင်အဆင် အခြယ်အသမရှိဘဲ ဝင်းဝင်းပပ။ မြင်တာနှင့်ပင် သူမရဲ့အလှက ထင်းထင်းလှလှ။

ငွေလသာ စာသင်သည့်အိမ်များနှင့် ကိုယ့်အိမ်က (၁၅) မိနစ်လောက်တော့ လမ်းလျှောက်ရပါသည်။ သူမ ခပ်သုတ်သုတ် လျှောက်လာနေဆဲ ကားတစ်စီးအနားမှာ ကပ်ရပ်လိုက်သည်ကြောင့် ငွေလသာ လန့်သွား၏။ ကားပေါ်မှ ဆင်းလာတာ လူငယ်တစ်ယောက်။

လမ်းမှာ လူသွားလူလာ ခပ်ရှင်းရှင်း။ လူတွေကလည်း ကိုယ့်အာရုံနှင့်ကိုယ်။

"ဟော့ ... ဘယ်တွေလျှောက်သွားနေတာလဲ၊ လာ ... တက်"

"အောင်မာ ... ဘာတွေလာပြောနေတာလဲ။ ကိုယ့်လမ်း ကိုယ်သွား"

သည်နေ့ဟာ မိုးတွေလည်း အုံ့နေသည့်မို့ အလင်းရောင်ကတော့ ခပ်နည်းနည်း။ ငွေလသာ ခြေလှမ်းကိုမြှင့်ပြီး ခပ်သုတ်သုတ် လျှောက်သွားမည်ပြင်ပေမယ့် ထိုလူငယ်က ပိုင်စိုးပိုင်နင်း သူမ၏လက်ကို အတင်းဆောင့်ဆွဲပြီး ကားထဲထည့်ဖို့ပြင်နေတာ။

သူ အသွင်ယူထားတာ စိတ်ဆိုးပြီးဆင်းသွားသည့် ညီမကို





အတင်းပြန်ခေါ်နေသည့်အသွင်။

"နင်တော့ အိမ်ကျမှ တွေ့မယ်။ နင့်ကြောင့် မိဘတွေ ဘယ်လောက်ဒုက္ခရောက်နေတယ် မှတ်သလဲ"

အတင်းပင်ဆွဲ၊ အတင်းပင် ကားထဲသွင်း။ ငွေလသာ ကြောင်နေလို့မဖြစ်။ ကားပေါ်မှ နောက်တစ်ယောက်က တံခါးကို အသင့်ဖွင့်ထားပေးပြီး တစ်ယောက်က အတင်းဆွဲထည့်ဖို့မှာ မှန်မှမြန်။

ပါးစပ်ကိုလည်း အတင်းပိတ်ထားသောကြောင့် ဝူးဝူး ဝါဝါ။ လမ်းသွားလမ်းလာတွေမှာ ထိုလူပြောနေသည့်စကားတွေကြောင့် ကိုယ့်ညီမကိုယ်ခေါ်နေသည်ဟုပင် မှတ်ထင်နေကြပုံ။

ငွေလသာ အားရှိသရွေ့ ရုန်းနေပေမယ့် မြွေက ဖားကို မျိုသလို အမျိုခံရတော့မည်လား။ သည်စဉ် ကားတစ်စီး သူတို့အနားမှာ ထိုးရပ်လာပြီး ကားပေါ်မှဆင်းလာသူက ဘုန်းဝေလျှံ။

"ဟော့ကောင်တွေ"

ပြောလည်း ပြော၊ ထိုးလည်း ထို။ ဆွဲလည်း ဆွဲ။ သို့သော် ထိုလူငယ်က ဘုန်းဝေလျှံဆွဲထိုးနေသည့်ကြားမှ ကားပေါ်အတင်း ခုန်တက်ပြီး ကားကိုမောင်းထွက်ပြေးကြလေရာ –

ဘုန်းဝေလျှံ ကိုယ့်ကားပေါ် အမြန်ဆုံးတက်ပြီး ထိုကား နောက်သို့ တရကြမ်း လိုက်ရသည်။ သို့သော် ထိုကားက အချိန်



www.burmeseclassic.com

www.burmeseclassic.com



နည်းနည်းပိုရသွားလေရာ ဘုန်းဝေလျှံ မနည်းပင် မီအောင်လိုက်ရသည်။

မီးပွိုင့်တွေကလည်း မိသဖြင့် ထိုကားကို မျက်ခြေပြတ်သလုလု။

"တောက် ... ဘယ်ကခွေးသူတောင်းစားတွေလဲ။ ခေတ်က လူကုန်ကူးတဲ့လူတွေပေါတယ်။ ငွေလသာကို အစော ကတည်းက လေ့လာထားတာဖြစ်မယ်"

နောက်ဆုံး ဘုန်းဝေလျှံ ရဲဌာနများကို အကူအညီတောင်း ရတော့ပြီ။ သူတစ်ယောက်တည်း ဟီးရိုးလုပ်နေလို့ မဖြစ်တော့

"ဟဲလို ( ) ရဲစခန်းကပါလားခင်ဗျာ။ ကားနံပါတ် ( ထဲမှာ ကျွန်တော့်ညီမကို အတင်းဆွဲခေါ်သွားလို့ပါ။ ဟုတ်ကဲ့ ... သေချာပါတယ်။ အခု ကျွန်တော် နောက်က လိုက်နေပါတယ်"

ရဲကိုတိုင်ပြီးပြီမို့ သူ နည်းနည်းတော့ စိတ်ပူသက်သာ သည်။ မကြာမီ ရဲကားများနှင့် ထိပ်တိုက်တွေ့ပြီး ငွေလသာ ပါသွားသည့်ကား တားဆီးခံရသည်။

သို့သော် အခြေအနေတွေက တစ်မျိုး။ ငွေလသာ မှူးယစ်ဆေးတစ်ခုခု အတင်းထိုးပေးထားသဖြင့် သူမအသွင် ကြောင်စီစီ။ ရဲအရာရှိတွေမေးထာကိုလည်း ကောင်းကောင်း မဖြေနိုင်ပေ။ အင် ... အဲနှင့်။ ဟိုလူတွေကလည်း ဘုန်းဝေလျှံ





အတင်းဖိပြောက်၏။

"ရဲအရာရှိကြီး ခင်ဗျာ ... ဒါ ကျွန်တော့်ညီမပါ။ အိမ်က စိတ်ဆိုးပြီးထွက်သွားတာ (၂) ရက် ရှိပါပြီ။ ကျွန်တော်တို့ လိုက်ရှာရတာ နှံ့နေပါပြီ။ ခုမှ ကံကောင်းလို့ ပြန်တွေ့ရတာပါ။ ဟုတ်တယ်နော် ညီမ"

"အင်း ... အင်း"

ငွေလသာမှာ ခေါင်းတညိတ်ညိတ်။ ဘုန်းဝေလျှံကလည်း အလျှော့မပေးပါ။

"သူမှာ အစ်ကိုမရှိပါဘူး။ သူ့အမေကို ကျွန်တော် ဖုန်း ခေါ်ပေးပါ့မယ်။ ရဲအရာရှိကြီး ဖုန်းပြောကြည့်ပါ"

ကိုယ့်တူလေးက သူတို့ထံမှာရှိသည်မို့ သူတို့ဖုန်းနံပါတ် ကိုယ့်မှာရှိတာ သည်နေ့ရာမှာ အသုံးဝင်သွား၏။ သူ ဖုန်းခေါ်ပေး လိုက်ပြီး –

"အန်တီ ... ဒီမှာ အန်တီ့သမီး ဒုက္ခရောက်နေလို့။ သူ့ အစ်ကိုတွေဆိုပြီး အတင်းဆွဲခေါ်ပြေးကြလို့"

ပြောပြီး သူ ရဲထံ ဖုန်းထိုးပေးလိုက်သည်။

"ဟယ် ဘုရား ဘုရား ... ဒုက္ခပါပဲ။ ဘယ်က မသူတော် တွေလဲ။ လုပ်ပါဦး ကယ်ပါဦး မောင်ရယ်။ အန်တီ့သမီးလေး ကျောင်း သွားသင်တာ မပြန်မပြန်နဲ့ ပျောက်နေတာ။ အန်တီ ဘယ်ကိုလိုက်လာ



www.burmeseclassic.com

www.burmeseclassic.com



ရမလဲကွယ်”

တစ်ဖက်မှ စိုးရိမ်တကြီးနှင့် ငိုကြီးချက်မအသံနှင့် ငွေ လသာဖြစ်နေပုံကြည့်ပြီး ရဲအရာရှိက ကားထဲမှ သကောင့်သား နှစ်ယောက်ကို လက်ထိပ်ခတ်လိုက်သည်။ သူတို့ ဘယ်လို ဟိန်းဟောက်ဟောက်၊ ခြိမ်းခြောက်ခြောက် အခြေအနေမှန် ရိပ်စားမိလေပြီ။

“ကဲ ကဲ … စခန်းရောက်မှရှင်းကြတာပေါ့။ ညီလေး လည်း လိုက်ခဲ့ပါဦး။ ဟိုကျမှ အမှုဖွင့်လိုက်ပါ”

“ဟုတ်ကဲ့ … ရပါတယ်၊ ကျွန်တော် သူ့အမေကိုလည်း လှမ်းခေါ်ပေးပါ့မယ်”

ဘုန်းဝေလျှံ ကိုယ့်အဖေကိုလည်း အကျိုးအကြောင်း ဖုန်းဆက်ပြီး ပြောရသည်။ သူ ငွေလသာကို ကားထဲသွင်းပြီး ရဲစခန်းသို့ လိုက်သွားရသည်။

ရဲများက ငွေလသာကို ဖမ်းခေါ်သွားသည့်ကားနှင့် လူငယ် နှစ်ယောက်ကို ထပ်မံရှာဖွေရာ မူးယစ်ဆေးတွေ့ရသဖြင့် အမှုက ပိုပြီးကြီးသွားရ၏။ ဒါတောင် သူတို့က ငွေလသာကို အမှုထဲ ဆွဲထည့်နေကြသေး၏။ တော်တော်ကောက်ကျစ်သည့် လူယုတ်မာ တွေ။

“ဒီကောင်မလေးနဲ့ ကျွန်တော်တို့က အတူတူပါတနာ





တွေပါ။ ဒီကောင်ကသာ မသိဘဲ နောက်က လျှောက်လိုက်နေတာ။ ဆေးသုံးဖော်သုံးဖက်တွေပါ။ သူ့ကိုကြည့်လိုက်လေ၊ ဆေးသုံးထား တဲ့ပုံ။ ဖမ်းရင် သူ့ကိုလည်း ဖမ်းပေါ့”

“ရဲအရာရှိကြီး သူတို့ ညာပြောနေတာပါ။ ဒီမိန်းကလေး ကို သူတို့ အတင်းဖမ်းချုပ်ပြီးခေါ်နေတာတွေ့လို့ ကျွန်တော် ဝင်ပါ ရတာပါ။ ကျွန်တော် ဆွဲထိုး ဆွဲခေါ်နေတဲ့ကြားက သူတို့နှစ်ယောက် အတင်းဆွဲပြေးတာပါ။ ဆေးကလည်း အခု ရဲအရာရှိကြီးတို့ မျက် မြင်ပဲလေ။ သူတို့သုံးနေကျဆေးနဲ့ အပ်နဲ့ အတင်းထိုးထည့်ခံရတာ ပါ”

“သူ့အမေလည်း လာပါလိမ့်မယ်။ ဒါ … မိကောင်းဖခင် သားသမီးပါ။ ကျူရှင်သင်နေတဲ့ ဘွဲ့ရမိန်းကလေးတစ်ယောက်ပါ။ ကဲ … မင်းတို့ဘော်ဒါ မင်းတို့ပါတနာဆိုရင် နာမည်ပြော။ သူ့နာ မည် ပြောလိုက်”

ဟိုနှစ်ကောင် အကျပ်ရိုက်သွားပေမယ့် ခပ်တည်တည်။

“ကျုပ်တို့က တစ်ယောက်နဲ့တစ်ယောက် နာမည်မသုံး ဘူး။ စကားဝှက်တွေပဲ သုံးတယ်။ သူ့စကားဝှက်က ပူစီ”

“ဒါဆို မင်းတို့က ဖါဝီတို့၊ အောင်နက်တို့ပေါ့ ဟုတ်လား ရဲစခန်းမှာ ဒါမျိုးလာလုပ်လို့မရဘူး။ မင်းတို့နှုပ်တိုင်း လိမ်ညာ ရမယ့်လူတွေ မဟုတ်ဘူးဆိုတာ သိထားလိုက်”



www.burmeseclassic.com

www.burmeseclassic.com



ရဲစခန်းမှာ တိုင်ချက်ဖွင့်၊ စစ်ချက်ယူနေကြစဉ် ဒေါ်နန်းငွေရည်နှင့် သည်းဝေလျှံလေးတို့ တက္ကစီတစ်စီးနှင့် အလူးအလဲ ရောက်လာကြသည်။ ကလေးကထိန်းမယ့်သူမရှိလို့ ခေါ်လာရတာ ဖြစ်ပါသည်။ ဒေါ်ယုယသော်ရော ခင်နဒီပါ အိမ်မှာမရှိကြ။ ပြန်မရောက်သေးကြပါ။

"ဘယ်လိုဖြစ်တာလဲ သမီးလေးရယ်၊ မေမေ့မှာ စိတ်ပူလိုက်ရတာ။ ဟင်း . . . ငါ့သမီးလေး ဘယ်လိုဖြစ်နေပါလိမ့်။ မောင်ဘုန်းရယ် . . . ကယ်ပါဦး။ ကူပါဦး ရဲအရာရှိကြီးရယ်"

မျက်ရည်လည်ရွဲနှင့် ဒေါ်နန်းရွှေရည်။ မအေကလည်း ချောချော၊ သမီးကလည်း လှလှ။ သည်းလေးကတော့ သူ့ဦးလေး ပေါင်ပေါ်ရောက်သွားပေပြီ။

"ဘာမှစိတ်မပူနဲ့အန်တီ။ ဒီကကိစ္စတွေပြီးရင် ဆေးခန်းတစ်ခုခု ဝင်လိုက်ပါ့မယ်။ အဲဒီကောင်တွေ မူးယစ်ဆေးထိုးသွင်းထားလို့ အန်တီ့သမီး အဲဒီပုံဖြစ်သွားတာ"

"ဘုရား ဘုရား . . . မတွေးဝံ့စရာကြီးတွေပါလားကွယ်။ ခေတ်ကြီးကလည်း ကြောက်စရာကောင်းလိုက်တာ။ အန်တီ့သမီးလေး ကံကောင်းလို့ ရှောင်းစားမခံရတာပါလား"

ဒေါ်နန်းငွေရည်ကို ဖျောင်းဖျပြီး ကိစ္စပြီးလျှင် သူတို့လေးဦး စခန်းမှ ပြန်ထွက်လာကြသည်။





ကားထဲမှာ စကားစမြည် ပြောဖြစ်ကြ၏။

"ဒီနေ့ ကျွန်တော် စောပြန်လာလို့သာပေါ့ အန်တီ။ ခါတိုင်းလို (၇) နာရီ၊ (၈) နာရီမှ ပြန်ရင်သွားပြီ"

"ဟုတ်ပါတယ် သားရယ်။ သားကျေးဇူးကို အန်တီ မေ့တော့ပါဘူးကွယ်"

"ဟာ . . . ကျွန်တော်က ဒီသဘောနဲ့ပြောတာမဟုတ်ပါဘူး။ အကြောင်းတိုက်ဆိုင်မှုကို ပြောတာပါ။ ရှေ့က ဆေးခန်းမှာ ဝင်ပြမယ်"

ဆေးခန်းဝင်ပြရင်း ဘုန်းဝေလျှံ စကားတွေ ဆက်ပြောမိသည်။ အလှည့်စောင့်ရင်းပေါ့။

"သည်းလေးကို အန်တီတို့ထိန်းပေးတာ မဟုတ်လား။ ကိုသားအမိက ဘယ်နေရာကဝင်ပြီး အရေးပါအရာရောက်နေတာလဲ"

"မသိပါဘူးကွယ်။ ဘယ်လိုကဘယ်လို အန်တီတို့က သူ့လက်ထောက် ဖြစ်သွားတယ်မသိပါဘူး။ သားလေးကို အန်တီတို့ ထိန်းပေးနေတာ စေတနာနဲ့ ကိုယ်ချင်းစာလို့ပါ။ မျက်စိတောင်လည်ပါတယ်"

"သူတို့သားအမိ သားလေးကို မြှောက်ပေးနေတာ။ ငြိုးငြင်းကြမ်းကြုတ်အောင် လုပ်နေတာတွေ မကြိုက်ဘူး။ ကလေး



www.burmeseclassic.com

www.burmeseclassic.com



စားဖို့ခြင်းနဲ့ ထည့်ပေးတဲ့ မုန့်တွေရော၊ အန်တီတို့ဆီ ရောက် လာ။ အသား ငါးတွေရော''

နန်းငွေရည် ဘာမှပြန်မပြောချင်သဖြင့် တိတ်ဆိတ် နေလိုက်၏။ သမီးနာမည်ခေါ်နေသဖြင့် သမီးကိုပါတွဲကာ ဆရာ အခန်းထဲ ခေါ်သွားရသည်။ အခြေအနေကို အကျဉ်းချုံးတ သည့်အခါ ဆရာဝန်က သင့်တော်သည့်ဆေးဝါးများနှင့် ကုသ သည်။

အိမ်ပြန်လမ်းတစ်လျှောက် ဘုန်းဝေလျံ ဒေါ်နန်းငွေ ကို တဖွဖွတောင်းပန်လာခဲ့တာ သည်းလေးအတွက်ပါပဲ။

''အန်တီရယ် … ခင်နဒီတို့သားအမိကြောင့်တော့ ကျွ တော့်တူလေးကို စိတ်မပျက်လိုက်ပါနဲ့နော်။ သည်းလေးခမျာ မေ ငတ်နေရရှာတာပါ။ အခု ဒီမိန်းမတွေလုပ်ပုံကြောင့် ကျွန်တော်နဲ့ ဖေ ခေါင်းစားနေရတယ်။ အကောင်းဆုံးဖြစ်အောင် ဘယ် လုပ်ရမလဲလို့ ခုထိ စဉ်းစားလို့မရသေးဘူး''

''အန်တီတို့လည်း သားသားကို သံယောဇဉ်ရှိပါတယ် ခုဆို သမီးကို ကယ်တင်ခဲ့တဲ့အတွက် မောင်ဘုန်းတို့ကျေးဇူး ပိုပြီး ကြီးမားသွားပါပြီ''

''ဟာ … အဲလိုမတွေးပါနဲ့ အန်တီရယ်။ ကျွန်တော်တို့ လည်း အန်တီတို့သားအမိကို အရမ်းကျေးဇူးတင်နေမိတာပါ





သင်ပုန်းချေလိုက်ပါနော်။ ဒါတွေ တစ်ယောက်နဲ့တစ်ယောက် မပြောကြေး''

''အေးပါကွယ် … အေးပါ''

သည်းလေးကတော့ ဒေါ်နန်းငွေရည်ရဲ့ပေါင်ပေါ်မှာ အိပ် ပျော်နေချေပြီ။ တစ်နေ့လုံး ဆော့ကစားထားသည့်အပြင် ရဲစခန်း ဆွ ဘာတွေပါ ရောက်ခဲ့ရသေးသည်ကို။

သူတို့အဖွဲ့ အိမ်ပြန်ရောက်တော့ ည (၈) နာရီကျော်ပေ ပြီ။ ဖုန်းဆက်ထားသဖြင့် ဦးရဲဘုန်းမှာလည်း စိုးရိမ်တကြီး ကားက သူတို့အိမ်သို့ တန်းဝင်သည်မို့ ဦးရဲဘုန်း ကလေးကို လာခေါ်ရင်း သူတို့သားအမိကိုပါ အိမ်ထဲသို့ ဖိတ်ခေါ်သည်မှာ စေတနာအပြည့် နှင့်ပါ။

''ဖြစ်မှဖြစ်ရလေ မလေးရယ်။ ကံကြီးလို့သာပေါ့''

''ကျွန်မဖြစ်တာ မဟုတ်ပါဘူး။ သမီးကို ဖမ်းခေါ်သွားကြ တာပါ''

''ဪ … ဟုတ်ပါတယ်။ ကျွန်တော် သိပါတယ်။ သမီး ကျူရှင်သွားသင်နေရတာတောင် လုံခြုံမှုရှိပါဦးမလားဗျာ။ ကျွန် တော့်သဘောကတော့ လောလောဆယ် ကျူရှင်မသင်ဘဲ အိမ်မှာ ကလေးကိုပဲ ဖိဖိစီးစီးကြည့်ပေးစေချင်ပါတယ်''

''အခုရော ကျွန်မတို့ကလေးထိန်းတာ မဖိစီးလို့လားရှင်''



www.burmeseclassic.com

www.burmeseclassic.com



"ဟာ . . . ခုတ်ရာတခြား ရှရာတလွဲတွေတော့ ဖြစ်ကုန်ပြီ။ ကျွန်တော်ဆိုလိုချင်တာက သားလေးကို ဒီအိမ်မှာလာကြည့်ပေး။ သမီးလည်း အပြင်မထွက်ရတော့ဘူးပေါ့။ ကျူရှင်ခရော လောက် ကျွန်တော် ပံ့ပိုးပါ့မယ်"

စကားပြောကတော့ ယဥ်ကျေးပါ့။ သို့သော် ကိုယ်[illegible] မိန်းကလေးရှင်မို့ အစစအရာရာ ဆင်ခြင်ရပါမည်။

"ကိစ္စမရှိပါဘူးရှင် . . . နောက်ဆို သားသားနဲ့ကျွန်မ သ[illegible] ကို လိုက်ပို့ လိုက်ကြိုလုပ်ပေးပါ့မယ်။ ကလေးကို စေတနာနဲ့ [illegible] ပေးတာပါ။ စားစရာတွေပေးတာတောင် လွန်လှပါပြီရှင်။ စေတ[illegible] ကို ငွေကြေးနဲ့ တန်ဖိုးမဖြတ်ပါရစေနဲ့။ ကဲ . . . ခွင့်ပြုပါဦးရှင်"

သူတို့ကို နှုတ်ဆက်ပြီး သားအမိနှစ်ယောက် သည်[illegible] တိုက်သို့ ပြန်ခဲ့တော့ ဂုံအားလျော့စွာ မည်သူနှင့်မှ တိုးမနေ[illegible] ကိုယ့်တန်းလျားကို အပြေးသွားရင်း သားအမိနှစ်ယောက် သ[illegible] ပြင်းချကြရသည့်အဖြစ်။

❄ ❄ ❄



## အခန်း (၁၃)

မနက်စောစောစီးစီး တစ်ဖက်အိမ်မှ ဆူဆူညံညံအသံများကြောင့် နန်းငွေရည်နှင့် ငွေလသာတို့သားအမိ တန်းလျားမှ အပြေးဆင်းသွားမိကြသည်။

"ဘုရား ဘုရား . . . မေမေများ ဘာဖြစ်သလဲ၊ ဘုရား ဘယ်တော်မူပါ။ မေမေသာ တစ်ခုခုဆိုရင် ငါတို့သားအမိ ဆင်းရဲမှာ"

"ဘွားဘွား ဘာမှမဖြစ်ပါစေနဲ့ ဘွားဘွား ကျန်းမာပါစေ"

သားအမိနှစ်ယောက် အပြေးအလွှားနှင့် တိုက်ထဲဝင်လိုက်ကြပြီး ဒေါ်မိုးစွေရဲ့အခန်းကို ဝင်လိုက်ကြသည်။

"ဟင် . . . ဒီက မဟုတ်ပါဘူး။ မေမေကဖြင့် အိပ်ရေတုန်း



www.burmeseclassic.com

www.burmeseclassic.com



ဒါ ••• ဒါဖြင့်”

အသံကြားရာသို့ တက်သွားလိုက်ကြလျှင် ဒေါ်ယုယသော် တို့အခန်းမှ ဖြစ်နေသည်။ အခန်းပေါက်ဝမှာ သူတို့လိုပဲ အိမ်အ မစန်းနုနှင့် မသပြေကို တွေ့လိုက်ကြရသည်။

“ဘာဖြစ်လို့လဲ မစန်း”

“ဦးကိုကိုလွင် ဦးနှောက်သွေးကြောပြတ်လို့တဲ့။ ဆေး ကား ဖုန်းဆက်ခေါ်ထားတယ်။ အရေးပေါ်ကို လှမ်းအကြောင်းကြာ ထားပြီ”

“ဟယ် ••• ဒုက္ခပါပဲ။ နင်တို့ အထဲမဝင်ကြဘူးလား”

“အမယ်လေး မငွေရည်ရယ် ••• သူ့ဈေးတွေအခန်း ရမ်းပြီး မဝင်ရဲပါဘူး။ တော်ကြာ ပစ္စည်းပျောက်လို့ အစွပ်စွဲခံနေ ဦးမယ်၊ ခံဖူးပါပြီ”

“ဪ”

လေးယောက်သား အပေါက်ဝမှာပဲ စုပြုံနေကြပြီး အခန် တံခါးကို ဟကြည့်နေကြစဉ် ဒေါ်ယုယသော် လှမ်းအော်လိုက်

“ဘာကြောင့်ကြည့်နေကြတာလဲ။ ဆေးရုံပို့ဖို့ စီစဉ်ကြ လေ။ နန်းငွေရည်နဲ့ငွေလသာ ဆေးရုံကို လူနာရှင်အဖြစ် လိုက် ရမယ်”

“မယုကရော”





“ငါက ဒီနေ့ ဖောက်သည်တွေ ချိန်းထားတာရှိတယ်။ ရောင်းအဝယ်က ကောင်းတာမဟုတ်ဘူး။ ရှိတုန်း လက်မလွှတ် အောင် ရောင်းရမှာ။ ပြီးရင် လိုက်လာမယ်”

“ခင်နဒီကရော၊ ကိုယ့်အိမ်သားတစ်ယောက်ယောက် ါတော့ ဆုံးဖြတ်ရ၊ လုပ်ကိုင်ရတာ လွယ်တာပေါ့”

“နဒီက ဒီနေ့ ရှိုးပွဲရှိနေလို့ (၇) နာရီလောက်ကတည်း က သွားရမယ်။ နင်တို့သားအမိ လိုက်သွားလိုက်။ သားကလည်း ကျောင်းပျက်လို့မဖြစ်ဘူး”

တော်တော် တရားကျစရာကောင်းတဲ့ ဒေါ်ယုယသော်ပါပဲ။ ကိုယ့်ယောက်ျား လေဖြတ်တာကိုထားပြီး သူတို့သားအမိတွေ အရေးမပါတာတွေကို လျှောက်လုပ်နေသည်။ ကိုယ်က သူတို့ အခိုင်းအစေလည်း မဟုတ်။ သူတို့ကျွေးတာကို စားနေတာလည်း မဟုတ်။

ပြောကြေးဆို မိဘအမွေကို သူတို့တစ်ဦးတည်း လက်ဝါး ကြီးအုပ်ထားပြီး ကိုယ်တွေကို တန်းလျားပို့ထားတာ။ ယခု အရေး ကြုံမှ ခေါ်ခိုင်းချင်လို့ တရားလား။

“မေမေ့ကို ဘယ်သူကြည့်မလဲ”

“ရတယ် မစန်းတို့ ရှိတယ်။ နင် လိုက်သာသွား”

“သည်းလေးကလည်း ရှိသေးတယ်”



www.burmeseclassic.com

www.burmeseclassic.com



"ငါ ဆိုင်ကိုခေါ်သွားလိုက်မယ်။ နင်က လူနာပြုစုတတ်လို့ ထည့်တာ။ သိပ်ပြီး ကြီးကျယ်မနေနဲ့"

ကိုယ့်ယောက်ျားကို တမောင်တည်းမောင်ခဲ့ပြီး ယနေ့လေဖြတ်ခါမှ နန်းငွေရည်လက်ထဲ ထိုးထည့်နေသည့် ဒေါ်ယုယသော်ဟာ တော်တော်မှ မျှတပါ၏။ သူများယောက်ျားကို ဖွေ့ဖွေ့ပိုက်ပိုက် ပြုစုရမှာလည်း နန်းငွေရည်မလုပ်ချင်ပါ။

ကိုယ့်သားအမိကို ရန်သူလိုသဘောထားပြီး နောက်ကျောဓားနဲ့ထိုးဖို့သာ အကြိမ်ကြိမ်ကြံစည်နေသည့် မိသားစုမို့ စေတနာခပ်နည်းနည်း။

မေမေ တစ်ခုခုဖြစ်သလားလို့ ပြေးလာမိခဲ့ကြတာ။ ယနေ့တော့ ဆွမ်းခံရင်း ငှက်သင့်နေကြပြီ။ ငွေလသာကတော့ ခပ်ဘွင်ဘွင်။

"ကျွန်မ မအားဘူး။ ကလေးတွေ လပတ်စစ်ခါနီးမို့ စာသင်ချိန် ပျက်လို့မရဘူး။ မေမေကလည်း ဘွားဘွားကို ကြည့်ရဦးမယ်"

"လျှာမရှည်နဲ့။ သားအမိနှစ်ယောက်လုံး ကန့်ထုတ်လိုက်လို့ လမ်းဘေးရောက်သွားမယ်။ ငါ့အိမ်နေရင် ငါခိုင်းတာလုပ်ရမှာပေါ့။ လူနာနောက်လိုက်ဆို လိုက်သွားပေါ့။ နှစ်ယောက်မလိုက်အားလည်း တစ်ယောက်တော့လိုက်"





နောက်ဆုံး ဘယ်လိုမှ မငြင်းသာသဖြင့် နန်းငွေရည်တစ်ယောက်တည်း မျက်စိမျက်နှာပျက်ပျက်နှင့် လိုက်သွားရသည်။ မေမေ ဒေါ်မိုးစွေနှင့် သည်းဝေလျှံကို ငွေလသာ ကြည့်ဖို့ မှာကြားခဲ့ရသည့်အဖြစ်။

❋

လူနာက ယခုထိ သတိပြန်လည်မလာသေး။ ပိုက်ပေါင်းမျှနှင့် ဆက်သွယ်ထားရသည်။ ဆီးပိုက်၊ ဝမ်းပိုက်၊ နှာခေါင်းပိုက်ဆွရော၊ ဆေးသွင်းတာတွေပါ။

ညနေ (၄) နာရီလောက်ကျမှ ဒေါ်ယုယသော် လိုက်လာသည်။ ခင်နဒီကတော့ ရှိုးပွဲမပြီးသေးလို့ လာတောင်မလာ။

သူတို့လိုတိုင်း လက်ဖြန့်တောင်းနေသည့် ဖခင်ကြီးကို သခုတျ လှည့်မကြည့်တော့ပြီလားမသိ။ သားကလည်း ဖအေလေဖြတ်နေပေမယ့် ကျောင်းပျက်မခံ။ တော်တော် စာလိုချင်သည့်သားပါပဲ။

နန်းငွေရည် တစ်နေ့လုံး လူနာနားမှာ တစ်ယောက်တည်း ထိုင်ရှင်လည်နေရပြီမို့ အိမ်ပြန်ချင်လှပါပြီ။ ဆေးရုံကစွတွေက



www.burmeseclassic.com

www.burmeseclassic.com



လွယ်တာမဟုတ်။ နှစ်ကလည်း မရသေး။ ဒေါ်ယုယသော် ဝင်လာသည်နှင့် နန်းငွေရည် ပြန်ဖို့ထသည်။

တစ်နေ့လုံးလည်း ဆရာဝန် ဆရာမတွေ၊ အခြားသူတွေက သူ့ကို ကိုယ့်ယောက်ျားပဲ ထင်နေကြတာ။ ထင်ရုံတင်ဆို ကိစ္စမရှိ၊ ခုတော့ –

"ကိုယ့်ယောက်ျား အသည်းအသန်ဖြစ်နေတာတောင် သူ့မျက်နှာက တစ်ချက်မညှိုးဘူး။ စိတ်ရှုပ်နေတဲ့ရုပ်နဲ့"

ဘေးခုတင်မှ လူနာစောင့်က မကြားတကြား အတင်းပြောသေးတာ။

သည်တော့ တစ်နေ့လုံး ခံနေရသည့်နန်းငွေရည် ဒေါ်ယုယသော် ဝင်လာသည်နှင့် ပြန်ဖို့ထတာမဆန်း။ သို့သော် ဆန်းတာက ဒေါ်ယုယသော်ပါပဲ။

သူ့နောက်မှာ လူနာမေးရအောင်လိုက်လာသည့် ဦးနေဘုန်းက သစ်သီးခြင်းနှင့် ထပ်ချပ်။ သူကလည်း ရှေ့မှ ကော့ကော့ကျော့ကျော့ဝင်လာပြီး –

"ဦးကိုကို သက်သာလား နန်းငွေရည်။ ခုညလည်း နင်ပဲစောင့်လိုက်။ ငါက သမီးနောက် လိုက်သွားရဦးမယ်"

သည်တစ်ခါတော့ သဘောကောင်းသည့် ရှမ်းမလည်း သဘောမကောင်းနိုင်တော့။





"ရှင်မအားလည်း ရှင့်သားကို စောင့်နိုင်းပေါ့။ တစ်နေ့လုံး စောင့်ပေးတာပဲ ကျေးဇူးတင်ပါဦး။ အိမ်မှာလည်း မေမေနဲ့သမီးကို ပြန်ကြည့်ရဦးမယ်။ သည်းလေးတောင် အဆင်ပြေရဲ့လား မသိဘူး"

"လူနာစောင့်တာပဲ၊ လူနာဘေးထိုင်နေတာ ဘာကျေးဇူးတွေတင်နေရဦးမှာလဲ။ အဲဒါသာကြည့် ဦးနေဘုန်းရေ ... သနားလို့ အိမ်ပေါ်ခေါ်တင်ထားမိပါတယ် ခွေးလို ပြန်ကိုက်နေတာပဲ"

သူ ဘယ်လိုပင်ပြောပြော နန်းငွေရည် ကိုယ့်အိတ်ယူကာ အတင်းပင် ထွက်လာခဲ့သည်။ မိမိဘဝကိုလည်း စိတ်နာမိသည်။ သည်မိသားစုနှင့် ကင်းကင်းရှင်းရှင်းနေလို့မရသည့်ဘဝ။

သူမ အမွေဆိုတာလည်း မမက်ပါ။ တန်းလျားမှာမှ မနေလျှင် ဘယ်မှာမှ နေစရာမရှိသေးတာကြောင့်သာ ကပ်နေရတာပါ။ ပြီး ... မေမေ ဒေါ်မိုးစွေလည်း ရှိသေးတာမို့။

ဒေါ်ယုယသော်၏အပြောအဆိုနှင့် နှိမ့်ချဆက်ဆံမှုတွေကို မခံနိုင်ပေမယ့် ခံနေရသည့်ဘဝ၊ သိမှတ်မဲ့စွာ စီးကျနေသည့် မျက်ရည်ပါးပါးကိုလည်း နန်းငွေရည် မသုတ်ချင်တော့ပါ။

မေမေသေလျှင်တော့ သားအမိနှစ်ယောက် တောင်ကြီးကိုပြန်မည်။ ကြုံသလိုပဲ လုပ်ကိုင်စားသောက်တော့မည်။ ယခုတော့ ကပ်နေတာကိုပင် ဒေါ်ယုယသော်တို့အဖွဲ့က အမွေလိုချင်လို့ ကပ်နေတာတဲ့။

www.burmeseclassic.com



မေမေ ဒေါ်မိုးစွေဟာ သူမတို့သားအမိရှိနေလို့သာ ယခုလို အသက်ရှည်နေရတာပါ။

သည်စဉ် သူ့အနားသို့ ကားတစ်စီးရပ်လာသဖြင့် နန်းငွေရည် လန့်သွား၏။ သမီးတုန်းကလိုပဲ ကားပေါ်ဆွဲတင်ကြမလို့လား။ ဒီအရွယ်ကရော ရောင်းစားလို့ရသလား။

သို့သော် ကားတံခါးဖွင့်ထွက်လာသူက ဦးနေဘုန်းပါ။ ဦးနေဘုန်းကိုလည်း နန်းငွေရည် မကြည်။ ဟိုမိန်းမနှင့်အတူ ဝင်လာတာလေ။

နန်းငွေရည် ကိုယ့်လမ်းကိုယ် သုတ်သုတ်လျှောက်ပြီး ကားမှတ်တိုင်မှာ ရပ်လိုက်သည်။ သူတို့လို လူစားတွေဟာ လိုင်းကားပဲစီးရမှာပါ။

ဦးနေဘုန်းက ကားပေါ်ပြန်တက်ပြီး နန်းငွေရည် ရပ်နေရာသို့ ဘီးလိမ့်ရုံ မောင်းလာခဲ့သည်။ ပြီး ကလေးဆန်ချင်သည် ကွဲမြီးတိုနေသည့်နန်းငွေရည်ကို လေးစားစွာ ဖိတ်ခေါ်လိုက်ပါ၏။

"မလေး ... လာလေ၊ အိမ်နီးချင်းတွေပဲ၊ အတူတူ ပြန်ကြတာပေါ့"

"ရှင် လူနာတောင် သေချာမမေးခဲ့ဘူးထင်တယ်။ ကျွန်မက သူများအိမ်ရဲ့နောက်ဖေးတန်းလျားမှာ နေတဲ့သူပါ။ ရှင်ဂရုစိုက်ရမယ့်လူ မဟုတ်ဘူး"





နန်းငွေရည်၏စကားကြောင့် ဦးနေဘုန်း မျက်ခုံးပင့်သွားပြီး–

"မလေး ... ဂျေဝင်နေတာလား။ ကိုယ်တို့က မိတ်ဆွေတွေပါ။ ကိုယ့်မြေးကို ထိန်းပေးနေတဲ့သူကို ကျွန်တော် ဂရုမစိုက်ရဘူးလား။ တက်ပါ ... မကျေနပ်ရင် လမ်းကျမှ ပြော"

နန်းငွေရည် ရှက်သွားပြီး ကားပေါ်သို့ မျက်စိမျက်နှာ ပျက်လျက် တက်မိသည်။ ကားထွက်လာတော့မှ ဦးနေဘုန်း ဘယ်လိုထင်သွားပြီလဲဟု တွေးကာ သူ့ကို ခိုးကြည့်မိသည်။

"ကိုယ့်အိမ်နီးချင်းတစ်ယောက် ဆေးရုံတက်နေရတယ် အသည်းအသန်ဖြစ်နေတယ်ဆိုတော့လည်း မေးရမှာ လူ့တာဝန်ဝတ္တရားတစ်ခုပဲ မဟုတ်လား မလေးရယ်။ ပြီးတော့ ကိုယ့်မြေးက ဒီဘက်အိမ်မှာနေ နေတာလေ"

"ဟုတ်ပါတယ်၊ ကျွန်မ ကိုယ့်ဘဝကိုယ် နာကြည်းလွန်းလို့ ရှင့်ကိုပါ ရမ်းမိတာပါ၊ တောင်းပန်ပါတယ်"

"ကျွန်တော် နားလည်ပါတယ်ဗျာ။ သူ လူလည်လုပ်နေတာတွေ၊ ကိုယ့်အပူထုပ်ကို မလေးခေါင်းပေါ် တင်ချင်နေတာတွေ အားလုံးမြင်နေပါတယ်။ ကျွန်တော် ငနုံအကြီး မဟုတ်ပါဘူး"

"ကျွန်မ စိတ်မပုပ်တတ်ပါဘူး။ ဘယ်သူဖြစ်ဖြစ် ကူညီတတ်ပါတယ်။ ဒါပေမဲ့ ... ပုထုဇဉ်တစ်ယောက်မို့ ကိုယ့်အပေါ်မှာ



www.burmeseclassic.com

www.burmeseclassic.com



စိတ်ပုပ်၊ စိတ်ယုတ်ကြတဲ့လူတွေကိုတော့ အတိုင်းအတာတစ်ခုထိပဲ ကူညီချင်တယ်။ သူတို့မိသားစုဟာ ကျွန်မတို့သားအမိကို အမှိုက်လို သဘောထားတာပါ”

“ဟုတ်တာပေါ့။ မလေးတို့မရှိရင် သူတို့ပဲ အမွေအကျန် ရမှာကို”

“အမွေဆိုတာလည်း မမက်ပါဘူးရှင်။ မေမေရှိနေသေးလို့သာ ပြုစုစောင့်ရှောက်ရင်း နေပေးတာပါ။ မေမေကတော့ ကျွန်မတို့အပေါ် စေတနာထားရှာပါတယ်”

“ဒေါ်ယုယသော်ကတော့ လောဘ၊ မောဟ၊ ဒေါသတွေ နိုင်းချင်းနဲ့ မိန်းမတစ်ယောက်ပါဗျာ”

ကားပေါ်မှာ တိတ်ဆိတ်သွားကြပြန်သည်။ နန်းငွေရည် ဘာစကားမျှ မပြောချင်တော့လို့ပါ။ ကိုယ့်ခံစားချက်တွေကို ဒီလောက်ဖွင့်ထုတ်လိုက်ရရင် တော်ပါပြီ။ သူဟာ သူစိမ်းတစ် ယောက်ပဲ။

တစ်နေကုန် စိတ်ပင်ပန်း လူပင်ပန်းခဲ့ရသည်မို့ နန်းငွေ ရည် နောက်ကိုမှီကာ အိပ်ပျော်သွားမိ၏။ ဦးနေဘုန်း ကားကျ နေသဖြင့် မိတ်မိနေပေမယ့် ခါတိုင်းလို စိတ်မဆိုးမိတော့ သည်တစ်ခါ ပျော်သလိုလို။

သူ့ဘေးနားမှာ ကလေးသဖွယ် အိပ်ပျော်နေသည့်မလေး





ငေးကြည့်နေမိသည်။ ဘဝကြမ်းကို ဖြတ်သန်းခဲ့ရသော်လည်း ဖြူ စင်သည့် စိတ်ကလေးကြောင့်ထင့်၊ နုနယ်လှပါသည်။

ဖြူစင်ဝင်းပသည့် အသားအရေ၊ အဆင်ပြေချောမော သည့် မျက်နှာလေးက အပြင်အဆင် အခြယ်အသမရှိ။ သဘာဝ အတိုင်း။ ဝတ်စားဆင်ယင်ပုံကလည်း ပါတိတ်ဝမ်းဆက်အိအိလေး နှင့်သာ။

သားငယ်ငယ် ချစ်ဇနီးဆုံးသွားကတည်းက ဘဝမှာ အချစ် မရှာတော့ဘဲ စီးပွားရေးကိုသာ ဇောက်ချလုပ်ဆောင်ခဲ့ပြီးသားကိစ္စ၊ သမီးကိစ္စ၊ နောက်မြေးကိစ္စတွေနှင့် ဂျင်ရျင်လည်ခဲ့ရသည့် သူ့ဘဝ။

အိမ်မှာ ကွက်လပ်တစ်ခု ရှိနေတာတော့ မငြင်းသာ။ သူတို့ အိမ်ဟာ အိမ်ရှင်မ မရှိတာမို့ အမြဲခြောက်ကပ်နေတာပါပဲ။ သူ့ အသက်ကလည်း ငါးဆယ်ကျော်ရုံလေးမို့ အရွယ်ရှိသေးတယ် ပြောရမှာပါပဲ။

သူ့ကိုလိုချင်သူတွေ ဝိုင်းဝိုင်းလည်နေပေမယ့် စီးပွားတွက် တွက်ကြသည့် ဣတ္ထိယ သိုက်တူးသမားတွေကို သူ ဝေးဝေးက ရှောင်ခဲ့သည်။

မလေးကျမှ မြင်ကတည်းက ရင်ထဲထိတာ။ အပျိုလေး တွေလို သေးသေးသွယ်သွယ်မဟုတ်ဘဲ ပြည့်တင်းသည့်ကိုယ်လုံး အလှက ရှေးမယ်ဗမာတစ်ယောက်လို။ မျက်နှာအလှကလည်း



www.burmeseclassic.com

www.burmeseclassic.com



ပွလောင်သည့်အလှမျိုး မဟုတ်ဘဲ လမင်းလို အေးအေးမြမြ နှာတံလေးတွေ မျက်လုံးမျက်ခုံး မျက်တောင်ကော့ကော့လေးတွေက အစ ပြောစရာမရှိ။

အလှဆုံးက နှုတ်ခမ်းလေးထင်ရဲ့။ မွန်ရိုးလို၊ ခင်သန်းနု လို၊ ထူထူလုံးလုံး အိအိလေး၊ အဲ . . . အိမယ့်ပုံလေ။

သူငေးကြည့်နေဆဲ နန်းငွေရည် မျက်လုံးပွင့်လာတော့ သူမှာ ကမန်းကတမ်း မျက်နှာလွှဲရသည်။ မချောကလည်း မြူး မြူးပြာပြာ၊ အိပ်ချင်မူးတူး။

"ဟင် . . . ရောက်ပြီလား၊ ဆင်းမယ်လေ"

"မရောက်သေးဘူး မလေးရဲ့။ ကားလမ်းကျဉ်နေလို့ ဖြည်းဖြည်းချင်း မောင်းနေရတယ်။ ဒီည အိမ်ပြန်ရောက်ပါဦးမလား ဘဲ"

"အို . . . ဒုက္ခပါပဲ၊ သမီးနဲ့သည်းလေးနဲ့မေမေ ကျွန်မတော့ မျှော်နေကြမှာ"

"ကိုယ် ဖုန်းလှမ်းဆက်ထားပါတယ်ဗျာ။ မလေးရဲ့သမီး နဲ့မြေး အဆင်ပြေစွာရှိနေကြပါသတဲ့"

သူ့စကားကြောင့် နန်းငွေရည် စိတ်ကသိကအောက် ဖြစ်သွားရပြီး တစ်ဖက်သို့ မျက်နှာလေး လှည့်သွားမိသည်။ ဦးနေ ဘုန်း ပြုံးနေမိရင်း –





"ပြန်အိပ်လေ မလေးရဲ့၊ မလေးဘဝမှာ ပင်ပန်းလှပါပြီ ဗျာ။ သက်သောင့်သက်သာလေးများ နေပါဦး။ ( )က်ရင် ကျွန်တော်နှိုးမှာပေါ့"

"တော်ပါပြီ . . . မအိပ်တော့ပါဘူးရှင်"

"ဘာလဲ . . . ကျွန်တော် ခိုးကြည့်နေမှာစိုးလို့လား"

"အို . . . ကလေးကလားရှင်"

နန်းငွေရည် တအားရှက်သွားပြီး မျက်နှာလေး ပန်းသွေး ရဲသွားပုံက သူ့အတွက် ရင်ခုန်စရာ။ သို့သော် သူ ဘရိတ် မြန်မြန် အုပ်ရသည်။ ကိုယ့်ကို အထင်သေးသွားလျှင် ရှေ့ဆက်ရမည့်ခရီးက ကြောင့်တန်းမှာမဟုတ်။

"ဆောရီး မလေးရယ်။ ကျွန်တော် မျှော်နေမိလို့ပါ"

"ကားပိတ်မိနေတာကို ပျော်တယ်ဟုတ်လား။ ရှင် စိတ် ကောင်းပါတယ်နော်"

"ကောင်းတာပေါ့၊ မီးလောင်ပြင်လို ခြောက်သွေ့လောင် ကျွမ်းခဲ့ရတဲ့ ကိုယ့်ဘဝ ဒီနေ့မှ မိုးဖွဲလေးတွေနဲ့ ဆုံစည်းရတယ် ဗျာ"

"ဟင် . . . အပြင်မှာ မိုးရွာနေတာပဲ၊ ဒုက္ခပါပဲ အဝတ်တွေ လှမ်းထားခဲ့တာ၊ သမီး ရုတ်မှရုတ်ပါ့မလား"

ဦးနေဘုန်း လက်မြှောက်လိုက်ပါသည်။ ရှမ်းမကို ကဗျာ



www.burmeseclassic.com

www.burmeseclassic.com



ဆန်နေရတာ သွားတာပါပဲ။ သည်စဉ် ကားလမ်းပြန်ပွင့်သွားသဖြင့် သူလည်း အလျင်အမြန် ဆက်မောင်းရသည်။ တစ်နာရီလောက်ကြာမှ ပြန်ရောက်ကြတော့ ရင်အေးစရာ သည်းလေးက အိမ်ပြန်ရောက်နေပါလေ၏။

သည်းဝေလျှံလေးနှင့်အတူ ငွေလသာပါ အိမ်ရှေ့ဆင်ဝင်မှာ ငုတ်တုတ်လေးတွေ။ ဟုတ်တာပေါ့။ သူတို့မှာ သော့မှမရှိတာ။ နောက်ဆို သူတို့သားအမိကို သော့တစ်ချောင်းပေးထားမှပါ။

"သားလေး ... အိမ်ကိုလာစောင့်နေတယ် ဟုတ်လား။ ဘိုးဘိုးလာခေါ်မှာပေါ့ကွာ"

"ဘိုးဘိုးက ကြာနေတာကိုး။ လေးလေးလည်း ပြန်မရောက်သေးဘူး။ သားသား အိမ်ကိုစိတ်မချလို့ လာပြီးစောင့်ရှောက်နေတာ"

သူ့စကားကြောင့် အားလုံးပင် စိတ်ညစ်နေသည့်ကြားမှပင် ပြုံးလိုက်ကြရသည်။

"ကျေးဇူးတင်ပါသတဲ့ဗျာ။ ကဲ ... မလေးတို့သားအမိကိုလည်း ဖိတ်ခေါ်ပါတယ်။ ဒင်နာ စားကြရအောင်။ ညစာမစားရသေးဘူး မဟုတ်လား"

(၈) နာရီမထိုးသေးပေမယ့် ငွေလသာ ဒီနေ့မှ ရုံကျနေသည့်သားလေးကို အိမ်ပြန်ပို့ရင်း စောင့်နေပေးရတာ တစ်နာရီ





ကျော်ပြီ။

တစ်နေ့လုံး အိမ်မှာလူမရှိကြတာမို့ သူမ စား သည့် အိမ်ကို ခေါ်သွားတော့လည်း ကလေးက သန္တကောင်းသား။ သိုက်မရှုတ်ဘဲ သူ့လေယာဉ်ပျံလေးနှင့်သာ ခြံထဲမှာ ဆော့နေရှာတာ။

"ရပါတယ် ... အိမ်ပြန်တော့မယ်။ အိမ်ကျမှ စားတော့မယ်"

"အားမနာပါနဲ့ဗျာ ... သား စားစရာတွေ ဝယ်လာမှာ။ ယောလာပါပြီဗျာ။ အတူတူစားကြရအောင်ဗျာ။ နော် မငြင်းပါနဲ့"

"ရှင်တို့ ရေချိုးရဦးမှာလေ။ ကျွန်မတို့လည်း"

"တော်ပြီဗျာ ... ထမင်းအရင်စားကြမှာ။ ရေ နောက်မှချိုးမှာ။ မိတ်ဆုံစားပွဲက ပိုပြီးအရေးပါတယ်"

ပြောပြောဆိုဆိုနှင့်ပင် သားအဖနှစ်ယောက် ဝယ်လာသည့် စားသောက်စရာများနှင့် ချက်ချင်းပင် ဒင်နာလေးလုပ်လိုက်ကြသဖြင့် ငွေလသာတို့သားအမိ မငြင်းနိုင်တော့ပေ။

သည်းလေးကလည်း ပျော်လို့။ ကလေးရဲ့စိတ်ဆိုတာ ဖယောင်းရုပ်လေးပမာ။ လူဆိုးတို့လက်မှာ ဆိုးယုတ်နေပေမယ့် လူကောင်းနှင့်တွေ့ပြန်တော့ ပြုံးပြုံးရွှင်ရွှင်။

"ကဲ ... ဦးကိုကိုလွင် အမြန်ဆုံးနေကောင်းဖို့အတွက်



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ရဲ့ခင်မင်မှုလေး သက်ဆိုးတိုင်ဖို့အတွက်”

ဦးနေဘုန်းဆုတောင်းပြီး အားလုံးပင် စတင်စားသောက်လိုက်ကြသည်။ နန်းငွေရည်ရင်ထဲ လေးနေတာတော့အမှန်။

ရှေ့လျှောက်ပြီး ဘာတွေဖြစ်လာဦးမှာလဲ။

ဒေါ်ယုယသော်ဟာ သူမကို ဘာတွေနှောင့်ယှက်ဦးမှာ လဲ။ မေမေမရှိတော့လျှင် –

အို နောက်မှပဲစဉ်းစားတော့မည်၊ ယခု စိတ်ချမ်းသာနေတုန်း ဘာမှမတွေးတော့ဘဲ သားအမိနှစ်ယောက် စားသောက်လိုက်ကြသည်။

သည်စဉ် တိုက်ရှေ့သို့ ကားတစ်စီးဝင်လာပြီး အိမ်ထဲသို့ ဝင်လာသည့်ခြေသံနှင့်အတူ။

“ဩော် . . . ပြောတော့ဖြင့် မေမေ့ကို စိတ်မချလို့တဲ့။ အခုကျ ဒီမှာလာပြီး ပျော်ပွဲစားနေကြတယ်ပေါ့လေ။ အရှက်မရှိတဲ့ မိန်းမတွေ။ ယောက်ျားဆို ငမ်းငမ်းတက်နေကြတာ။ ချမ်းသာတဲ့ လူဆို ပြီးရော။ ကုန်ရွှေတွေ၊ သိကွာတွေ ဘေးဖယ်ပြီး ဖက်တက်နေလိုက်ကြတာ”

ဒေါ်ယုယသော် ဆေးရုံမှာမနေဘဲ တက္ကစီနှင့် ပြန်ချလာတာဖြစ်မည်။ နန်းငွေရည်နှင့် ငွေလသာမှာ အံ့အားသင့်ပြီး ကြောင်နေပေမယ့် ဦးနေဘုန်းကတော့ အိမ်ရှင်ပီပီ ဒေါ်သကိုထိန်းပြီး –





“ကျွန်တော်တို့ ညစာစားချိန်နဲ့ကြုံလို့ အတင်းခေါ်ကျွေးရတာပါ။ မလေးတို့မှာ ခင်ပွန်းယောက်ျားကို လိုက်စောင့်နေရတာနဲ့ ညစာလည်း အဆင်သင့်ရှိမှာမဟုတ်ဘူးလေ”

“အမယ်လေး . . . သူတို့က ဒီလို အရှုံးကွက်နင်းချင်နေကြတာ။ နန်းငွေရည် . . . နင် ဒီည ဆေးရုံမှာ သွားစောင့်လိုက်။ ငါ နေမကောင်းလို့။ ငါ့သားကလည်း ဒီနေ့ သူငယ်ချင်းအိမ်မှာ အိပ်မယ်လို့ ဖုန်းလှမ်းဆက်တယ်”

ပြောပုံက အပိုင်။ သည်တစ်ခါတော့ ရှမ်းမ သတ္တိတွေ ရှိလာပြီ။ ခံရတာများလွန်းလို့လေ။

“ရှင့်ယောက်ျား ရှင့်ဘာသာ စောင့်ချင်စောင့်၊ မစောင့်ချင်နေ။ ကျွန်မနဲ့ ဘာမှမဆိုင်ဘူး။ ညစာကျွေးတာ ကျေးဇူးပါ ဦးနေဘုန်း။ ကျွန်မတို့ကို ပြန်ခွင့်ပြုပါဦး”

နန်းငွေရည် သမီးလက်ကိုဆွဲပြီး ထမင်းစားခန်းမှထွက်သွားလျှင် ဒေါ်ယုယသော် ဒေါသယမ်းပုံကြီးကွဲလေပြီ။

“ဟင် . . . နင် ဘာအချိုးချိုးတာလဲ။ ငါ့အိမ်မှာနေရင် ငါ့အလုပ် လုပ်ရမှာပေါ့။ ငါတို့အိမ်ကအလုပ်ကို မလုပ်ချင်ရင် ခြံထဲက ခုထွက်။ ခုထွက်။ မသိတတ်တဲ့ ကျေးဇူးကန်းတဲ့ ကောင်မတွေ”

ဒေါ်ယုယသော် ဆွေ့ဆွေ့ခုန်ပြီး နန်းငွေရည်ကိုလိုက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ထုရိုက်ဖို့ပြင်လျှင် ဦးနေဘုန်း အံ့ဩရသည်။ စရိုက်ကြမ်းလိုက်တာ။ ရွှေဆိုင်ပိုင်ရှင် သူဌေးကတော်ဖြစ်ပြီး လောဘ၊ ဒေါသတွေ များလိုက်တာ။

အမြင်မတော်သဖြင့် ဦးနေဘုန်း နောက်မှလိုက်ပြီး တောင်းပန်ရသည်။

"တော်ပါတော့ ဒေါ်ယုရယ်။ သူ့ယောက်ျားမှမဟုတ်ဘဲ သူ ဘယ်စောင့်ချင်မလဲ။ ဒေါ်ယု ကိုယ့်ယောက်ျားကိုယ်စောင့်ပေါ့။ ကိုယ် မစောင့်ချင် ကိုယ့်သားသမီးတွေ စောင့်ခိုင်းပေါ့"

ဦးနေဘုန်း တားမြစ်နေတုန်း နှန်းငွေရည်နှင့် ငွေလသာတို့ သားအမိ တစ်ဖက်ခြံသို့ ရောက်သွားပေပြီ။

ဦးနေဘုန်းရှေ့မှာ ဒေါ်ယုယသော် အံကိုတင်းတင်းကြိတ်ပြီး မျက်ရည်ပေါက်ပေါက်ကျပြနေပုံက အကယ်ဒမီရှော့။

"ဦးနေ ဘာမှမသိဘဲ ဝင်မဖြန်ဖြေပါနဲ့ရှင်။ အဲဒါ သူ့ယောက်ျား။ သူနဲ့လည်း ဆိုင်တယ်"

"ဗျာ"

မကြားဝံ့ မနာသာကြီးမို့ ဦးနေဘုန်း ကမ္ဘာပျက်မတတ် လန့်သွား၏။ ဟုတ်လို့လား။

"ဘာလဲ ... ရှင်က မယုံဘူးလား။ အဟင်း ဟင်း ... ရှမ်းမက သိပ်လည်တယ်။ နုံချင်ယောင်ဆောင်နေတာ။ သူ့ယောက်ျား





ဆုံးတော့ အိမ်ကထွက်ပေးရမှာစိုးလို့ မေမေ့ကို အပိုင်ကပ်ထားတယ်။ ဒါနဲ့လည်း မသေချာမှာစိုးတော့ ကိုလွင့်ကို ထပ်ပြီးမြှူဆွယ်ဖြားယောင်းတယ်လေ"

"ဟုတ်လို့လားဗျာ"

"ဟုတ်သမှ သိပ်ဟုတ်ပေါ့။ ကျွန်မက ကိုယ့်မိသားစု အိမ်တွင်းရေးကို ဘယ်အပြင်ထုတ်ပြောချင်မလဲ။ ဦးနေက ဘာမှ မသိဘဲ သူ့ကိုအထင်ကြီးနေလို့ပြောပြရတာ။ သာတုန်းကနားပြီး ခု နာတော့မှ ကန်ထုတ်ချင်လို့ ဘယ်ရမလဲ။ သူ့ကို စောင့်ကို စောင့်ခိုင်းဦးမှာ။ ဦးနေ ဘာမှမသိဘဲ ဝင်မပြောနဲ့တော့"

အောက်လမ်းနည်းသုံးပြီး ဒေါ်ယုယသော် လုပ်ကြံခဲ့တာ နှန်းငွေရည်ကတော့ မသိပါ။ တစ်နေ့လုံး ဆေးရုံမှာနေခဲ့ရတာကြောင့် မေမေ ဒေါ်မိုးစွေကို ဘာလုပ်ပေးရဦးမလဲဟု ဝင်ကြည့်သည်။ ငွေလသာပါပေါ့။

သားအမိနှစ်ယောက် ဒေါ်မိုးစွေမေးတာဖြေ၊ လိုအပ်တာ လုပ်ကိုင်ပေးပြီး အခန်းထဲမှ ထွက်လာကြတော့ ဧည့်ခန်းထဲမှာ စောင့်နေသူဟာ ဒေါ်ယုယသော်။

ခါးကိုထောက်ပြီး မီးဝင်းဝင်းတောက်တော့မည့် မျက်လုံးများနှင့်။

"ဒီမှာ မိငွေရည် ... နင် ဆေးရုံကိုသွားမလား။ ဆေးနိုးလျှား



www.burmeseclassic.com

www.burmeseclassic.com



က ထွက်မလား ကြိုက်တာရွေး”

“လာပြန်ပြီ . . . ရှင် မတရားမလုပ်နဲ့နော်။ ရှင့်တန်းလျား ကိုလည်း၊ သေတဲ့အထိ ဖက်တွယ်မနေဘူး။ မေမေရှိတုန်းမှ ပြုစုချင်လို့နေတာ”

“အမွေလိုချင်လို့ ကပ်နေတာ မဟုတ်လား အလည်မရဲ့၊ မေမေက နင့်ကိုပေးစရာအမွေ ရှိသေးတယ်လေ။ ဒါကို စောင့်နေတာ”

“မေမေ့မှာ ဘာမှမရှိတော့ဘူး။ ဘာကိုမှလည်း ကျွန်မ မမက်ဘူး။ ရှင့်လက်ထဲမှာထားခဲ့ရင် မေမေ သက်တမ်းရှေ့မှာ မဟုတ်ဘူး။ ကျွန်မတို့လင်မယား ဒီအိမ်ရောက်ခါစတုန်းကလို မေမေ့ကို အညစ်အကြေးတွေနဲ့ ထိုးထားပြီး မြန်မြန်သေအောင် ရှင် ဖန်တီးမှာ”

“အောင်မာ . . . နင်က ဘယ်သူ့အားကိုးရှိလို့ ငါ့ကို အားနေတာလဲ။ ငါက သွားဆို သွားပေါ့”

“မသွားနိုင်ပါဘူး။ ရှင့်ဆိုရင်တောင် ကျွန်မ လုပ်ပေးနိုင်သေးတယ်။ ကိုယ့်ယောက်ျား၊ ကိုယ့်အဖေ၊ ကိုယ့်မောင်လည်း မဟုတ်ဘဲနဲ့ ယောက်ျားတစ်ယောက်ကို ကျွန်မ ပိုက်ပိုက်ပွေ့ပွေ့ မလုပ်နိုင်ဘူး”

“သူက လူနာပဲဟဲ့။ နင့်ခဲအိုပဲ”





“လူနာကို ပြုစုရအောင် ကျွန်မ သူနာပြုလည်း မဟုတ်ဘူး။ ကျွန်မက အရွယ်ရှိသေးတဲ့ မိန်းမတစ်ယောက်ပါ။ ခဲအို ဆိုပေမယ့် ကျွန်မတို့အပေါ် နှမ်းတစ်စေ့တောင် ကောင်းခဲ့တာ မဟုတ်ဘူး။ မယားက သေဆိုသေ၊ ရှင်ဆိုရှင် ဆိုတဲ့လူ။ အခု မယားက သေစေချင်နေတာ သေပါစေ”

နန်းငွေရည် ဖွင့်ပြောပြီး ဘိမီးလက်ဆွဲကာ ကိုယ့်တန်းလျားသို့သာ ပြန်ခဲ့သည်။

ဒေါ်ယုယသော် ဆွေ့ဆွေ့ခုန်ရုံမကလို့ ကျွမ်းထိုးထိုး။ သူ့အကုသိုလ်နှင့်သူ ရှိပါစေ။

❄ ❄ ❄



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၄)

ဒေါ်ယုယသော်တစ်ယောက် ကိုယ့်ဇာတ် ကိုယ်မနိုင်တော့ပါ။ ရွှေဆိုင်ကလည်း မြတ်တာနှင့် သုံးဖြုန်းတာက မမျှသဖြင့် ကြွေးတွေ တင်နေ၏။

သူတို့က သူများဆိုင်မှဖောက်သည်ယူရောင်းတာ အသစ်ယူ အဟောင်းပေးစနစ်နှင့်။ ယခုကျ ရောင်းလိုက်၊ သုံးလိုက် လုပ်နေခဲ့တာမို့ ကြွေးက လည်ပင်းခိုက်နေပြီ။

သည်ကြားထဲ ယောက်ျားကို နာမည်ကြီးဆေးခန်းတစ်ခု မှာတင်ခဲ့ရတာမို့ ကုန်ကျစရိတ်ကမနည်း။

"တောက် ... ဒင်းကြောင့် ဒင်းမလိမ္မာလို့"

ဒေါ်ယုယသော် နန်းငွေရည်ကိုပဲ ရှုံ့မဲ့ မဲနေမိသည်။





သူဆိုတာ ကိုယ့်အပြစ်ကိုယ်မမြင်။

"ဒင်းသာ အိမ်မှာနေပြီး မီးဖိုဝင်မယ်ဆိုရင် ငါ အိမ်အကူ မငှားရတော့ဘူးပေါ့။ အိမ်အကူနှစ်ယောက်ကိုပေးရမယ့်လစာ ခပေးရတော့ဘူး။ ကလေးအတွက်ပေးတဲ့ စားသောက်စရာခြင်း လည်း ငါချည်းပဲ အပိုင်စီးရမှာ"

ဆေးရုံစရိတ်ကကုန်လှပြီမို့ မသက်သာ။ သည်ဖြစ်စေ တိုကိုလွင်ကို အိမ်ပြန်ခေါ်ဖို့ ဒေါ်ယုယသော် ဆုံးဖြတ်လိုက်၏။

"အိမ်မှာပဲ ဆရာဝန်ပင့်ပြီးကုရင် အခုလို ငွေတွေ သောက်သောက်လဲ မကုန်တော့ဘူး။ သွားစောင့်စရာလည်း မလို တော့ဘူး"

လောလောဆယ် ဆေးရုံမှဆင်းချင်လျှင် ဆေးရုံစရိတ် ရှင်းရမှာမို့ လိုသည့်ငွေကို ဘယ်လိုရှာမလဲ။ ရွှေဆိုင်ကလည်း တစ်နေ့မှ တစ်ခု၊ နှစ်ခုတောင် မနည်းရောင်းနေရတာ။

နာမည်ကြီးရွှေဆိုင်တွေမှာသာ ဟင်းရွက်ဝယ်သလို ကြိတ်ကြိတ်တိုးဝယ်နေကြပေမယ့် နာမည်မရှိသည့်ဆိုင်တွေမှာ တော့ တစ်နေ့မှ တစ်ခု၊ နှစ်ခုရောင်းရဖို့တောင် မလွယ်။

ကျားကြီးခြေရာကြီးဆိုသလို အိမ်စရိတ်ကလည်း ကြီးမှ ကြီး။ သားနှင့်သမီးရဲ့စရိတ်က အခိုးဆုံး။ ဆင်သေပေါ်စီးလိုက် သွားသည့် ကျီးမိုက်လို သူမတို့ ပင်လယ်ထဲ မျောရတော့မှာလား။



www.burmeseclassic.com

www.burmeseclassic.com



စေတနာမကောင်း၊ စိတ်ထားမမှန်သဖြင့် အရောင်
အဝယ်ကလည်း အကျိုးမပေး။

"ဟုတ်ပြီ . . . မေမေ့ဆီ အကြောင်းပြပြီး ရွှေထုပ်တောင်
ရမယ်။ သူမှာ အထုပ်ရှိဦးမှာပဲ။ ကိုလွင် ပြောဖူးတယ်၊ မေမေ
ငယ်ငယ်တုန်းက ရတနာတွေ အစုံလိုက်၊ အစုံလိုက် ဝယ်တယ်
တဲ့"

အကြီကုန် ဂျွန်ဆားချက် ည (၉) နာရီလောက်
ဒေါ်ယုယသော် ဒေါ်မိုးစွေ၏အခန်းထဲသို့ ညိုးညိုးငယ်ငယ်
ဝင်သွားလိုက်သည်။ မျက်ရည်တွေညှစ်ထုတ်ပြီး မေမေ့ခြေထောက်
ကို အားကိုးတကြီး ဆုပ်ကိုင်လိုက်သေး၏။ ပြီးမှ –

"မေမေရယ် မေမေ့သားကို ကယ်ပါဦး။ ဒုက္ခတွေ
ရောက်နေပြီ။ မေမေမှမကယ်ရင် သမီးတို့ မြောင်းထဲရောက်ပြီ"

"ဘာဖြစ်ကြတာလဲ"

"မေမေ့သား ဆေးရုံက ဆင်းချင်ပြီ။ အိမ်မှာပဲ ဆရာ
နဲ့ ကုမယ်။ သူ့အမေနားမှာပဲ နေမယ်တဲ့။ သေစရာရှိလည်း
အမေအနားမှာပဲ သေမယ်တဲ့"

တစ်သက်လုံးက မအေနားမကပ်ခဲ့သည့်သားက
ဖြတ်တော့မှ မိခင်နားကပ်မတဲ့။ ဒေါ်မိုးစွေ နားမလည်နိုင်စွာ
နေတော့ ယုယသော်က မျက်ရည်လည်ရွဲနှင့် အသနားခံနေ





"အဲဒါ ဆေးရုံခရှင်းဖို့ မရှိလို့ပါ မေမေ။ ရွှေဆိုင်ကလည်း
သေစရာအကြွေးတွေက သိန်းငါးရာလောက်ရှိပြီ"

"ငါက ဘာတတ်နိုင်မှာလဲ"

"မေမေ့မှာ လက်ဝတ်လက်စားတွေရှိသေးတယ် မဟုတ်
လား။ နည်းနည်းလောက်ပေးပါ မေမေရယ်နော်။ မေမေ့သား
အသက်ကို ကယ်ပါ။ ဆေးဖိုးမရှိရင် သူ ဆေးကုနိုင်မှာ မဟုတ်
တော့ဘူး"

သူ့အပူထပ်ကို မအေ့ခေါင်းပေါ် ထိုးတင်သည့် ဒေါ်ယုယ
သော်။ သူ့တွက်ကိန်းနှင့်သူတော့ ဟုတ်နေသည်။

"ငါ့မှာ ဘာမှမရှိတော့ပါဘူး ယုယသော်ရယ်။ နင်တို့
တစ်သက်လုံး သုံးဖြုန်းလာခဲ့ကြတာ ကုန်ပြီ"

"မကုန်သေးပါဘူး မေမေရယ်။ ကျန်ပါသေးတယ်။ မေမေ
ကယ်ရက်စက်တယ်နော်။ ကိုယ့်သားတစ်ယောက်လုံး သေကောင်
ပေါင်းလဲ ဖြစ်နေတာတောင် ကိုယ့်ပစ္စည်းကို အသေဖက်တွယ်
ထားတယ်"

"နင် အထွင်မှားနေပြီ။ ငါ့မှာ ဘာမှမရှိတော့ဘူး။ ဒီအိမ်
ပဲရှိတော့တယ်"

"ဒါဆို ဒါကိုပဲ ရောင်းရ ပေါင်ရတော့မှာပေါ့။ အိမ်ဂရန်
စာချုပ်စာတမ်းတွေ ပေး"



www.burmeseclassic.com

www.burmeseclassic.com



"ငွါးဆီမှာ မထားဘူး။ ရွှေနေဆီမှာထားတယ်"

"ဘာ . . . ရွှေနေ"

ရွှေနေ၊ ရွှေရုပ်တွေနဲ့ထားသည်ဆိုမှတော့ ဒီအိမ် ဒီ

တွေကို သူတစ်ဦးတည်း ပိုင်ပါဦးမည်လား။ ဟိုရှမ်းမတို့ပါ ရတော့

မှာပေါ့။ ယုယသော် ဆွေ့ဆွေ့ခုန်ပြီး လှုစိတ်ပင်ပျောက်မတတ်။

ပါးစပ်က ယုတ်ယုတ်မာမာတွေပြောမိမှာစိုးလို့သာ ထိန်း

ချုပ်ပြီး အပြင်သို့ ချာခနဲထွက်ခဲ့ရပေမယ့် ဦးနှောက်ထဲမှာတော့

အချက်ပြမီးတွေက မှိတ်ချည်လင်းချည်။

ဒီဟာမတွေကို ရှင်းထုတ်နိုင်မှသာ သူတစ်ယောက်တည်း

အမွေတွေကို လက်ဝါးကြီးအုပ်နိုင်မှာ။

ညဏ်နီ ညဏ်နက်တွေကြောင့် အိပ်လို့ပင် မပျော်။

❋ ❋ ❋



## အခန်း (၁၅)

ခင်နဒီဝင့်။

ရှီးပွဲလျှောက်တိုင်း ရင်ထဲမှာအလိုမကျမိ။

သူမမှာ စောင့်ရှောက်မည့်သူမရှိ။ မေမေကလည်း မလိုက်

နိုင်။ အစ်ကိုကလည်း သူ့ဖယားနှင့်သူ။ ဘုန်းဝေလျှံကို အိစီကလီ

ချုပ်ထားတော့လည်း သူက အမိမခံ။

ယနေ့ညလည်း ရှီးပွဲပြီးတော့ ည (၁၀) နာရီ။ သူမတို့

နားမှာ ပိတုန်းတွေ၊ ပျားတွေ ရှုတ်ရှက်ခတ်နေကြပေမယ့် နဒီ

ကြောက်ပါသည်။ အရိုးပါမကျန်အောင် ဝါးစားကြမည့်သူတွေ။

သူမတို့ဘဝက ကြိုးတန်းပေါ်လမ်းလျှောက်သလို အကျ

မခံအောင် ကြိုးစားနေရသည့်ဘဝ။



www.burmeseclassic.com

www.burmeseclassic.com



သည်ညလည်း သူမ ဘုန်းဝေလျှံဆီ ဖုန်းဆက်ပေမယ့် ဖုန်းတောင်မကိုင်။ ကြာတော့ သူမ အရွဲ့တိုက်ချင်စိတ်ပေါက်လာရသည်။ နင် ဂရုမစိုက်လည်း ငါ့မှာ ဂရုစိုက်မယ့်လူတွေပေါ်ပါတယ်လို့ ပြချင်လာမိ၏။

စတိတ်စင်၏နောက်ဘက်မှာ သူမတို့အဖွဲ့တွေ ထိုင်နေကြဆဲ။ ကိုယ့်လူနှင့်ကိုယ် လာခေါ်သွားကြပေပြီ။ သည်စဉ် အသက်သုံးဆယ်ကျော်အရွယ် စတိုင်ဖြောင့်ဖြောင့်နှင့် အလန်းစား လူတစ်ယောက် နဒီအနားသို့ ရောက်လာခဲ့သည်။

ပုံစံက သူဌေးစတိုင်။ မြင်ရုံနှင့် အသိသာကြီး။

"ခင်နဒီဝင့်နော် ... ကိုယ်က ရဲထက်သူရပါ။ ရွှေနှင်းဆီ ဆောက်လုပ်ရေးကုမ္ပဏီရဲ့ MD ပါ"

"ဟုတ်ကဲ့ ... တွေ့ရတာ ဝမ်းသာပါတယ်ရှင်"

"ဝမ်းသာရင်လည်း အထိမ်းအမှတ်ပွဲလေး ကျင်းပကြရအောင်။ တစ်ခုခုလိုက်စားပါ။ ကိုယ် ဖိတ်ခေါ်ပါတယ်"

"မေမေ လာကြိုတော့မှာ၊ မေမေမလာဖြစ်ရင် အစ်ကို လာမယ်။ သူတို့က အပေါင်းအသင်းများတာ မကြိုက်ဘူး"

"မော်ဒယ်လုပ်နေပြီးမှ အပေါင်းအသင်းများတာ မကြိုက်ဘူးတဲ့လားဗျာ။ ကြည့်လည်း လုပ်ပါဦး။ ဒီဟိုတယ်ထဲမှာပါပဲ။ နော် ခင်မင်မှုအမှတ်တရပွဲလေးပေါ့"





"ခဏပဲနော်"

"ခဏပါပဲဗျာ၊ တစ်သက်လုံးလည်း ခေါ်မထား[illegible]ပါဘူး"

သူ့စကားက အနှောင့်မလွတ်။ ဒီအရွယ်ဟာ အသားစားကျူးတဲ့ အရွယ်။ မိသားစုလည်းရှိမှာပေါ့။ သူက ရုပ်ချောလို့ နဒီ လိုက်လျောမိတာလား။ ဘုန်းဝေလျှံကို အရွဲ့တိုက်ချင်လို့ လား။ စိတ်မသာမယာနှင့်ပင် နဒီ သူ့နောက်လိုက်သွားမိသည်။

အခန်းတစ်ခုထဲမှာ အစားအသောက်တွေမှာပုံကိုက ကျွမ်းကျွမ်းကျင်ကျင်။ သူဟာ ပစ်ခတ်နေကျမုဆိုးလား။ စားနေကျ ကြောင်ပါးလား။ နဒီ မီးနှင့်ကစားမိပြီလား။

အိုလေ ... သတိထားရင် ဘာမှမဖြစ်နိုင်ပါဘူး။ သတိနဲ့ ဆက်ဆံရမှာပေါ့။

သူပြောသည့် သူ့သမိုင်းကို နားထောင်နေပေမယ့် ဒါတွေဟာ သမိုင်းအတုတွေဖြစ်ကြောင်း နဒီ သိနေသည်။

"ကိုယ့်ဇနီးက ရင်သားကင်ဆာနဲ့ ဆုံးသွားတာ (၂) နှစ်ကျော်ပဲ ရှိပါသေးတယ်။ သားသမီးလည်း မကျန်ခဲ့တော့ အထီးကျန် အလွမ်းသမားကြီးဘဝနဲ့ ကိုယ့်ဘဝကို ခါးသက်စွာ ကျော်ဖြတ်နေရတာပါ"

"မထင်ရဘူးနော် ... ရှင့်ကြည့်လိုက်ရင် ပြုံးပျော်ရွှင်မြူးနေတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါကတော့ မချိသွားဖြစ်နေရတာပါ။ မချိလို့ ပြုံးရယ်တယ်လို့ မထင်ပါနဲ့ နုဒီရယ်"

"ကိုယ်က MD ပဲ။ မိန်းကလေးတွေမှ အများကြီး ဝိုင်းနေတာပဲလေ၊ အဲဒီမိန်းကလေးတွေကို အစိမ်းစားစား။ ကင်စားစား ရနေတာပဲရှင်။ စားပစ်လိုက်ပေါ့"

"ဩော် ... နုဒီရယ်။ ကိုယ်က အဲဒီလို ရွက်ကျပင်ပေါက်နဲ့တူတဲ့ ယောကျ်ားမှမဟုတ်တာ။ ကိုယ်က တစ်သက်မှာ တစ်ချစ် တစ်လွှာမှာတစ်ရွက်"

"အဲဒါဆို ရှင့်ဇနီးနဲ့ပါသွားပြီ။ အချစ်တွေ ပြည့်ဝသွားပြီ"

သူတို့နှစ်ယောက်စကားတွေ အပေါက်အလမ်းမတည့်ဖြစ်နေကြဆဲ အခန်းထဲသို့ ဝိတ်တာရောက်လာခဲ့ပြီး အရေးတကြီး ပုံစံနှင့် ပြုံးတူးပြတဲ။

"ဆရာ ... ခင်နုဒီဝင့်အိမ်က လာကြိုပါတယ်"

"ဟာကွာ ... ပြန်သွားပြီလို့ ပြောလိုက်။ ဒီမှာ စတောင် မစရသေးဘူး"

"မရဘူး ဆရာ၊ သူမောင်ထင်တယ်။ တော်တော်တင်းနေပြီ၊ ပြဿနာတက်နိုင်တယ်နော်"

"တောက် ... ပြဿနာပဲကွာ။ မှာထားတဲ့စားစရာတွေ တို့တောင်မတို့ရသေးဘူး"





"ဆရာ ... ဟိုက ဝင်လာတော့မှာနော်။ သူ့ပါ ခေါ်ကျွေးလိုက်ပါလား ဆရာ"

"ဖြစ်မလားကွ။ ကဲ ကဲ ... နုဒီ နောက်တစ်ခါမှပေါ့နော်။ ရော့ ... ကိုယ့်ရဲ့ဗစ်ဇစ်တင်းကတ် အချိန်မရွေး ဆက်သွယ်လိုက်နော်။ လိုရာသုံးလို့ရတဲ့သူတစ်ယောက်လို့သာ ကိုယ့်ကိုမှတ်ထားပါ"

"ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ်ရှင်"

မှာထားတဲ့အစားအသောက်များကို ထားခဲ့ပြီး နုဒီ ထွက်လာတော့ အပြင်မှာ မျက်မှောင်ကြီးကျုံ့၊ ခါးထောက်ပြီးရပ်နေ တာသူမ ဘယ်လိုမှ ထင်မထားသည့် ဘုန်းဝေလျှံ။

"ကိုဘုန်း ... နုဒီ့ကို လာကြိုတယ်နော်။ နုဒီ အရမ်းပျော်သွားပြီ"

သူမက ခုန်ဆွ ခုန်ဆွနှင့် ကလေးပုံချိုးနေပေမယ့် ဘုန်းဝေလျှံ့ ရှေ့မှ တလွှားလွှားနှင့် ကားဆီသို့ လျှောက်လာ၏။

တကယ်က ဒေါ်ယုယသော် ရှိခိုးဦးချနှင့် တောင်းပန်အတူအညီတောင်းလို့ လာခေါ်ရတာ။ ယခုလို ယောကျ်ားတစ်ယောက်နှင့် အခန်းထဲမှာ စားသောက်နေသည်ဆိုတော့ သူ ကျွဲမြီးတိုရသည်။

ကိုယ့်အလုပ်နှင့်ကိုယ် မအားရသည့်ကြားထဲ သူ့ကိုက မယ်မှောင့်။ သည်းလေးနှင့်ပတ်သက်ပြီး အိမ်နှစ်အိမ်က ကောင်းကင်း



www.burmeseclassic.com

www.burmeseclassic.com



ရှင်းရှင်းနေချင်လို့မရ။

ခင်နဒီ လှုပ်လီလှုပ်လဲ့နှင့် လျှောက်လာပြီး သူ့ဘေးနား ဝင်ထိုင်ပြီးသည်နှင့် ကားကို ဆောင့်ထွက်ခဲ့သည်။ ခင်နဒီ အသံ လွင်လွင်လေးနှင့် ရယ်ရင်း –

"ဘာဖြစ်လို့ဖြစ်နေတာလဲ ယူ။ တို့တော့ မသေချင်သေး ဘူးနော်။ ငယ်သေးတယ်"

"လေဖြတ်နေတဲ့ ဖအေတော့ တစ်ချက်ငုံ့မကြည့်ဘဲ အပျော်ပဲ လျှောက်လိုက်နေတယ်"

"အို ... ဒါက တို့တက်လမ်းပါ။ ကိုယ့်ဘဝတိုးတက်ဖို့ အချိန်အခါရှိတုန်း ကြိုးစားရတာ။ ဖေဖေက တို့မရှိလည်း ဆေးရုံ ဆေးခန်းတွေ ရှိတာပဲ။ ဆရာဝန်တွေ ကုနေတာပဲ။ တို့က ဘာလုပ် တတ်တာမှတ်လို့"

"မင်းတို့မျိုးက ဒီလိုပဲလား။ ယောကျာ်းတစ်ယောက်ထဲ သာတုန်း ပေါင်းပြီး နာတော့ ပစ်ထားတတ်ကြသလား"

"ယူ ဘာကိုဆိုလိုတာလဲ"

"မင်းအမေရော မင်းတို့ရော အန်ကယ့်ကို လှည့်မကြည့် ကြဘူးလေ။ ဆေးရုံမှာ နာ့စ်နဲ့ထိုးထားကြတယ်။ အန်တီနဲ့ ထား ထားကြတယ်"

"ဒါကတော့ သူက အားနေတာကိုး။ အားတဲ့လူကြည့်ရ သူလည်း ခံအိုတော်တာပဲလေ။ မိသားစုတွေပဲ။ မျှခံကြပေါ့"

ဘုန်းဝေလျှံ ဘာမှမပြောတော့ဘဲ ကားကိုသာ ဂရုစိုက် မောင်းနေ၏။ ခင်နဒီကလည်း မိန်းမပါပဲ။ ဖေဖေ့ကိစ္စနှင့် ပတ် သက်ပြီး သူ အစာမကျေတာသိသည်။

"မေမေက ဖေဖေ့ကို အိမ်ပြန်ခေါ်တော့မှာပါ။ အိမ် ရောက်ရင်တော့ နဒီတို့ ဝိုင်းပြုစုလို့ ရတယ်လေ။ ခုတော့ ဆေးရုံ ဆိုတော့ အခြေအနေ မပေးဖြစ်နေတာပေါ့"

"ဘာပဲဖြစ်ဖြစ်လေ မိသားစုဆိုတာ မကျန်းမာတဲ့အခါ အနားမှာ ဝိုင်းဝန်းပြုစု စောင့်ရှောက်မှပေါ့။ အခုကျ နဒီတို့ သား အမိတွေက လူနာနားမကပ်ကြဘူး"

"ကေဒ္ဒ ယူ့ကို တစ်ယောက်ယောက် ချွန်လိုက်ပြီ ထင် တယ်။ ဟုတ်ရဲ့လား။ ငွေလသာမှ ဟုတ်ရဲ့လား"

"သူနဲ့ စကားမပြောဖြစ်ပါဘူး။ မြင်နေရတာပဲလေ။ အဘိုးကြီးက ဆေးရုံမှာ အသည်းအသန်။ မအေကလည်း ဆိုင် ထွက်မပျက်။ သမီးကလည်း ရှိုးလျှောက်မပျက်။ သားကလည်း ဂိတ်ကလပ်တက်မပျက်။ တကယ် စိတ်ပျက်စရာကောင်းတယ်"

ဘုန်းဝေလျှံစိတ်ထဲမှာ သူတို့ကို အထင်သေးနေတာ ဘိုးသာဖြင့် ခင်နဒီ ပြန်ပြီးအဖတ်ဆည်ဖို့စဉ်းစားနေရသည်။ ကိုယ့် အပြစ်ပေါ်အောင် ငွေလသာကိုပါ အဖော်ဆွဲထည့်မှ။






www.burmeseclassic.com

www.burmeseclassic.com



"အမယ်လေး ကိုဘုန်းရယ် ... ယူက ငွေလသာ အကြောင်း မကြားဖူးသေးလို့ပါ။ သူ့အဖေတုန်းက ဒို့ထက်ပိုဆိုးတာပေါ့။ လေးလေးက လူဆိုးအပေအတေ၊ အဆုတ်လည်းမကောင်း၊ အသည်းလည်းမကောင်း။ အိပ်ရာထဲမှာ ၃-၄ လ လဲနေရတာ။ သူက တစ်ချက်တောင် ငဲ့ကြည့်တာမဟုတ်ဘူး။ သေတာတောင် မသိလိုက်ရတဲ့ဘဝ။ သူ နောက်ဆုံးနှစ်စာမေးပွဲ ဖြေနေတာလေ။ နဒီက ဖေ့ဖေ့ကို သေသေချာချာ ပြုစုမှာပါ။ အခု ရှုံးပွဲတွေကတော့ မလျှောက်မဖြစ်လို့ လျှောက်နေရတာ။ နဒီက မိဘကို ဒီအလုပ်နဲ့ ပြုစုလုပ်ကျွေးချင်သေးတယ်"

စကားတွေ ရှုန်းရှုန်းဝေရင်းနှင့်ပင် ဘုန်းဝေလျှံက ခြံရှေ့မှာပင် ကားရပ်ပေးခဲ့သည်။

"အထဲမဝင်တော့ဘူးလား"

"ဝင်စရာလား ဒီအချိန်ကြီး"

သူ ကားကို ဆောင့်ထွက်ခဲ့သည်။

ခင်နဒီ ဘယ်လိုပြောပြော အပွေးမြင်အပင်သိ။ ငွေလသာဟာ အဘွားကိုတောင် ပြုစုနေတာ။ ဖအေကို ပစ်ထားတယ်ဆိုတာ ဟုတ်မှာမဟုတ်။

❄ ❄ ❄



## အခန်း (၁၆)

နောက်တစ်နေ့မနက်။

တစ်ဖက်အိမ်မှာ လူနာတွေ၊ အိမ်တွင်းရေးတွေ ရှုပ်ထွေးနေချိန်မို့ ဦးနေဘုန်းတို့သားအဖ သည်းလေးကို ပို့ထားရမှာ စိတ်မဖြောင့်။

"ဒီနေ့တော့ ကလေးကို အလုပ်ထဲခေါ်သွားရမလို ဖြစ်နေပြီ"

"မဖြစ်ဘူး၊ ဖေဖေ၊ ဆိုက်ထဲမှာ လုပ်ငန်းခွင်အန္တရာယ်ဆိုတာရှိတယ်။ ဖေဖေနဲ့သား တစ်လှည့်စီပဲ ဆိုက်ထဲသွားရအောင်။ ဖေဖေ ဒီနေ့ သားသားကို ထိန်း၊ ကျွန်တော်ပဲ သွားမယ်"

"ဒါဆိုလည်း သားကျန်ခဲ့၊ ဖေဖေ သွားလိုက်မယ်၊ အိမ်မှာ



www.burmeseclassic.com

www.burmeseclassic.com



လာနေမယ့်ကလေးထိန်းတော့ ရှာဦးမှပါကွာ။ အသက်ကြီးကြီး ထဲက"

"ဒေါ်နန်းငွေရည်တို့ဆိုဒ်လား ဖေဖေ"

"ခွေးကောင် ... အရေးထဲ ဖအေကို နှောက်နေသေးတယ်။ မင်း ငါ့နေရာမျိုးမှာ ဝင်ပြီးကိုယ်ချင်းစာကြည့်"

"စာပါတယ် ဖေဖေရယ်။ ကျွန်တော်သာဆို မုဆိုးဖိုဘဝနဲ့ အကြာကြီးနေချင်မှနေမှာ။ အထီးကျန်ဘဝဆိုတာ တယ်ဆိုးတာပဲ။ အခုလည်း ဖေဖေ အမြန်လှုပ်ရှားနော်။ ဒေါ်ယုယသော်လည်း မုဆိုးမ ဖြစ်ချင်ဖြစ်တော့မှာ။ ဒီမိန်းမကြီးက လွယ်တာ မဟုတ်ဘူး။ သူ့ကို ဘယ်လိုပဲလူယောင်ဆောင်ဆောင် ကျွန်တော့်မျက်စိထဲမှာတော့ ဘီလူးမတွေ သွားဖြီးပြနေသလိုပဲ"

"မလေးတို့ကိုလည်း သွားပုပ်လေလွင့်ပြောတယ်"

"ဒါ သူတို့စတိုင်လ်ပဲလေ။ ခင်နဒီကလည်း ငွေလသာကို ပြောလိုက်တာ ရစရာမရှိတော့ဘူး"

"သည်းလေးကို အဲဒီဘက် မပို့ချင်တော့ဘူး။ ကြာရင် သူတို့စိတ်ဓာတ်တွေ ကူးကုန်တော့မယ်"

"ဖေဖေနဲ့သား တစ်လုညှိစီပဲ ဆိုက်ထဲသွားကြတာပေါ့ နော်"

"အေး ... လောလောဆယ် အဲဒါပဲကောင်းတယ်"





သည်နေ့ ဖေဖေ အလုပ်ထဲသွားပြီး သူတို့တူဝရီး အိမ်မှာ ကျန်ခဲ့ကြသည်။ အိမ်မှာဆိုပေမယ့် အိမ်ရှေ့ခြံထဲမှာပေါ့။ နံနက်စာ အဖြစ် ကော်ဖီနှင့်ကိတ်ကို ခြံထဲမှာပဲ ကလေးနှင့်စားသောက်နေကြစဉ် –

တစ်ဖက်ခြံမှ ငွေလသာတို့သားအမိ အထုပ်အပိုးနှင့် ထွက်သွားကြတာကို မြင်ရလေ၏။

"ဟာ ... ဘယ်လိုတွေဖြစ်ကြတာလဲ"

ဒေါ်ယုယသော်တို့ နှင်လိုက်တာပဲဖြစ်ရမည်။ သူ ချက်ချင်း ထွက်ခေါ်လို့မဖြစ်သေး။ ဒေါ်ယုယသော်၏ ငှက်ဆိုးထိုးသံက နောက်မှထပ်ချပ်။

"သွားကြ ... သွားကြ၊ ကြောင်မတွေ။ အိမ်မှာ အနစ်နာခံချင်ကြတဲ့ ကြောင်မတွေ။ သာတုန်းနားပြီး နာတော့ ပြေးကြ။ ဘယ်တော့မှ ငါ့အိမ်ရိပ်တောင် မနင်းကြနဲ့"

အမွေဆိုင်အိမ်ကို သူ့အိမ်လုပ်ပြီး လက်ဝါးကြီးအုပ်ကာ မြှာဆိုနှင်ချနေပုံက တရားလက်လွတ်။ ဘုန်းဝေလျှံ သားကို ဘေးပေါ်တင်ပြီး နောက်မှလိုက်တော့ လမ်းထိပ်မှာ သားအမိနှစ်ယောက်ကို မျက်ရည်တွေနှင့် အံကြိတ်ကာတွေ့လိုက်ကြရ သည်။

"အန်တီ ... အန်တီတို့ ဘယ်သွားကြမလို့လဲ"

"သူက အန်တီတို့ကို လမ်းဘေးရောက်စေချင်တာလေ။



www.burmeseclassic.com

www.burmeseclassic.com



ဘာမှပြင်ဆင်ခွင့်မပေးဘဲ အတင်းနှင်ချတာ။ အန်တီတို့ကလည်း မာနရှိပါတယ်။ တွယ်ကပ်မနေပါဘူး"

"ဒီမိန်းမကြီး သရဲပူးနေတာလားဗျာ"

"ဟုတ်တယ်။ လောဘ၊ ဒေါသ သရဲတွေ စီးနေတာ။ သူ့ယောက်ျားကို ဆေးရုံမှာသွားမစောင့်လို့ဆိုပြီး အန်တီတို့ကို နှင်ထုတ်တာ"

"ကဲ . . . အန်တီတို့ ကားပေါ်တက်။ ကျွန်တော် လိုက်ပို့မယ်"

"သွားစရာနေရာမရှိပါဘူးဆိုမှ ကားပေါ်တက်ခိုင်းနေပြန်ပြီ။ မင်းတို့ သွားစရာရှိတာသာ သွားကြပါ။ အန်တီတို့ ကားဂိတ်မှာ ထိုင်ပြီး စဉ်းစားလိုက်ဦးမယ်"

"ဒါဆိုလည်း လောလောဆယ် ကျွန်တော်တို့အိမ်မှာပဲ ခေတ္တလိုက်ခဲ့ကြပါ။ ကျွန်တော် ဖေဖေနဲ့တိုင်ပင်ပြီး အဆင်ပြေအောင်စီစဉ်ပေးပါ့မယ်။ တက်ပါ"

"ဆင့်နားရွက် ဝက်တပ်လို့ကွယ်။ အန်တီတို့ အပူထုပ်ကို မင်းတို့ခေါင်းပေါ် မတင်ရက်ပါဘူး။ သွားပါ . . . ရပါတယ်။ အန်တီတို့လည်း လူတွေပါ။ အဖြေတစ်ခုခု ထွက်လာမှာပါ"

"တောင်ကြီးကို ပြန်မယ်လေ မေမေ။ သမီးရဲ့ကလေးတွေကို အကျိုးအကြောင်းပြောခဲ့မယ်။ ဟိုမှာ မေမေ့ဆွေမျိုးတွေ





ရှိသေးတယ် မဟုတ်လား"

"မေမေ့ကို နောက်ဆံတင်းနေလို့ပါကွယ်"

"ဘာတတ်နိုင်တော့မှာလဲ မေမေ။ ဘွားဘွားကို ခေါ်သွားရအောင်လည်း သူတို့က ထည့်မှာမဟုတ်ဘူး"

သားအမိနှစ်ယောက် သူ့ကိုမေ့ပြီး တိုင်ပင်နေကြစဉ် သည်းဝေလျှံလေးကပါ ဆင်းပြီး –

"သားသားလည်း မေမေတို့နဲ့လိုက်မယ်"

ငွေလသာတို့နှင့်သွားပြီး ပူးပေါင်းနေသဖြင့် ဘုန်းဝေလျှံ အနူးအညွတ် တောင်းပန်ရတော့သည်။

"ကဲပါ . . . လောလောဆယ် ကျွန်တော်တို့အိမ်ကို လိုက်ခဲ့ကြပါ။ ကျွန်တော်လည်း ကလေးကြောင့်သာ အလုပ်မသွားရတာ။ တော်တော် အဆင်မပြေပါဘူး။ အန်တီတို့ အဲဒီအိမ်က ဆင်းလာရတာ ကျွန်တော်တို့အတွက်တော့ ဘုရားမတာပါပဲ။ ကဲ . . . တက်ကြပါ။ လူမြင်လို့မကောင်းဘူး"

နောင်ခါလာမှ နောင်ခါချေးပဲ။ သားအမိနှစ်ယောက် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး ဘုန်းဝေလျှံ၏ကားပေါ်သို့ တက်လိုက်ရပါသည်။

❋



www.burmeseclassic.com

ဒေါ်ယုယသော်တစ်ယောက် ကိုယ့်ပြဿနာတွေ အဆင်မပြေသည်နှင့် ခွေးသရမ်းကြီးလိုရမ်းကားမိလိုက်တာ ယခုကျ ကိုယ့်ဒေါသက ကိုယ့်ကို အကျိုးပေးနေတော့သည်။

ဟိုသားအမိက တစ်ဖက်အိမ်မှာ ကောင်းစားနေပြီး သူမမှာသာ ဒုက္ခတွေနှင့် ချာလပတ်ယမ်းနေရ၏။

သားက မလိမ္မာ၊ သမီးက မလိမ္မာ၊ ယောက်ျားကလည်း လေဖြတ်ထားသည့် အိမ်ရာထဲမှလူနာ။ ယောက္ခမကလည်း ဂီလာနအော်ဒိုဖို့သာ ကောင်းရဲ့။

မျက်ရည်စက်လက်နှင့် နန်းငွေရည်ကို ဒေါ်ယုယသော် မနာလိုစိတ်တွေနှင့် စိတ်ဆာပြီး အော်ဟာစ်ရိုက်ပုတ် နှင်ထုတ်လိုက်မိတာ။

အို ... နောင်တမရပါဘူး။ မေမေက သေတော့မှာ၊ သူတို့ရှိနေရင် အမွေခွဲပေးနေရဦးမယ်။ ခုကျ အရှုပ်ထုပ်တွေ ရှင်းသွားတာပေါ့။

လူမမာတွေလည်း သူ့ဘာသာသာနေကြပေါ့။ သေချိန်တန်ရင် သေမှာပဲ၊ ဘယ်သိကြားမင်းကြီးမှ တားထားလို့မရဘူး။ အားလုံး သခင်တွေချည်းပဲ။

ဒေါ်ယုယသော်တစ်ယောက် သူများအတွက်ကျ သခင်ဖြစ်ပြီး ကိုယ့်အတွက်ကျ ဘယ်လိုလာဦးမည်မသိ။





ယနေ့လည်း မိုးလင်းသည်နှင့် အိမ်အကူနှစ်ယောက်ကိုသာ လက်ညှိုးထိုးပြီး အော်ဟစ်ခိုင်းစေနေလေ၏။ အညစ်အကြေးတိစ္ဆာတွေမို့ အိမ်အကူတွေလည်း ရှုံ့မဲ့နေကြသည်။ နှစ်ယောက် သားတီးတိုး တီးတိုး။

"အိမ်အကူဆိုပြီး ငါတို့ကို လူမမာတွေပါ ကြည့်ခိုင်းတယ်။ တစ်မိနစ်တောင် မနားရဘူး"

"အေးလေ ... သူတို့ကျတော့ မိုးလင်းတာနဲ့ မိတ်ကပ်လိမ်း၊ နှုတ်ခမ်းနီဆိုး၊ အလှပြင်ပြီး ထွက်တော့တာပဲ"

မမနန်းရှိတုန်းက လူနာတွေကို ပြုစုဖော်ရတယ်။ အဲဒီလူမျိုးကျတော့လည်း အပြစ်ရှာပြီး နှင်ထုတ်တယ်"

"အမွေပေးရမှာစိုးလို့ပေါ့။ လူမမာတွေကို သေလူတွေလို သဘောထားပြီး သူတို့သေတာနဲ့ လုပ်ချင်တိုင်းလုပ်ရအောင် ခုထဲက ကြိုရှင်းထားတာ"

"အလုပ်လုပ်စရာ အိမ်မရှားပါဘူးအေ။ တို့လည်း လစ်ကြရအောင်။ တော်ပြီ ... ဒီအိမ်တော့ စိတ်ကုန်တယ်"

သည်ဘက်အိမ်မှာ ကျက်သရေတုံးနေသော်လည်း တစ်ခြားအိမ်မှာတော့ ကျက်သရေ တက်ဝေဖြိုးနေလေတော့သည်။

မနေ့က ဘုန်းဝေလျှံ ငွေလသာတို့သားအမိနှင့် သည်း

www.burmeseclassic.com



လေးကို အိမ်ရောက်သည်နှင့် ထားခဲ့ပြီး ကိုယ့်ဆိုက်ထဲသို့ ကိုယ် သွားနိုင်ခဲ့သည်။

အားလုံး စိတ်ချခဲ့ရပြီမို့ အဆင်ပြေပါ၏။

ညနေ (၆) နာရီလောက်မှာ သားအဖနှစ်ယောက် ပြန် လာကြတော့ အိမ်မှာ အားလုံး တောက်ပြောင်သန့်ရှင်းနေသည် အပြင် ညစာကလည်း ဖွယ်ဖွယ်ရာရာ။

ငွေလသာ ကြိုပြီးဖုန်းဆက်ထားသည်မို့ သူတို့ကလည်း အပြင်က ဝယ်မလာပါ။

ရေခဲသေတ္တာထဲမှာရှိသည့် အသား၊ ငါး ဟင်းသီးဟင်းရွက် များနှင့် ချက်ပြုတ်ထားတာ။

အလုပ်ထဲမှာလည်း သားအဖနှစ်ယောက် စီစဥ်ပြီးပြီး ညကျတော့ အေးအေးဆေးဆေး ဆွေးနွေးဖြစ်ကြသည်။

"ကျွန်တော်တို့အိမ်မှာ ပြုစုစောင့်ရှောက်မယ့်သူ၊ အိမ် ထိန်းသိမ်းမယ့်သူ လိုနေတာလည်း မလေးအမြင်ပါ။ သည်းဆော ကိစ္စက အရေးကြီးဆုံး။ ဒါကြောင့် မလေးတို့သားအမိ ဒီအိမ်မှာ ဆက်နေဖို့ အနူးအညွတ် တောင်းပန်ပါတယ်ဗျာ"

"ဘယ်ဖြစ်မလဲရှင်၊ ယောကျ်ားနှစ်ယောက်ရှိတဲ့ အိမ်မှာ ကျွန်မတို့သားအမိ နေလိုက်ရင် ရှင်တို့လည်း သိက္ခာကျ၊ ကျွန်မ တို့လည်း တန်ဖိုးမရှိ ဖြစ်ရပါလိမ့်မယ်"





"ဒေါ်ယုယသော်က သွားပုပ်လေလွင့်ပြောမှာ အသေ အချာပါ။ ကျွန်မတို့ကို ပိုင်းလုံးမတွေလို့ အစကတည်းက ပြောနေ ကြတာပါ"

"ကျွန်တော်တို့က မလေးတို့သားအမိကို အိမ်ပေါ်မှာ အမွှန်တမြတ်ထားချင်တာပါ။ ဒါကို အဆင်မပြေဘူးဆိုရင်လည်း အလုပ်သမားထားဖို့ ဆောက်ထားတဲ့ နောက်ဘက်က အိမ်လေး မှာ နေပါ"

ဦးနေဘုန်းတို့ခြံထဲမှာလည်း နောက်ဘက်မှာ တန်းလျား သို့ အိမ်လေးရှိပါသည်။ မာလီလို ဒရိုင်ဘာလို အလုပ်သမားရှိ ခဲ့ရင် ထားဖို့ပါ။

ဘုန်းဝေလျှံကတော့ ကန့်ကွက်ပါသည်။

"ကျွန်တော်တော့ သဘောမတူဘူး အန်တီ။ သား အတွက် ကလေးထိန်းသဘောမျိုးနဲ့ဖြစ်ဖြစ် နေပေးပါ။ တိုက်ထဲ မှာပဲနေပါ။ ကိုယ်ကောင်းရင် ခေါင်းဘယ်မရွေ့ပါဘူးဗျာ။ ပတ်ဝန်း ကျင်ဆိုပေမယ့် မြို့နေ လူတန်းစားတွေဟာ ကိုယ့်ဝမ်းစာ ကိုယ် ရှာစားပြီး ကိုယ့်အလုပ်ကိုယ်လုပ်နေကြတာပါ။ ဒေါ်ယုယသော် ကိုတော့ စာရင်းထဲ ထည့်မတွက်ပါနဲ့"

သားအမိနှစ်ယောက်မှာ ဆုပ်လည်းစူး၊ စားလည်းရူး ဖြစ်နေရသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီအိမ်မှာနေရတာ အဆင်ပြေပေမယ့် မသင့်တော်။

ဒီကြားထဲ ဒေါ်ယုယသော်၏ပါးစပ်သေနတ်ကိုလည်း ကြောက်ရသည်။

"တောင်ကြီးကိုပဲ ပြန်ကြမယ် မေမေရယ်။ အဲဒီမှာ ကြုံသလို လုပ်ကိုင်စားကြမယ်"

ငွေလသာ စိတ်ရှုပ်လှပါပြီ။ ဘွားဘွားကို သနားလှ မယ့် ဒေါ်ယုယသော်၏ ခြေဖဝါးအောက်မှာတော့ မနေလို။ သူ တို့သားအမိကိုလည်း ခွေးနှစ်ကောင်လောက်တောင် သဘော မထား။

ငွေလသာ၏စကားကို သားအဖနှစ်ယောက်လုံး မျက် သလဲ ငြင်းဆိုကြသည်။ သည်းဝေလျှံလေးကတော့ နန်းငွေရည် ၏ ရင်ခွင်ထဲမှာ အိပ်ပျော်နေပေပြီ။

ကလေးက မွေးကတည်းက နွေးထွေးသောရင်ခွင်နှင့် ဝေးခဲ့ရတာမို့ သူ့အပေါ်ကြင်နာသည့် မိန်းမသားများကို ခင်တွယ် သည်။

"သည်းလေးအတွက် မလေးတို့မရှိရင် မဖြစ်ပါဘူး။ ကလေးထိန်းလည်း စိတ်ချရတဲ့သူရှာမရတဲ့အတွက် မလေး နေပေးစေချင်ပါတယ်။ အိမ်ထဲမှာ မနေချင်ရင်လည်း နောက် ဘက်မှာ သတ်သတ်နေပါ။ လူတွေကိုပြောလို့ရအောင် မလေး





စားဖို့မှူး။ ငွေလသာက ကလေးအတွက် ဆရာမပေါ့။ အဆင်ပြေ ပါတယ်နော်"

သူမတို့သားအမိ အကြာကြီးစဉ်းစား သက်ပြင်းတွေချ ပြီးတော့မှ ခေါင်းညိတ်ဖြစ်ကြသည်။

"အင်းပေါ့လေ ... မေမေ့ကိုလည်း အခြေအနေကြည့် ချင်သေးတော့ ဒီလိုပဲ လုပ်ရတော့မှာပေါ့။ သည်းလေးအတွက် လူရှာမရခင် ကျွန်မတို့ လုပ်ပေးပါ့မယ်"

"ကျွန်မကလည်း ကိုယ်သင်နေကျကလေးတွေကိုတော့ သွားသင်ရမှဖြစ်မယ်"

ငွေလသာ၏အပြောကိုတော့ ဘုန်းဝေလျှံက ဗီတိုအာဏာ နှင့် ပယ်ချခဲ့သည်။

"ငွေလသာကို စိတ်မချပါဘူး။ ကလေးတွေကိုပဲ အိမ် ခေါ်လိုက်ပါ"

"ရှင့်ခြံထဲမှာ လူရှုပ်မှာပေါ့"

"ရတယ်၊ နောက်ဘက်က အိမ်ကလေးထဲမှာ သင်။ အိမ်မကွာ အိမ်မကွာ"

အားလုံးပင် တခဏ်တော့ အဆင်ပြေသွားကြသည်။

❋ ❋ ❋



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၇)

"တောက် ... ငါနှင်ချလိုက်တာ သူတို့ကောင်းစားဖို့ ဖြစ်သွားတယ်။ မိန်းမတွေ အရှက်မရှိ၊ ယောက်ျားတွေရှိတဲ့အိမ်ကို ဖက်တက်သွားတော့တာပဲ"

ယခုဆို အိမ်အကူတွေလည်း ထွက်ပြေးပြီမို့ အစစအရာရာ အဆင်မပြေ။ ဒေါ်ယုယသော်ကလည်း နည်းနည်းမှ အပင်ပန်းမခံချင်သူမို့ အိမ်တွင်းရေးက လုံးဝပြိုသနော။

လူမမာတွေကြည့်ရမှာလည်း စိတ်ပျက်၊ မီးဖိုလည်း မဝင်ချင်။ ရွှေဆိုင်ကလည်း အကြွေးတွေ လည်ပင်းခိုက်။ သည်အခါ ဒေါ်ယုယသော်၏ဒေါသတွေက နန်းငွေရည်တို့သားအမိထံ သို့သာ။





ခင်နဒီကလည်း မွေးကတည်းက ဘာမှလုပ်သူမဟုတ်လို့ လည်း ဘာမှမလုပ်ပါ။ ညာဏ်နိုညာဏ်နက်ကတော့ ပေးဝ [illegible]သည်။

"မေမေ သူတို့ကို အချိုသပ်ပြီး ပြန်ခေါ်၊ ထမင်းလည်း ချက်နိုင်၊ လူမမာတွေလည်း ကြည့်နိုင်းလေ။ ခုတော့ မေမေက အကြမ်းဖက်တာကိုး။ ဟိုမိန်းမတွေကောင်းစားဖို့ ဖြစ်သွားတယ်"

"ဟိုအိမ်ထဲတောင် ဝင်လို့ရမှာမဟုတ်ဘူး"

"ဝင်မရလည်း အပြင်ကနေပြီး ချော့ခေါ်ပေါ့"

"အေး ... အဲဒီလိုလုပ်ရတော့မှာပဲ။ ဟိုလူတွေမရှိတုန်း သွားခေါ်ရမယ်။ ငါ့စိတ်က အစိုးရတာမဟုတ်ဘူး။ အိမ်မှာ အဆင်မပြေတိုင်း ဒေါသက ထွက်ချင်နေတာ"

"မေမေ အဲဒါခက်တာပဲ၊ ကိုယ်အလုပ်ဖြစ်ဖို့ အဓိကလေ။ ခုတော့ သူတို့က ဟိုအိမ်မှာ အဆင်ကိုပြေလို့"

"ဟိုသားအဖအိမ်က ထွက်တာနဲ့ မေမေသွားခေါ်၊ ချိုချို သာသာခေါ်နော် မေမေ။ အိမ်ရောက်မှ တစ်မျိုးပေါ့"

"အေးပါ ... ငါ နားလည်ပါတယ်"

နံနက် (၈) နာရီလောက်မှာ ဦးနေဘုန်းတို့သားအဖ ကားတစ်ယောက်တစ်စီးနှင့် အိမ်မှထွက်ခွာသွားကြလျှင် ဒေါ်ယုယသော် ထိုအိမ်သို့ လာခဲ့သည်။ မျက်နှာကို ညှိုးဖျော့ထားပြီး မျက်ရည်များလည်လည်ရှိ၍ လုလုရှိနှင့် ခြံတံခါးပိတ်ထားသည်မို့ ခြံပေါက်ဝမှ နန်းငွေရည်ကို



www.burmeseclassic.com

www.burmeseclassic.com



လှမ်းခေါ်၏။

"နန်းငွေရည် ... ပြောစရာရှိလို့ လာပါဦး"

ခြံထဲမှာ ကလေးနှင့်အတူ လမ်းလျှောက်နေသည့် နန်းငွေရည် မျက်ခုံးလှုပ်သွား၏။ ငွေလသာလည်း အိမ်ထဲမှာ သန့်ရှင်းရေးလုပ်နေရာမှ ပြေးထွက်လာသည်။ မေမေ့ကို ဟိုမိန်းမကြီး မာယာနှင့်လှည့်စားသွားမှာစိုးလို့ပါ။

ဒေါ်ယုယသော်ကလည်း ငွေလသာကိုတော့ ဖြူသည်။ သူ လှည့်စားတိုင်းရမည့်သူ မဟုတ်လို့ပါ။

"အိမ်မှာ အိမ်အကူတွေလည်း တစ်ယောက်မှမရှိတော့ဘူး။ ပြေးကုန်ပြီ။ မေမေကလည်း ဖျားနေတယ်။ ငါတစ်ယောက်တည်း ရှုးတောင်ရှူးချင်တယ်"

ငွေလသာ အနားသို့ရောက်လာပြီး ဒေါ်ယုယသော်၏ ပက်ခနဲပြန်ပြောသည့်မှာ နားကြည်းလွန်းလို့ပါ။ သူပဲ အမွေတွေ တစ်ယောက်တည်း လက်ဝါးကြီးအုပ်လိုဇောနှင့် သူ့မတို့သားအ ကို ခွေးမောင်းသလို မောင်းထုတ်ခဲ့တာ။

"ဒါတော့ ကိုယ်ပြုတဲ့ကံ ကိုယ်ခံပေါ့။ လောဘ၊ ဒေါသ မစ္ဆရိယတွေ ဟုန်းဟုန်းတောက်ပြီး ကျွန်မတို့ကို နှင်ထုတ်ခဲ့တာ ဘာထပ်လုပ်ချင်သေးလို့လဲ"

"ငါမှားပါတယ် ငွေလသာရယ်။ နင်တို့သားအမိ အိမ်ပြ





လိုက်ခဲ့ကြပါ။ ငါ့မှာ သားလည်း အားမကိုးရ၊ သမီးလည်း အားကိုးရ၊ ယောက်ျားကလည်း ချေးအလူးလူး၊ သေးအလူးလူးနဲ့။ ဒါကို ခွင့်လွှတ်ကြပါ။ ပြန်လိုက်ခဲ့ကြပါနော် ... နော်"

မျက်ရည်စမ်ထိုးပြီး ဒေါ်ယုယသော် ဘီလူးရုပ်ကို ဖုံးကွယ်ကာ မင်းသမီးခေါင်းဆောင်းနေလျှင် ငွေလသာ သူ့အမေကို သတိပေးရသည်။

"မေမေ သူ့အကြောင်းလည်း သိရဲသားနဲ့။ သမီးတို့ကို မျိုးချောင်မှာ ခိုင်းချင်လို့၊ သူ့ယောက်ျားကို ပြုစုခိုင်းချင်လို့ ဉာဏ်နီဉာဏ်နက်တွေ သုံးနေတာ။ သတိထားနော် သတိထား"

"မေမေကလည်း နင်တို့သားအမိကို တဖွဖွမေးပြီး မျက်ရည်ကျနေတယ်။ ဘာကျွေးကျွေး မစားဘူး။ တော်ကြာ မေမေ အမြန်ဆုံးသေလိမ့်မယ်"

ဒေါ်မိုးစွေနှင့်ကိုင်ပေါက်လျှင် နန်းငွေရည်မှာ မျက်ရည် အဝဲသားနှင့် ဆုံးဖြတ်ရကျပ်နေ၏။ ငွေလသာမှာ ဘွားအေကို ချစ်ပေမယ့် တစ်နည်းတစ်ဖုံသာ စဉ်းစားပေးမည်။ ဒေါ်ယုယသော်၏ ကျော့ကွင်းထဲသို့ ပြန်မဝင်လို။

"မေမေ ဒီဘက်မှာ အခြေကျနေတဲ့ကိစ္စကိုလည်း ထားခဲ့လို့ မရသေးဘူးနော်။ မေမေလိုက်ချင်လည်း ခဏပဲလိုက်။ လုပ်စရာရှိတာလုပ်ပေးပြီး ဒီဘက်ပြန်ခဲ့ပါ။ သမီးက ကလေး



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ရင်းနဲ့ အိမ်အလုပ်တွေ လုပ်ပါ့မယ်။ သမီးကျူရှင်သင်ချိန်ကျ ချင်တော့ ပြန်လာခဲ့ပါ''

ငွေလသာတို့က အဆင်ပြေအောင် စီစဉ်နေကြပေမယ့် ဒေါ်ယုယသော် မျက်နှာပျက်သွား၏။ သူက ဒီသားအမိကို အိမ်ပေါ်က ဆွဲချချင်သူ။

''မပြတ်မသားကြီးတော့ မလုပ်ပါနဲ့ ငွေရည်ရယ်။ ဒီအိမ် က သူဌေးတွေပါ။ နင်တို့မရှိလည်း အဆင်ပြေအောင် လုပ်နိုင် တယ်''

''ရှင်တို့လည်း သူဌေးပဲလေ။ ရွှေသူဌေးတွေပဲ''

''အမယ်လေး ... ကိုယ့်အကြောင်းကိုယ်ပဲ သိပါတယ် အေ။ နင်တို့မရှိရင် လုံးဝမဖြစ်လို့ပါ''

ဒေါ်ယုယသော် အပြတ်ပြောနေသလို ငွေလသာကလည်း သူ့အမေကို အရေးဆိုနေရသည်။ သည်းဝေလျှံလေး အနားမှာ ... အပေါ်မှာ ဆော့နေလို့သာ တော်ရော့သည်။

''မေမေ သူ အတင်းနှင်ထုတ်ခဲ့တာလည်း မမေ့နိုင် နေပါဦး အန်တီက ဘာသဘောလဲ။ မေမေက လိုက်လုပ်ပေး မယ်ဆိုတဲ့ကြားက အတင်း ဒီအိမ်က ထွက်လာစေချင်တာ ... ရှိုးရဲ့လား။ ကျွန်မတို့သားအမိကို လမ်းဘေးရောက်စေချင်လို့ လူဆိုတာ ခြေမမြဲ လက်မြဲအောင် ကုပ်ကပ်ထားရမှာပဲလေ''





''ငါက အမျိုးဆိုတော့ လက်သည်းဆိတ်ရင် လက်ထိပ် နာလို့ပါ။ ယောက်ျားတွေရှိတဲ့ အိမ်မှာနေတော့ လူတွေက နင်တို့ ကို ဘယ်လိုပြောကြမလဲ။ ကိုယ့်တူမလေး တန်ဖိုးကျမှာစိုးလို့ပါ''

''ကျွန်မတို့ ဒီအိမ်မှာ အလုပ်လုပ်နေကြတာ။ မေမေ့က စားဖို့မှူး။ ကျွန်မက ကလေးထိန်း။ နေတော့ ဟိုခြံနောက်ဘက်က အိမ်မှာ။ အရှင်းကြီးနော်''

''ဒါတွေ လူတွေက ဘယ်သိမလဲ။ အန်တီက ကိုယ့်တူ မလေး တန်ဖိုးမရှိဖြစ်မှာစိုးလို့ပါ''

''ကိုယ့်သမီးသာ ကိုယ်ပူပါ။ ကျွန်မတို့က နေတတ် ထိုင် တတ်ပါတယ်။ ကဲ ... ပြောပြီးပြီနော်။ အန်တီ့ခြံထဲကလည်း နောက်တစ်ခါ နှင်အထုတ်မခံနိုင်တဲ့အတွက် ဘွားဘွားကို မေမေ ဒီကနေလိုက်ပြီး ပြုစုပေးမယ်။ ကြိုက်ရင်လည်းခေါ် မကြိုက်ရင် လည်း ထားခဲ့၊ ဒါပဲ''

''တောက် ... နေနှင့်ဦးပေါ့''

ဒါကတော့ ဒေါ်ယုယသော် စိတ်ထဲမှာ ကျိုးဝါးသံပါ။ လူ ကတော့ ပြုံးချိုထားရ၏။ နောက်ဆုံး မပိုင်ဝက်မွေးနှင့်ပင် ဖြစ်စေ၊ နန်းငွေရည်ကို ခေါ်သွားရသည်ပါပဲ။ သူရည်ရွယ်တာက ပိုင်ပိုင် နိုင်နိုင်ခေါ်ပြီး သူတို့သားအမိကို မလှုန်နိုင်အောင် ဖိထားချင် တာ။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ဒီအဖြစ်ထိတော့ ရမ်းမဟုတ်သေး။ ကိုယ့်အဖြစ်က အကွက်ရွေ့မှားခဲ့သဖြင့် သူတို့သားအမိကို အောက်ကျို့ရဦးမည့်အဖြစ်။ မချစ်သော်လည်း အောင့်ခါနမ်းရဦးမည့်အဖြစ်။

❋

နေ့လယ် (၁၂) နာရီလောက်ထိ မေမေ ပြန်မလာနိုင်သေး။ ဒေါ်ယုယသော်၏ လှည့်စားမှုအောက်မှာ ခါးစည်းခံနေရသလား။ လည်စင်းခံနေရသလားပင်။

ငွေလသာ သားနှင့်အတူ ဆော့ကစားပေးရင်း မေမေ့ခေါ်သံကို နားစွင့်နေဆဲ ခြံထဲသို့ ကားတစ်စီးဝင်လာခဲ့သည်။

"ဟင် ... လေးလေးကား"

သည်းလေးက အရင်ကားဆီပြေးသလို ငွေလသာလည်း နောက်မှလိုက်ရသည်။

ကားထဲမှ လူသုံးယောက်လောက် ထွက်လာပြီး သူ့ကိုတွဲထုတ်ကြတော့မှ ငွေလသာ စိတ်ပူသွား၏။

"ဘာ ... ဘာဖြစ်လို့လဲဟင်"

"လုပ်ငန်းခွင်မှာ အက်ဆီးဒင့်ဖြစ်လို့"





"ဘုရား ဘုရား ... ဘာ ဘာတွေဖြစ်သွားလဲရှင်"

သူ့ကိုယ်ခန္ဓာမှာ ခေါင်းမှာ ပတ်တီးတွေ၊ ပလာစတာတွေ၊ ခြေထောက်မှာလည်း ကျောက်ပတ်တီးနှင့်။

"ဆေးရုံမတင်ဘဲ ဘာဖြစ်လို့ အိမ်ခေါ်လာတာလဲရှင်"

"အိမ်မှာပဲနေမယ်ဆိုပြီး အတင်းပြန်လာတာ။ ဆေးကတော့ ကုခဲ့ပါပြီ"

"မဟုတ်သေးပါဘူး။ သူ့အဖေရော သိပြီလား။ ခက်တဲ့သူပဲ"

"သိတယ်၊ အန်ကယ်ပဲ ဆေးခန်းလိုက်ပို့တာ။ လိုအပ်တာလုပ်ပေးပြီးမှ ဆိုက်ထဲပြန်တာ။ အလုပ်ကလည်း အရေးကြီးနေလို့"

ဘုန်းဝေလျှံ သတိတော့လစ်မနေပါ။ အနာရှိန်တွေ ကြောင့် မှိန်းနေရာမှ မျက်စိဖွင့်ကြည့်ပြီး –

"ကိုယ့်ကို အောက်ထပ်မှာ အခန်းတစ်ခုခု စီစဉ်ပေးပါ"

"လောလောဆယ် ဧည့်ခန်းမှာ ခဏလှဲနေနော်"

သူ့ကို ပျာယာခပ်မှု ဂရုစိုက်ပေးသည့် ငွေလသာကို ကြည့်ပြီး ဘုန်းဝေလျှံ ကျေနပ်နေမိသည်။ သူမ အခန်းတစ်ခုကို ပြေးပြင်ပေးပြီး အလုပ်သမားတွေ၏ အကူအညီနှင့် အခန်းထဲသို့ ရွှေ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ခက်တာပဲရှင် ... တကယ်ဆို ဆေးရုံမှာနေသင့်တာ"

"ရပါတယ်၊ ခြေထောက်ကျိုးရုံ ခေါင်းကွဲရုံနဲ့ မသေဘ
ဘူး။ ဖမ်မလီဒေါက်တာ ရှိတယ်လေ။ ကိုယ့်အိမ်မှာပဲ နားလိုက်
မယ်။ ဆရာဝန်က တစ်နေ့တစ်ကြိမ် လာကြည့်မယ်"

"နာ့စ်ခေါ်ရင် ကောင်းမယ်ထင်တယ်နော်"

"မင်းရှိသားပဲ။ နာ့စ် ဘာလုပ်ဖို့လဲ။ ကဲ ... ကိုယ်အိမ်ရောက်
လာပြီ။ ဟော့ကောင်တွေ ပြန်ကြတော့ ရပြီ"

သူ့အလုပ်သမားတွေကို နှင်ထုတ်လိုက်ပြီး ဘုန်းဝေ
ဆေးရုံနဲ့တွေကြောင့် အိပ်ပျော်သွားလေမှ ငွေလသာ လူမ
အတွက် စွပ်ပြုတ် ပြုတ်၊ သင့်တော်သည့်အစားအစာလေးများ
စီစဉ်ရသည်။

မသေကောင်း မပျောက်ကောင်းရှင်။

ရင်ထဲမှာ တုန်လှုပ်နေရတာ တော်တော်ပြင်းထန်နေသည့်
ကြောင့် သူ့ကို ကိုယ် တော်တော်ခင်မင် အလေးထားမိကြောင်း
တုန်လှုပ်စွာ သိလိုက်ရသည့်အဖြစ်။

နန်းငွေရည် မေမေ ဒေါ်မိုးစွေကို ရေပက်တိုက်ပေး အအေး
အသောက်တွေ ပြင်ဆင်ကျွေးမွေးနေရင်း မနေနိုင်သည့် ဗီဇ
ကြောင့် ဦးကိုကိုလွင်၏အခန်းကို လှမ်းကြည့်မိသည်။ လူနာ
အညစ်အကြေးတွေနှင့်။





သူမ ဒေါ်ယုယသော်ကို သြချမိပါသည်။

သူမကို လာခေါ်ပြီး တိုက်ထဲပို့ပြီးသည်နှင့်တစ်ပြိုင်နက်
လွတ်ပြီ ကျွတ်ပြီလို့များ သဘောထားလေသလားမသိ။ ကားနှင့်
ရွှေဆိုင်ကို သွားလိုက်တာများ ကျော့လို့ ကော့လို့။

သားနှင့်သမီးကလည်း ရှေ့ဆင့် နောက်ဆင့်ဆိုသလို
ထွက်သွားလိုက်ကြတာ။

အိမ်မှာ လူမမာနစ်ယောက်ရှိတာကို လှည့်တောင်
မကြည့်ကြ။ တော်တော်ရက်စက်ကြသည့်လူတွေပါပဲ။

ဒေါ်ယုယသော် အိမ်မှာ ဘာမှလည်းချက်မထားခဲ့။ ပြန်
စားကြမှာလည်း မဟုတ်။ သူတို့ကတော့ အဆင်ပြေသလို နေကြ
မှာပါပဲ။

မနေနိုင်သည့် နန်းငွေရည်မှာသာ လူမမာစာအဖြစ် စွပ်ပြုတ်
ပြုတ်။ ပူတင်းပျော့ပျော့လေးဖုတ်။ နောက် ခေါင်းရင်း အိမ်မှ မာလီ
ဦးချစ်ကိုလှမ်းပြီး အကူအညီတောင်းရသည်။ ဦးချစ်ကလည်း
ကူညီတတ်သူပါ။

"ဦးချစ်ရေ ... ဒီမှာ အမြင်မတော်လို့ ကူညီရအောင်
လာခဲ့ပါဦး"

ဦးချစ်ရဲ့အကူအညီနှင့် ဦးကိုကိုလွင်ကို သန့်ရှင်းရေးလုပ်၍
ရေပက်တိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးချစ်ကလည်း တဗျစ်တောက်တောက်။

"ဒီ ... ယုယသော်တို့သားအမိတွေ တော်တော်ဆိုးပါလား။ လူမမာတွေကို ပစ်ထားတဲ့အပြင် နင်တို့သားအမိကိုလည်း နှင်ထုတ်တယ်"

"ပြောမနေပါနဲ့တော့ ဦးချစ်ရယ်။ ကဲ ... ခုလို ကူညီတာ ကျေးဇူးတင်ပါတယ်နော်"

"နင်တင်ရမှာ မဟုတ်ဘူး။ ဒေါ်ယုယသော် တင်ရမှာ"

"ဘာပဲဖြစ်ဖြစ် ဦးချစ် ကူညီလို့သာ ဒီလို အဆင်ပြေသွားရတာ။ ကျေးဇူးကတော့တင်ရမှာပဲ"

"တင်ချင်လည်း တင်ပေါ့၊ ကဲ ... ငါသွားပြီ"

"နောက်နေ့တွေလည်း ဦးချစ်အားရင် လာပြီးကူညီပါဦးနော်။ အမြင်မတော်လို့ပါ"

"နေစမ်းပါဦး ... ဒီလူကရော နင်တို့အပေါ် ကောင်းလို့လား။ သူ့မိန်းမကတောင် ပစ်ထားတဲ့နောက် နေပါစေပေါ့ဟာ"

"ဘာပဲဖြစ်ဖြစ်လေ ... သူတို့မကောင်းပေမယ့် ကိုယ်ကတော့ တတ်နိုင်သမျှ ကြည့်ရှုစောင့်ရှောက်ရမှာပေါ့ ဦးချစ်ရယ်။ ကဲပါ ... ဦးချစ်ကလည်း ကုသိုလ်ရပါတယ်။ ဘုရားရှင်ကတောင် ဂီလာနပုဂ္ဂိုလ်ကို ပြုစုစောင့်ရှောက်ရမယ်လို့ ဟောတယ် မဟုတ်လား"





"အေး ... နင်ပဲပြော၊ တော်ကြာ ယုယသော်က နင့်ကို ဘယ်လိုတွေ ကျေးဇူးဆပ်ပြမလဲဆိုတာ ငါ ကြည့်နေလိုက်ဦးမယ်"

ဦးချစ် ပြောပြောဆိုဆိုနှင့် ပြန်သွားလျှင် နန်းငွေရည် လူမမာနှစ်ယောက်နှင့် ဂျင်ဂျင်လည်နေခဲ့ပါသည်။

❋ ❋ ❋



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၈)

"ဦးနေဘုန်း ... ယု အကူအညီတောင်းစရာရှိလို့"

"ပြောလေ မယု"

အိမ်နီးချင်းဆိုတော့ မချစ်သော်လည်း အောင့်ကာနမ်း။ ဝင်လာသည့်ဖုန်းကို ဦးနေဘုန်း အလိုက်သင့်ပြောရ၏။ သည်နေ့ သားတော်မောင် လုပ်ငန်းခွင်မှာ အက်ဆီးဒင့်ဖြစ်လို့ သူ စိတ်ညစ်နေရတာပါ။

လုပ်ငန်းတွေကလည်း ပစ်ထားလို့မရသဖြင့် သားကို ဆေးကု၊ အိမ်ပြန်ပို့ခိုင်းပြီး သူလုပ်ငန်းခွင်ထဲမှာရှိတုန်း။

"ဪ ... ယုအတွက် ကားမရှိလို့ ရှင် အိမ်ပြန်ရင်းနဲ့ ယုဆိုင်ကို ဝင်ကြိုပေးပါလို့ အနူးအညွတ် တောင်းပန်ပါတယ်ရှင်"





အသံက မြူးချိုနေပြီး ခပ်ချွဲချွဲ။ ဦးနေဘုန်း မကြိုက်ပေယံ့-အားနာတတ်တာခက်သည်။

"ကျွန်တော်က (၇) နာရီလောက်မှပြန်မှာ"

"ရပါတယ် ယုလည်း စာရင်းတွေ လုပ်နေရမှာဆိုတော့ စောင့်နေမယ်လေ။ သားကတော့ ပြန်နှင့်စေပေါ့"

"သားလည်း အက်ဆီးဒင့်တစ်ခုကြောင့် အိမ်ပြန်နှင့်ပြီ။ ကျွန်တော်တစ်ယောက်တည်းပဲ"

"ဟင် ... ဆေးရုံမတက်ဘူးလား။ တော်တော်များသွားသလား ဦးနေဘုန်း။ ဒုက္ခပါပဲရှင်"

ကိုယ့်ယောက်ျားလေဖြတ်တာကို မသနားဘဲ သူများ သားသမီးကို ပါးစပ်နှင့် အရေးသယ်နေသည့် ယုယသော်အား ဦးနေဘုန်း ပခုံးတွန့်မိ၏။

"ကိစ္စမရှိပါဘူး။ ဆေးခန်းပြပြီးပြီလေ။ အိမ်မှာ သူ့ကို ပြုစုမယ့်သူတွေရှိသားပဲ။ မလေးတို့သားအမိ"

"ဪ ... ဦးနေဘုန်းက ဘာမှမသိရှာပဲကိုး။ ယုပြောတာ ယုံမှမယုံတာ"

"ဘာကိုလဲ"

"ဦးကိုကိုလွင်နဲ့ နန်းငွေရည် ငြိနေတယ်ဆိုတာလေ။ ခုလည်း ရှင်ကသာ သူတို့အိမ်မှာ ရှိနေတယ်ထင်တာ။ သူက



www.burmeseclassic.com

www.burmeseclassic.com



ရှင်တို့သားအဖမရှိတော့တာနဲ့ အိမ်ဘက်ကူးပြီး ကိုလွင်ကို ပြုစုတော့တာ။ ယုကလည်း မသိချင်ယောင်ဆောင်ပေးလိုက်ပါတယ်လေ။ ဆိုင်အလုပ်ကို အကြောင်းပြပြီး ထွက်လာပေးလိုက်တယ်"

ဦးနေဘုန်း ရင်ထဲ တော်တော်အောင့်သွားရ၏။ ဒီမိန်းမ လွန်ပြီ။

"ဒီလေဖြတ်ထားတဲ့ရောဂါသည်ကြီးကို သူက ဘာမက်ပြီး ကပ်နေရမှာလဲဗျ"

"ရှင် ဒါတွေမသိပါဘူး။ တချို့ မိန်းမတွေရဲ့စိတ္တဇက ဒီလိုပဲ။ ယောက်ျားတွေကို ပြုစုချင်တယ်၊ ကိုယ့်လက်ကိုယ့်ခြေနဲ့ သူ့တို့ အင်္ဂါတွေကို ကိုင်တွယ်ချင်တယ်လေ။ ဟိုက လူမမာဆိုတော့ သူကိုင်ချင်တိုင်း ကိုင်လို့ရတာပေါ့ ... အဟင်း ဟင်း"

"တော် ... တော်ပြီဗျာ"

"ဟိုး ... ဖုန်းမချလိုက်ပါနဲ့ဦး။ ရှင့်မလေး ရှင့်အိမ်မှာ ရှိမရှိ ဖုန်းတစ်ချက်လောက် ဆက်ကြည့်ပါဦးရှင်"

တစ်ဖက်မှ ဖုန်းချသွားတော့ ဦးနေဘုန်း ဒေါသတွေကြောင့် ဆတ်ဆတ်တုန်နေ၏။ ယုယသော်ဆိုတဲ့ မိန်းမဟာ ကိုယ့်အပြစ်ကို သူများအပြစ်လုပ်ပြီး ပြောသည့်နေရာမှာ နှစ်ယောက်မရှိ။ သူ ဖုန်းတော့မဆက်ရဲ။ ထို့အတူ ယုယသော်ကိုလည်း ဂုဏ်မခေါ်ခဲ့ပါ။

❋ ❋ ❋



## အခန်း (၁၉)

အိပ်ရာပေါ်မှာ မိမိကြီးလို ပက်တီးတွေနှင့် ပွနေသည့် ဘုန်းဝေလျှံကို ငွေလသာ သနားလွန်းလို့ သေလုမတတ်။ အနားမှ မခွာနိုင်။ ကျူရှင်ကလေးတွေကို ဖုန်းနှင့်လှမ်းဖျက်။ သည်းလေးကို နားလည်အောင်ပြောထားပြီး ကာတွန်းကားဖွင့်ပေးထားသည်။

သူမကတော့ ဘုန်းဝေလျှံရဲ့အနားမှာပဲ သူ့အရိပ်အခြည်ကို ကြည့်ပြီး သူရွှံ့လျှင် ကိုယ်လည်း ရွှံ့။ သူမဲ့လျှင် ကိုယ်လည်း မဲ့။

"အလုပ်လုပ်တာ သတိထားမှပေါ့ရှင်။ မသေကောင်း မပျောက်ကောင်း"



www.burmeseclassic.com

www.burmeseclassic.com



ရင်ထဲမှာ စိုးရိမ်စိတ်တွေက ညှောင်ဦးကမ်းပါးပြိုသလို အဲ . . . ညှောင်ဦးကမ်းပါးပြိုတာနှင့် စမ္ဗာနဂိုက နွားမကြီး ပေါင်ကျိုးတော့မည် ထင်ပါရဲ့။

"အား ကျွတ် ကျွတ် . . . ငွေ ငွေလသာ . . . ကျွန်တော့်ကို တစ်ယောက်တည်း မထားခဲ့ပါနဲ့ဗျာ"

"မထားခဲ့ပါဘူး။ ကျွန်မ ရှင့်အနားမှာရှိပါတယ်"

"ညကျရင်လည်း ကျွန်တော့်ကို စောင့်ပေးပါနော်။ ကျွန်တော် တစ်ယောက်တည်း လူမသိ,သူမသိနဲ့ သေသွားမှာ အရမ်းစိုးရိမ်တယ်ဗျာ"

"စောင့်ပေးပါ့မယ် ရှင်။ ရှင် ဒီလောက်ရောဂါသည်းနေတာ ကျွန်မ စောင့်ပေးရမှာပေါ့။ အရမ်းနာနေရင်လည်း ဆေးရုံတက်လိုက်ပါလားဟင်"

"အာ . . . ရတယ်၊ ရတယ်။ ဆေးတွေ မှန်မှန်သောက်ရင် နည်းနည်းတော်သွားမှာပါ"

"ဆေးတွေသောက်ရတာ ကိစ္စမရှိဘူး။ အစာမရှိခဲ့ရင် ဆေးဒဏ်ခံရလိမ့်မယ်။ ဒီနေ့ထဲ ဘာစားရပြီလဲ"

"မစားရသေးဘူး။ ကိုယ့်ပါးစပ်တွေ ခါးနေတယ်"

"ဒါဆို ရှင် အနာရှိန်ကြောင့် ဖျားပြီ။ ကျွန်မ စွပ်ပြုတ်လုပ်ထားတယ်။ ကြက်သားသုပ်နဲ့ ငါးရှူကြော်လေးနဲ့ သောက်ရအောင်နော်။ ပြီးမှ ဆေးသောက်မယ်"

"မသောက်ချင်ဘူးကွာ။ ပါးစပ်တွေ ခါးနေတ[illegible]။ ဗိုက်ထဲပြည့်နေတယ်"

ကလေးလို ဂျီကျပြီး အနာရှိန်ကြောင့် ရှုံ့မဲ့နေသည့် ဘုန်းဝေ့ကို ငွေလသာ စိတ်ရှည်ရပါသည်။ မီးဖိုဘက်မှ စွပ်ပြုတ်နှင့် ကြက်သားသုပ်၊ ငါးကြော်တို့ကို ဗန်းလေးနှင့်သယ်လာပြီး သူ့ကို စိတ်ရှည်စွာ ခွံ့ပေးရှာသည်။

သူ့ကို ညင်သာယုယစွာ တွဲထူပေးရတော့ ဘုန်းဝေလျှို ငွေလသာ၏အကြင်နာတွေကို ယစ်မူးမိသည်။

ဩော် . . . တို့ယောကျ်ားတွေဆိုတာလည်း ဂဂါမြစ်ထဲ သဲ ချည်းဖြစ်ကုန်တယ်ဆိုသလို နာကျင်နေသည့်ကြားထဲမှ မသေသေးတော့လည်း ဒီရင်ဘတ်ကြီးက ခုန်နိုင်သေး။

"အား ကျွတ် ကျွတ် . . . ဖြည်းဖြည်းလုပ်ပါ ငွေရယ်။ သက် . . . လက်က ကျောသွားသလား မသိပါဘူး"

သူ မူနွဲ့တော့ ငွေလသာခမျာ ပျာပျာသလဲ။

"ဆောရီးပါရှင်၊ ကျွန်မ နောက်ဆို ဖြည်းဖြည်းလေး လုပ်ပါ့မယ်နော်။ မေမေရှိရင်လည်း အကောင်းသား။ မေမေက ဖေဖေ နေမကောင်းတဲ့တစ်လျှောက်လုံး ချီခဲ့ ပွေ့ခဲ့ ပြုစုခဲ့ရတော့ လုပ်တတ်တယ်"





ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com



"အာ . . . နေပါစေ လူကြီးကိုအားနာပါတယ်။ ငွေပဲ လုပ်ပေးပါ"

"ငွေ"

လသာပြုတ်သွားသဖြင့် ငွေ အံ့သြတကြီးပြန်ကြည့်လျှင် ဘုန်းဝေလျှံ မသိချင်ယောင်ဆောင်နေ၏။ နောက် ငွေလသာ ခွံ့ပေးသမျှ စားရ ဝါးရသည်။ အင်း . . . ထိခိုက်ခံရကျိုးနပ်ပါတယ်။ သည်းလေးကလည်း အလိုက်သိတာလား ကာတွန်းကားထဲ မျော နေတာလားပင်။ သူတို့ကို လာမရှုပ်ပါ။

"အန်တီရော ငွေ"

"အမယ်လေးရှင် မပြောချင်ပါဘူး။ ဒေါ်ယုယသော်လေ ကျွန်မတို့သားအမိကို အတင်းနှင်ချပြီး အခုကျ သူတို့အိမ်မှာ အိမ် အကူတွေကလည်း ပြေး။ လူမမာကလည်း ဘွားဘွားရော သူ ယောက်ျားရောဆိုတော့ မေမေ့ကို မျက်ရည်ခံထိုးပြီး အတင်းခေါ် သွားတယ်လေ။ မေမေတော့ အိမ်အလုပ်တွေ၊ လူမမာအလုပ်တွေ နဲ့ နှစ်နေမှာပေါ့။ ခုထိ ပြန်မလာရသေးဘူး"

"သြော် . . . သူတို့သားအမိတွေက စိတ်ပုပ်တယ်နော်။ ငွေတို့ကို အမြဲ ပြဿနာရှာနေတာပဲ"

"သူတို့အမြင်မှာကျ ကျွန်မတို့သားအမိက ဆူးညှောင့် ခလုတ်ပေါ့။ အမွေခွဲပေးရမှာ အရမ်းစိုးရိမ်နေကြတာ"





"ငွေတို့ကရော မယူချင်ဘူးလား။ ကျုန်တဲ့ပစ္စည်းကို ထား။ အဲဒီခြံနဲ့ တိုက်ကပဲ သိန်းတစ်သောင်းလောက် ရှိနေလောက်တယ်"

"သူတစ်ပါးမပေးချင်တဲ့ပစ္စည်းကို မယူချင်ပါဘူးရှင်။ လူတွေကို ရန်သူတွေလို ဆက်ဆံနေကြတာ။ မေမေကလည်း ဘာဖြစ်လို့ ဒီမှာ ကုပ်ကပ်နေတယ်မသိပါဘူး။ ကျွန်မအလိုဆို တောင်ကြီးကိုပြန်ပြီ။ ကျွန်မတို့လို လုပ်သားပြည်သူတွေအတွက် ဘယ်အရပ်မှာနေနေ အလုပ်လုပ်စားရင် ထမင်းမငတ်ပါဘူး"

"တောင်ကြီးမှာ ဘယ်သူတွေရှိလို့လဲ"

"အမျိုးတွေရှိတယ်။ မြို့ပေါ်တော့ မဟုတ်ပါဘူး။ အနီး အနားက ရွာလေးတွေမှာပေါ့"

"ငွေက သည်းလေးကိုရော အခုကိုယ့်ပုံစံကြီးကိုရော ထည့်မတွက်ဘူးပေါ့၊ ရက်စက်တယ်"

"ကျွန်မသဘောကတော့ သူတို့နဲ့မပတ်သက်ချင်တော့ ပါဘူးရှင်။ အမျိုးမျိုး ဒုက္ခတွေ ပေးသမျှ ခါးစည်းခံရတာလည်း နာကြည်းလှပါပြီ။ အမျိုးအရင်းကြီးတွေဆိုပေမယ့် ကျွန်မ စိတ်နာ သွားပြီ"

"ကဲ . . . အဲဒါတွေထားပါ။ ကျွန်တော်နဲ့သည်းလေးရဲ့ မျက်နှာကိုတော့ ထောက်ပါ။ ကျူရှင်ကလေးတွေလည်း မြှုတ် လိုက်တော့နော်။ အဲဒီအတွက် ကိုယ်ပေးပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



"မလိုပါဘူးရှင်။ သားအမိနှစ်ယောက် ထမင်းစားနေရဘာပဲ"

"ဩော်ဗျာ . . . ကျုန်တဲ့အသုံးစရိတ်တွေလည်း လိုဦးမှာပေါ့"

"ကျွန်မက အခကြေးငွေယူရတဲ့အိမ်အကူမဖြစ်ချင်တာ။ အိမ်အကူအလုပ်ကို လုပ်နေရပေမယ့် ပိုက်ဆံမယူရင် စိတ်သန့်သေးတယ်"

"ကဲ . . . ဒါဆိုလည်း သဘောပါဗျာ"

"အစာစားပြီးရင် ဆေးသောက်ရမယ်။ ပြီးရင် ပြန်လှဲနေနော်"

သူ့ကို ဆေးတိုက်ပြီး အိပ်ရာပေါ်မှာ ပြန်လှဲပေးတော့ နှစ်ယောက်သား နီးနီးကပ်ကပ်။ ငွေလသာ၏ကိုယ်နံ့မွှေးမွှေးကို ခိုးရှူရှိုက်ရင်း ကိုယ့်ရောဂါမသေးတော့ပါလားဟု ဘုန်းဝေလျှို့ သိလိုက်ရသည်။

❄

ဦးနေဘုန်း ည (၇) နာရီလောက်မှာ အိမ်ပြန်ရောက်တော့





နန်းငွေရည်နှင့်သည်းလေးကို ညှော်ခန်းထဲမှာ တီဗီကြည့်နေကြတာ တွေ့ရသည်။ ကလေးက နှစ်အုပ်စုကြားမှာ ဗျာမများရတော့သည်မို့ ပုံမှန်လေး ပြန်ဖြစ်သွားပေပြီ။

ဒေါ်ယုယသော်၏စွပ်စွပ်စွဲစွဲစကားတွေကို ကြားယောင်မိနေသဖြင့် ဦးနေဘုန်း မျက်နှာမကောင်း။

"ဒီနေ့ ပြန်တာစောတယ်နော်"

"ဟုတ်တယ် သား . . . ဘယ်လိုနေသေးလဲ"

"သက်သာပါတယ်။ ညနေက ဆရာဝန်လာသွားတယ်"

"မလေးရော ဘယ်အချိန်ပြန်ရောက်လဲ"

"ရှင်"

"ဟိုဘက်အိမ်ကို သွားတာလေ။ ဘယ်အချိန်မှ ပြန်ရောက်သလဲ"

"ဩော် . . . ကျွန်မ လူမမာတွေကို ညနေစာကျွေးပြီး (၅) နာရီလောက်မှ ပြန်လာရပါတယ်။ ဦးနေဘုန်းကို ပြောဦးမလို့ပါ။ မယုက ငိုယိုပြီး ချက်ချင်းလာခေါ်တာနဲ့ မပြောလိုက်ရတာ"

"ရပါတယ်။ ဒါက ကိုယ့်စိတ်နဲ့ကိုယ့်သဘောပေါ့။ ကျွန်တော် ချုပ်ချယ်စရာအကြောင်း မရှိပါဘူး"

"ဩော် . . . ကျွန်မက ဒီအိမ်မှာနေတာဆိုတော့ ဟိုဘက်အိမ်သွားမှာကို ခွင့်ပန်ရမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"နေ့တိုင်း သွားလုပ်ပေးရမှာလား"

"မပြောချင်တော့ပါဘူးရှင်။ ဟိုဘက်အိမ်မှာ အိမ်အကူတွေလည်း ပြေး။ လူမမာကလည်း နှစ်ယောက်။ မယုတို့ကလည်း တစ်ချက်မှ ငုံ့မကြည့်။ မနေတတ်တဲ့လူပဲ လုပ်ပေးရဦးမှာပေါ့"

ဦးနေဘုန်း မယုစကားကို ကြားယောင်မိသည်။

"သူက ရှင်တို့သားအဖမရှိတော့တာနဲ့ အိမ်ဘက်ကူးပြီး ကိုလွင့်ကိုပြုစုတော့တာ။ ယုကလည်း မသိချင်ယောင်ဆောင်ပေး လိုက်ပါတယ်"

"တချို့မိန်းမတွေရဲ့စိတ္တဇက ဒီလိုပဲ။ ယောက်ျားတွေကို ပြုစုချင်တယ်။ ကိုယ့်လက်ကိုယ်ခြေနဲ့ သူတို့အင်္ဂါတွေကို ကိုင်တွယ်ချင်တယ်လေ။ လူမမာဆိုတော့ သူ ကိုင်ချင်တိုင်း ကိုင်လို့ရတာပေါ့ . . . အဟင်း ဟင်း"

ဟုတ်ပါ့မလား။ သူ မလေးကို ကြည့်လိုက်တော့လည်း ရိုးရိုးသားသား ဖြူဖြူစင်စင်။

သို့သော် ကိုယ်စိတ်ကူး ရည်စူးမိသည့်သူက အခြား ယောက်ျားတစ်ယောက်ကို ပယ်ပယ်နယ်နယ် ဂိုက်ပွေ့ပြုစုနေတာတော့ မခံစားနိုင်။ လုံးဝမကျေနပ်။ သူ ရေချိုးဖို့ အပေါ်အင်္ကျီ ချွတ်ရင်း မကျေနပ်တာတွေကို ထိန်းထိန်းသိမ်းသိမ်း ပြောမိသည်။

နန်းငွေရည် ဦးနေဘုန်းကို မကြည့်ရဲ။





အသက်ငါးဆယ်ပေမယ့် အားကစားလိုက်စားလို့လား။ အလုပ်နဲ့လက်မပြတ်လို့လားမသိ ဗလကတောင့်တောင့်၊ အရပ်က ဖြောင့်ဖြောင့်။ ယောက်ျားပီသသော ဥပဓိရုပ်နှင့်။ ရှေးမင်းသားဝင်းဦးလိုလို၊ တွမ်ခရုလိုလို။

သူကတော့ ခါတိုင်းလို မေ့ပြီး အင်္ကျီချွတ်မိတာဖြစ်မည်။

"ဦးကိုကိုလွင်က ဝဝကြီး။ မလေး ဘယ်လိုလုပ်ပြီး ထူပေးသလဲ။ လေဖြတ်တဲ့လူဆိုတာ ဆီးဝမ်းကိစ္စကအစ လိုက်လုပ်ပေးရတော့ ကိုယ့်ယောက်ျားလည်း မဟုတ်ဘဲနဲ့ မလေး မရှက်ဘူးလား"

"ဟိုဘက်ခြံက ဦးချစ်ကို လှမ်းခေါ်ပြီး လုပ်ခိုင်းရတာပေါ့။ ကိုယ့်အပေါ် မကောင်းကြပေမယ့် လူသားချင်းစာနာပြီး ကိုယ်တတ်နိုင်သမျှ လုပ်ပေးရတော့တာပေါ့ရှင်။ မယုက လှည့်မှမကြည့်တော့ဘဲကိုး"

"တော်ပါပေတယ် ကရုဏာရှင်မကြီးရယ်။ ကျွန်တော်မျိုးကြီး လေဖြတ်ရင်လည်း အဲလိုပဲ ပြုစုပေးနိုင်ပါစေ"

ဆောင့်အင့်အင့်ပြောပြီး သည်းလေးကိုတောင် ငုံ့မကြည့်နိုင်ဘဲ သူ ရေချိုးခန်းဝင်သွားလျှင် နန်းငွေရည် စိတ်မကောင်း ဖြစ်ရသည်။

ငါ ဦးကိုကိုလွင်ကို ပြုစုတာနဲ့ သူက ဘာဖြစ်လို့ စိတ်ဆိုး

www.burmeseclassic.com

www.burmeseclassic.com



နေရတာလဲ။ ငါလည်း ဦးကိုကိုလွင်ကို ပွေ့ပွေ့ပိုက်ပိုက် မပြုစုနိုင်ပါဘူး။ မလွဲသာ မရှောင်သာလွန်းလို့ပါ။

ယခုဆို ဦးကိုကိုလွင်ဟာ ဆေးတွေကောင်းလွန်းသဖြင့် စကားပင် ပြန်ပြောလာနိုင်ပါပြီ။ သူ့မိန်းမအကြောင်း၊ သူ့သား သမီးအနားတောင် မလာတာတွေ ခံစားနေတတ်ပေပြီ။

"မယုရော"

"နဒီရော . . . သားကြီးရော"

သူ့မေးခွန်းတွေကို နန်းငွေရည် လူမမာစိတ်ချမ်းသာအောင် ဖြေခဲ့မြဲ။

"မယုက ဆိုင်ထွက်နေရတယ်။ နဒီနဲ့သားကလည်း စာမေးပွဲတွေ အရေးကြီးနေလို့"

"ငါကရော အရေးမကြီးဘူးလား"

နန်းငွေရည် မကြားချင်ယောင်ဆောင်ပြီး လုပ်စရာရှိတာ တွေသာ လုပ်ပေးခဲ့တာ။

"ညီလေး ကံကောင်းတယ်" တဲ့။

နန်းငွေရည် ဘာမှမပြောတော့ပါ။ သူ့ခုတင်က မြှင့်လို့ရ သဖြင့် လူကိုထူပေးစရာမလိုပဲ ခုတင်ကိုသာ မြှင့်ပေးပြီး စွပ်ပြုတ် တိုက်၊ ပူတင်းကျွေး၊ ဆေးတိုက်။ ကိုယ့်ယောက်ျားရဲ့အစ်ကိုနဲ့ မခေါ်ချင်သာနေရ၊ မတော်ချင်လို့မှမရဘဲ။ နန်းငွေရည်ကတော့





ဝတ္ထုရားတစ်ခုနှယ် လုပ်ကိုင်ပေးခဲ့ပါသည်။

သည်းလေးအိပ်ချင်လာပြီမို့ နန်းငွေရည် ရင်ခွင်ထဲ ထည့် သိပ်ကာ ကျောလေးပွတ်ပေးတော့ ကလေးက မကြာခင် အိပ်ပျော် သွားသည်။ သူတို့အိပ်ခန်းက အပေါ်ထပ်မှာမို့ သူမ ချီသွားဖို့တော့ မဖြစ်နိုင်။

ပြီး . . . ဘုန်းဝေလျှံအောက်ထပ်မှာ နေမှာမို့ သူတို့လည်း အောက်ထပ်မှာပင် စောင့်အိပ်ပေးမှ အဆင်ပြေမည်။ ကလေးကို ဆိုဖာရှည်ပေါ်တင် ခေတ္တသိပ်ထားပြီး တီဗီကိုလည်း အသံလျှော့ လိုက်၏။

သည်စဉ် အပေါ်ထပ်မှ ဦးနေဘုန်း ပြန်ဆင်းလာခဲ့၏။ သူ့ရုပ်က အလိုမကျသည့်နှယ် စူပုပ်ပုပ်။ စပို့ရှပ်အပြာစင်းနှင့် ဒူးကျဘောင်းဘီလို စတိုင်ဘောင်းဘီနှင့်မို့ ပိုပြီးနုငယ်နေသလို။

နန်းငွေရည်မှာ ယောက်ျားက အရက်သမားမို့ သူမဘဝ မှာ လင်ဆိုးမယား တဖားဖားနေခဲ့ရသည်မှာ ယခုထိ ဘဝက လက်စမသတ်သေး။ ယောက်ျား၏အမေနှင့်အစ်ကိုကို ကြည့်ရှု ပေးနေရတုန်း။

ယခုလို ချောမောခန့်ညားသည့်ရုပ်သွင်နှင့် လူကြီးလူ ကောင်း ဂျန်းတဲမန်းကို မကြုံဖူးခဲ့ပါ။

သူက ကိုယ့်ကို ရန်လိုနေသလိုလို၊ မကျေနပ်သလိုလို



www.burmeseclassic.com

www.burmeseclassic.com



ပုံစံမျိုး ပြနေတော့ နန်းငွေရည် ဝမ်းနည်းရသည်။ သည်ညလေး ကတော့ ဆိုဖာပေါ်မှာ အိပ်နေဆဲ။ သူက –

"ကျွန်တော်တို့လည်း သားအခန်းထဲမှာ စောင့်အိပ်မှ ရမယ်။ သူ့အခန်းထဲမှာ ခုတင်တစ်လုံး ထပ်ထည့်ပြီး သားလေးနဲ့ အိပ်ရမယ်"

"လူနာကို ကျွန်မတို့စောင့်ပေးပါ့မယ်။ ဦးနေဘုန်း အိပ်ရေးပျက်ရင် လုပ်ငန်းခွင်မှာ ကသိကအောက်ဖြစ်နေပါ့မယ်"

"မလေးတို့ ခြံထဲကအိမ်မှာ သွားမအိပ်တော့ဘူးပေါ့"

"လူနာရှိနေတာပဲရှင်၊ စောင့်အိပ်ပေးပါ့မယ်"

"ဒါဆိုလည်း ကျေးဇူးပဲ။ ကဲ ... ညစာစားကြစို့"

ငွေလသာကတော့ လူမမာနားမှာစောင့်ပေးနေသည်မို့ နန်းငွေရည် သူတစ်ယောက်စာပဲ ထမင်းပွဲပြင်၏။ ဦးနေဘုန်း စားပွဲမှာထိုင်ပြီး သူမကိုစောင့်ကြည့်နေမိသည်။ !

ရိုးရိုးလေးပါပဲ။ သဘာဝအလှတွေနှင့်သာ ဝင်းပနေသည့်မိန်းမ။ အသက်လေးဆယ်ခန့်ဟု မထင်ရအောင် နုပျိုလှပသည်။ ပြည့်ဖြိုးတောင့်တင်းပေမယ့် ဗိုက်သားချပ်ချပ်လေး။ ဖြူဖြူဖွေးဖွေး ရေဆေးငါးဆိုတာ ဖြစ်မည်။

မျက်နှာအလှကလည်း ဖြူစင်သောအသားမှာ မျက်ခုံး မျက်လုံး မျက်တောင်တွေလှသည့်အပြင် နှာတံနှင့်နှုတ်ခမ်းလေး





လှပုံကလည်း အပြစ်ဆိုဖွယ်မရှိ။

ဦးနေဘုန်းဟာ သူများတကာလို နွားအိုမြက်နု ကြိုက်တတ်။ ကိုယ့်ထက်ငယ်သည့် ဆယ်ကျော်သက် တစ်ယောက်လောက်ကို ယူကြည့်လိုက်ပါလား။

သိန်းဃိုပြည့်မီးရှို့ခံရသလို သူ့ဘဝလောင်မြိုက်လိုက်သည့်အမျိုး။

သူ နှစ်သက်တာကိုက သူမ၏ တည်ငြိမ်ရင့်ကျက်မှုနှင့် မိန်းမ ပီသမှု၊ အနစ်နာခံတတ်မှုတွေပါ။ မယုလို လျှပ်ပေါ် လော်လီပြီး အနစ်နာမခံတတ်သည့် မိန်းမမျိုးကို သူ ရွံသည်၊ မုန်းသည်၊ စကားတောင်မပြောချင်။

ချည်ထည်ဝမ်းဆက်အပြာလေးလောက် ဝတ်ထားရုံနှင့် ဝင်းပနေသည့်မိန်းမ။

"ဟော့ ... မင်းပါတစ်ခါတည်း ဝင်စားလေ"

"ရှင်စားပါ၊ ကျွန်မ သမီးကိုစောင့်ဦးမှာ"

"လူမမာက လူလဲနဲ့စောင့်ရမှာ။ မင်း အရင်စားလိုက်။ ငါ တစ်ယောက်တည်း ထမင်းမစားတတ်ဘူး"

"အင်"

ခင်ဗျား ကျွန်တော်ပြောနေရာမှ ပိုင်စိုးမိုင်နင်း မင်းတွေ ငါတွေ ဖြစ်သွားပါလား။ နန်းငွေရည် မလွှဲသာတော့သဖြင့် စားပွဲ



www.burmeseclassic.com

www.burmeseclassic.com



နားသို့ တရွေ့ရွေ့ကပ်လာခဲ့လျှင် သူက သူ့ရှေ့မှာ လက်ညှိုးညွှန်ပြ၏။

"ဒီမှာထိုင်"

"ရှင့်ညော်သည်တွေဘာတွေ ဝင်လာရင် လူမြင်လို့ မတင့်တယ်ပါဘူး။ အိမ်အကူနဲ့အတူတူ စားနေတယ်ဆိုရင်"

"ခင်ဗျားကို ကျုပ် အိမ်အကူလို့ သဘောမထားဘူး။ အိမ်ရှင်မလို့ပဲ သဘောထားတယ်။ စိတ်ကူးယဉ်တယ်၊ ရှင်းလား"

သူ့စကားက ဒဲ့ကြီး။

"ရှင် သောက်လာတာ ထင်တယ်"

"မမူးပါဘူး။ သောက်လည်း မလာပါဘူး"

"တော်ပြီ ... ကျွန်မ ဘာမှမကြားချင်တော့ဘူး"

သူညွှန်ပြသည့်နေရာမှာ ထိုင်ပြီး နန်းငွေရည် ထမင်းကို လျင်မြန်စွာ စားရသည်။

"ဖြည်းဖြည်းစား။ ငါဝမှ မင်းလည်း ထရမှာ"

သူ့စကားကြောင့် မော့ကြည့်လိုက်တော့ သူ့ရုပ်က ခပ်ထန်ထန်။ လူကိုများ ကျေးပိုင် ကျွန်ပိုင်ခေတ်လို့ ဆက်ဆံနေပါလား။

သခင်တစ်ယောက်၊ လင်တစ်ယောက် ရခဲ့တာနှင့် ယောကျ်ားဆို တော်ပါပြီရှင်။ ရှင် စိတ်ချမ်းသာအောင် အလိုက်





အထိုက် ဆက်ဆံနေတာပါ။ အချိန်တန်ရင် အိမ်ပြန်မှာပါ။

"ကိုယ့်ဇနီးတုန်းက နာတာရှည် နှလုံးရောဂါသည်လေးမို့ ကိုယ်ကပဲ အမြဲပြုစုခဲ့ရတယ်။ ဒါကြောင့် နောက်တစ်ကြိမ်ဆိုတာများရှိခဲ့ရင် ကျန်းမာတဲ့လူကိုပဲ ယူမယ်လို့ ဆုံးဖြတ်ခဲ့တယ်"

"နှလုံးရောဂါသည်ကိုတောင် ကလေးနှစ်ယောက်ရအောင် နှိပ်စက်ခဲ့တယ်နော်"

"ဒါကတော့ လင်နဲ့မယားပဲ။ ဘယ်ကင်းနိုင်မလဲ။ မင်းတောင် ရောဂါသည်ယောက်ျားနဲ့ ကလေးတစ်ယောက်ရခဲ့သေးတာပဲ"

နန်းငွေရည် သူနှင့်တုပြိုင်ပြီး စကားနိုင်မလုချင်တော့ပါ။ ပြောမိတာကိုက ကိုယ့်အမှား။ နန်းငွေရည် ထမင်းမြန်မြန်စားနေမိတာ၊ မြန်မြန်ပြီးအောင်ပါ။

"ဟော့ ... ငါ့ကို စောင့်ဦး"

"သမီးနဲ့ လူချင်းသွားလဲရဦးမယ်။ သည်းလေးကိုလည်း နေရာချပေးရဦးမယ်"

သူတို့အိမ်က ခြင်လုံဇကာတွေ တပ်ထားတာမို့ ခြင်မရှိပါ။ သို့သော် ကလေးအိပ်နေတာ ညော်ခန်းထဲမှာ။

"အကြောင်းမပြန်နဲ့၊ ငါ့ကို စောင့်ဦး"

နန်းငွေရည် သက်ပြင်းချနေတော့ သူက အချိုပွဲကို



www.burmeseclassic.com

www.burmeseclassic.com



သူမဘက်သို့ ထိုးပေးသည်။ သစ်သီး (၃) မျိုးလောက်ခွဲထည့်ထား တာ။ သဘော်သီး၊ ပန်းသီးနှင့် ငှက်ပျောသီး။

"ကိုယ့်ဘဝမှာ အထီးကျန်ခဲ့ရတာကြာပြီ။ မိန်းမဆုံးပါး သွားတာလည်း (၁၀) နှစ်ကျော်ပြီလေ။ သားနဲ့သမီးလည်း အတောင်အလက်စုံပြီဆိုတော့ ကိုယ့်ဘဝကို တစ်ကပြန်စချင်တယ်။ မင်းရော ပြန်မစချင်ဘူးလား"

သည်တစ်ခါတော့ မရ။ နန်းငွေရည် ပြန်ပြောလိုက်သည်။

"ကိုယ့်ဘာသာစချင်စ မစချင်နေ။ ကျွန်မကို ဆွဲမထည့် ပါနဲ့။ သူနိုးသေဖော် မညှိပါနဲ့"

"ဘာလဲ ... မင်းက သွားလေသူကြီးနဲ့ သစ္စာနဲ့ထားလို့ လား။ တစ်ပင်လဲလို့တစ်ပင်ထူတာ မြန်မာလူမျိုးတွေ မကဲ့ရဲ့ပါဘူး"

"တော်ပါပြီရှင် ... ဒီအတိုင်းလည်း အဆင်ပြေသားပဲ"

"ဟင် ... ဘယ်မှာပြေလို့လဲ။ ဒေါ်ယုယသော်က အိမ် ပေါ်က နှင်ချ။ သူများအိမ်မှာ ကပ်နေရတယ်လေ။ ကိုယ့်အိမ်နဲ့ ကိုယ် အိမ်ထောင်ရှင်မကြီး လုပ်နေရရင် ပိုမကောင်းဘူးလား"

တော်တော်ဆိုးတဲ့လူပဲ။ ဘာတွေလျှောက်ပြောနေမှန်း လည်း မသိဘူး။ နောက်ဆုံး နန်းငွေရည် ထမင်းစားပွဲမှ ထလိုက် တော့သည်။ သည်တော့လည်း အမိန့်ကကပ်လျက်။

"အောက်ထပ် သားရဲ့အခန်းနဲ့မျက်နှာချင်းဆိုင်မှာ





ကိုယ်တို့မြေးအဘိုးအတွက် အခန်းပြင်ပေးဦး။ ခုတင်ရှိပြီးသား။ စောင်နဲ့ခြင်ထောင်တွေ အပေါ်ကနေ အောက်ကိုရွှေ့ပေး ...."

"ဟုတ်ကဲ့"

နန်းငွေရည် အခန်းရွှေ့ပေးနေရတာနှင့် သမီးကို မေ့ သွားခဲ့သည်။

❋ ❋ ❋



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၀)

ဘုန်းဝေလျှံ၏တောင်းဆိုချက်အရ ငွေလသာနှင့် နန်းရွှေရည်တို့ သူ့အခန်းထဲမှာ စောင့်ပေးရသည်။ ငွေလသာ တစ်ယောက်တည်း စောင့်စေချင်ပေမယ့် သမီးကိုချစ်သော အမေကပါ အဆင်လိုက်ပြီး စောင့်ပေးနေရ၏။

ထမင်းကိုလည်း ပန်းကန်ထဲထည့်၊ နယ်ဖတ်ပြီး ဖွန်းနှင့် တပ်လာပေးရသည်။ သူတို့သားအဖဟာ တဖြည်းဖြည်းနဲ့ ပါး သားအမိကို နိုင်စားနေကြပါလား။

သည်းလေးကအစ သူတို့သားအမိဆိုအနိုင်။ သို့သော် သူတို့က ကိုယ့်အပေါ်ကောင်းတာတွေကြောင့် သည်းခံနေရပါသည်။

မလှုပ်နိုင်သည့် မိမိကြီးရဲ့ခုတင်ဘေးမှာ ငွေလသာ





ကုလားထိုင်နှင့် ထိုင်စောင့်နေရပါသည်။

သူလိုလျှင် ပြုံး
သူမုန်းလျှင် ကြွေ
သေဆိုသေ ရှင်ဆိုရှင်
ကိုယ့်ရင်ထဲမှာ သူမှသူ

ဆိုသလိုပဲ ဘုန်းဝေလျှံကို ငွေလသာ အသနားကြီး သနားနေမိသည်။

မသေကောင်းမပျောက်ကောင်း ရှင်ရယ်။ လောကကြီးကို အနိုင်ရနေလျက်နဲ့ ဒုက္ခိတဖြစ်သွားခဲ့ပါလျှင် –

ယခုလည်း ခြေထောက်ပတ်တီးနှင့် ခေါင်းမှာလည်း ပတ်တီးနှင့်။ လက်မှာလည်း ပလာစတာတွေနှင့်။

မေမေက အခန်းထောင့်မှာ ဖျာခင်းပြီးအိပ်စောင့်သည်။ သမီးပျိုလေးကို ပေါက်လွှတ်ပစ်မထားသည့်အမေ။ သူလည်း တစ်ဖက်အိမ်မှာ တစ်နေကုန်ပင်ပန်းခဲ့သည်မို့ အိပ်ပျော်နေရှာပြီ။

ညနာရီသံတွေကိုနားထောင်လိုက်တော့ (၁၂)ချက်တိတိ။ လူနာကလည်း မအိပ်နိုင်ပါ။ အနာရှိန်ကြောင့် ဖျားလုလု။ အဲကွန်းဖွင့်ထားလို့သာ ခံသာနေတာ။ ပါးစပ်မှလည်း –

"ငွေ ငွေလသာ ... ကိုယ့်မထားခဲ့နဲ့နော်။ ကိုယ် တစ်ယောက်တည်း ကြောက်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"အား ... ငရဲမင်းကြီး လာခေါ်ပြီ၊ မလိုက်ဘူးဗျာ ... သွား သွား"

ကယောင်ကတမ်းတွေအော်ရင်း ငွေလသာ၏လက်ကို ဆုပ်ကိုင်ထားရှာသည့် ဘုန်းဝေလျှံ။

ငွေလသာ သူ့အနားမှာတစ်ညလုံးမအိပ်ဘဲ ပရိတ်တော် တွေ ရွတ်ဆိုပေးနေရသည်။

သူဟာ နေမကောင်း၊ ထိုင်မကောင်းဖြစ်နေတာလား သူမကို နှိပ်စက်နေတာလား။ သည့်စဥ် မျက်လုံးပွင့်လာပြီး တောင်းသဖြင့် ငွေလသာ အနားမှာထားသည့် ရေကို ဖန်ခွက် ထည့်ကာ သူ့ကို ပွေ့ထူပြီးတိုက်ရသည်။

"ရင်ခုန်သံတွေ ဆူညံပေါက်ကွဲနေတာပဲ"

"ရှင်လား ... ဆရာဝန်ခေါ်ပေးရမလား"

"ရတယ်၊ အနာက အရမ်းနာတယ်"

"ဆရာဝန်ခေါ်ပေးမယ်လေ"

"မခေါ်နဲ့၊ ရင်ဘတ်ထဲက နာတာ"

"အတွင်းကြေ ကြေသွားတာ ထင်တယ်၊ ဒုက္ခပါပဲ"

ငွေလသာ မျက်စိမျက်နှာပျက်နေပြီး ခြေမကိုင်မိ၊ လက် မကိုင်မိ ဖြစ်နေတာကို ဘုန်းဝေလျှံ ငေးကြည့်နေ၏။ ပြီးမှ-

"မင်းအဖေဆုံးတော့ မင်းဘွဲ့ရပြီလား"





"(၉) တန်းနှစ်မှာ ဆုံးတာ။ ဘွဲ့ရတာက ဒီနှစ်မှ"

ငွေလသာ၏အဖြေကို ကြားရလျှင် ဘုန်းဝေလျှံ၏မျက်နှာ င်းခနဲ ဖြစ်သွားသည်။ ခင်နဒီပြောခဲ့သည့် 'သူက ဖအေကို အစ်ချက်တောင်ငုံ့ကြည့်တာ မဟုတ်ဘူး။ သေတာတောင် မသိ လိုက်ရတဲ့ဘဝ။ သူက နောက်ဆုံးနှစ်စာမေးပွဲဖြေနေတာလေ'

ဆိုသည့်စကားက မမှန်ကြောင်း သိလိုက်ရလို့ပါ။ ဘာပဲ ဖြစ်ဖြစ် ကိုယ့်ချစ်ရသူဟာ နှလုံးသားရှိသူ၊ စာနာထောက်ထား တတ်သူ၊ ကျေးဇူးတရားသိသည့် ဖြူစင်မြင့်မြတ်သူ ဖြစ်စေချင်တာ လူတိုင်းရဲ့ဆန္ဒ။

ကိုယ့်ချစ်ရသူဟာ သာတုန်းနားပြီး နာသည့်အခါ ထွက် ပြေးသွားမည့် အနစ်နာခံတတ်သည့် ယုတ်မာရက်စက်သူမဖြစ် စေချင်။ ဒေါ်ယုယသော်နှင့်ခင်နဒီတို့လို စရိုက်မျိုးကို သူ လုံးဝ နှစ်သက်။

ကိုယ့်အပြစ်ကို သူများအပြစ် လုပ်တတ်တာ။

"မင်းတို့သားအမိ တော်တော်ဒုက္ခရောက်ခဲ့မှာပဲနော်"

"လူ့ဘဝဆိုတာကြီးကိုက ဒုက္ခဘုံပဲလေ။ ခန္ဓာရယ်လို့ လာရင် ဒုက္ခသစ္စာဆိုတာလည်း လာမှာပဲ။ အချစ်ဆိုတာလည်း လကားပါရှင်။ ဒုက္ခသစ္စာပဲ"

"ဗုဒ္ဓေါ"



www.burmeseclassic.com

www.burmeseclassic.com



သီလရှင်များ ဝတ်သွားလျှင် သူ ရင်ကျိုးရချည့်ရဲ့။ မြန်မြန် ကိုယ့်ဘက်ပါအောင် စည်းရုံးမှ။

ဘုန်းဝေလျှံဟာ ဖြစ်တာကနည်းနည်း ငွေလသာ၏စိတ်ဓာတ်ကို သိချင်သဖြင့် ပတ်တီးတွေ များများစည်းခဲ့တာ။ သူ့ဒဏ်ရာကို သူ့အဖေတောင် ကောင်းကောင်းမသိ။ သူနှင့် ဆရာဝန်သာ သိသည်။

ခြေထောက်က အနားယူရမှာတော့ အမှန်ပါ။ ကျိုးတာတော့ မကျိုး။ ခေါင်းကလည်း နည်းနည်းပဲ။ သည်တော့ လူမောလုပ်လို့ကောင်းအောင် သူက ပတ်တီးတွေအများကြီးနဲ့ ကူညီအားဖြည့်ထားတာမို့ ငွေလသာ၏စိတ်ရင်းအမှန်ကို သိရသည်။

ငိုတော့မယောင် ပြုံးတော့မယောင် ရုပ်ကလေးနှင့် သူ့အနားမှာ အချိန်ပြည့်စောင့်ပေးရှာသည့် လုံမငယ်။

သိပ်ချစ်တာပဲကွာ။

"အခု အဲဒီဒုက္ခသစ္စာက မလွတ်သေးဘူးလား။ သားအမိနှစ်ယောက်လုံးများ သီလရှင်ဝတ်ကြတော့မလို့လားကွ"

"စိတ်ကူးထားတယ်။ တောင်ကြီးမှာ ပြန်ပြီး အသွားသီလရှင်ရဲ့ကျောင်းမှာ သားအမိနှစ်ယောက်လုံး သီလရှင်ဝတ်ဖို့ တိုင်ပင်ထားကြတယ်"

"အဲဒါ ဘဝကို အရှုံးပေးတာပဲ၊ လောကကို ရင်မဆိုင်





ထွက်ပြေးတာ။ မင်းတို့မှာ ခြေအကောင်း လက်အကောင်းကြီးနဲ့။ ရုပ်တွေကလည်း ပြစ်မျိုးမှည့်မထင်၊ ချောလိုက်သေးတယ်"

တကယ်တော့ ငွေလသာ ဘုန်းဝေလျှံကို တမင်ပြောနေတာပါ။ သူ့ထံမှ သွယ်လာမည့်ချစ်ခြင်းမေတ္တာတွေကို မကြားလိုသဖြင့် ရေပိတ်စပါးအဖြစ် ကန့်သတ်နေတာ။

"အဲဒါတွေက အပေါ်ယံတွေပါရှင်။ တကယ့် သစ္စာတရားတွေ မဟုတ်ပါဘူး။ အခု ကျွန်မတို့မှာ ဝဋ်မကုန်သေးတော့ ဝဋ်ကြွေးတွေ ဆပ်နေကြတာ။ ဝဋ်ကုန်တဲ့တစ်နေ့ တောင်ကြီးပြန်မှာ။ ဘုရားနိုဗ် တရားရိပ်မှာ ခိုလှုံမှာ"

"ဗုဒ္ဓေါ ... အခု ကိုယ့်ကို ပြုစုနေရတာလည်း ဝဋ်ပေါ့ ဟုတ်လား"

"အင်း ... ဟိုတဝက ရှင့်ကြွေးတွေ ကျွန်မ ဘယ်လောက်ယူခဲ့မိသလဲမှ မသိတာ"

"ဟုတ်တယ် ... ဟုတ်တယ်၊ မင်း ကိုယ့်ဆီက ယူသွားတဲ့ ကြွေးတွေက အများကြီး။ ခုလို ခဏလေးဆပ်ရုံနဲ့ ဘယ်ကျေမလဲ။ တစ်သက်လုံးဆပ်မှ ကျေမှာပေါ့"

သူမရဲ့လက်နှစ်ဖက်ကို ဆွဲထားပြီး သူ့ရင်ဘတ်နားသို့ ကပ်လိုက်သည်မို့ ငွေလသာ မျက်စိတွေ ပြာသွားရသည်။

"အို ... ရှင့်မှာ ဒဏ်ရာတွေနဲ့လေ"



www.burmeseclassic.com

www.burmeseclassic.com



"သေသေကွာ . . . မရတော့ဘူး။ ကိုယ့်အသက် (၂၆)နှစ် ပြည့်ပြီးပြီ"

"ဘာဆိုင်လို့လဲ"

"အသက် (၂၆) နှစ်မှာ သေဘေးတစ်ခါကြုံမယ်။ နောက် ချစ်သူအသစ်ရမယ်။ အဲဒီချစ်သူနဲ့ လက်ထပ်ရမယ်တဲ့။ ဗေဒင်ဟော ထားတာ၊ အလကားအဖြစ်မခံနိုင်ဘူး"

"လူမမာနော်။ လူမမာလိုနေမှပေါ့။ ဗေဒင်ဆိုတာ အလ ကားပါရှင်။ ပြီးတော့"

ငွေလသာ ကြောင်ကလေးလို ရုန်းနေသည့်ကြားမှ သူ့ အတင်းပင် နသားပါယားနေတော့ ငွေလသာ စိတ်ဆိုးရအကျပ်၊ ရင်ခုန်ရအကျပ်။ သူ့ကိုယ်ငွေ့တွေဟာ နွေးနေတာတော့ အမှန်ပါ။ အနာရှိနေမှာပေါ့။

ဘယ်လိုလူနာလည်း မသိ။ နေမကောင်းတာကို အခွင့် ကောင်းယူပြီး ချစ်သူအသစ် ရချင်နေတာလား။ သူမ လန့်သွား သည်။

"အသစ် . . . ချစ်သူအသစ် ဟုတ်လား"

"အင်း . . . ဟုတ်တယ်လေ။ အိစီကလီတွေပါကွာ။ အဲ အပြင် တစ်ယောက်မှ မရှိဘူးခဲ့ပါဘူး။ အသစ်ဆိုတာ . . . အသစ် စက်စက်ကို ပြောတာပါ။ ကိုယ့်ကို တစ်ခါလောက် မွေးစင်း





ကောင်မလေးရယ်။ ကိုယ့်ရောဂါတွေ ပိန်းကြာဖက်ပေါ် ရေမတင် ဖြစ်သွားအောင်"

"ကျွန်မက သီလရှင်ဝတ်မယ့်လူနော်။ ကျွန်မစိတ်တွေ ဝေဝါးအောင် ရှင် မဖျက်ဆီးသင့်ပါဘူး"

"သီလရှင်လုပ်မယ့်သူတွေ အများကြီး။ အဲဒီအထဲ မင်း မပါရဘူး"

လူနာက သူမကို သူ့ခုတင်ပေါ်ဆွဲတင်ထားတာမို့ ငွေ လသာ သူ့ခုတင်ပေါ်မှာ ကိုယ်တစ်ပိုင်းရောက်နေရသည်မှာ ခိုးလို့ ခုလို့။

သူက ခြေထောက်နှင့်ခေါင်းပဲ မကောင်းပြီး၊ လက်တွေ က အကောင်းမို့ သူမကိုဖက်ထားလိုက်တာ သန်မှသန်။ ငွေ လသာ စိတ်ဆိုးပေမယ့် လူမမာမို့ စိတ်မဆိုးရက်။

"ရှင့်ခြေထောက်ပေါ် ဖိမိလိမ့်မယ်။ လွှတ် . . . ကျွန်မ စိတ်မဆိုးချင်ဘူးနော်"

"ချစ်လို့ ချစ်တယ်ပြောတာ စိတ်ဆိုးစရာလား။ ကိုယ် ပြန်နေကောင်းတာနဲ့ ချက်ချင်း လက်ထပ်မယ်။ မင်း သီလရှင် ဝတ်သွားမှာ မခံနိုင်ဘူး"

"ခက်တာပဲ ရှင်ရယ်"

သူ့ကို လက်နှစ်ဖက်နှင့် တွန်းထားရင်း ဆတ်ကန်ကန်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေသည့် သူမကို သူက စိတ်ရှည်ရှည်ဖြင့် ရင်ခွင်ထဲရောက်အောင် ပြင်ယူသည်။ ပြီးတော့ မျက်နှာနုနုလှလှလေးကို မြတ်နိုးယုယစွာ မွှေးကြူလေ၏။

"တစ်သက်တာအတွက် ရည်စူးပြီး ချစ်ခွင့်ပန်တာပါကောင်မလေးရယ်။ ကိုယ့်ကို မငြင်းနဲ့နော်"

"ကျွန်မရင်ထဲ တစ်မျိုးကြီးပဲ၊ မပျော်ဘူး။ အဲဒါ ဒုက္ခသစ္စာဆိုတာလားဟင်"

"ဟုတ်တယ် . . . ဟုတ်တယ်၊ အဲဒါ ဒုက္ခသစ္စာ၊ ခွေးမလေး အူကြောင်ကြောင်နဲ့"

သူမရဲ့နှုတ်ခမ်းလေးတွေပါ သူ အသည်းယားစွာ နမ်းယူလိုက်တော့ မယ်သီလန်လေးရဲ့ ရင်ခုန်သံတွေက သူ့ရင်ခုန်သံတွေနှင့် တစ်ထပ်တည်းကျလို့။

သည်စဉ် ယောက္ခမကြီးထံမှ ချောင်းဆိုးသံကြားလိုက်ရသဖြင့် ဘုန်းဝေလျှံ သူကလေးကို ဖြည်းညှင်းစွာ လွှတ်ပေးလိုက်ရသည်။

သူလည်း ငယ်ရာက ကြီးလာတာပဲလေ။ နားလည်ပေးနိုင်မှာပါ။

❄ ❄ ❄



## အခန်း (၂၁)

"အမယ်လေး . . . လာကြပါဦး။ ဦးနေဘုန်း, နန်းငွေရည် . . . လာကြပါဦး"

မိုးမှမလင်းသေး။ တစ်ဖက်အိမ်မှအော်သံကြောင့် လူမမာတွေ တစ်ခုခုဖြစ်ပြီဆိုပြီး ငွေလသာရော မေမေပါ ပြေးသွားမိကြသည်။ ဦးနေဘုန်းလည်း မနေနိုင်တော့ဘဲ နောက်မှလိုက်သွား၏။

"ကို ကိုလွင်ရယ် . . . အသက်မရှိတော့ဘူး"

"ဟင်"

နန်းငွေရည် မျက်လုံးပြူးသွားရပါသည်။ ဦးကိုကိုလွင်ဟာအသည်းအသန် လူမမာလည်းမဟုတ်။ လေဖြတ်ထားသည်ဆိုပေမယ့် သက်သာနေတာပါ။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ယုယသော်ကတော့ မျက်ရည်တွေနှင့် နတ်သံနှောရင်း ဦးနေဘုန်းအနားမှာ ရင်ခွင်ထဲဝင်တော့မတတ်။

"ညက အမောဖောက်နေလို့တောင် ယု သွားပြီး ဆေးတိုက်ရသေးတယ်။ ခုမနက်သွားကြည့်လိုက်တော့ အသက်မရှိတော့ဘူး။ အမယ်လေး . . . အဖြစ်ဆိုးလိုက်တာ ကိုရယ်။ ကိုက သစ္စာပျက်ပေမယ့် ယုက ခွင့်လွှတ်ကြောင်းတောင် မပြောလိုက်ရဘူး . . . ဟူး"

နန်းငွေရည် ယုယသော်ကို နှစ်သိမ့်ရမလား စဉ်းစားကြည့်ပေမယ့် ဘယ်လိုမှ စဉ်းစားလို့မရ၊ အိုဗာတင်းတွေနှင့် မိန်းမ

သူမ မေမေ့ကို နှစ်သိမ့်ဖို့ပဲ အခန်းထဲသို့ ဝင်သွားလိုက်သည်။ ဒေါ်ယုယသော်ကတော့ ဦးနေဘုန်းကို တိုင်တည်ပြီး ငိုလိုက်ပြောလိုက်နှင့် ဇာတ်မင်းသမီးတစ်ယောက်နှယ်။

"ကိုရယ် . . . ကို စိတ်ချမ်းသာသာလိုနေပါစေဆိုပြီး ယု ရှောင်ပေးမိတာပါ။ ယု ကို့ကို ပစ်ထားတာမဟုတ်ပါဘူး။ ယု စေတနာတွေကို ဘုရားသိကြားတွေ သိပါတယ် ကိုရယ်"

မျက်ရည်မထွက်ဘဲ အခြောက်တိုက်ငိုကြွေးပြနေသည့် ဒေါ်ယုယသော်ကို ငွေလသာ ကြောင်ကြည့်နေမိသည်။ ဒီမိန်းမကြီး ဘာတွေပြောနေတာပဲ။ လေဖြတ်နေတဲ့လူကို ဘာတွေစိတ်ချမ်းသာသာလိုနေစေတာလဲ။ ဘာကိုရှောင်ပေးတာလဲ။ ပစ်ထားပြီးတော့





ဘုရားတွေ သိကြားတွေကို ဆွဲစေ့နေရသေး၏။

"ယုကို ခွင့်လွှတ်နိုင်ပါစေ ကိုရယ် . . . အင့် အင်း အင်း"

ငိုရင်းနှင့်မှ သတိလစ် ပျော့ခွေကျသွားတာက ဦးနေဘုန်း၏ရင်ခွင်ထဲသို့ပါ။ ငွေလသာ ဘာဆက်လုပ်ရမှန်းမသိ ဖြစ်နေစဉ် နဒီနှင့်ဖွဲ့မာန်တို့ သူတို့ဖခင်၏အခန်းထဲသို့ ပြေးဝင်လာကြသည်။

ဖခင်သေဆုံးသည့်အတွက် မယုံနိုင်။ ဒေါသကလည်း ဖြစ်နေကြသေး၏။

"သား ညက ဖေဖေ့ကိုလာကြည့်တော့ အကောင်းကြီးပါ။ သားကိုတောင် စကားတွေပြောနေသေးတယ်။ မဖြစ်နိုင်ဘူး။ ဒါ သွေးရိုးသားရိုးသေတာ မဖြစ်နိုင်ဘူး"

"နင်တို့အန်တီပဲ ဆေးတိုက်နေတာလေ။ တရားခံရှာချင်လည်း သူ့ကိုရှာ"

"သူ အခုဘယ်မှာလဲ။ ဖေဖေ့ကို ဘာဆေးတွေ တိုက်လိုက်တာလဲ"

သူတို့မိသားစုပြဿနာက ကိုယ့်ဘက်သို့ လည်လာလျှင် ငွေလသာ စိတ်ကုန်ရသည်။

"စကားကို ဆင်ခြင်ပြောကြ။ ဆရာဝန်ညွှန်ကြားတဲ့အတိုင်းပဲ မေမေက တိုက်တာ။ အဲဒီတုန်းကတော့ ဘယ်သူမှ ငုံ့တောင်မကြည့်ကြဘဲ ခုမှ ဟိုရမ်း၊ ဒီရမ်းနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"အောင်မာ ... နင်က ဘာလူပါးဝတာလဲ။ သွား ... ဆင်း၊ ခု ဒီအိမ်ပေါ်ကဆင်း"

"ဘာဖြစ်သလဲလို့ လာကြည့်တာ။ အလိုမရှိရင်လည်း သွားပြီ"

"တောက် ... အလကား အမွေလိုချင်လို့ ကပ်နေတာ၊ ပိုင်းလုံးမတွေ"

လောဘကြောင့် ဒေါသကြောင့် သူတို့စကားတွေက ရှုပ်ထွေးစွယ်ငေါ်ငေါ်။ ငွေလသာ စိတ်လိုက်မာန်ပါနှင့်ပင် အိမ်သို့ ပြန်လာခဲ့မိသည်။

ထိုသို့ပြန်လာခဲ့တာကြောင့် ကိုယ့်မေမေ လူသတ်တရားခံ ဖြစ်ရမည်ဆိုတာ ငွေလသာ လုံးဝမသိခဲ့တာအမှန်။

တစ်ဖက်အိမ်မှာ ရဲကားများ ဝင်လာသည်ကြောင့် ငွေလသာ ထိတ်ခနဲဖြစ်သွားမိတာ ဒေါ်ယုယသော်၏ကလိမ်ကကျစ် စိတ်ကို သိလို့ပါ။

သူမက သည်ဘက်မှာ ချက်ပြုတ်နေရင်း ကလေးလည်း ကြည့်၊ ဘုန်းဝေလျှံကိုလည်း ကြည့်နေရသည်မို့ မေမေ ပြန်မရောက်သေးတာ သတိမရ။

ယခု နေ့လယ် (၁၀) နာရီမှာ ရဲကားများ တစ်ဖက်အိမ်သို့ ဝင်သွားသည်ကြောင့် ငွေလသာ သည်းလေးကို ဘုန်းဝေလျှံ





အခန်းထဲ ထည့်ထားခဲ့ပြီး တစ်ဖက်ခြံသို့ ပြေးလေ၏။

"ရှင် သည်းလေးကို ခေါ်ထားဦး။ ဟိုဘက်ခြံမှာ ရဲကား တွေ ရောက်နေတယ်။ မေမေလည်း မပြန်လာသေးဘူး။ တော်ကြာ ... ဒေါ်ယုယသော်ရဲ့ထောင်ချောက်မှာ မိနေဦးမယ်"

ပြောခဲ့ပြီး ငွေလသာ ပြေးတော့ ဘုန်းဝေလျှံ ခုတင်ပေါ်မှ ကျိုးထပြီး ခေါင်းရင်ဘက်ပြတင်းမှတစ်ဆင့် တစ်ဖက်ခြံသို့ ကြည့်လိုက်၏။

ငွေလသာ အိမ်မှထဲသို့ပြေးဝင်တော့ ဒေါ်ယုယသော်က မျက်ရည်များနှင့် ပြောပြနေပြီ။ မေမေကတော့ တုန်လှုပ်ချောက်ချားနေလေ၏။ ဖွဲမာန်ဝင့်နှင့် ခင်နုဒီဝင့်ကလည်း ဒေါသတွေထွက်နေ၏။

"ရဲအရာရှိကြီးရယ် ... သားက သူ့အဖေသေရတာကို မကျေနပ်လို့ ဆရာဝန်နဲ့ စစ်ဆေးကြည့်တော့ ဆေးလွန်ပြီး နှလုံးသွေးရပ်သွားတာလို့ ပြောပါတယ်။ ကိုလွင့်ကို ဆေးတိုက်တာ သူပါပဲရှင်။ သူပဲ မေမေ့ကိုရော ကိုလွင့်ကိုပါ တာဝန်ယူပြီး ဆေးတိုက်နေတာပါ"

"ကျွန်မ ဆရာဝန်ညွှန်ကြားတဲ့အတိုင်းပဲ တိုက်ပေးတာပါရှင်။ ကျွန်မက သူ့ကို ဘာကိစ္စ သတ်ရမှာလဲ။ အမိပွာယ်မရှိတာ။ သူသေလို့ ကျွန်မ အမွေရမှာကျနေတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"နင် ငါ့ကိုမုန်းလို့ ကိုလွင့်ကိုသတ်တာ။ ဒါမှ ငါ ဒုက္ခလှ လှရောက်အောင်လေ။ အမယ်လေး ကိုလွင်ရဲ့ . . . သူတော်ကောင်း ကြီးရဲ့ အဖြစ်ဆိုးလှချည့်ရဲ့ရှင်။ လူယုံသတ်လို့ သေတယ်ဆိုတာ ခုမှ ကြုံဖူးတယ်တော့"

မတရားအမှုတွေဆင်ပြီး စွပ်စွဲနေတာကြောင့် ရဲများက တိုင်ချက်ဖွင့်သည့်အတိုင်း နန်းငွေရည့်ကို ဖမ်းဆီးခေါ်ဆောင်ရန် ပြင်ကြသည်။

ငွေလသာ ဆွေ့ဆွေ့ခုန်ကျန်နေရင်း အော်ငိုရင်း ကူကယ် ရာမဲ့ဖြစ်နေရစဉ် ရဲအရာရှိများက အခန်းထဲမှာ သဲလွန်စများ ရှာ ရင်း ရှာဖွေနေကြသည်။

ဦးနေဘုန်း သူ့ရင်ခွင်ထဲမှာ မိန်းမောမူးမေ့နေသည့် ဒေါ်ယုယသော်ကို အားနာပါးနာနှင့် ပွေ့ပိုက်မထားနိုင်သဖြင့် သူမကို မသိမသာ တွန်းဖယ်ရင်း မတ်တတ်ရပ်လိုက်သည်။

"ရဲအရာရှိကြီးခင်ဗျာ . . . စဉ်းစဉ်းစားစားတော့လုပ်စေချင် ပါတယ်။ သေသေချာချာ စုံစမ်းစေချင်ပါသေးတယ်။ သူ့ခမျာ ယောက္ခမကိုရော ခဲအိုကိုရော တာဝန်ယူစောင့်ရှောက်နေရတာပါ"

"အို . . . ရှင်ဘာသိလို့လဲ၊ သူက ကိုလွင့်ကိုမုန်းနေတာ သူ့ကို အမွေခွဲမပေးလို့ မုန်းနေတာ"

"စကားကို လက်လွှတ်စပယ်မပြောပါနဲ့ဗျာ။ အမွေ





ပေးလို့ သတ်ကြေးဆို ဒေါ်ဒေါ်ကိုသတ်မှာပေါ့။ ဦးကိုကိုလွင်နဲ့ ဘာဆိုင်လို့လဲ"

"ကဲ ကဲ . . . စကားနိုင်တွေလုမနေကြပါနဲ့။ ကျွန်တော်တို့ ညည်း အခန်းထဲမှာ သဲလွန်စရှာကြဦးမှာပါ။ အားလုံးပဲ ဧည့်ခန်း ထဲမှာ ထိုင်စောင့်နေကြပါ။ စစ်မေးစရာရှိတာတွေ တစ်ယောက် ချင်းမေးပါ့မယ်"

အားလုံးပင် ဧည့်ခန်းမှာထိုင်စောင့်နေကြရပြီး ရဲအရာရှိ များက မိသားစုဝင်များကို တစ်ဖက်ခန်းသို့ခေါ်သွားပြီး စစ်ချက် ယူကြသည်။

ရဲအရာရှိတချို့က သေသူ၏အိပ်ခန်းထဲမှာ သဲလွန်စ ရှာကြသည်။ တစ်နာရီမျှကြာတော့ စစ်ချက်လည်း ယူပြီး အခန်း ထဲမှလည်း သဲလွန်စယူပြီးပြီမို့ ရဲအရာရှိများအချင်းချင်း ညှိနှိုင်း သည်။

ဘာပဲဖြစ်ဖြစ် ဒေါ်ယုယသော် စွပ်စွဲသည့်စကားတွေက ခိုင်လုံပေမယ့် အရေးယူရမည်သာ။

"လူသတ်မှုနဲ့ ဖမ်းတာတော့မဟုတ်သေးပါဘူး။ ဒါပေမဲ့ ဒေါ်ယုယသော် တိုင်ချက်ဖွင့်တဲ့အတွက် ကျွန်တော်တို့ ဖမ်းသွားရ မယ်"

"ကျွန်တော် အာမခံရအောင် လုပ်ပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဥပဒေအတိုင်း ဆောင်ရွက်လို့ရပါတယ်"

နန်းငွေရည် မျက်ရည်စက်လက်နှင့် ရဲကားပေါ်ပါသွားရလျှင် ငွေလသာ ဒေါ်ယုယသော်တို့မိသားစုကို အလွန်ပင် မုန်းတီးသွားရ၏။

ဦးနေဘုန်း နောက်မှလိုက်သွားသဖြင့် မကျေနပ်သူကတော့ ဒေါ်ယုယသော်။

ကွဲနှစ်ကောင်ခတ်သည့်ကြားမှ မြေစာပင်ဖြစ်ရရှာသူကတော့ ဒေါ်မိုးငွေပါ။

ယုယသော်၏မာယာအသင်္ချေအောက်မှာ ချွေးမဖြစ်ရုံ နန်းငွေရည် ကျဆုံးသွားရသလို သူ့ကိုလည်း ပြုစုစောင့်ရှောက်မည့်သူ မရှိတော့။

သူက ဝေဒနာရှင်မို့ စကားကိုလည်း ပီသစွာမပြောနိုင် မရှင်းပြနိုင်။ မျက်ရည်တွေသာ တွင်တွင်ကျရင်း ဘဝ၏နောက်ဆုံးချိန်ကို မျှော်လင့်နေရုံ။

မြေးမလေး ငွေလသာကိုလည်း မမျှော်လင့်ရဲ။ ဒေါ်ယုယသော်လုပ်ပုံကြောင့် ဒီအိမ်ရိပ်ပင် နင်းမှာမဟုတ်တော့။

မေမေ့ကို ဖမ်းခေါ်သွားသည့်အခါ ငွေလသာ ဘွားဘွား၏ အခန်းထဲသို့ ပြေးဝင်လာပြီး မျက်ရည်တွေနှင့် ကန်တော့ရင်း နှုတ်ဆက်စကားကို ဆို၏။





"ဘွားဘွားနဲ့အနီးကယ့်ကိုပြုစုပေးတဲ့ မေမေ့ကို လူသတ်မှုနဲ့ ဖမ်းသွားပြီ။ သမီးကိုခွင့်လွှတ်ပါ ဘွားဘွား။ ဒီမိန်းမကြီးက သမီးကိုပါ ထောင်ထဲထည့်ချင်တာနဲ့ ဘွားဘွားကို သတ်ပြီး စွပ်စွဲဦးမှာ။ သမီးလာနေရင် ဘွားဘွား အမြန်ဆုံးသေနေရဦးမယ်။ သမီးလွှတ်ရာကိုပြေးပါပြီ ဘွားဘွား"

"သမီး . . . ငါ့ . . . ကို . . . ပါ . . . ခေါ်သွားပါ"

"သမီးတောင် သူများအိမ်မှာ ကပ်နေရပါပြီ ဘွားဘွား။ ဘွားဘွားရဲ့ရန်သူတော်တွေနဲ့ပဲ ဘွားဘွားကျန်ခဲ့ပါတော့"

ငွေလသာ ငိုရှိုက်ရင်း ဘွားဘွားကို ကျောခိုင်းခဲ့ရပေမယ့် ရင်ထဲမှာမချိ။ သူမ ဘယ်လိုစီစဉ်ပေးနိုင်ဦးမလဲ။ မေမေ့ကိုရော ဘယ်လိုကယ်ထုတ်ပေးနိုင်မလဲ။

ရင်ထဲမှာ သောက ပရိဒေဝတွေ ရောက်ရလွန်းသဖြင့် ငွေလသာ မှုမေ့ချင်ချင်။ ခြေကုန်လက်ပန်းကျစွာနှင့်ပင် ဘုန်းဝေလျှံတို့အိမ်ထဲသို့ ပြန်ဝင်လာခဲ့ရင်း သူမ ရှေ့ခရီးအတွက် စဉ်းစားလို့မရ။

သူမတစ်ယောက်တည်းမို့ အဆောင်မှာ ရှာဖွေပြောင်းနေပြီး အလုပ်ဆက်လုပ်တော့မည်။ သည်အိမ်မှာနေလို့မသင့်။ မေမေ့အတွက် ရုံးချိန်းတွေ၊ ထောင်ဝင်စာတွေ တွေ့ရဦးမည်။ မေမေ သက်သာရာရအောင် ကူညီရဦးမည်။



www.burmeseclassic.com

www.burmeseclassic.com



မျက်ရည်များနှင့် ယိမ်းယိုင်ပြိုလဲတော့မည့် ငွေလသာ အသွင်က ဝိညာဉ်လွင့်လာသည့်နှယ်။ အိမ်ပေါက်ဝရောက်သည် နှင့် သူမ ခွေခနဲလဲကျသွားခဲ့သည်။

❄ ❄ ❄



## အခန်း (၂၂)

ဒေါ်မိုးစွေ ကွယ်လွန်သည်နှင့် ဦးကိုကို ကွယ်လွန်တာက (၅) ရက်ပဲခြားသည်။ သားဖြစ်သူ ရက်မလည်ခင် မိခင်ဖြစ်သူ ဆက်ပြီး ကွယ်လွန်တာကြောင့် သံသယတွေက ဒေါ်ယုယသော် အပေါ်မှာ။

ဦးကိုကိုလွင် သေဆုံးစဉ်က နန်းငွေရည်ကို လက်ညှိုးထိုး ပုံချခဲ့ပေမယ့် ဒေါ်မိုးစွေကျတော့ လက်ညှိုးထိုးစရာမရှိတော့။

ငွေလသာ အဘွားအတွက် စိတ်ထိခိုက်ရပေမယ့် ဒေါ် ယုယသော်ကို စိတ်ကုန်လွန်း၊ မုန်းတီးလွန်းသဖြင့် တစ်ဖက်အိမ် သို့ မသွားတော့ပါ။

သူမထွက်သွားမည်ပြင်ပေမယ့် ဦးနေဘုန်း၏ အတန်တန်



www.burmeseclassic.com

www.burmeseclassic.com



ဖျောင်းဖျမှုကြောင့် သူမ မသွားဖြစ်ခဲ့။

"သမီးမေမေအတွက် အမှုရင်ဆိုင်ရဦးမယ်လေ။ အန်ကယ် အသေအချာ စီစဉ်လုပ်ကိုင်ပေးမှာပါ။ အခုလည်း အာမခံရအောင် လုပ်ထားတယ်။ တရားရုံးတင်ရင်လည်း ရှေ့နေငှားပြီး ရင်ဆိုင်စေမှာပါ။ သမီး တခြားမှာနေလို့ ဘယ်လိုမှ အဆင်မပြေပါဘူး"

"ဟုတ်ပါတယ် ဒွေရယ်။ ကိုယ်တို့တူလေးအတွက်လည်း ငွေရှိမှဖြစ်မှာပါ။ နှစ်ဦးနှစ်ဖက် အဆင်ပြေအောင် ငွေမရှိလို့ မဖြစ်ပါဘူး။ ကိုယ်ကလည်း လောလောဆယ် ဂီလာနဖြစ်နေတော့ ငွေ ကြည့်ရှုစောင့်ရှောက်မှ ဖြစ်မှာပေါ့"

သားအဖနှစ်ယောက် ဝိုင်းပြီးတောင်းပန်သည်ကြောင့် ငွေလသာ ဆက်နေဖြစ်ရသည်။ ဘာပဲဖြစ်ဖြစ် အဘွားသတင်းကိုလည်း ကြားရ၊ မေမေ့အမှုအတွက်လည်း ဦးနေဘုန်းကို အားကိုးရမည်ကြောင့်ပါ။

ဒေါ်ယုယသော် ဘယ်လိုပင်အပုပ်ချချ ငွေလသာ ကိုယ့်ဣန္ဒြေနှင့်ကိုယ် ဆက်နေရသည်။

ဟော . . . အခု (၅) ရက်နှင့် ဘွားဘွားသေသည့်အခါ ငွေလသာ ယူကျုံးမရဖြစ်ရသည်။ သူမ တာဝန်မကျေသလို ခံစားသည်။





"ငါသာ သွားပြီးစောင့်ရှောက်ရင် ဘွားဘွား ခုလို မြန်မြန်ဆုံးပါးမှာ မဟုတ်ဘူး"

"ဒါပေမဲ့လေ . . . ဒေါ်ယုယသော်က ငါ့ကို ထိုးချမှာ အသေအချာပဲ။ ငါ မသွားလို့သာ လွတ်တာ"

"ဟင် . . . ဘွားဘွားသေတာရော သွေးရိုးသားရိုးဟုတ်ရဲ့လား။ ဒီမိန်းမကြီး လုပ်ကြံတာများလား။ ဒါမှ သူ အမွေတွေအားလုံးကို လက်ဝါးကြီးအုပ်လို့ ရအောင်လေ"

သည်ကြားထဲ ဘွားဘွားကို ချက်ချင်းပင် သင်္ဂြိုဟ်ဖို့တွေလုပ်နေသဖြင့် သည်တစ်ခါတော့ ငွေလသာပင် တရားလိုလုပ်ပြီး ဒေါ်ယုယသော်ကို တိုင်ကြားပစ်လိုက်သည်။

"ဘွားဘွားကို ချက်ချင်းသင်္ဂြိုဟ်ဖို့လုပ်နေတာ မသင့်တော်ပါဘူး။ သားနဲ့မအေ (၅) ရက်ပဲ ခြားတာလည်း သံသယရှိစရာပါ"

သည်အခါ ရဲတွေရောက်လာကြပြီး ဒေါ်မိုးစွေကို ဆေးစစ်ရန် ယူသွားကြသည်။

ဒေါ်ယုယသော်တစ်ယောက် ယမ်းပုံမီးကျဖြစ်ကာ ငွေလသာကို ဆဲဆိုနေသလို သားနှင့်သမီးကလည်း ကြိမ်းလိုက် မောင်းထုတ်လိုက်ကြတာ ရစရာမရှိ။

"ပိုင်းလုံးမ၊ အပျက်မ၊ ငါ့ကို မတရားစွပ်စွဲတယ်။ ငါလို ဂုဏ်သရေရှိ အမျိုးသမီးတစ်ယောက်ကို အသရေဖျက်တဲ့အတွက်



www.burmeseclassic.com

www.burmeseclassic.com



ငွေကို ပြန်ပြီးတရားစွဲမယ်"

ဩော် ... ဆွေမျိုးအရင်းကြီးတွေ တစ်ယောက်နှင့် တ
ယောက် သည်လောက်မုန်းတီးနာကြည်းနေကြတာ တရားကျစ

ဒေါ်ယုယသော်ကို ဖမ်းမသွားပေမယ့် ဆေးစစ်ချက် မ
သည့်အခါ ဆက်လက်အရေးယူဖို့ စီစဉ်ထားကြသည်။

❄

"နှလုံးဆေး များလွန်းလို့ ဆေးလွန်ပြီး နှလုံးသွေးရပ်
တာ"

"ပထမတစ်ယောက်တုန်းကလည်း ဆေးလွန်တာပဲ

"အို ... အဲဒီတုန်းက နန်းငွေရည်သတ်တာ"

"အခုရော မေမေ အချုပ်ထဲကနေ လာသတ်တာလား

ဆရာဝန်ဆေးစစ်ချက်ကြောင့် ဒေါ်ယုယသော် ယမ်
မီးကျဖြစ်နေရသည်။

"သူ့ဘာသာ မှည့်ပျော်နေတဲ့ရောဂါသည်ကြီးကို ဆ
ဝန်ကလည်း မဟုတ်တရုတ်တွေ လျှောက်ပြောတယ်။ အသ
ဖျက်မှုနဲ့ တရားစွဲမယ်"



သူမ ဘယ်လိုပင် ယမ်းပုံမီးကျကျ ဆေးစစ်ချက်အရ ဒေါ်ယုယသော်တစ်ယောက် အချုပ်ခန်း စံမြန်းရချေတော့သည်။

အချုပ်ထဲမှာ နန်းငွေရည်နှင့် သွားတွေ့မှာမလွဲမသွေ။

နဒီနှင့် ဖွဲ့မာန်တို့ကလည်း ငွေလသာကို အခဲမကျေ။

"ဘွားဘွား၊ သူ့ဘာသာသေတာကို လက်စားချေတဲ့ အနေနဲ့ မေမေ့ကို ရဲတိုင်တာ။ နင့်ကို တစ်သက်မကျေဘူး"

တစ်ဖက်အိမ်မှာ လူတွေ တစ်ယောက်ပြီးတစ်ယောက် ဆက်သေ။

ဒေါ်ယုယသော်က အချုပ်ကျ။ တစ်ခါ ရွှေဆိုင်ကလည်း ယူထားသည့်ကြွေးတွေ များလွန်းသဖြင့် ပိုင်ရှင်က ဆိုင်ကို ချိတ်ပိတ်ပြီး သိမ်းသွားလေတော့ရာ –

ဒေါ်ယုယသော်တို့မိသားစု၏ဒေါသပစ်မှတ်က ငွေလသာ။ သို့သော် ငွေလသာမှာ အိမ်ထဲမှ အိမ်ပြင်မထွက်သဖြင့် သူတို့ ဒုက္ခပေးလို့မရ။

"တောက် ... သင်းမျက်နှာ ကြည့်ကိုမကြည့်ချင်ဘူး။ ငါတို့မိသားစု ဒုက္ခရောက်ရတာ သူ့ကြောင့်။ ဖေဖေ့ကို သူမအောင် သတ်တယ်၊ မေမေ့ကို သူက ချောက်ချတယ်။ ငါတို့ကို မိဘမဲ့တွေ ဖြစ်အောင် သူလုပ်တာ"

www.burmeseclassic.com

www.burmeseclassic.com



"ပုဆိုးခြုံထဲက လက်သီးပြဆိုသလို သူက အိမ်ခေါင်းထဲက မထွက်တော့ ဘယ်လိုဒုက္ခပေးရမှန်း စဉ်းစားလို့မရဘူး"

"နေနှင့်ဦးပေါ့၊ သူ့ဘဝကိုလည်း စုတ်ပြတ်သတ်သွားအောင် လုပ်ပစ်ရမယ်။ ငါတို့မိသားစု ခံစားရသလို သူလည်း ခံစားစေရမယ်"

❋ ❋ ❋



## အခန်း (၂၃)

နန်းငွေရည် ရုံးချိန်းထုတ်သည့်အခါ ဦးနေဘုန်းနှင့်အတူ ငွေလသာ ပါသွားသည်။ အကောင်းဆုံးရှေ့နေ ငှားပေးထားပြီး အချက်အလက်စုံအောင် ရှင်းပြထားသဖြင့် အမှုက အဆင်ပြေမည်ပုံ။

နန်းငွေရည်နှင့်အတူ ဒေါ်ယုယသော်ပါ အချုပ်ထဲမှာ အတူနေရသည်။ အလွှာပေါင်းစုံ၊ စရိုက်ပေါင်းစုံသည့် အချုပ်ခန်းထဲမှာ လိုက်လျောညီထွေမနေတတ်တာ ဒေါ်ယုယသော်ပါ။

သူ့ငွေးစတိုင်လ်နှင့် အားလုံးကို ခပ်ကျော့ကျော့ ဆက်ဆံသဖြင့် သူ့ကို ပညာပေးကြသည်ကြောင့် မျက်လုံးမှာ ညိုမည်းနေပြီး နှုတ်ခမ်းက ဖူးယောင်လျက်။ လူဆိုးမတွေနှင့် ယှဉ်လို့မရဘူးလေ။



www.burmeseclassic.com

သူတို့ နပန်းသတ်လည်း နန်းငွေရည် ဝင်မဆွဲပါ။ သူ
ကတော့ အားလုံးကို လိုက်လျောညီထွေရှိအောင် ဆက်ဆံသည်။

လူဆိုးမတွေနှင့် သတ်ပုတ်ထားသဖြင့် ကွဲပြဲကုန်သော
ယုယသော်၏အမုန်းပစ်မှတ်က နန်းငွေရည်။

"ငါ့ဘက်ကတော့ ဝင်မပါဘူး။ တော်တော်ယုတ်မာ
ကောက်ကျစ်တဲ့ကောင်မ"

"ယုတ်မာတာ ငါမဟုတ်ဘူး နင်။ နင် ကလိမ်ကကျ
လုပ်လို့ ငါက ဘာမှမကျူးလွန်ရဘဲ အချုပ်ထဲရောက်နေရတာ"

"ဘာပဲဖြစ်ဖြစ် နင် ငါ့ကို ကူဖို့ကောင်းတာပေါ့"

"နင် မောက်မာလို့ ဝိုင်းရိုက်ကြတာပဲ။ ကိုယ့်ကိုယ်ကိုယ်
ယောက္ခမသတ်၊ ယောက်ျားသတ်ထားတဲ့ အပြစ်ရှိတာလည်း
သတိရဦး"

"နင်သတ်တာ၊ ငါသတ်တာ မဟုတ်ဘူး"

"ခုထိ ငြင်းတုန်း၊ တစ်နေ့ကျ အဖြေပေါ်မှာပဲ။ နင်သတ်
ထားတဲ့ ဝိညာဉ်တွေက နင့်ကို လာခြောက်လိမ့်မယ်။ မေမေ့
အစ်ကိုရဲ့အရိုးတွေ တွန်လိမ့်မယ်။ အရိုးတွေတွန်မှ အမှုမှန်ပေါ်
မှာ"

မနေ့က အဖြစ်အပျက်တွေကို ပြန်သတိရရင်း နန်းငွေ
ရည် တရားခံ ဝက်ခြံထဲမှာ ညှိုးငယ်စွာနေရသည်။ တရား





ခံ့နေ၏အကွက်ကျကျ စွပ်စွဲချက်များကို သူမက ရိုးသားမှုနှင့်ပဲ
ပြန်ဖြေမိသည်။ တစ်ဖက်ရှေ့နေ၏ ကြိုးကွင်းစွပ်သည့် မေးခွန်း
တွေကို သူမ နားမလည်။

သို့သော် တရားခံရှေ့နေကြီး၏ ကာကွယ်ပေးမှု၊ ဟန့်
တားမှုတွေကြောင့် နန်းငွေရည် သက်သာရာရခဲ့သည့်အဖြစ်။

သားအမိနှစ်ယောက် စကားပြောခွင့် ခေတ္တရသဖြင့်
အခြေအနေတွေကို အပြန်အလှန်ပြောပြရသည်။

"သမီး . . . အပြင်ကိုတစ်ယောက်တည်း မထွက်နဲ့။ ဒေါ်
ယုယသော်ရဲ့သားနဲ့သမီးက ငြိုးနေတယ်"

"သမီးကို စိတ်ချပါ၊ မေမေ့ကိုသာ စိတ်ပူတာ။ ဟိုမိန်းမ
ကြီးနဲ့ တစ်ခန်းတည်းနေရတာဆိုတော့"

"မေမေ့ကို အားလုံးက ချစ်ကြ၊ သနားကြပါတယ်။ သူ့ကို
သာ အမြင်ကတ်ကြတာ။ သမီး ဦးနေဘုန်းတို့ အိမ်မှာပဲနေဦး
နော်။ အဲဒီမှာ လုံခြုံပါတယ်။ သူတို့သားအဖတွေက ယဉ်ကျေး
တယ်"

"မေမေ့အမှုအတွက်လည်း သူတို့ပဲ ကူညီနေတာမို့ သမီး
အဲဒီမှာပဲ နေပါတယ်။ ဝင့်ကြွေးတွေရှိရင် ကျေပါလို့ ဆုတောင်း
ပါတယ် မေမေရယ်။ သူတို့ကလည်း နှိပ်စက်သေးတယ်။ သူတို့က
သမီးတို့ကို မုန်းနေရသေးတယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



"လူမိုက်ဆိုတာ ကိုယ့်အပြစ်ကိုယ် ဘယ်တော့မှ မမြင်ဘူး သမီး။ သူများကိုပဲ အပြစ်မြင်တယ်။ အပြစ်တင်တယ်။ ကိုယ်ဘ ကြည့်ရှောင်ရတယ်။ အပြင်မထွက်နဲ့နော်"

"စိတ်ချပါ မေမေ၊ မေမေလည်း ကျန်းမာအောင်နေနော်။ အန်ကယ်က လွတ်အောင် ကြိုးစားပေးမယ်တဲ့"

သားအမိနှစ်ယောက် မျက်ရည်လည်ရွဲနှင့် ခွဲခွာခဲ့ကြရင်း ကံကြမ္မာကိုပဲ ယိုးမယ်ဖွဲ့ရတော့မည့်အဖြစ်။

ဖေဖေရေ ... ဖေဖေ့အမျိုးတွေ ကောက်ကျစ်တာ တ လွန်ကနေ ကြည့်လုပ်ပါဦး။

❋ ❋ ❋



## အခန်း (၂၄)

အိမ်မှာ ဘုန်းဝေလျှံ ငွေလသာနှင့် သည်းဝေလျှံတို့ သုံးဦးသာ အနေများသည်။ ဦးနေဘုန်းခမျာ အလုပ်သွားလိုက်၊ နန်းငွေရည် အတွက် အမှုကိစ္စ ဆွေးနွေးလိုက်နှင့် မအားရပေ။

ငွေလသာဟာ အိမ်ထောင်မှုနိုင်နင်းပြီး စိတ်ထားဖြူစင် သူ၊ ထက်မြက်သူဖြစ်ကြောင်း အတူနေလို့ ဦးနေဘုန်း သိရပေပြီ။ သားကို ကြည့်ရတာလည်း ငွေလသာကို အသည်းအသန် ကြွေနေ ပုံး

မြေးဖြစ်သူ သည်းလေးကအစ တစ်ဖက်အိမ်မှ စုန်းမတွေရဲ့ ဓယောဂမှ ကင်းဝေးပြီး ငွေလသာကို ခင်တွယ်နေလေ၏။

သည်မနက်လည်း ဦးနေဘုန်း အသင့်ပြင်ဆင်ပေးထား

www.burmeseclassic.com

www.burmeseclassic.com



သည့် နံနက်စာကို စားသောက်ရင်း နားစွင့်လိုက်တော့ သားရဲ့ အခန်းထဲမှ ငွေလသာ၏အသံကို ကြားနေရသည်။ အိမ်ရှင်မ တစ်ယောက်က ခင်ပွန်းသည်ကို ဆူနေသည့်အတိုင်း။ သူ ပြုံးပြီး နားစွင့်မိတော့ –

"ရှင့်ကို ဆေးတိုက်ရတာ အရမ်းလက်ဝင်တာပဲ။ သည်း လေးတောင် ရှင့်လောက် ဂျီမကျဘူး"

"ကိုယ့်စားပွဲမှာ ဘရိတ်ဖတ်(စ်)သွားစားပြီးမှ ဆေးသောက် မယ်လို့ပြောတာ။ မသောက်ဘူးလို့ ပြောလို့လား"

"ရှင်မှ လမ်းမလျှောက်နိုင်တာ။ ကျွန်မက ပွေ့ချီသွားရ မှာလား"

"ပွေ့မချီရပါဘူး။ တွဲသွားရင် ရပါပြီ"

"ဘရိတ်ဖတ်(စ်) ပဲ ဒီမှာစားလည်း ရတာပဲ"

"မတူဘူး။ အိပ်ရာထဲမှာ စားရတာ ဘယ်လိုမှ ဖီးလ်မလာ ဘူး။ ကိုယ် ပတ်တီးဖြေပြီးတာ (၅) ရက်ရှိပြီ။ ထမင်းစားစားပွဲကို လိုက်ဖို့"

"ရှင် ကျွန်မကို ကျပ်ကျပ်နှိပ်စက်ပါ။ ရှင်နေကောင်းတာ နဲ့ ကျွန်မ သွားမှာပဲ။ မတားနဲ့။ အဆောင်မှာ သွားနေပြီ မေမေ့ အမှုကိုရင်ဆိုင်မယ်"

"သည်းလေးကိုရော ဘယ်လိုလုပ်မှာလဲ"





"သည်းလေးအတွက် ကလေးထိန်းအသစ် ရှာပေးလိုက် မှာ"

"မင်း တော်တော် ရက်စက်တဲ့မိန်းမပဲ။ မင်းကွာ . . . ဒီ လောက်တောင် ငါတို့တူဝရီးက ချစ်နေတာတောင်"

"ရှင်နော်"

အသံတွေ တိခနဲပြတ်သွားသဖြင့် ဒီကောင် ဘာလုပ် ဆိုက်သလဲလို့ မျက်လုံးပြူးရင်း ဦးနေဘုန်းမှာ ထိုင်ရတော့မလို ထရတော့မလို။

အသံပြတ်သွားတာ နာရီဝက်လောက်ကြာလာတော့ ဦး နေဘုန်း ဘာဆက်လုပ်ရမှန်းမသိ။ နောက်တော့ လူကြီးပီပီ မသိ ယောင်ဆောင်ပြီး အလုပ်သို့ ကားနှင့်ထွက်လာခဲ့တော့သည်။ ညနေ မှ သားတော်မောင်ကို တိုးတိုးတိတ်တိတ်မေးရင်း ကြည့်စီစဉ်ပေး တော့မည်။

❄

သားတော်မောင်နှင့် ဖုန်းအဆက်အသွယ်ရပြီးမှ ဦးနေဘုန်း (၇) နာရီမှာ အိမ်တွင်ပင် လက်မှတ်ထိုး လက်ထပ်ပွဲလေး



www.burmeseclassic.com

www.burmeseclassic.com



ချက်ချင်း စီစဉ်ရသည်။ မနက် (၁၀) နာရီလောက်က သားရဲ့ ကတုန်ကယင်အသံကြီး ဝင်လာခဲ့သည်လေ။

"ဖေဖေ ... သားတော့ ငွေလသာကို လက်ထပ်မှဖြစ် တော့မယ်။ ဖေဖေ စီစဉ်ပေးပါ"

"ဟေ ... ချက်ချင်းကြီးပါလား သားရဲ့။ သူ့အမေကဖြင့် အချုပ်ထဲမှာ"

"ဟာ ... ယူမှဖြစ်မှာ ဖေဖေ။ မဟုတ်ရင် သား လူယုတ် မာ ဖြစ်တော့မှာ။ သူ့အနားလည်း လုံးဝကပ်လို့မရဘူး။ အရမ်းဒေါသ တာ။ ဖေဖေက သားကို rape မှုနဲ့ ထောင်ထဲမရောက်စေချင် ရင် ခုညနေပဲ လက်ထပ်ပေးတော့ ... ဒါပဲ"

"အေးပါကွာ ... အေးပါ။ ဖေဖေ နားလည်ပါပြီ။ ဆရာ စီစဉ်လိုက်ပါ့မယ်။ မင်းသာ ကိုယ့်လူကိုယ် အဆင်ပြေအောင် ထိန်း ရုံးထား။ တော်ကြာ ... လူကြီးစုံရာရှေ့မှာ ဟိုက ဖွင့်ချလိုက်ရင် မင်းတင်မက ငါပါ ကွဲမှာ"

"ပိုင်ပါတယ် ဖေဖေရာ။ သူ သားကို သံယောဇဉ်ရှိ တယ်"

ဒီလို ဒီလို ဆိုးသည့်သား။ အင်းလေ ... အသက်ထဲ ရနေမှပဲ။ လက်ထပ်ပေးတာ ကောင်းပါတယ်။ နို့မို့ ကောင်မလေး ခမျာ အားငယ်နေရှာမှာ။





ည (၇) နာရီမှာတော့ သူ စီစဉ်ထားသည့် သူ့မိတ်ဆွေ (၅) ယောက်လောက်၊ ရပ်မိရပ်ဖ (၅) ဦးလောက်အပြင် သားရဲ့ သူငယ်ချင်း (၄) ယောက်နှင့်ဆိုတော့ လက်မှတ်ထိုးပွဲလေးက စိုစိုပြည်ပြည်။

သတို့သမီး ငွေလသာမှာ တစ်နေ့လုံး ငိုထားပုံရသဖြင့် မျက်နှာလေးက နီနီမိုမို။ သားတော်မောင်ကတော့ ပါးစပ်ကို မစေ့။ ငွေလသာကိုလည်း ယုယလိုက်တာ။ ထိုင်ရှိုးတော့မလို၊ ပွေ့ တော့မလို၊ ကိုင်တော့မလို။

သူ့သူငယ်ချင်းတွေက ဝိုင်းဟားနေပြီး ကိုယ့်မိတ်ဆွေတွေ က မျက်စပစ်ပြသည့်အခါ ဦးနေဘုန်း လက်ကာပြလိုက်ရသည်။ နေပါစေ ... ချစ်စ၊ ခင်စ၊ မွှန်ခါစဆိုတော့ ဒီလိုပဲလေ။ မိုးမမြင် လေမမြင်။

တရားသူကြီးရှေ့မှာ လက်မှတ်ထိုးပြီးသည်အထိ ချော ချောမောမောဖြစ်သွားမှ ဦးနေဘုန်း သက်ပြင်းချရသည်။ အားလုံး ဝင် ဆူဆူညံညံ၊ စိုစိုပြည်ပြည်နှင့် ပြန်သွားတော့ ည (၉)နာရီ။

ကိုယ့်ကို ကန်တော့လာသည့် သားနှင့်သမီးကို ဦးနေဘုန်း ဆုတွေပေးရသည်။

"ဒီလင် ဒီမယား အိုအောင်မင်းအောင် ပေါင်းရပါစေ။ သားသမီးတွေ ပွားစီးပြီး စီးပွားဥစ္စာတွေလည်း ဒီရွှေလား



www.burmeseclassic.com

www.burmeseclassic.com



တိုးတက်ပါစေ။ သည်းလေးကိုလည်း ကိုယ့်သားအရင်းလို စောင့်ရှောက်ချစ်ခင်နိုင်ကြပါစေ"

သည်မှာတင် သားတော်မောင်က သူပြဿနာကို မျက်နှာငယ်နှင့် တင်ပြလာခဲ့သည်မှာ –

"ဖေဖေ ... သည်းလေးကို ဖေဖေ ဒီည ခေါ်သိပ်ပါလား ဟင်"

"ဟော့ကောင် ... သူက ငွေလသာနဲ့ အိပ်နေကျလေး ငါ ခေါ်သိပ်လို့ ရမလားကွ"

ဘုန်းဝေလျှံ ခေါင်းကုတ်ပြီး အကျပ်ရိုက်နေပုံမှာ သနားစရာလည်း ကောင်း၊ ရယ်စရာလည်း ကောင်း။ ငွေလသာကတော့ သူ့ကို မျက်စောင်းထိုးနေပြီ။

"ဖေဖေကလည်း သည်းလေးရှိနေတော့ ဘယ်အဆင်ပြေမလဲ။ ဒီတစ်ညတည်းပါ ဖေဖေရာ ... နော် နော်"

"တစ်ညတည်း တစ်ညတည်းနဲ့ မင်း ငါ့ဆီ ထိုးထားတော့မှာ ငါကြိုမြင်နေတယ်။ မကဲနဲ့ ဟော့ကောင် ... ငါလည်း မိန်းမယူဦးမှာ"

"အဲဒီကျတော့ သားပြန်ခေါ်ပို့မယ် ဖေဖေရယ်။ လောလောဆယ် ဖေဖေခေါ်ထားပါ။ နော် နော်။ ဒီကောင့်ပုံစံကြည့်ရတာ ဒီည အိပ်တောင် အိပ်ပါ့မလားမသိဘူး ကြည့်ပါလား"





သူ ပြောလည်း ပြောစရာ။ အိမ်မှာ လူတွေအများကြီးနှင့် စားသောက်၊ ရယ်မောသွားကြသည့်မို့ ကလေးက မျက်စိကျယ်ကာ ညည့်ခန်းထဲမှာ သေနတ်တစ်လက်နှင့် လျှောက်ဆော့နေသေး။

သူတို့သားအဖ၏အချေအတင်စကားတွေကို နားထောင်ပြီး ငွေလသာ ရှက်လွန်းလို့ မျက်နှာလေးရဲနေပေပြီ။ ဘုန်းဝေလျှံကိုလည်း အခဲမကျေတာမို့ –

"ကျွန်မ သည်းလေးနဲ့ပဲ အိပ်မယ်"

ပြောပြီး ငွေလသာ ကလေးကို လက်ဆွဲကာ သူမ အိပ်နေကျအခန်းထဲသို့ ဝင်သွားပြီး တံခါးပိတ်လိုက်သဖြင့် ဘုန်းဝေလျှံ ကိုယ့်နဖူးကိုယ်ရိုက်ကာ ခြေပစ်လက်ပစ်။ ဦးနေဘုန်း တဟားဟား အော်ရယ်မိတာ သားကို ချစ်စနိုးနှင့်ပါ။

"ဒီလောက်သောင်းကျန်းချင်တဲ့ကောင် ဟိုက ပညာပြသွားတာ မှတ်ပြီလား"

"ဖေဖေကလည်းဗျာ ယောက်ျားချင်း ကိုယ်ချင်းကို မစာဘူး"

"ငါ ဘာတတ်နိုင်မလဲကွ။ မင်းလုပ်ပုံကိုက မဟုတ်တာ။ ကလေးရှိတော့ရော ကလေးအိပ်တဲ့အထိ စောင့်ပေါ့"

"ဖေဖေ မသိပါဘူး။ အနားမှာ လူပိုရှိနေရင် စိတ်ဘယ်ခွာင့်မလဲဗျ"



www.burmeseclassic.com

www.burmeseclassic.com



"ကဲပါကွာ . . . သည်းလေးအိပ်ပျော်သွားရင် ငါ့အခန်းထဲ ချီခေါ်သွားပါ့မယ်။ အဲဒီအချိန်ထိအောင်တော့စောင့် ဟုတ်ပြီလား"

"အိုကေ . . . ဒါကြောင့် ဖေဖေ့ကို ချစ်ရတာ။ ရွှတ်"

"ဟာ . . . ဟော့ကောင်၊ ဟော့ကောင်၊ တယ် . . . ဒီကောင်"

ကိုယ့်ပါးကို လက်ဝါးနှင့်ပွတ်ရင်း ဦးနေဘုန်း အော်နေ တော့ ဘုန်းဝေလျှံ အူမြူးနေရသည်။

မြူးရပေမယ့် ငွေ့ကို ဘယ်လိုချော့ရပါ့မလဲဟု စဉ်းစား မိတော့ ရင်ထဲမှာ တင်းကျပ်ကျပ်။

❋

"ငွေ . . . ငွေ"

ည (၁၀) နာရီလောက်ထိ သူ့အခန်းထဲက ဘာသံမှ မကြားရသဖြင့် ဘုန်းဝေလျှံ အခန်းတံခါးကို လက်နှင့်ပုတ်ရင်း တိုးတိုးလေး အသံပြုမိသည်။

"ငွေ တံခါးဖွင့်ပါဦးကွာ . . . ကို ဝင်လာပါရစေ"

အထဲမှ တုတ်တုတ်မလှုပ်။ ဘုန်းဝေလျှံ ဧည့်ခန်းထဲမှာ တီဗီကြည့်နေသည့် ဖေဖေ့ကို စိတ်ကူတောင်းရသည်။





"ဖေဖေ . . . သားကို ကူညီပါဦး။ သူ့ကိုခေါ်ထုတ်ပေးပါဦး"

"မင်းကွာ . . . ကိုယ့်လူ ကိုယ်မပိုင်ဘဲနဲ့များ"

"ဖေဖေကလည်း လုပ်ပါ"

ဦးနေဘုန်း ငွေလသာကို ချော့ရသည်။

"သမီးရေ . . . သမီးမေမေအတွက် တိုင်ပင်ချင်လို့ ခဏ ထွက်ခဲ့ပါဦးကွယ်"

သည့်တော့မှ ငွေလသာ အခန်းတံခါးဖွင့်ပြီး ဖြည်းညင်း စွာ ထွက်လာခဲ့သည်။ သူ့စကားအတိုင်း ဦးနေဘုန်း အမှတ်စွနှင့် ပတ်သက်ပြီး ဆွေးနွေးနေတုန်း ဘုန်းဝေလျှံ သည်းလေးကို သူ့အဖေ အခန်းထဲသို့ ချီသွင်းသွား၏။

နောက် သူတို့အနားသို့ကပ်သွားပြီး –

"ပြီးပြီလား ဖေဖေ။ သားတို့အိပ်လို့ရပြီလား"

"ဟေ အေး အေး . . . ပြီးပါပြီကွာ။ ငါလည်း အိပ်ချင် ပြီဟေ့။ တံခါးတွေ သေချာပိတ်လိုက်ဦးမယ်"

ဦးနေဘုန်း တံခါးတွေ စစ်ဆေးနေဆဲ ငွေလသာ သူမ အခန်းထဲသို့ လှစ်ခနဲဝင်ပြေးသဖြင့် ဘုန်းဝေလျှံ ထက်ကြပ်လိုက် ရသည်။ မဂ်လာခန်းသို့ ခေါ်လို့မရလည်း ငွေ့အခန်းထဲမှာ အိပ် မည်။

ဒီလိုပဲ ရှုးသလို ပေါ်သလိုနှင့်ပေါ့။



www.burmeseclassic.com

www.burmeseclassic.com



အခန်းထဲမှာ တောင့်တောင့်ကြီးရပ်နေသည့် ငွေ့အနား သို့ ဖြည်းညင်းစွာကပ်ရင်း သူ တတွတ်တွတ် တောင်းပန်ရ ရှင်းပြရသည်။

"ငွေက ထွက်သွားမယ်ချည်းပဲ စိတ်ကူးနေလို့ ကိုယ် ပွဲသိမ်းရတာပါ။ ရပ်ကွက်ထဲမှာ၊ အများအမြင်မှာ တင့်တယ် အောင်လို့ အမြန်ဆုံးလက်ထပ်ဖြစ်အောင် ကိုယ်ကြိုးစားမိတာပါ ကိုယ် လူရိုင်း၊ လူယုတ်မာ မဟုတ်ရပါဘူး ငွေရယ်၊ ငွေ့အ သာယာလှပဖို့အတွက် ကိုယ် တမင်ကြံရွယ်ခဲ့ရတာပါ ...၊

အခုလည်း ငွေ့ကို ဖြစ်သလို လက်ထပ်တာမဟုတ် ပါဘူး။ အန်တီ့ကိစ္စကြောင့် ခဏလောက် ဆိုင်းငံ့ထားတာပါ တစ်လလောက်ကြာရင် ခမ်းခမ်းနားနား ညည်ခံပွဲလုပ်ပေးမှာပါ နော် နော်"

"မကြားချင်ဘူး၊ ရှင် ခုထွက်"

"ဟာကွာ ... ငွေကလည်း ကိုယ်တို့လက်ထပ်ပြီးနေ လင်မယားဆိုတာ အတူအိပ်ရတယ်လေ။ အတူနေခွင့်ပါမယ်ချစ် လေ။ ကဲပါ ... ငွေက လိမ္မာပါတယ် နော် ... နော်"

ဘုန်းဝေလျှံ ငွေ့ကို ညင်သာစွာ ပွေ့ဖက်၊ ချော့မြှ တတွတ်တွတ်တောင်းပန်လိုက်ရတာ လျှာထွက်လုမတတ်။

နောက်ဆုံးတော့လည်း စီရိယအကျိုး ခံစားရတာပါပဲ





ငွေနှင့်အတူ ရွှေလည်တွဲရင်း ကြည်ဖြူစွာ ချစ်ပွဲဝင်ခဲ့ရ သည့် မင်္ဂလာဦးညလေ အဲ ဘယ်လိုခေါ်မလဲ။ စကာယ့်ကို တစ်သက်မမေ့စရာ အချစ်ညလေးပါပေ။

❋ ❋ ❋



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၅)

"တောက် . . . ဟိုသားအမိမွေလို့ ငါတို့ ဒီလိုဒုက္ခရောက်ရတာ။ ဒင်းကို ပြန်ပြီး ခစ်စပ်စပ် ပညာပေးရမယ်"

"အစ်ကိုကသာ ပညာပေးမယ်လုပ်နေ။ ငွေလသာက စင်ပေါ်ရောက်သွားပြီ။ မနေ့ကပဲ ဘုန်းဝေလျှံနဲ့ လက်ထပ်လိုက်ပြီ။ ဘယ်လိုမှ နှိပ်စက်လို့ရမှာ မဟုတ်တော့ဘူး"

"ဘာ . . . ဟိုနွားက ယူတယ် ဟုတ်လား။ ဒီလို အိမ်မရှိယာမရှိ ကလေကချေ အောက်တန်းစားကို"

"ဘွဲ့ရ ပညာတတ်၊ မိန်းမချောဆိုတာလည်း ထည့်ပြောဦးလေ"

"တော်စမ်းပါဟာ . . . ဟိုက အစာဝတော့ ကန်ထုတ်





ခစ်မှာပါ။ ကြည့်နေ . . . အဲဒီကျမှ ကောင်းကောင်း နှိပ်စက်ပစ်လိုက်မယ်။ ကိုယ့်မအေကဖြင့် ထောင်ထဲမှာ။ သူက အပြင်မှာ ရှိတက်နေတယ်"

မောင်နှမနှစ်ယောက် ဒေါသတွေပေါက်ကွဲနေလိုက်တာ သောက်မသာ။

"အကြွေးကိစ္စတွေ ဘယ်လိုလုပ်မလဲ ကိုကို။ ရွှေဆိုင်ကလည်း ပိတ်လိုက်ရပြီ။ ကြွေးတွေက သိန်းထောင်ချီနေတာနော်။ ညီမတို့မှာ သုံးစရာပိုက်ဆံလည်း မရှိတော့ဘူး။ ဒီကြားထဲ ပွဲတော်ခုတက်စရာရှိသေးတယ်။ အဝတ်အစား စီစဉ်ရဦးမှာ"

"ရှိတာပဲ ဝတ်ပေါ့ဟာ။ ကမ္ဘာမီးလောင်နေတာပဲ"

"အို . . . ကိုကို မသိပါဘူး။ အခု မင်္ဂလာပွဲက ဟိုမော်ဒယ်မရဲ့အစ်ကို ဆောင်မှာ။ ညီမ အရှုံးမခံနိုင်ဘူး"

"ဒါဆိုလည်း နင့်လက်ဝတ်လက်စားတွေ ထုခွဲပြီး ဝယ်ပေါ့"

"အဲဒါတွေလည်း ထုခွဲနေရတာ ကုန်တော့မယ်။ အခုဆိုဘာဝင်ငွေမှ မရှိဘဲနေရတာ တစ်လပြည့်တော့မယ်လေ။ ကိုကိုစဉ်းစားကြည့်ပေါ့။ မေမေ့အတွက် ကုန်ရတာက တစ်မျိုး"

"အံ့ဩစရာပဲ . . . ငါလည်း သူငယ်ချင်းတွေဆီက ချေးငှားသုံးနေရတာ မျက်နှာပူလာပြီ။ ရှိတဲ့ဟာ ထုတ်ရောင်းကောင်း



www.burmeseclassic.com

www.burmeseclassic.com



မလား”

“အမယ်လေး . . . ကားလေးတစ်စီးရှိတာ လူရှိသေး ရှင်ရှိသေး ထားဦးမှပေါ့။ ဒီပြင်ဟာ စဉ်းစားစမ်းပါ ကိုကိုရယ်”

မောင်နှမနှစ်ယောက် ညည့်ခန်းထဲမှာ ခြေပစ်လက်ပစ် ထိုင်ရင်း စိတ်ပျက်နေကြသည်။

“ခြံရောင်းမယ်၊ ခြံကို ပိုင်းရောင်းမယ်”

“အဲဒါလည်း အိမ်ဂရန်တွေ၊ စာရွက်စာတမ်းတွေ မှိုမှုံ”

“အိမ်မှာမရှိဘူးလား။ မေမေ့မီးခံသေတ္တာထဲမှာ ရှာကြည့်မယ်လေ”

“မရှိဘူး။ ရှေ့နေဆီမှာတဲ့။ ဘွားဘွားရှေ့နေ ဦးမြင့်နဲ့ ဖေဖေ့ရှေ့နေ ဦးအောင်သော်တို့ဆီမှာ”

“သူတို့က ဘာသဘောနဲ့ ဆက်သိမ်းထားတာလဲ။ အနေ ဖေဖေလည်း မရှိတော့ဘူး။ ဘွားဘွားလည်း မရှိဘူး”

“မေမေ ရှိသေးတယ်လေ”

“မေမေ့အမှုအတွက်လည်း ငွေကုန်စရာရှိသေးတယ်။ ရှေ့နေငှားဖို့ တရားသူကြီးပေးဖို့။ ဟိုဟိုဒီဒီ ပေးဖို့တွေ လိုသေးတယ်။ ငါ အဲဒီရှေ့နေတွေဆီသွားပြီး စာရွက်စာတမ်းတွေ တောင်းမယ်။ မြေတစ်ဝက်လောက် ပိုင်းရောင်းမယ်။ ခုဈေးနဲ့ဆို သိန်း





လေးထောင်လောက်တော့ အသာလေးပဲ”

“တောင်းကြည့်လေ၊ ရရင်ကောင်းတာပေါ့”

“အို . . . ကိုယ့်ပစ္စည်း ကိုယ်တောင်းတာပဲ။ ရရမှာပေါ့။ ဘာလို့ မရရမှာလဲ။ ငါ ခုပဲသွားတောင်းမယ်။ ရရင် ဝယ်လက်ရှာမယ်။ အိမ်ခြံမြေအကျိုးဆောင်တွေနဲ့ ချိတ်လိုက်မယ်”

“သူတို့က ရိတ်တယ်နော်။ အခွန်ပေးရမှာနဲ့ ဘာနဲ့ ကိုယ်မစားရဘဲ သူတို့ချည်း စားသွားဦးမယ်”

“ဒါတွေ မပူပါနဲ့ဟာ။ ကဲ . . . ငါ ရှေ့နေတွေဆီ သွားပြီ။ နင်တစ်ယောက်တည်း အိမ်မှာ တံခါးပိတ်ထား”

“ညီမလည်း လိုက်မယ်။ ရှေ့နေတွေက တော်ကြာ ရစ်နေဦးမယ်။ မောင်နှမနှစ်ယောက် စိတ်တူသဘောတူဆိုတာ သိအောင် အတူသွားကြစို့”

မောင်နှမနှစ်ယောက် ရှေ့နေကြီးများဆီသို့ အတူသွားဖို့ အိမ်တံခါးတွေပိတ်ကာ ကားနှင့်ထွက်ခဲ့ကြလေရာ။

❋

“ဘာ . . . ဘာပြောတယ်၊ ခင် . . . ခင်ဗျားတို့ ကလိမ်



www.burmeseclassic.com

www.burmeseclassic.com



ကကျစ် မလုပ်နဲ့။ ကျုပ်အဖေက လေဖြတ်ထားတာ။ လက်မှတ် မထိုးနိုင်ဘူး။ ဒါ . . . အင်ကြီးပဲ။ ဘယ့်နှယ် သူ့ညီရဲ့မိသားစု အတွက်ပါ။ အမွေတစ်ယောက်တစ်ဝက် ပေးရမယ်လို့ပဲ။ ဖေဖေ ဘယ်လိုမှသဘောမတူနိုင်ဘူး။ သူ့ခယ်မနဲ့ သူ့တူမကို သူ ဘယ်တုန်းကမှ စေတနာရှိခဲ့တာ မဟုတ်ဘူး"

ရွှေနေကြီးများ၏ ရုံးခန်းထဲမှာ ဖွဲ့မာန်ဝင့် ပေါက်ကွဲနေသလို နဒီဝင့်မှာလည်း မျက်စိမျက်နှာပျက်လျက်။ ဘွားဘွားနှင့် ဖေဖေက သူတို့မိသားစုနှင့် ငွေလသာတို့သားအမိကို အမွေ ထက်ဝက်စီပေးခဲ့ကြောင်း ရှေ့နေ၊ ရှေ့ရပ်များနှင့် စာချုပ်ချုပ်ဆို ထားခဲ့ကြပါလား။

ရက်စွဲကိုကြည့်လိုက်တော့ ဖေဖေမဆုံးခင် (၃) ရက် အလို။ ဘွားဘွားမဆုံးခင် (၈) ရက်အလိုပေါ့။ ကြည့်စမ်း . . . ဖေဖေ နှင့်ဘွားဘွားဟာ သူတို့မသိအောင် ကျိတ်ပြီး ကြံစည်ခဲ့ကြပါလား။

ဒါ . . . နောက်ကျောကို ဓားနှင့်ထိုးတာ။

ဇနီးနှင့်သားသမီးတွေကို ချစ်သလိုလိုနှင့် ခယ်မ၊ တူမကို ချစ်ပြလိုက်တာပါလား။

"တောက်"

ဖွဲ့မာန်ဝင့်နှင့် နဒီဝင့်မှာ ကိုယ့်အပြစ်တွေကို ကိုယ်မမြင် ကြဘဲ ကွယ်လွန်သွားသူများကိုသာ တတ်နိုင်လျှင် နှိုးပြီးရန်ရှာ





တော့မည့်ပုံတွေ။

"ဒါ မဖြစ်နိုင်ဘူး။ လုံးဝမဖြစ်နိုင်ဘူး။ ခင်ဗျားတို့ ကလိမ် ကကျစ်လုပ်တာ။ တစ်ဖက်က လာဘ်ထိုးထားလို့ ဒီလိုလုပ်တာ"

"ဖွဲ့မာန်ဝင့် . . . မင်းစကားတွေက ငါတို့ကိုစော်ကား မော်ကားလုပ်ရာရောက်နေပြီ။ မတရားစွပ်စွဲမှုနဲ့ တရားစွဲရမလား။ ရဲခေါ်ရမလား"

"ခေါ်ချင်ခေါ်လေ၊ ကျုပ်တို့တဝက မထူးတော့ဘူး။ ဖအေ က သေ၊ မအေက အချုပ်ထဲမှာ။ ဘဝက သွားပြီလေ"

"ဒါ ကိုယ့်အကုသိုလ်နဲ့ကိုယ်ပဲလေ။ မင်းအမေက ယောက္ခမကိုလည်း မပြုစု၊ ယောကျ်ားကိုလည်း လှည့်မကြည့်။ နောက်ဆုံးကျ ကိုလွင်က အမြင်မှန်ရသွားတာ။ သူ့အပေါ်မှာ စေတနာနဲ့ စောင့်ရှောက်ခဲ့တဲ့ ခယ်မနဲ့ တူမကို စေတနာရှိသွားပြီး မအေ့ဆန္ဒအတိုင်း လက်မှတ်ထိုးပေးလိုက်တာ။ သားနဲ့သမီးကလည်း လုံးဝ အားမကိုးရမှန်း သူ့အပေါ် စေတနာမရှိမှန်း သိသွားလို့ သူ ကိုယ်တိုင် လက်မှတ်ထိုးပေးခဲ့တာ . . .၊

ဒီတော့ အဆင်ပြေတဲ့တစ်နေ့မှာ နှစ်မိသားစုကို အမွေ ခွဲပေးမယ်။ အမွေကတော့ ထူးထူးခြားခြား ဘာမှမရှိပါဘူး။ ဒီ သိန်းတစ်သောင်းမကတန်တဲ့ တိုက်နဲ့ခြံပဲပေါ့။ ဒီတော့ မင်းတို့ သဘောနဲ့ ရောင်းတာ၊ ပေါင်တာ၊ ငှားတာ ဘာမှရှုပ်လို့ မရဘူး



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာ သိထားပါ''

"တောက် ... အလကား။ ကလိမ်ကကျစ်တွေ။ ကျုပ်တို့မှာ ကြွေးတွေနဲ့ဗျ။ ကြွေးတွေထောင်ချီပြီး ရှိနေတာ။ ခင်ဗျားတို့ ဘယ်လိုစီစဉ်ပေးမှာလဲ။ ဘွားဘွားနဲ့ဖေဖေ့ကို ဆေးကုရလို့ ဆေးဖိုးတွေလည်း သိန်းထောင်ချီပြီးကုန်တာ။ ကျုပ်ကတော့ အဲဒီကြွေးတွေ ဆပ်ပြီးမှ ကျန်တာဝေယူမယ်''

"အို ... ကိုကိုကလည်း သူတို့က အမွေပြတ်စွန့်ထားတဲ့ သားက မွေးတာပဲ။ ဘာအမွေမှ မပေးနိုင်ပါဘူး။ ဒီရွှေနေတွေ ကလိမ်ကကျစ်ကျတိုင်း ခံနေရမှာလား။ လူပါးဝလို့''

လောဘနှင့် ဒေါသကြောင့် မောင်နှမနှစ်ယောက် မပြောသင့်တာတွေပြောပြီး ပေါက်ကွဲနေကြလျှင် ရွှေနေကြီးနှစ်ယောက်မှာ သူတို့နှင့် စကားနိုင်လုမနေဘဲ လုပ်သင့်လုပ်ထိုက်တာလုပ်ဖို့ သာ ဆုံးဖြတ်လိုက်ကြသည်။

❄ ❄ ❄



## အခန်း (၂၆)

အချုပ်ခန်းသို့သွားပြီး ထိုအကြောင်းတွေပြောပြလျှင် ဒေါ်ယုယသော် ယမ်းပုံမီးကျဖြစ်ပြီး ဆွေ့ဆွေ့ခုန်၊ ဆတ်ဆတ်တုန်နေပုံမှာ တဒင်္ဂရူးသွပ်သွားသည့်နှယ်။ မြင်လို့ပင် မကောင်း။

"ဘာ ... သားအမိနှစ်ယောက် စာချုပ်ချုပ်ခဲ့ကြတယ် ဟုတ်လား။ လေဖြတ်ထားတဲ့ကြားက လက်မှတ်ထိုးခဲ့ကြတယ်ပေါ့''

"ရွှေနေတွေက အိမ်ကိုလာပြီး ဘယ်သူမှမရှိကြတုန်း စာချုပ်ချုပ်ပေးကြတာ။ ဟိုကောင်မတွေ ဖုန်းဆက်ပြီးခေါ်တာ နေမှာပေါ့။ တောက် ... ကျွန်တော်တို့မသိလိုက်တာ နာတာပဲ။ အလကားအခိုးကြီး အဘွားကြီးတွေ။ အသေတောင်နောက်အချေသး''



www.burmeseclassic.com

www.burmeseclassic.com



သားအမိသုံးယောက်သား ဒေါသတွေနှင့် ညီးညီးလောင်နေကြပြီမို့ ဆင်ခြင်တုံတရားတွေလည်း မရှိကြတော့။ ဖွဲမာန်ဝင့်က သူ့အမေ၏နားနားသို့ကပ်ပြီး –

“မေမေ ဟိုရှမ်းမကို အချုပ်ခန်းထဲမှာ မသိမသာ သတ်ပစ်လိုက်ပါလား။ သားက ငွေလသာကို မတော်တဆနည်းနဲ့ ရှင်းပစ်လိုက်မယ်။ ဒါဆို ဘာအမွေမှ မပေးရတော့ဘူးပေါ့”

“အေး . . . ကောင်းတယ်။ ပိပိရိရိတော့ ရှိပါစေနော် သားတော်ကြာ မှန်းချက်နဲ့နမ်းထွက် မကိုက်ဘဲ ထောင်နန်းစံနေရဦးမယ်။ ဒါထက် မေမေ့အမွှကရော ရှေ့နေကြီးက ဘာပြောလဲ”

“ကွင်းလုံးကျွတ်လွတ်အောင် လုပ်ပေးမယ်တဲ့ မေမေ ဟိုတစ်နေ့ကပဲ တရားသူကြီးကန်တော့ဖို့ဆိုလို့ ဆယ်သိန်းရှာပေးလိုက်ရသေးတယ်။ မေမေ့မှာ လက်ဝတ်လက်စားလေးတွေ ရှိသေးလားဟင်။ သားတို့မှာ အကြွေးတွေ လည်ပင်းခိုက်နေပြီ”

“နေပါဦး သားရယ်။ မေမေထွက်လာရင် အားလုံးအဆင်ပြေစေရမှာပေါ့။ ညီမလေးကိုလည်း ဂရုစိုက်နော် သား။ စားရေးသောက်ရေးရော ဘယ်လိုတွေလုပ်နေကြလဲ”

“ညီမလေးမှ မချက်တတ်တာ။ လမ်းထိပ်က ထမင်းဆိုင်မှာ လပေးယူစားနေရတာပေါ့”

“မေမေထွက်လာရင် ရှယ်ချက်ကျွေးမယ်နော် သား





သမီးကလည်း ရှိုးလျှောက်တာတွေ၊ ညှော်ခံပွဲသွားတာတွေ နားထားလိုက်ဦးနော်။ အိမ်မှာ ဒုက္ခတွေစုပြုံနေတုန်း အင ႋ ခထိုင်၊ အသွားအလာ ဆင်ခြင်ဦးနော်။ မောင်နှမနှစ်ယောက် လိမ်လိမ်မာမာနေကြ။ သားကလည်း ညီမလေးကို စောင့်ရှောက်။ နိုက်ကလပ်တွေ၊ မာဆပ်တွေ သွားမနေနဲ့ဦး”

“မသွားနိုင်ပါဘူး မေမေရာ။ ပိုက်ဆံမှ မရှိဘဲ။ တောက် . . . ဒင်းတို့သားအမိကြောင့် ခုလို ဒုက္ခတွေ ပင်လယ်ဝေရတာ”

သားအမိတွေ ဒုက္ခရောက်နေကြသည့်ကြားမှ ကိုယ့်အပြစ်ကိုယ်မမြင်ကြဘဲ အကုသိုလ်တွေးတွေသာ မင်းမူနေကြသဖြင့် သူတို့ (၃) ဦး၏တွေ့ဆုံမှုက မငြိမ်းချမ်းကြပါပေ။

❋

လောဘနှင့် ဒေါသ၊ မောဟတို့ကြောင့် ဒေါ်ယုယသော် တစ်ယောက် ရူးလုလု။ စိတ်ကပေါက်ကွဲလွယ်နေသည်။ အချုပ်ခန်းထဲမှာ နန်းငွေရည်ကိုပဲ သတ်ချင် ဖြတ်ချင်၊ စားတော့ ဝါးတော့မတတ် ရုပ်နှင့် စောင်းစောင်းမဲမဲ။

အချုပ်ခန်းထဲမှာ သူတို့နှစ်ယောက်တည်းမဟုတ်သို့သာ



www.burmeseclassic.com

www.burmeseclassic.com



နန်းငွေရည် ခံသာရာရနေတာ။

ဒေါ်ယုယသော် နန်းငွေရည်ကို စိတ်ဒုက္ခ၊ စိတ်ကသိကအောက်ဖြစ်အောင် လုပ်ချင်နေသဖြင့် သူသားပြောခဲ့သည့်ငွေလသာ၏သတင်းကို အဆိုးဖက်မှ ချဲ့ကားပြောဖို့ စိတ်ကူးလိုက်၏။

"ဒီမှာ နန်းငွေရည် ... နင်က ဒီမှာအချုပ်ကျနေတုန်း နင့်သမီးက ဟိုမှာ ဘဝပျက်နေပြီ"

ယုယသော် စိတ်ကောင်းမရှိမှန်းသိသဖြင့် သူ့စကားကို မယုံဖို့ စိတ်ကိုတင်းပေမယ့် သားသမီးကိစ္စမို့ အပူက ရင်ဝသို့ ဆို့တက်၏။

"ဘာဖြစ်လို့လဲ၊ ရှင် ကလိမ်ကကျစ်တော့ မပြောနဲ့"

"မယုံလည်း နေပေါ့အေ။ ညည်းသမီးက ဟိုသားအဖ အိမ်မှာကပ်နေတော့ လူတွေရဲ့တံတွေးခွက်မှာ မျောနေတာပေါ့"

"အဲဒါ ဘာဖြစ်လဲ။ ကိုယ်ကောင်းရင် ခေါင်းမရှေ့"

"အခု ရှေ့နေပြီလေ။ မနေ့ကပဲ ဖအေနဲ့လား သားနဲ့လား ဒါမှမဟုတ် နှစ်ယောက်လုံးနဲ့လားတော့ မသိဘူး။ တိတ်တိတ်လက်မှတ်ထိုးကြတယ်တဲ့။ ပါမစ်ရသွားတာပေါ့အေ။ တစ်ယောက်နဲ့အယူပြပြီး နှစ်ယောက်လုံး အသုံးချလို့ရသွားတာပေါ့"

"ဟင် ... နင် နင်"





ဒီလောက်ထိ ပက်ပက်စက်စက် ပြောချသည့်အခါ နန်းငွေရည် မျက်စိတွေပြာသွားပြီး ဒေါ်ယုယသော်ကို ခုန်အုပ်လိုက်သည့်အခါ အကွက်စောင့်နေသည့် ဒေါ်ယုယသော်ကလည်း ပြန်ပြီး နပန်းသတ်၏။

ရဲမေတွေရောက်လာပြီး အတင်းဖြန်ဖြေမှ လူကွဲသွားကြသည်။ နှစ်ယောက်လုံး တစ်ယောက်နှင့်တစ်ယောက် ကုတ်ဖဲ့ထားသဖြင့် အစင်းရာတွေ၊ သွေးစို့နေတာတွေက မြင်လို့ပင်မကောင်း။ မိန်းမချောများပေမို့ ရုပ်တွေက သိသိသာသာ။

ညအိပ်သည့်အခါ မောမောနှင့်မို့ နန်းငွေရည် အမြန်ဆုံး အိပ်မောကျသွားမိသည်။ ဒေါ်ယုယသော် ဘယ်လိုပင် မာယာတွေနှင့် လှည့်စားသည်ဖြစ်စေ နန်းငွေရည် ကိုယ့်သမီး၏ အရည်အချင်းနှင့် ဦးနေဘုန်းတို့သားအဖ၏ကိုယ်ကျင့်သိက္ခာကို ယုံကြည်မိပါသည်။

သမီးလာမှပဲ မေးကြည့်ရတော့မည်။

❄❄❄



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၇)

လက်ထပ်ပြီးပြီမို့ ငွေလသာ နေရထိုင်ရတာ အားငယ်စိုးရွံ့မှုမဖြစ်တော့ပါ။ ဘုန်းဝေလျှံနှင့်အတူ သည်းဖေးပါ သုံးယောက်သား ဈေးဝယ်ထွက်ရသည်မှာ ခဏခဏ။

မေမေ တစ်ယောက်လုံး အချုပ်ထဲမှာမို့ ရှင်လန်းမှု မရှိပေမယ့် လူတွေကို ရဲရဲတင်းတင်း ကြည့်ရဲခဲ့ပါပြီ။ ငွေလသာအတွက် လိုအပ်သည့်အဝတ်အစား၊ အသုံးအဆောင်နှင့် လက်ဝတ်ရတနာအစ ဘုန်းဝေလျှံက ဝယ်ပေးသည်။ သူမ တားလည်း မရ။

"ငွေက ဘယ်သွားတာမှတ်လို့ ကိုရယ် . . . ဖြည်းဖြည်းချင်းပဲ ဝယ်ပါ။ ဘာမှမရှိတဲ့ သူညကိုယူပြီး ပြင်နေ၊ ဆင်နေတော့ ရှင် ပင်ပန်းတာပေါ့"





"ပင်ပန်းပါစေဗျာ။ အဲလိုဝယ်ပေးနေရတာလေးကိုပဲ ကိုက ကြည်နူးနေရတာပါ။ ခုဆိုကြည့်စမ်း ကိုယ်တို့သုံးယောက်ကို လူတွေက အားကျတဲ့အကြည့်နဲ့ ကြည့်သွားကြတာ။ ဘယ်လောက် ဂုဏ်ယူဖို့ကောင်းလဲ။ မိန်းမချောချော၊ သားချောချောလေး ရထားတာဆိုပြီး ကိုယ့်ကို အထင်ကြီးနေကြတာ"

"ကိုရယ် ကြံကြံဖန်ဖန်"

"ဟုတ်တယ် ငွေရဲ့၊ ကို ညက အိပ်မက်မက်တယ် သိလား။ ငွေက ကိုယ်ဝန်လေးနဲ့။ ကိုကလည်း ဂရုစိုက်လိုက်တာ ပျော်လိုက်တာကွာ။ တကယ်သာဆို ကို အရမ်းကို ကြည်နူးမိမှာပဲ"

"ရှင်နော် မဟုတ်ကဟုတ်ကတွေ ပြောမနေနဲ့။ မေမေ ကဖြင့် အချုပ်ထဲမှာ"

"မေမေ့ကိုလည်း သနားပါတယ်။ ကိုတို့သားအဖ အစွမ်းကုန် ကြိုးစားနေတယ်လေကွာ။ မေမေ အချုပ်ထဲမှာရှိတာနဲ့ ငွေ ကိုယ်ဝန်ရှိတာနဲ့ ဘာဆိုင်လို့လဲကွာ။ ကိုတို့ ရိုးရိုးပဲနေမှာနော်။ ကလေးလိုချင်တယ်။ ကိုယ့်ရင်သွေးလေး လိုချင်လှပြီ'

ငွေလသာ သူ့ကို မျက်စောင်းထိုးမိပြီ။

"လက်ထပ်ပြီးတာဖြင့် တစ်ပတ်ရှိသေးတယ် . . . ကဲမနေ့နဲ့"

"အဟဲ . . . ကိုကတော့ အစွမ်းကုန်ကြိုးစားနေတာပဲနော်။



www.burmeseclassic.com

www.burmeseclassic.com



သည်းလေးအဖော်ရအောင် အမွှာပူးလေး နှစ်ပူးလောက် ချရအောင်”

သူ့စကားကြောင့် ငွေလသာ ရှက်ဒေါသနှင့် သူတို့တူဝရီးကိုထားခဲ့ပြီး စျေးထဲမှ ခပ်သုတ်သုတ်လျှောက်နေစဉ် ငွေလသာအနားသို့ ဗရုတ်သုတ်ခ နှစ်ကောင် ကပ်လာ၏။

သူမ၏တစ်ဖက်တစ်ချက်သို့ ဖျတ်ခနဲဝင်လိုက်ပြီး လက်တစ်ဖက်က ဆတ်ခနဲ လှုပ်ရှားဖို့ပြင်စဉ် လှမ်းမြင်လိုက်သည့် ဘုန်းဝေလျှံအနားသို့ လျှောခနဲရောက်လာပုံက မြန်မှမြန်။

“ခါးပိုက်နှိုက်ဗျို့ ခါးပိုက်နှိုက်၊ ခါးပိုက်နှိုက်။ ဟိုမှာ ဟိုမှာ အကျီနီနဲ့ကောင်”

အော်လည်း အော် လှန့်လည်း လှန့်ထုတ်လိုက်တော့ အကျီနီနှင့်ကောင် ပြေးလေ၏။ နောက်မှ မနေတတ်သည့်လူတွေက ဝိုင်းပြီးဆွဲဖို့ သမဖို့ပြင်နေကြသဖြင့် ထိုလူနှစ်ယောက် သဘောင်ရှင်ပြေး၊ ခွေးပြေး ဝက်ပြေး ပြေးရလေတော့သည်။

“ဘာဖြစ်သွားသေးလဲ ငွေ၊ သတိထားနော်။ ပယောဂတွေ ပါနိုင်တယ်”

“ဘာပယောဂလဲ ဟင်”

“ငွေ့အစ်ကိုနဲ့နဒီတို့လက်ချက် ဖြစ်နိုင်တယ်။ ရွှေနေတွေက အမွေအတူတူခွဲပေးမယ်ဆိုကတည်းက ငွေတို့သားအမိကို





သတ်ချင်နေကြတာ။ စောစောကနှစ်ယောက်ဟာ သူတို့လူတွေဖြစ်နိုင်တယ်။ နောက်ဆို ငွေ့ကို မျက်ခြည်ပြတ်ခံလို့ မရတော့ဘူး”

“ငွေကလည်း အပြင်မထွက်ချင်ပါဘူး။ စိတ်တွေလည်း မကြည်လင်ဘူး။ အိမ်ထဲမှာပဲ အလုပ်တွေလုပ်ပြီး ကလေးထိန်းနေချင်တာ”

“ဩော် ... ကိုကလည်း ငွေ့ကို ပျော်ရွှင်ပါစေဆိုတဲ့ စေတနာနဲ့ အပြင်ခေါ်ပေးတာပါ”

“ဘယ်ပျော်နိုင်ပါ့မလဲရှင် ... မေမေ အချုပ်ထဲမှာ ရှိနေသရွေ့ ငွေမပျော်နိုင်ပါဘူး။ မေမေ့ရုံးချိန်းလည်း နီးပြီနော်”

“အဲဒီနေ့ကျရင် ကိုလည်း လိုက်ပါ့မယ်။ အနိတ္တိမှာ အပြစ်မှမရှိဘဲ ငွေရယ်၊ အမြန်ဆုံး လွတ်မှာပါ။ ကဲ ... ပြန်ကြစို့နော်”

သည်းလေးကို ကောက်ချီပြီး သူတို့ (၃) ယောက် ကားနှင့် ပြန်လာခဲ့ကြတော့ မလှမ်းမကမ်းမှာ ဖွဲ့ခါန်ဝင့်နှင့် သူ့သူငယ်ချင်းများကို တွေ့လိုက်ရသဖြင့် ငွေလသာ လန့်သွားခဲ့ရပါသည်။

❄ ❄ ❄



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၈)

ဒေါ်ယုယသော် နန်းငွေရည်ကို ဘယ်လိုအပျောက်ရှင်းရမလဲဟု ညဏ်နီ ညဏ်နက်တွေထုတ်ရင်း မှေးခနဲ အိပ်ပျော်သွားလျှင် သူမ တွေ့ရတာ ဦးကိုကိုလွင်။ သူ့ရုပ်က ဒေါသတွေနှင့် ခက်ထန်နေပြီး သူမကို စားတော့ ဝါးတော့မတတ် ရုပ်ကြီးနှင့် မြူစုတ်စုတ်မျက်နှာကြီးက သွေးစုတ်ဖုတ်ကောင်လို ကြောက်စရာကြီး။ သူမကိုလည်း ကြိမ်းမောင်းအော်ဟစ်နေလိုက်တာ။ ယခုဝင် လည်ပင်းညှစ်တော့မည့်ပုံ။

"ငါ့ကို ဆေးကျွေးပြီး သတ်တဲ့မိန်းမ။ နင့်ကို ငါ သတ်မယ်။ ငါ့လက်ချက်နဲ့ နင်ပြန်သေရမယ်။ ဥပဒေအရ အပြစ်ပေးတာကို မစောင့်နိုင်ဘူး။- မာယာအာသခေျနဲ့မိန်းမ။ ငါ့အမေကိုလည်း နင်





သတ်တာ။ ငါ တမလွန်ကနေ ကြည့်နေတာ။ နင့်ကို သတ်မယ် သတ်မယ်"

ပြောပြီး သူမ၏လည်ပင်းကို ညှစ်လာလျှင် အိပ်မက်ထဲမှာ အသက်ရှူကျပ်လာပြီး ဒေါ်ယုယသော် ကြောက်လန့်တကြား အော်ဟစ်ရုန်းကန်မိ၏။

"အား သွား သွား ... နင့်ကို ငါ သတ်တာမဟုတ်ဘူး။ နန်းငွေရည် သတ်တာ။ နင် သူ့ကိုသွားသတ်၊ သတ်ချင်ရင် သူ့ကိုပဲ သတ်"

အသံနက်ကြီးနှင့် ရုန်းကန်အော်ဟစ်နေမှုကြောင့် ရဲအစောင့်များ ပြေးလာသလို အချုပ်ခန်းထဲမှလူများလည်း ရှုန်းရင်း ဆန့်ခတ်ဖြစ်နေကြ၏။

သို့သော် ဒေါ်ယုယသော်ကတော့ ရုပ်ပျက်ဆင်းပျက်နှင့် ကြောက်လန့်တကြား အော်ဟစ်ရုန်းကန်နေတုန်း။

"သွား ... နင့်ကိုငါ မသတ်ဘူး။ ဟိုကောင်မ သတ်တာ။ သူ့ကို သွားသတ်၊ နင်သာ အမွေတွေ ငါ့ကို အကုန်မပေးဘဲ မဆိုင်တဲ့လူတွေ သွားပေးတာ။ အယုတ်တမာကောင်"

အားလုံး ဝိုင်းပြီး နှိုးတာတောင် ရုပ်က သရဲစီးနေသည့်နှယ် မြင်မကောင်းပြီ။ နန်းငွေရည်ကတော့ အနားသို့မကပ်။ ဒေါ်ယုယသော် အကုသိုလ်တွေ ဖိစီးနေတာ။ ကိုယ့်ကိုလည်း သတ်ရှင်နေတာ



www.burmeseclassic.com

www.burmeseclassic.com



အသိသာကြီး။ ကိုယ့်ဘေးကိုယ်ကြည့်ရှောင်ရမှာ။

ယခုဆို အမှုအခြေအနေကလည်း ဒေါ်ယုယသော်ဘက်ကိုပဲ ပတ်တက်နေတာ။ နှစ်ခါလုံးသတ်ပုံတူနေတာကြောင့် သူ့လက်ချက်လို့ပဲ သံသယဝင်စရာ။

သည်ကြားထဲ ရှုးသလို ပေါသလိုနှင့် သူမထံသို့ ပြေးလာပြီး လည်ပင်းညှစ်ဖို့ ကြိုးစားသဖြင့် အားလုံး ဝိုင်းဆွဲကြရသည်။ သရဲပူးသလို စုန်းပူးသလိုအချိုးနှင့်။

"ငါ့ကို နင်သတ်တာ၊ နင့်ကိုငါ ပြန်သတ်မယ်၊ သတ်ရမှ ကျေနပ်မယ်"

အသံနက်ကြီးနှင့် သရုပ်ဆောင်နေသဖြင့် နန်းငွေရည် အံ့ဩရသည်။ ဒီမိန်းမဟာ ဇွယ်စုံပညာရှင်ကြီးပါလား။ အားလုံး ဝိုင်းပြီးလှုပ်ကြတော့မှ သတိပြန်ဝင်လာပုံနှင့်။

"စောစောက ကျွန်မယောကျ်ားရောက်လာပြီး နန်းငွေရည်ကိုသတ်ဖို့ ကြိုးစားနေတာ။ သူ့ကိုသတ်တာ အခဲမကျေဘူးတဲ့လေ"

"ဟုတ်မယ် . . . ဟုတ်မယ်၊ နင်အော်လိုက်တာ အသံနက်ကြီးနဲ့။ ငါတို့က သရဲများ ဝင်ပူးနေသလားလို့"

"ဟုတ်လား . . . ငါ လူစိတ်ပျောက်သွားတယ်။ အဲဒါ သရဲပူးတာဖြစ်မယ်"





ကြုံလာရသည့်ပြဿနာကိုတောင် ကိုယ့်အတွက် အသုံးချတတ်သည့် ဒေါ်ယုယသော်အား နန်းငွေရည် လက်မြှောက်ရပါသည်။

❋ ❋ ❋



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၉)

လူသတ်မှုနှင့် စွဲချက်တွေတင်ထားကြပေမယ့် သက်သေ
မရှိဘဲ သံသယဖြင့် စွဲချက်တင်ခဲ့တာကြောင့် အတော်ဆုံးရှေ့နေ
ကြီးများ၏အစွမ်းဖြင့် နန်းငွေရည်ရော ဒေါ်ယုယသော်ပါ အမှုတွေ
ကွင်းလုံးကျွတ်လွတ်ခဲ့ကြပါသည်။

အချုပ်ထဲမှာ (၂) လလောက်နေခဲ့ကြပြီး အပြင်သို့ ပြန်
ရောက်ခဲ့ကြသည်။ တစ်ပတ်အကြာမှာတော့ ဒေါ်မိုးမွေနှင့် ဦးကိုး
လွင်တို့၏ရှေ့နေကြီးနှစ်ယောက်နှင့် ရပ်မိရပ်ဖများ ချိန်းဆိုကြပြီး
အမွေခွဲဝေခြင်းအမှုကို ပြုကြပါတော့သည်။

ထိုနေ့က နံနက် (၈) နာရီခန့်မှာ ရှေ့နေကြီးနှစ်ယောက်
နှင့် ရပ်မိရပ်ဖ (၄) ယောက်။ ပေါင်း (၆) ယောက် အိမ်ထဲသို့





ဝင်လာကြလျှင် ဒေါ်ယုယသော်တို့ သားအမိတွေ ဖြစ်သွားပုံမှာ
ကမ္ဘာပျက်တော့မည့်နှယ်။

ညှိခန်းထဲသို့ (၃) ယောက်ပြေးလာကြပြီး အရှုံးမီးဝိုင်းပုံ
တွေနှင့်။ တစ်ဖက်အိမ်မှ နန်းငွေရည်၊ ငွေလသာနှင့် ဦးနေဘုန်း
တို့သားအဖလည်း ရှေ့နေကြီးများ၏ခေါ်ဆိုခြင်းအရ ဝင်လာရပါ
သည်။

အားလုံးကို စုံစုံညီညီမြင်လိုက်ရသည်နှင့် ဒေါ်ယုယသော်
ရော ဖွဲမာန်ဝင့်ပါ ပေါက်ကွဲတော့သည်။

"ငါ့အိမ်ထဲက ခုထွက်။ ခုထွက်ကြ။ ရှင်တို့ မတရား
မလုပ်ကြနဲ့။ မုဆိုးမသားအမိတွေ၊ ကြွေးပရပွနဲ့ ဒုက္ခရောက်နေရ
တဲ့ကြားထဲ ရှင်တို့ဝင်ပြီး မပါကြပါနဲ့"

"ဟုတ်တယ် ... ဒါ ကျုပ်တို့ကိစ္စ။ ခင်များတို့ ဝင်မပါနဲ့။
အိမ်ဂရန်တွေ၊ စာချုပ်စာတမ်းတွေလည်း ပြန်ပေး။ အဘိုးကြီး
အဘွားကြီးတွေ မတရားလုပ်ခဲ့တိုင်း ကျုပ်တို့က ငြိမ်ခံနေမယ်
ထင်သလား။ ငွေလသာ ... နင်တို့သားအမိ တော်တော်အမွေ
မက်နေကြသလား။ လင်ရော တော်တော်ရှားနေကြသလား။ မအေ
က ဖအေကိုယူ၊ သမီးက သားကိုယူပြီး မကြားဝံ့မနာသာ။ နင်တို့နဲ့
အမျိုးတော်ရတာ ငါတို့ ရင်နာတယ်"

အမွေပေးရမှာစိုးသည်နှင့် ဒေါသ၊ ဒေါသ၊ မောဟတွေ



www.burmeseclassic.com

www.burmeseclassic.com



ပေါင်းပြီး သားအမိနှစ်ယောက် စိတ်လွတ်ကိုယ်လွတ် ကပေါက်တိကပေါက်ချာတွေ ဖြစ်နေကြသည်။ ငွေလသာတို့ သားအမိကိုလည်း ပက်ပက်စက်စက်တွေ ရှုချပြောဆိုနေလျှင် နန်းငွေရည်တို့သားအမိ ထပြန်ဖို့ ပြင်ကြ၏။

သို့သော် ရှေ့နေကြီးများနှင့် ရပ်မိရပ်ဖများက တားထားကြပြီ။

"ဒီလို သူတို့ပြောချင်တိုင်း ပြောလို့ ဘယ်ရမလဲ။ တရားဥပဒေအတိုင်းဖြစ်ရမှာပေါ့။ ပြန်ထိုင်ကြပါ။ ကျွန်တော်တို့နဲ့ မရရှင်ရဲကို အကူအညီတောင်းရမှာပေါ့"

ဦးနေဘုန်းက –

"ကျွန်တော် အကြောင်းကြားထားလို့ မြို့ရွှေမှာ ရောက်နေကြပါပြီ"

ဒေါ်ယုယသော်တစ်ယောက် မင်းသမီးခေါင်း ကွာကျသွားချေပြီတည်း။ ပေါက်ကွဲချင်နေသည့် စိတ်ကို လွှတ်တင်ပစ်လိုက်သည်မှာ တကယ့်ကို ကြောက်စရာ။

"သြော် ... ရှင်က အရှက်မရှိ တိတ်တိတ်ပုန်းမိန်းမယောက်က ပါတယ်ပေါ့။ ဒီလို ပုပ်ပွနေတဲ့မိန်းမကိုများ ကိုယ့်ဂုဏ်သိက္ခာကိုမှ မထောက်"

"တော်ပြီ ... ဒေါ်ယုယသော်။ မဆိုင်တာတွေ လျှောက်





ပြောမနေပါနဲ့။ ကွယ်လွန်သူတွေရဲ့ဆန္ဒအတိုင်း အမွေခွဲဝေပေးဖို့လက်ခံပါ။ ကျွန်ုပ်တော်တို့ရဲ့အရာရှိတွေကိုလည်း အကူအညီတောင်းထားပါပြီ။ အဆင်ပြေအောင်နေပေးပါ"

ဒေါ်ယုယသော်တို့သားအမိ (၃) ယောက်မှာ အံတကြိတ်ကြိတ်။ သူတို့က အားလုံးကို မောင်ပိုင်စီးချင်ပေမယ့် အခြေအနေက သူတို့ထင်ထားသလို မဟုတ်။

ရှုတ်တရက်သေဆုံးသွားအောင် လုပ်လိုက်ကြဖို့ပမယ့် သားအမိနှစ်ယောက်လုံး စာချုပ်စာတမ်းနှင့်တကွ ခိုင်ခိုင်လုံလုံလုပ်သွားခဲ့သဖြင့် ရင်ထဲမှာ အခဲမကျေ။ လောဘမီး၊ ဒေါသမီးတွေက တဟုန်းဟုန်း။

ရှေ့နေကြီးပြောနေသည့်စကားတွေက နားထဲမဝင်။ ဒေါ်ယုယသော်နေရာမှ ဟုန်းခနဲထရပ်လိုက်ပုံကြောင့် လူကြီးများအားသုံး လန့်သွားကြ၏။

"ညီညီလွင်က ထောင်ကျ၊ လှုဆိုးလှုပေ။ ဒီကြားထဲဟောဟိုက ထောင်ထွက်သမီးနဲ့ ယူလို့ သူတို့နဲ့ ဘာမှမဆိုင်ဘူး။ ပြီးတော့ ... ဒီပစ္စည်းတွေက ကျွန်မရဲ့အစွမ်းအစနဲ့ ရှာထားတဲ့ပစ္စည်းတွေ။ ရှင်တို့ မတရားမလုပ်ကြနဲ့"

"တရားမဝင်တဲ့စကားတွေပြောပြီး အမှုကို နှောင့်နှေးအောင် မလုပ်ပါနဲ့တော့ ဒေါ်ယုယသော်။ ကာယကံရှင်တွေရဲ့



www.burmeseclassic.com

www.burmeseclassic.com



ဆန္ဒအရ အတွင်းပစ္စည်း၊ ရွှေ၊ ငွေ၊ လက်ဝတ်ရတနာတွေကို ခင်ဗျားရပါမယ်။ ဒီအိမ်နဲ့ခြံကိုသာ နှစ်ဦး တစ်ဝက်စီ အတိအကျ ခွဲဝေယူရမှာပါ"

"မပေးဘူး။ သူတို့ကို ပေးမယ့်အစား အိမ်ကို မီးရှို့ပစ်မယ်။ လက်ဝတ်လက်စားတွေလည်း မရှိတော့ဘူး။ သင်းတို့ သား အမိကို ကုရ၊ ကျွေးမွေးရတာနဲ့ ကုန်ပြီ"

"ဒေါ်ယုယသော် အလုပ်ကိစ္စကို အနှောင့်အယှက် မပေးပါနဲ့။ လူကြီးသူကြီးတွေကို အားနာဖို့ ကောင်းပါတယ်။ ရဲအရာရှိ တွေခမျာလည်း မအားတဲ့ကြားက လာပြီး ကူညီရတာပါ"

"ဘာကူညီတာလဲ၊ ဘာကူညီတာလဲ။ ကျုန်မ တစ် ယောက်တည်းရမယ့် အမွေပစ္စည်းတွေကို ဟိုမိန်းမပျက်နှစ်ယောက် အရှက်မရှိတဲ့ ပိုင်းလုံးမတွေ ခွဲပေးတာ တရားရဲ့လား"

ဒေါ်ယုယသော်မှာ လောဘ၊ ဒေါသ၊ မောဟတွေ ငယ် ထိပ်တက်ဆောင့်နေသဖြင့် မပြောသင့်တာ ပြောသင့်တာတွေ မတွက်ဆတော့ဘဲ ခွေးရူးလို မည်းမည်းမြင်ရာ ကိုက်နေတော့၏။

ရဲအရာရှိနှစ်ယောက်မှာလည်း ဧည့်ခန်းထဲမှာ အသင့် အနေအထားနှင့် ရောက်ရှိနေပေပြီ။ ရာဇဝတ်မှုတွေဖြစ်မှာစိုးလို့။

ငွေလသာတို့သားအမိမှာလည်း နေရာမှ ထပြေးချင်နေ တော့၏။ ရှေ့နေကြီးများနှင့် ရပ်မိရပ်ဖများ တားထားလို့သာ။





နောက်တော့ ဒေါ်ယုယသော် ဘယ်လိုပဲ သောင်းကျန်း သောင်းကျန်း ဥပဒေနှင့်အညီ သေဆုံးသူများ၏ဆန္ဒနှင့်အညီ အမွေခွဲစာချုပ်များကို ချုပ်ဆိုနေလေတော့၏။

ဒေါ်ယုယသော်နှင့် သားသမီးနှစ်ယောက်မှာ မုန်ယိုနေ သည့် ဆင်တွေနှယ်။ သူတို့ရင်ထဲမှာ ငါ့အိမ်၊ ငါ့ခြံ၊ ငါ့ပစ္စည်းဆို သည့် အတ္တတွေသာ တဟုန်းဟုန်းတောက်လောင်နေသည်မို့ ထိုင် ပင် မထိုင်နိုင်ကြ။ ရုပ်ပျက် ဆင်းပျက် ဖြစ်နေကြ၏။

"သဘောမတူဘူး။ လက်မှတ်မထိုးနိုင်ဘူး။ ဒါ သူတို့နဲ့ ဘာမှမဆိုင်ဘူး။ ကျုန်မအိမ် ကျုန်မပစ္စည်း။ သွား . . . သွားကြ။ အရှက်မရှိတဲ့ဟာမတွေ၊ သွား . . . ဟား ဟား . . . သွားကြ"

လူကြီး သူကြီးများ မျက်စိမျက်နှာပျက်ပြီး တစ်ယောက် နှင့်တစ်ယောက် ကြည့်မိကြသည်မှာ ဒေါ်ယုယသော်တစ်ယောက် စိတ်ဖိစီးမှုတွေ၊ အတ္တ၊ မာနတွေများပြီး ရူးတော့မှာလား။ သွက် သွက်လည်တော့မှာလားလို့ပါ"

"ဒီအိမ်မှာ နှစ်မိသားစုပူးနေလို့တော့ မဖြစ်ပါဘူး။ ဒါ ကြောင့် တန်ဖိုးဖြတ်ပြီး တစ်ဖက်ဖက်က အမ်းလိုက်ပါ"

"ဒီအိမ်နဲ့ခြံကို သိန်းတစ်သောင်း သတ်မှတ်ပါတယ်။ တစ်ဖက်ဖက်က အမ်းပါ။ မအမ်းနိုင်ကြရင်လည်း ရောင်းပြီး တစ် ဝက်စီခွဲပါ"



www.burmeseclassic.com

www.burmeseclassic.com



ရွှေနေကြီးများက လုပ်ငန်းသဘောအတိုင်းဖြစ်အောင် ဆက်ပြောနေ၊ လုပ်နေကြတုန်း ဒေါ်ယုယသော်တစ်ယောက် လူသေသလို အော်ငိုပါချေတော့သည်။

"အီး ဟီး ဟီး ... သတ်ရတော့ ငါ၊ ကောင်းစားတော့ သူတို့၊ တော်တော် မတရားကြတဲ့လူတွေ။ ဒါလား လူကြီးလူကောင်းတွေ။ စဉ်းစားကြပါဦးရှင်ရယ်။ အဘွားကြီးကိုရော ယောကျ်ားကိုရော ဆေးတိုက်သတ်တာ ကျွန်မပါ။ ဒီကောင်မက လဒလို အသေစောင့်ပြီး အချောင်စားတဲ့ အချောင်သမားမပါ။ လဒမပါ"

"မေမေ"

သားနှင့်သမီးမှာ မအေကို အလန့်တကြား ပြေးဖက်ပြီး ပါးစပ်ကို ပိတ်ပေမယ့် မရတော့ပါ။ ဒေါ်ယုယသော်တစ်ယောက် အအိပ်ပျက်၊ အစားပျက်ခြင်း၊ ညဘက်မှာလည်း ကိုယ့်လိပ်ပြာကိုယ်လန့်ပြီး ခြောက်လှန့်ခံနေရခြင်းတို့အပြင် လောဘ၊ ဒေါသ၊ အတ္တတွေပါ မွှေဆောင့်ကာ မှန်တိုင်းထန်ချေပြီတည်း။

"ဟား ဟား ဟား ဟား ... နင်တို့ကိုပါ ငါသတ်မယ် ငါသတ်မယ်။ ဒါမှ နင်တို့ကို အမွေခွဲမပေးရမှာ။ သေမယ့်သားပြင်ပေတော့"

လူအများ ဝိုင်းဆွဲထားသည့်ကြားမှပင် နန်းငွေရည်တို့သားအမိကို အတင်းလည်ပင်းလိုက်ညှစ်နေသည့်ကြောင့် ချော့ခံ





ထဲမှာ ဝရုန်းသုန်းကား။

ရဲအရာရှိကြီးနှစ်ယောက်မှာ ဒေါ်ယုယသော်ကို ဘာဆက်လုပ်ရမှန်းမသိ။ စိတ်ဖောက်ပြန်သွားပြီမို့ စိတ်ရောဂါကုဆေးရုံသို့ ပို့ရမည်လား။ လူသတ်တရားခံမို့ ဖမ်းချုပ်ရမည်လား။

တစ်ယောက်နှင့်တစ်ယောက် တိုင်ပင်သလို ကြည့်ကြရင်း နောက်ဆုံး ခုန်ပေါက်သောင်းကျန်းနေသည့် ဒေါ်ယုယသော်ကို လက်ထိပ်ခတ်ကာ စခန်းသို့ ခေါ်သွားကြရပါလေသည်။

❄ ❄ ❄



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၀)

"သားအဖနှစ်ယောက်နဲ့ သားအမိနှစ်ယောက် အပြန်အလှန် ယူကြမည်ဆိုရင် ဘယ်လိုမှ လူကြားလို့မတင့်တယ်ပါဘူးရှင်။ ကျွန်မတို့ အသက်အရွယ်တွေဟာ ကိုယ့်စိတ်သာယာမှုထက် သားသမီးမျက်နှာ၊ ဂုဏ်သိက္ခာတို့ကို ကြည့်ရမှာပါ။ ဦးနေဘုန်း ဖွတ်တရွတ်တောင်းဆိုနေမယ်ဆိုရင် ကျွန်မ သီလရှင်ဝတ်လိုက်မယ်"

နန်းငွေရည်၏ပြတ်သားသော တောင်းဆိုမှုကြောင့် ဦးနေဘုန်း မြွေမသေ တုတ်မကျိုးလမ်းစဉ်ကိုသာ ရွေးရှုရပါတော့သည်။

ဘာပဲဖြစ်ဖြစ် ချစ်ရသူကို မြင်နေရသေးလျှင် တော်ဦးမည်၊





ဒေါ်ယုယသော်တို့မိသားစုက စိတ်ယုတ်မာမွေးခဲ့ပေမယ့် နန်းငွေရည်ကတော့ မိခင်ရော၊ ဖခင်ပါ မဲ့သွားသည့် မောင်နှမနှစ်ယောက်ကို အတတ်နိုင်ဆုံး စောင့်ရှောက်ခဲ့ပါသည်။

ခြံနှင့်ဝင်းနှင့်ရှိသည့်အနက် လွတ်နေသည့်မြေကို ပိုင်းရောင်းပြီး အကြွေးတွေဆပ်ပေးသလို အိမ်ကြီးကိုလည်း ဘော်ဒါဆောင်သဘောမျိုး အငှားတင်လိုက်သည်။ တစ်လကို သိန်း (၂၀) ရတာလည်း တစ်ဝက်စီ။

နောက်ဘက်က တန်းလျားမှာ အခန်း (၂) ခန်းရှိသည့်အတွက် တစ်ခန်းကို သူမနေပြီး တစ်ခန်းက နဒီတို့မောင်နှမ နေစေသည်။

နေသည်ဆိုပေမယ့် ကလေးတွေခမျာ လောကဓံ အလှည့်အပြောင်းကို ဒဏ်မခံနိုင်ကြပါ။

လျှမ်းလျှမ်းတောက်အောင်နေခဲ့ စားခဲ့ရသည့်ဘဝမှ ရုတ်ခနဲပြောင်းလဲသွားရသည့် အပြောင်းအလဲဒဏ်က အလူးအလဲ။

ကောင်းကင်မှာ တိမ်ညွန့်စားနေရသည့်ဘဝမှ မြေပြင်သို့ ဖောက်ထိုးပြုတ်ကျရသည့်အဖြစ်ဟာ ဖရိုဖရဲ။

နန်းငွေရည်ကတော့ သူတို့မောင်နှမ၏စားရေးကိုပါ တာဝန်ယူပေးပါသည်။ စားချင်သည့်အချိန်လာစား။ ထမင်းဟင်း အဆင်သင့်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် သူတို့မောင်နှမဟာ နန်းငွေရည်ကို အကောင်း မထင်၊ အကောင်းမမြင်။ မျက်နှာချင်းလည်း မဆိုင်ချင်ကြပေ။

နန်းငွေရည်က ဥမကွဲ သိုက်မပျက်နှင့်။ သူတို့ အခြေ မပျက်အောင် စီမံပေးခဲ့ပေမယ့် အကောင်းမထင်။ စိတ်ရောဂါကု ဆေးရုံကိုရောက်သွားသည့် မိခင်ကိုမြင်တိုင်း သူတို့နာကြည်းချက် က နန်းငွေရည်။

ကိုယ့်အကုသိုလ်ဒဏ် ကိုယ်ခံနေရတာကို မမြင်ကြဘဲ နန်းငွေရည်ကိုသာ ရှုံ့မဲ့ မဲ့ချင်ကြသူတွေ။ သူမကတော့ အားလုံး ကို ခွင့်လွှတ်ထားပါသည်။

မနေ့ကလည်း ဖွဲ့မာန်ဝင့် မူးမူးနှင့်ပြန်လာပြီး ရမ်းခဲ့တာ။

"ခင်ဗျားက မင်းသမီးခေါင်းဆောင်းပြီး ပြုံးနေတာ မဟုတ် လား။ တန်းလျားမှာ ဆင်းနေရတဲ့ဘဝကိုရောက်အောင် ဆွဲချတာ။ အမြီးပြတ်ဖော်ရှာတာ။ ကျုပ် ဒီမှာမနေဘူး။ နိုင်ငံခြား ထွက်မယ်"

"နဒီတစ်ယောက်တည်း ဒုက္ခရောက်နေဦးမယ်။ ဒီမှာပဲ မောင်နှမနှစ်ယောက် နေကြပါလားကွယ်"

"အပိုတွေ ပြောမနေနဲ့။ သူလည်း အရွယ်ရောက်နေပြီး သူ့လမ်းသူ လျှောက်လိမ့်မယ်။ အမွေတွေကို လက်ဝါးကြီးအုပ် မနေနဲ့ ... ရောင်း ... ချက်ချင်းရောင်း။ ရတာ တစ်ဝက်စီခွဲယူ မယ်"





"အန်တီက မင်းတို့အခြေမပျက်အောင် နေစရာ၊ စား စရာလည်း ရအောင် စီစဉ်ထားတာပါ"

"မလိုချင်ဘူး။ ကျုပ်တို့ကို အပျော့ဆွဲလာမလုပ်နဲ့။ ဒီ အချိုးမျိုးတွေ ရိုးနေပြီ။ မြန်မြန်သာရောင်းပြီး မြန်မြန်ခွဲပေး"

"အဲဒါဆိုလည်း ရှေ့နေတွေ၊ လူကြီးတွေနဲ့ စီစဉ်ပေးပါ့ မယ်ကွယ်"

"မြန်မြန်စီစဉ်၊ မြန်မြန်လုပ်ပေး"

နောက်ဆုံးတော့ အိမ်ကို ဦးနေဘုန်းတို့သားအဖပဲ အမ်း ပေးလိုက်ပြီး အခြေမပျက် ဆက်နေစေသော်လည်း –

ဘယ်လိုမှ ပြုပြင်ထိန်းသိမ်းပေးလို့မရသူတွေမို့ မောင် နှမနှစ်ယောက်လုံး ထိုငွေတွေနှင့် နိုင်ငံရပ်ခြားသို့ ထွက်ခွာသွား ကြပေပြီ။ သွားတော့လည်း တစ်နိုင်ငံစီ။

ဒေါ်နန်းငွေရည်တစ်ယောက် သမီးကို လက်တွေ့ပြသခြင်း ကိုယ်တိုင်လည်း တရားကျပါ၏။ မျက်စိရှေ့တွင်ပင် ဥကွဲ သိုက်ပျက် သွားရသည့် မိသားစု။

ဒါဟာ ဒေါ်ယုယသော်ရဲ့ အကုသိုလ်တွေ၊ အတ္တတွေ ကြောင့်လား။

ငှက်ကလေးတွေလို တစ်ကောင်စီလွင့်သွားကြရသည့် အဖြစ်တွေ။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ယုယသော်ကိုလည်း နန်းငွေရည်ပဲ တစ်လတစ်ခါ သွားတွေ့။ လိုအပ်တာလုပ်ကိုင်ပေးရင်း ကွယ်လွန်သူများအတွက် လည်း ကုသိုလ်ကောင်းမှုတွေ ဆက်ခါလုပ်ပေးပါလေသည်။

❋ ❋ ❋



## အခန်း (၃၁)

ချစ်သည်းနေနေ အိမ်ထောင်ရှင်ဘဝနှင့်ပြန်ရောက်လာပြီမို့ ဦးနေဘုန်း၏ဘဝက သမီးနှင့်သားမက်နှင့် စိုပြည်သွားပေပြီ။ မြေးလေး သည်းဝေလျှံကတော့ သူ့အသည်းကျော်လေးပေါ့။

သားမက်ကလည်း အင်ဂျင်နီယာတစ်ယောက်ပေမို့ သူတို့ရဲ့ ဆောက်လုပ်ရေးကုမ္ပဏီတွေမှာ အားထားရပါသည်။

ငွေလသာတို့က ကိုယ့်အိမ်ကိုယ်ပြန်ကြပြီး မအေနှင့် အတူနေကြသည်။

အိမ်ငှားတွေလည်း ဖယ်လိုက်ပြီ။

မကြာမီ ငွေလသာမှာ အမွှာသားလေးနှစ်ယောက် မွေးလာသည်မို့ နန်းငွေရည်လည်း မအားရတော့ပါ။



www.burmeseclassic.com

www.burmeseclassic.com



မြေးနှစ်ယောက် ... အဲ ... သည်းလေးနှင့် သုံးယောက် ထိန်းပေးနေရသည်မို့ ဖွားအေကြီးခမျာ ခါးမှာ လုံချည်ပင် မဝတ်နိုင်တော့။

ကိုရီးယားဘွားဘွားတွေလို ဘောင်းဘီဝတ်ထားရတော့မည့်အဖြစ်။

"ဒီကလေးနှစ်ယောက်ဟာ ကိုကိုလွှင်နဲ့ညီညီလွှင် ပြန်ပြီးဝင်စားတာ သေချာတယ်။ ရုပ်တွေရော စိတ်တွေရော တူတာ"

"ညီညီလွှင်လို ဆိုးပေလေလွှင့်သွားတဲ့ဘဝမျိုး မရောက်အောင် အဘိုးအေကြီးက ခုထဲက အနီးကပ် ကြီးကြပ်ပေးရမယ်"

ဒါကတော့ သားနှင့်သားမက်ကို လုပ်ငန်းတွေလွှဲထားပေးပြီး သည်ဘက်အိမ်မှာ လျှောက်ပြန်သံပေး ခြေအေးဝမ်းယောင်လုပ်နေသည့် ဘိုးအေကြီး ဦးနေဘုန်းရဲ့အသံ။

နန်းငွေရည် သည်လောက်တော့ ခွင့်လွှတ်ရပါသည်။ အပျိုလေးတစ်ယောက်လို ကဲကဲဆတ်နေရမည့် အသက်အရွယ်တွေလည်း မဟုတ်တော့။

ပြီး ... မြေးသုံးယောက်လုံးကို သူ တစ်ယောက်တည်း မနိုင်။

သည်းလေးက မိခင်ရင်းထက် သည်ဘက်ကို ပိုခင်နေလေရာ အိပ်ချိန်တောင် မနည်းပြန်လွှတ်ရသည့်အဖြစ်။





သမီးငွေလသာက မီးဖိုထဲမှာ ချက်ပြုတ်နေချိန်တွင် မြေးသုံးယောက်နှင့် ဒလက်လိုလည်နေရသူတွေကတော့ ဦးနေဘုန်းနှင့်နန်းငွေရည်။

"ကိုယ့်ဘဝကတော့ ဒီလိုပဲ မြေးတွေနဲ့ ဒလိန်းထိုးရင်း ပြီးဆုံးရတော့မှာပါ"

မြေးတစ်ယောက်ကို နို့ဘူးတိုက်ရင်း သည်းလေးကကျောကို ခွစီးနေတာခံရင်း ဦးနေဘုန်း ညည်းတော့ နန်းငွေရည် မျက်စောင်းလှဲ့လှဲ့ထိုးမိသည်။

BURMESE CLASSIC

"ဒီအရွယ်ကြီးရောက်မှ အမြီးထပ်ပေါက်ချင်သေးလို့လား။ ဒါတွေကပဲ ဘဝရဲ့အရသာပေါ့ရှင့်"

"ဒါတော့ ... ဒါပေါ့ကွာ။ ကိုယ့်အသက်ငါးဆယ်ကျော်လေး ရှိသေးတာ။ ခြောက်ဆယ် မပြည့်သေးဘူးလေ။ ဒီလိုပဲ စိုစိုပြည်ပြည် နေချင်သေးတာပေါ့"

ပြောနေတုန်း မြေးက သေးပေါက်ချလေရာ အဘိုးအေကြီးခမျာ ဘောင်းဘီတစ်ခုလုံး ရွှဲရွဲစိုလေ၏။ အပြင်သို့ထွက်လာသည့် ငွေလသာ ရယ်မောရင်း –

"ဖေဖေရယ် ဒီ့ထက်ပဲ စိုပြည်ရဦးမလား။ ဒါပဲနော် ... မေမေ့ကို လာလာပြီး ချွဲနေတာ ကိစ္စမရှိဘူး။ မေမေ စိတ်ညစ်ပြီး အိလရှင်ဝတ်သွားလို့ကတော့ ဖေဖေတစ်ယောက်တည်း ရှုံးယောက်



www.burmeseclassic.com

www.burmeseclassic.com



နဲ့ ဒုက္ခရောက်မှာ။ နေနေကလည်း မကြာဘူး နောက်တစ်ယောက် မွေးတော့မှာ။ ဒါပဲ ... ကိုယ့်ဘေး ကိုယ်ကြည့်ရှောင်ဦး''

သည်စဉ် ဘုန်းဝေလျှံ ကားနှင့်ပြန်ရောက်လာပြီး အိမ်ထဲသို့ ဝင်လာရင်း ပြုံးပြုံးချိုချို –

''အံမယ် ... သားအမိ သားအဖတွေ၊ မြေးအဘိုးတွေ တယ်ပြီး သာယာနေကြပါလား။ အလုပ်တောင် သွားချင်စိတ် မရှိတော့ဘူး။ သားနဲ့မယားနဲ့ အိမ်ထဲမှာပဲ နှပ်နေချင်တော့တယ်''

ဂါဝန်အနက်ပွင့်လေးနှင့် ဝင်းဝင်းစက်စက် လှနေသည့် မိန်းမကို ချစ်ရည်ရွှန်းစွာ သွားပြီး ပခုံးဖက်ရင်းဆိုတော့ ဦးနေဘုန်း ဟောက်ထုတ်လိုက်၏။

''ဟေ့ကောင် ... အလကားနေရင်း အိမ်ပြန်လာမနေနဲ့ မင်းယောက်ဖက လုပ်ငန်းကျွမ်းကျင်သေးတာ မဟုတ်ဘူး''

''မိန်းမကို အောက်မေ့လို့ ဖေဖေရဲ့။ ဟဲ ဟဲ ... သားနှစ်ယောက် ... အဲ သည်းလေးပါပေါ့လေ။ သတိရလို့''

''အပိုတွေ ... ခွေးကောင် ... သွား အလုပ်ထဲပြန်''

''သား ခေါင်းမူးလို့ပါ ဖေဖေရယ်။ ကားကို မနည်းထိန်းမောင်း ပြန်လာခဲ့ရတာ။ ခေါင်းထဲမှာ အကျိတ်တွေ ဘာတွေများ ရှိနေလားမသိဘူး။ မကြာမကြာကိုက်တာ ဖေဖေရဲ့။ ဘန်ကောက်သွားပြီး မယ်ဒီကယ်ချက်လေး ဘာလေး လုပ်ဦးမှပါ''





မျက်နှာငယ်လေးနှင့်ပြောလိုက်လျှင် ငွေလာသာ ခြေမကိုင်မိ လက်မကိုင်မိနှင့် ပျာယာခပ်သွားပေမယ့် ဦးနေဘုန်းကတော့ ဒီအထာတွေ ကျွမ်းပြီးသား။

ကိုယ်လည်း ငယ်ရာက ကြီးလာတာလေ။ မိန်းမဂရုစိုက်အောင် လုပ်နည်းတွေ။

''ဟေ့ကောင်''

သူ ပါးစပ်ဟာလိုက်ရုံရှိသေး မိန်းမရဲ့လက်မောင်းကြားမှာ ပါသွားသည့်သားတော်မောင်က မျက်စိမှိတ်ပြခဲ့သဖြင့် ဦးနေဘုန်း ပါးစပ်ပိတ်လိုက်ရသည်။

ချွဲပါစေ သည်းပါစေ၊

ငါ့သားလေး မိန်းမရဲ့အချစ်ကို များများခံရပါစေ။

သူ့မှာတော့ မြေး မျောက်လောင်းသုံးကောင်။ အဲ ... မကြာမီ (၄) ကောင်ပေါ့။ အဲဒီမြေးတွေနှင့် အစိုပြည်လွှန်ရင်း ရှိုးပွဲနေရသည့်ဘဝ။

သို့ပေမယ့် ငွေကလေးရဲ့မျက်နှာကို တစ်ခါတစ်ခါ လမင်းလို မော့ငေးရင်း မြေးတွေကို အတူစောင့်ရှောက်သွားရမှာမို့ တန်ပါသည်လေ။ ပလေတိုးနစ်အချစ်နဲ့ပေါ့။

နွေခင်းကြောင်တောင် အခန်းထဲဝင်သွားသည့် သားတော်မောင် ကိုလူသည်းကို လှမ်းကြည့်ရင်း မျက်နှာပူစွာနှင့် ကျောဘက်ကို



www.burmeseclassic.com

www.burmeseclassic.com



လှည့်လိုက်တော့ နန်း ကပျာကယာ ရှက်ကိုးရှက်ကန်းလေး ခေါင်းငုံ့သွားတာ မြင်လိုက်ရသဖြင့် သူမှာ ရင်ခုန်သံတွေ တဒိုင်းဒိုင်း ဆူညံနေလိုက်တာက မြေးအမြွှာ (၂) ယောက်ရဲ့ တဝါးဝါးငိုကြွေး သံနှင့်အပြိုင်။

ဘဝအမောတွေ ပြေကြပါစေ
ကြယ်စင်မှူးဝေ
၂၃-၈-၂၀၁၅



၂၀၁၅ နိုဝင်ဘာလတွင်
ဖတ်နိုင်ပါပြီ

မမသဒ္ဒါမောင်
ကြယ်တွေကြွေတဲ့ည

ကြယ်စင်မှူးဝေ
မာယာအသေချော်

မိုးစက်ပွင့်
ဝိဓေတ်ာက်နိမ့် မုန်းမယ်ဆို

အလင်းသစ်
သူငြိုးလေသမျှ

လှိုင်းကြာဖြူ (လားရှိုး)
ကြေကွဲနေ့ရက် အဆုံးသတ်

www.burmeseclassic.com